

# တက်ဘုန်းကြီး

# တက်ဘုန်းကြီး

သိန်းဖေ

(သိန်းဖေမြင့်)

# နိဒါန်း

တနေ့သ၌၊ အရှင်အာဒိစ္စဝံသ ကျောင်းတိုက်သို့၊ ညှိမည်းသော တက်ဘုန်းကြီး ဝတ္ထုကို ပြုစုရေးသားသဖြင့်၊ တက်ဘုန်းကြီး သိန်းဖေဟု ထင်ရှားခဲ့သော တကာ သိန်းဖေမြင့်သည် မမျှော်လင့်ဘဲ အခွင့်သင့်သဖြင့် ရောက်လာလေ၏။ သိန်းဖေမြင့်သည် အရှင်အာဒိစ္စဝံသ ကျောင်းတိုက်၌၊ သီတင်းသုံးနိုက် ဖြစ်သော (သူနှင့် ဆရာ တပည့်ဖြစ်သည့်) တောင်တွင်းကြီးဆရာတော် အရှင်ဥက္ကဋ္ဌထံ ဖူးမျှော်ရန် လာခြင်းဖြစ်သောဟူ၏။

ဘုန်းကြီးကား သိန်းဖေမြင့်အား၊ ရင်းနှီးစွာ မဆက်ဆံခဲ့ ဘူးချေ။ သို့တစေ လွန်ခဲ့သော ဆယ့်ရှစ်နှစ်က၊ တက်ဘုန်းကြီးကို ရေးသားခဲ့သဖြင့် ၎င်း၊ ဗမာ့အရေးဟူသော စာရေးဆရာညွန့်ပေါင်း ရေးသားသည့်ကျမ်း၌၊ တကဲ့တိုးတက်ရေး ဟူသောစာကို ရေးသားခဲ့သဖြင့် ၎င်း၊ ဘုန်းကြီးတို့ဆရာ အရှင်အာဒိစ္စဝံသ ကဲ့သို့ မှန်သည်ထင်ရာကို ဍော မတာ မကြောက်မရွံ့ အဂတိ မလိုက်တားဘဲ ရေးသား ပြောဆိုရဲပေသည့် အာဂ သူငယ်ကလေးပေဘဲဟု မှတ်ချက်ပြုထားသည်က တကြောင်း၊ ဗမာတပြည်လုံးက ဂျပန်နှင့် အပေါင်းမှားပြီး အကောင်းစား လွတ်လပ်ရေးဟု ထင်နေကြစဉ်၊ ဂျပန် ဖက်ဆစ်တို့၏ ယုတ်မာပုံကို ကြိုတင်သိမြင်ကာ ဂျပန်နှင့် အပေါင်းမှားသော တို့ဗမာ အပေါင်းတို့အား ကယ်

# နိဒါန်း

တင်ရန် မဟာမိတ်တို့ထံ ဘေးအန္တရာယ် အမျိုးမျိုးကို မတိုးမရိမ်၊ မကြောက်မရွံ့ဘဲ၊ သွားရောက်ခါ ဗမာ ဖက်ဆစ်တော်လှန်ရေးကြီးကို အဦးဆုံး အားပေး ခေါင်းဆောင်ခဲ့သော မျိုးချစ်လူငယ် တဦးပေတကားဟု၊ ဘုန်းကြီးတို့ စိတ်ထားသည်က တကြောင်း၊ ဖဆပလ ကွန်မြူနစ် ကွဲပြဲကြစဉ် ဝန်ကြီးဖြစ်နေသော တကာ သိန်းဖေသည် ဝန်ကြီးရာထူးကိုသာ ခင်မင် တွယ်ကပ်နေပါလျှင် ကွန်မြူနစ်ဘက်သို့ လိုက်စရာမလို၊ ရေသာခို၍ ဖဆပလ လုပ်ကာ ဝန်ကြီးအဟုတ် ဖြစ်နေနိုင်သော်လည်း၊ သူ့ပါတီ အလိုသို့သာလိုက်၍ ဝန်ကြီးရာထူးကို စွန့်လွှတ်ခဲ့သော ကိုယ်ကျိုးမငဲ့သည့် ကောင်းကလေးပါတကားဟု ဘုန်းကြီးတို့ နားလည်ထားခဲ့သည်က တကြောင်း။ ဖဆပလနှင့် ကွန်မြူနစ်ရောင်စုံများ တန်ခိုးပြိုင်၍ အနိုင် အပြုတ် တိုက်နေစဉ် အပြုတ် တိုက်ရေးဟာမကောင်း၊ ပြည်တွင်းစစ် ရပ်စဲရမယ်၊ ဖဆပလ ကွန်မြူနစ် ညီညွတ်ရမယ်၊ တမျိုးသားလုံး ညီညွတ်ရမယ်၊ ပြည်တွင်းပြည်ပ ငြိမ်းချမ်းရမယ် ဆိုတာကို ကွန်မြူနစ်တောခိုစဉ်က ယနေ့တိုင်း တခါမှ မပေါက်မပြန် မယိမ်းမယိုင် ခိုင်မာစွာ ပြောဆိုရေးသား လုပ်ကိုင်နေတဲ့ သမာဓိရှိတဲ့ နိုင်ငံရေး သမားကလေးပါကလားဟု တေသန်ကြည့်လေ သိသာလေဖြစ်တဲ့ အတွက်ကြောင့် တကြောင်း။ အကြောင်းအရေးတွေကို ခေါင်းအေးအေး ဆင်ခြင်ပြီး တကာ သိန်းဖေမြင့်ကို တွေ့ချင် မြင်ချင် ရင်းနှီးချင်ပြီးသား ဖြစ်ခဲ့လေသည်။ ဘုန်းကြီးနှင့်သိန်းဖေမြင့်တို့ အလွှာပ သလွှာပ စကားပြောကြပြီးနောက်၊ ဘုန်းကြီးကပင် အတိတ်ကို ပေါ်သည့်အနေနှင့်–

"တကာသိန်းဖေ ..."

"ဘုရား ..."

"တက်ဘုန်းကြီး ဝတ္ထု ထပ်မရေးတော့ဘူးလား"

"တပည့်တော် ထပ်ရေးတော့ သိပ်စိတ်မဝင်စားပါ ဘုရား"

"အို ... ဘာ့ကြောင့်လဲ တကာလေးရဲ့"

# နိဒါန်း

“တပည့်တော်က နိုင်ငံရေး ကိစ္စ၊ ကမ္ဘာ့ ငြိမ်းချမ်းရေး ကိစ္စ၊ စာပေ ကိစ္စ တွေမှာသာ စူးစိုက်လုပ်ပါတော့တယ် ... ဘာသာရေး ကိစ္စမှာ ဝင်မပါချင်တော့ပါဘူး ဘုရား”

“ဒါဖြင့် တက်ဘုန်းကြီး ဝတ္ထု ထုတ်စတုန်းကလို တို့ဘာသာကို စင်ကြယ်အောင်ဆိုတဲ့ စေတနာတွေ လျော့ကုန်ပြီလား”

“ဒီလိုလဲ မဆိုအပ်ပါဘူး ဘုရား ... တပည့်တော်က နေရာတကာ မှာ စင်ကြယ်ရေးကို အလိုရှိပါတယ် ... သို့ပေမဲ့ သာသနာ စင်ကြယ် ရေးကို ဘယ်သူမပြု မိမိမှုဆိုတာလို အရှင်ဘုရားတို့ သံဃာတော်တွေက သာ အရင်းခံထားပြီး ဆောင်ရွက်ကြမယ်လို့ ယူဆပါတယ်ဘုရား”

“အိမ်း ... ဟုတ်သွားကာဘဲ ... ဗုဒ္ဓရှင်တော်ဘုရား ကိုယ်တိုင်က တို့ တပည့်သား သံဃာတွေကို သာသနာတော်ရဲ့ အစောင့်အထိန်းတွေ အဖြစ်နှင့် ထားခဲ့ပေတယ်”

သည်လိုပြောပြီး ခဏမျှ ကိုယ့်အတွေးနှင့်ကိုယ်နေကြစဉ် ဘုန်းကြီး ဆင်ခြင်မိသည်ကား ...

ယနေ့ သာသနာတော်တွင် မစင်ကြယ်မှုတွေ များနေသည်။ ယနေ့ သံဃာ့ဘောင်တွင် ခြစားမှုတွေ များနေသည်။ သီချင်းသံ တရားပွဲနှင့် စီးပွားရှာ ဗုဒ္ဓ တရားကိုယ် အစစ်ကို ညစ်ငြမ်းစွာ အဓိပ္ပါယ် ပျက်အောင် ကောက်ပြီး ဟောပြော၍ စီးပွားဖြစ်၊ ကြော်ငြာဖြစ်၊ ဂုဏ်ဖြစ်၊ နာမည် ကြီးဖြစ် လုပ်နေကြတဲ့ ဘုန်းကြီးတချို့ လွှမ်းမိုး ထင်ပေါ်နေသည်။ ကောင်းအောင် စင်ကြယ်အောင်ဆိုပြီး ဘာရိပ်သာ၊ ညာရိပ်သာတွေဖွင့်၊ ကမ္ဘာ့ စေတီတည်၊ သာသနာ ဘာသာရေး ဥပဒေတွေ အမျိုးမျိုးပြု၊ ဆဋ္ဌသင်္ဂါယနာကြီးတင်၊ အဲဒါတွေ လုပ်နေတုံးဘဲ ဖွတ်သည်ထက်ညစ် ဆိုသလို ကျောင်းလုပွဲတွင် ရဟန်းအချင်းချင်း သတ်ပွဲ ဖြတ်ပွဲကြီး ဖြစ် ခဲ့သည်။ သံဃာအစည်းအဝေး ဝင်ပြိုင်ပေါ်ပြီး တဖက်နှင့်တဖက် စတင်းဂန်းသေနတ်၊ ခြောက်လုံးပူး သေနတ်တို့နှင့် ချိန်တာတွေ ပေါ်ခဲ့ သည်။ ကိလေသာ ကာမတွေ နည်းအောင်ဆိုပြီး သမထ ဘာဝနာ

တရားများ ပိန်ဖောင်းအားထုတ်မှုများ အပြိုင်အဆိုင် ပြုလုပ်လာကြမှ ကာမရောဂ အလေ့ရှိ စာအုပ်တွေ၊ ရုပ်ရှင်တွေ၊ ပုံကားချပ်တွေ ဘမ်းမနိုင် ဆီးမနိုင် ပေါ်များနေသည်။

ဒါတွေကို ဘုန်းကြီးတို့ စက်ဆုပ်၍ ဒါတွေကို ပြုပြင်လို၏။ တက်နိုင်သလောက် သာသနာတော် စင်ကြယ်အောင် အားထုတ်လို၏။

"တကာ သိန်းဖေရဲ့ ... ခင်းဝထွ ပြန်ထုတ်ရ ကောင်းမယ်ကွဲ့ ..."

"တပည့်တော် ကိုယ်တိုင်တော့ ခုနင်က လျှောက်ထားသလိုဘဲ စိတ်မဝင်စားပါ ဘုရား ... အရှင်ဘုရားတို့ဘာသာ ကိုယ့်အရေးကိုယ် ဆောင်ရွက်ကြလျှင် ကောင်းပါလိမ့်မယ် ဘုရာ"

"ဒါဖြင့် တကာရဲ့ တက်ဘုန်းကြီး စာအုပ်ကို ဘုန်းကြီးတို့ကို လှူမလား"

"လှူပါတယ်ဘုရား ... အရှင်ဘုရားများ ကြိုက်သလို စီမံတော်မူပါ ဘုရား"

"အိမ်း– ကောင်းပြီ ... ငါတို့ကဘဲ ထုတ်ဝေတော့မယ်"

"တခုတော့ ရှိပါတယ်ဘုရား ... တပည့်တော်ဟာ အဲ့ဒီဝတ္ထုကို ရေးစဉ်က အသက် နှစ်ဆယ်ကျော်၊ နှစ်ဆယ့် တနှစ်၊ နှစ်နှစ် ဆိုတော့ စိတ်သန်ရာကို တဘက်သတ်လုပ်တတ်ပါတယ်။ သာသနာကို ပြုပြင်ချင်တဲ့စိတ်ကများပြီး မတော်မတဲ့ သီလကြောင်တွေကို ဖော်ထုတ် ရှုံ့ချရာမှာသာ အားသန်ပြီး တဘက်က သန့်ရှင်းတဲ့ ဘုန်းကြီးများ၊ တကယ် ကြည်ညိုစရာ ကောင်းတဲ့ ရဟန်းသံဃာများ ရှိသေးတာကို မဖေါ်ပြခဲ့မိဘူး ဘုရား ... ဒါ တပည့်တော့ရဲ့ ချို့ယွင်းချက်ပါဘဲ"

"အေး ... ဒါကတော့ တကဲ့ သုတော်ကောင်း သီလဝန္တ သံဃာတော်တို့က ဟိုအရင်တုံးကတည်းက တကာလေးရဲ့ စေတနာသိပြီး ခွင့်လွှတ်ခဲ့ကြပြီးသားပါ။ တကယ်ဆိုတော့ တကာလေးရဲ့ စာအုပ်ကို သာခုခေါ်ကြတဲ့ ဆရာတော် သံဃာတော်တွေ အများရှိခဲ့ကြတယ်။ ခုလဲ သီလ သမာဓိ ပညာနှင့် ပြည့်စုံတဲ့ ရဟန်းသံဃာတွေ အများအပြား

# နိဒါန်း

ရှိပါတယ်။ အဲဒီ ဆရာတော်၊ သံဃာတော်တွေ များသည်ထက် များလာအောင် မစင်ကြယ်တဲ့ ခြစားတဲ့ အပိုင်းကို တိုက်ထုတ်ရမှာဘဲကွဲ့။ ဒီနေရာမှာ တို့က တက်ဘုန်းကြီးကို အသုံးချရမှာဘဲ"

"ကောင်းပါပြီဘုရား ... အရှင်ဘုရားတို့ တော်မည်ထင်သလို တပည့်တော်ရဲ့ "တက်ဘုန်းကြီး" ကို ကြည့်သုံးပါတော့ ဘုရား" ဟု ဆိုကာ တကာ သိန်းဖေမြင့်သည် ဘုန်းကြီးတို့ကို ဦးနှိမ် ရှိကြိုးပြီးလျှင် ထွက်သွားလေသည်။

စစ်မဖြစ်မီ အတိတ်ကာလက "တက်ဘုန်းကြီး" ထုတ်ဝေစတွင် ယခု ဝန်ကြီးချုပ်ဖြစ်နေသော တကာကြီး ဦးနုသည် မောင်နုဟူသော ကလောင်အမည်ဖြင့် "တက်ဘုန်းကြီး" ဝတ္ထုတွင် နိဒါန်း ရေးသားခဲ့၏။ မောင်နုပင် ထုတ်ဝေတည်းဖြတ်ခဲ့၏။ ယခုမူကား ထိုနိဒါန်းကို ထည့်ရန် ခွင့်ပန်ရာ တကာနုက ပြောင်းလဲသော အခြေအနေအရ ခွင့်မပြုတော့ဟု သိရသဖြင့် တကာနု၏ နိဒါန်းကို ချန်လှပ်ခဲ့ပြီးလျှင် ဘုန်းကြီးကဘဲ အထက်ပါ အဖြစ်အပျက်များကို ဘုန်းကြီးတို့ဂိုဏ်ဝင် အရှင်သူမြတ်များနှင့် တိုင်ပင်၍ ရေးသားကာ နိဒါန်းအဖြစ် ထည့်သွင်း ထုတ်ဝေလိုက်ရပေကြောင်း။

**အရှင်ပညာစေတာ**

အရှင်အာဒိစ္စဝံသကျောင်းတိုက်

ရန်ကုန်မြို့။

၁၃၁၆–ခု၊ ဝါဆိုလ။



‘တက်ဘုန်းကြီး’ ဝတ္ထုကို ရေးချိန်က သိန်းဖေ (ယခု သိန်းဖေမြင့်)၏ ပုံ ▷

ဓါတ်ပုံ
ကာလကတ္တားဓဖျူးသင်

# တက်ဘုန်းကြီး

မောင်သိန်းဖေ–ရေးသည်။

**နိဒါန်း**

**မေမေနှင့် ဖေဖေတို့ထံ**
**သားမောင် ရှိသေစွာ အစီရင်ခံပါသည်။**

ဟိုတနေ့က မေမေတို့ထံကငွေကို ကောင်းစွာရရှိပါသည်။ ရှေးက ဖေဖေတို့ မေမေတို့ စာများကို သား ရရှိလျှင်၊ မိုယ်းဦးကလေး ကျတော့ ကမ္ဘာလောကကြီးတခုလုံး ရွှင်မြူးတာလို၊ သိန်း မြူးရ ရွှင်ရတယ်။ မေမေတို့ စာတွေကို ခေါင်းအုံးအောက်မှာ ထားပြီးအိပ်တော့၊ ဟောဒီ အပြောကျယ်တဲ့ ပင်လယ်ကြီးကို၊ ရေယာဉ် သင်္ဘောကြီးနဲ့ ကူးပြီး မေမေ

တို့ဆီ ပြန်လာရတယ်လို့ အိပ်မက် မက်ရတာ သိပ်စည်းစိမ်ရှိတယ်။ အချို့စာတွေမှာတော့ ငသိန်းကို အစိုးရအလိုနှင့် ဆန့်ကျင်ပြီး၊ ဗမာပြည် လွတ်လပ်ရေးလေး ဘာလေးနဲ့ ဆူမိ ပူမိတဲ့ အပြစ်အတွက်၊ ဖေဖေတို့ ကြိမ်းကြ မောင်းကြတယ် ...။ သို့ပေမဲ့ ... အဲဒီစာမျိုးတွေကို ဖတ်ရလို့ သားမအံ့သြဘူး။ ဩော် ... ဒါက ခုကာလ ကျွန်ခေတ်မှာရှိကြတဲ့ မိဘ များရဲ့ ထုံးစံဘဲလို့ တွက်မိတာကိုး။

ဟိုတနေ့က စာကတော့ ဖတ်လိုက်ရတယ် ဆိုရင်ဘဲ ငသိန်းမှာ ရင်ဆို့သွားတယ်။ ကြယ်တွေ လတွေနဲ့ တင့်တယ်နေတဲ့ ကောင်းကင်က မိုးယံကြီးထစ်သံကြားရသလို သိပ်အံ့သြသွားတယ်။ လူ့လောကကြီးကို မုန်းလာတယ်။ ငသိန်းက ကျောင်းပိတ်ရက်အတွင်း တလလောက် ပဥ္စင်း တက်ဖို့ ခွင့်ပေးပါလို့ ဖေဖေတို့ထံ တောင်းပန်တယ်။ ဖေဖေတို့က ခွင့် မပေးနိုင်ဘူးတဲ့။ ပဥ္စင်းတက်ရင် လူများတွေက ကဲ့ရဲ့လိမ့်မယ်တဲ့။ ဖေဖေ တို့ မေမေတို့မှာ လူများတွေရဲ့ တံတွေးခွက်မှာ ပက်လက်မျောမယ်တဲ့။ ပဥ္စင်းတက်တာကို ဘာလို့ ကဲ့ရဲ့ရသလဲ။ ကဲ့ရဲ့မဲ့လူတွေကို လက်ညှိုးထိုးပြီး မေးချင်တယ် မေမေရဲ့ ...။ ငသိန်းဟာ အံကြိတ်လိုက်ပြီး လူမိုက်စိတ် တွေ ဝင်လာတယ်။ အိပ်ရာပေါ်မှာ လှဲပြီး စဉ်းစားတယ်။

ဟိုးရှေးတုန်းက—သား ပဥ္စင်းရှိတယ်ဆိုရင်။ ပဥ္စင်း မယ်တော်ကြီးနဲ့ ခမည်းတော်ကြီးဟာ အင်တောန် ဂုဏ်ရှိတယ်။ ခုတော့ ... ပဥ္စင်းမယ် တော် ခမည်းတော်တွေမှာ၊ သူများတံတွေးခွက် ပက်လက်မျောတော့မယ် တဲ့လား ... ဖေဖေ။

ကဲ့ရဲ့ ချီးမွမ်းတာတွေတော့ ထားပါအုံး။ အချီးမွမ်းခံရမှာကို ဂရု စိုက်နေတဲ့ လူမှာသာ အကဲ့ရဲ့ခံရတာကို ကြောက်တာ။ ငသိန်းကတော့ ဘာလုပ်လုပ် အချီးမွမ်းခံရအောင်ရယ်လို့ လုပ်တာ မဟုတ်တော့၊ သူများ ကဲ့ရဲ့တာကို ဘယ်တော့မှ မကြောက်ပါဘူး။ သားအတွက် အရေးကြီးနေ တာက လူတွေကဲ့ရဲ့ကြလိမ့်မယ်ဆိုတဲ့ စကားမှာ အရိပ်ပေါ်နေတဲ့ သာသ နာတော်ကြီးအတွက် စိုးရိမ်စရာ အချက်တွေ ပါဘဲ ဖေဖေရဲ့။

**နိဒါန်း**

သာသနာတော် တက်၍ ပဋ္ဌင်အဖြစ်ကို တောဖြစ်စေ အမြဲဖြစ်စေ ယူခြင်းသည်၊ ကဲ့ရဲ့ ရှုံ့ချဘွယ်ရာ ဖြစ်စို့က ...။

၁. ဗုဒ္ဓဘာသာ မြန်မာများသည်။ သာသနာကို ချီးမြှင့်ခြင်း။ ဘာသာကို ယုံကြည်ခြင်း။ အကျင့်သီလကို စောင့်သုံးခြင်းတို့၌။ များစွာ ယုတ်လျော့သောကြောင့် ၎င်း။
၂. သာသနာတော်ထမ်း ရဟန်း ဘုန်းကြီးများကပင် စုတ်ပဲ့ ညစ်ညမ်း မကောင်းမှု လွှမ်းနေသဖြင့်။ လူတို့က မုန်းထား ကဲ့ရဲ့ကြခြင်းပင် သော်၎င်း ဖြစ်ရမည်။ နှစ်ကြောင်းလုံးပင်လည်း ဖြစ်ရမည်ဟု သား အလင်းဥာဏ် ပေါက်မိသည်။

သားမှာလေ၊ စာကိုဘတ်ပြီး။ ဒါတွေးလေ စိတ် တုန်လှုပ် ချောက်ခြားလေဘဲ။ သေိန်းစိတ်ဟာ ဘယ်လိုနေမှန်း မသိဘူး။ ငိုချင်လိုက်တာလဲ လွန်လို့။ ဘာ့ကြောင့်မှန်းလဲ မသိဘူး မေးခွန်းတခုကလဲ သားစိတ်ထဲမှာ စော စော ပေါ်ပေါ်နေတာဘဲ။ ဒီလိုသာဖြင့် နို့ ဘုရားရှင် သာသနာတော် မကြာခင် ဒိုပြည်က ကွယ်ပျောက် မသွားပေဘူးလားတဲ့။

မေ့ွလေးက ချစ်မိတ်ဆွေ တယောက် ပေးလိုက်တဲ့ စာကို သတိရတယ်။ .... "စားစရာမရှိတာက တခြား။ ဘုရားစွယ်တော်ဖြစ်ပြီး ပွဲခံတာက တခြား။ အဲဒီပွဲတွေမှာ သင်္ကန်းဝတ်တွေဟာ ဝါထိန်နေတဲ့ပြင်။ အပျိုကလေးတွေ လိုက်တိုး... ဒီပြင် ကာလသား အတန်းအစား ခပ်ညံ့ညံ့မျိုး လုပ်တဲ့ အကျင့်တွေလဲ လုပ်တယ်လို့ ကြားရတယ် ..."

တမြန်နှစ်တုန်းက။ မုံရွာမြို့ ကာနီဗယ်မှာ။ သား သေိန်းရယ်။ ယစုနှစ် အိုးဝေမဂ္ဂဇင်းအယ်ဒီတာ ညိုမြဆိုတဲ့အကောင်ရယ်။ တယောက်လည်းပင်း တယောက်ဖက်ပြီး ကြည့်နေကြတော့ ဘုန်းကြီးတွေ ကစားဝိုင်းမှာ လောင်းနေကြတာကို တွေ့ရတာကိုး ... မေမေရဲ့။ ညိုမြက "ဟော့ သိန်းဖေ" တဲ့ "ဘာလဲကွ" လို့ သားကထူးတော့။ "ငါ့လန္ဒီး ...

ဘုန်းကြီးတွေလုပ်ပုံ ကြည့်စမ်းပါအုံးကွာ လူရေ။ အချိန်ကျပြီဟ ... ဘုန်းကြီး မကောင်းတာ လုပ်တာတွေကို၊ မင်းကလောင် စွမ်းသလောက် ကလေးနှင့် နှံစမ်းကွာ" လို့ ပြောတာလဲ အခု ကြားယောင်ယောင်ဘဲ မေမေ။

"ကျောင်းသားတွေ သပိတ်မှောက်နေ တုန်းက။ တပည့်တော် မန္တလေးမှာ ဘုရားကြီးကနေပြီး။ ကြောသီဟကို ဓါတ်ရထား စီးလာတော့။ ရထားပေါ်မှာ ဦးပဥ္စင်းတပါး ပေါင်ဒါတွေ ဖွေးနေအောင် လိမ်းထားတာကို တွေ့ရတယ်။ ကိုယ်တော့" လို့ ဘုန်းကြီးတပါးကို လျှောက်တော့။ "ငါ့လူရ ... ပေါင်ဒါလောက် အလှဆီလောက်တော့ ရှိုးနေပြီ။ လက်သဲကလေးတွေတောင် မထင်ရှား ဆေးနီဆိုးတဲ့ ဘုန်းကြီးတွေ ရန်ကုန်မှာရှိတယ်" ဟု ဖြေသံကိုလဲ မှတ်မိသေးတယ် မေမေရဲ့။

ပြီးတော့ သတင်းစာထဲမှာ ပါသလို။ ဘုန်းကြီးတွေ မိန်းမတွေနှင့် ပျော်မြူးကြတာကိုတော့။ သား ထပ်ပြောဘို့ မလိုပါဘူး။ မေမေတို့မှာ နားတောင် လျှံကျြနေရော့မယ်။

ဒါတွေ တွေးမိတော့။ သာသနာကြီး ပျက်စီးမှာကို စိုးရိမ်ဘဲ မနေနိုင်ဘူးပေါ့၊ သာသနာတော်ကြီးကို စောင့်ကြပ်ရမယ်ဆိုတဲ့ သာသနာတော်စောင့်ကြီးတွေက။ ဒီလို ပေါက်ပြားယုတ်မာနေကြရင်။ ခေါင်မိုးယိုး မလုံတဲ့ အိမ်လို သာသနာတော်ကြီး တခုလုံး။ အကျင့်ဆိုး အကျင့်ယုတ် မိုးယိုးတွေနှင့် ရွဲ ရွှဲနေတော့မှာပေါ့ မေမေရယ်။

ကဲ– မေမေ။ မေမေကတော့– ဒီလောက်ပြောရုံနဲ့ ရှင်းအုံးမှာ မဟုတ်ဘူး။ သာသနာတော်ကြီးမှာ။ အပြစ်တွေ အလဇ္ဇီတွေ ပေါ်နေပုံကို ဥပမာတခု ထင်ထင်ရှားရှားပြမယ်။ သားပေးတဲ့ ဥပမာနာမည်ကတော့ "**တက်ဘုန်းကြီး**" တဲ့။ တချို့က– ခုခေတ်ကြီးကို တက်ခေတ်တဲ့။ ခုခေတ်မှာ ပေါ်နေတဲ့ လူငယ်တွေကို တက်လူတဲ့ ခေါ်ကြတယ်။ ဒါကြောင့်– သားကလဲ။ ခုခေတ်မှာပေါ်နေတဲ့ ဘုန်းကြီးမို့။ "**တက်ဘုန်းကြီး**" လို့ အမည်ပေးလိုက်တယ်။ "**တက်ဘုန်းကြီး**" အကြောင်းကို ရေး

ပြတာပဲဟာ။ မေမေ အပျော်ဘတ်ဘို့ ရေးပြတာ မဟုတ်ဘူး။ သာသနာ ကြီးရဲ့ ချို့ယွင်းချက်တွေကို။ သား ကွက်ကွက်ကွင်းကွင်း မြင်အောင်ပြ တာ။ တကယ်လို့ပေါ့လေ။ သားရေးတဲ့ဟာကို ဘတ်ရလို့ ပျော်လဲ ပျော် တယ်ဆိုရင်တော့။ သားလဲ သိပ်ဝမ်းသာတာဘဲ။ တခု ရှိသေးတယ်။ သားက—ပါဠိဘတ် သိပ်ပျင်းတယ်။ သို့ပေမဲ့— ဒီ တက်ဘုန်းကြီးက။ ဘုန်းကြီးလဲ ဖြစ်ပြန်။ ဓမ္မကထိကလဲ ဖြစ်ပြန်မို့။ မလွှဲသာဘူး— မေမေ ရယ်။ ပါဠိထည့်ရတာဘဲ။ ကြိုးစားပြီး ဘတ်ပါနော်။ ဟုတ်လား ... မေမေ။

ဘတ်ပြီးတော့— မေမေနှင့် ဖေဖေ ဆွေးနွေးကြပါ။ ဒီလို ညစ်ပြီး တော့နေတဲ့ သာသနာကို။ မပြုပြင် မသုစ်သင် ထိုက်ဘူးလား။ ပြုပြင် သုစ်သင်ထိုက်တယ် ဆိုရင်။ ဘယ်လို ပြုပြင် သုစ်သင်ရမလဲ။ သား သဘောပေါက်တာကတော့။ သာသနာတော်ကြီး ညှိုးရ ဆုတ်ရတာဟာ ... သာသနာပြုမင်း မရှိလို့။ တနည်းတော့ ... ဗမာတွေ ထီးမဲ့ မင်းမဲ့ ဖြစ်နေလို့။ ကျွန်ဖြစ်နေလို့ပေါ့။ သာသနာတော်ကို အားလုံး စင်ကြယ် အောင် သုစ်သင်ရန် စည်ပင်တိုးတက်အောင် ပြုပြင်ရန်ဆိုတော့။ ဗမာ ဗုဒ္ဓဘာသာတွေ လက်ထဲမှာ အာဏာစက် ရှိရမယ်။ ဝါ— တိုင်းရေးပြည် ရေး တန်ခိုးရှိရမယ်။ ဝါ— ဗမာတွေ သခင်လူမျိုး ပြန်ဖြစ်ရမယ်။ ဒီလို သား အလင်းဉာဏ်ပေါက်တာမို့။ သားအကြောင်းကို စဉ်းစားပါနော်။

နိုင်ငံ လွတ်လပ်ရေး။ ဝါ— သာသနာတော် စည်ပင်မှုရဲ့ အုဋ်မြစ်ချ ရေးကို။ လူငယ်အချို့၊ စတင် ဆောင်ရွက်နေကြပြီ။ သားဟာ နိုင်ငံ လွတ်လပ်ရေး စစ်ပွဲကို ဝင်နွှဲတဲ့အခါကျတော့။ မေမေတို့ ဖေဖေတို့က ခွင့်ပြုပါနော် ... သား ရသစ္စ ကုသိုလ်ကို မေမေတို့ကို အမျှဝေပါမယ်။ မေမေကလဲ အခါတိုင်းလို မျက်ရည်တွေ ဖြိုင်ဖြိုင်စီးပြီး။ ရှိုက်ကြီး ငင်ကြီးနှင့် သားကို ဆွဲမထားပါနဲ့ မေမေရယ်။

အခန်း။ ၁ ။

## မိန်းမတွေ အများဆုံးပေါ် –

### အဆောင်းလှနည်း–နီသျှည်း။

ကုရဗ္ဗယျူ ဓေပိယံရုပ်။
ပိယံမုခံ ဘာဝေဘာဝေ။
ဒုမ္မုခံ ပရိဝဇ္ဇယျူ။
ဘာဝေယျ သုခနံသဒါ။

"ဦးပဥ္စင်းက ပါဠိရွတ်တာကိုဘဲ ... အချိုးမကျသေးဘူး။ ထပ်ပြီး ရွတ်စမ်းပါအုံး။ ကုရဗ္ဗ နှင့် ယျူ– တကွဲစီ ရွတ်နှင့် ကိုယ်တော့ ...။ ဆက်ပြီးဆို။ ရုပ်ဆိုတော့လဲ (ပ်) မှာ အသံ ဒီဃ– ထားမှပေါ့။ (ဓေ)ဆိုတဲ့ အသံကိုလဲ ကြပ်ကြပ်ဂရုပြုပြီးဆွဲပါ။ သိပ်ဆွဲတော့လဲ နားငြီးစရာကြီး။ တိုသွားပြန်ရင်လဲ ဘောက်ဆတ်ဆတ်နှင့်။ ကဲ ... ပြန်ပြီးကြော လိုက်စမ်းပါအုံး ..." ဟု မီးအုံးကြီးကို မှီ၍၊ ခြေဆင်းကာထနေသော ဆရာတော် ကြက်တူရွေး ဦးလေသက မိန့်ပြန်သောကြောင့်။ ဦးပဥ္စင်း စန္ဒကထိ ကလောင်း ဦးသုစိတ္တသည်၊ အဟမ်း ... အဟမ်းနှင့် ချောင်းဟန့်၍ ဟန်ပြင်ရပြန်လေသည်။ ဦးသုစိတ္တသည် အစောမပြောသေးသည်နှင့်၊ ထိပ်ကို လက်ဝါးဖြင့်ပွတ်ရင်း အချိန်ဆွဲနေလေ၏။ ထိုနောက် မေးတင်ထားသောလက်ကို သင်ဖြူးပေါ်သို့ လှဲ့လိုက်ပြီး ...

အဟမ်း … အဟမ်း။

ဣစ္ဆေယျ … ဟုံ … ဟုံ … ဟု ဖလိုက်လေ၏။

အိုး … ကြပ်လှပါလား ကိုယ်တော်ရယ်။ ယျ–ကို သည်လောက်ဆွဲဘို့ မလိုဘူး ကိုယ်တော်ရဲ့။ ရသသံ ဆိုရင် တော်ရောပေါ့ … ဟု ဆရာတော် ကြက်တူရွေးက ကြားဖြတ်ပြန်လေ၏။

ဣစ္ဆေယျ ဓေပိယံရုပ်။
ပီယံမုခံ ဘာဓေ ဘာဓေ။
…………………… သဒါ။

ဟု– ဦးသုစေသည် ရွတ်ဘတ်ပြီးလျှင် မေနေပြန်လေ၏။ "ဒေအာင် မယ်မင်းဟဲ့ လူ။ ဟား … ဟား၊ ဘတ်ရတာ သုံးလေးခေါက်ရှိသေး၊ လျှာများထွက်အောင် မောနေပါပကော။ ကဲ တော်တော်တော့ တိုးလာပြီး ရှေ့ဆက်စမ်းပါအုံး" ဟု မိန့်မြွက်တော်မူပြီးလျှင်၊ ဆရာတော် ဦးကြက်တူရွေးသည် ဘေးသို့ ခွါထားသော ဓကာသီဖြင့် ယပ်ခပ်နေလေ၏။

ဦးသုစေက …

"ပါဠိတော့ ပြီးပါပြီဘုရား။ အနက်ကတော့ ဘယ်လိုဟာကို ရွတ်ရမလဲဘုရား။ ကိုယ်တော်တိုင်ပေးထားတဲ့ အနက်များလဲ မမှဘဲ ဘုရား။ တပည့်တော်တို့တော့ ကိုယ်ပိုင် မတတ်နိုင်ဘူးဘုရား …" ဟု လျှောက်ထားလေ၏။

"ဟိုတအုပ်စင်မှာ အနဂ္ဃသာရမဉ္ဇူရီယပ်လဲ့ တရားစာအုပ်ရှိတယ်။ တော်တော်လေးကောင်းတဲ့ အနက်ပါတယ်။ အဲဒါဘဲ အာဂုံဆောင်တာပေါ့။ တပည့်တော်တော့ အချိန်မရလို့ ရေးမပေးနိုင်တော့ဘူး။"

ဦးသုစေသည်။ အနုဂ္ဂသာရစ္ဆရိယပ်လဲ့ တရားစာအုပ်ကို ယူခဲ့ပြီး၊ ဆရာတော်သို့ လှမ်းပေးလေ၏။ ဆရာတော်သည် အနက်ကို ရှာနေစဉ် ဦးသုစေသည် သူ့လက်၌ သင့်ဖြူရာကလေးများ ထင်နေသည်ကို သိ၍ လက်ကလေးများကို သနားစိတ် ပေါက်နေလေ၏။

"ကဲ ... ဟောဒီမှာ ဘတ်စမ်းပါအုံး၊ ရိုးရိုးဘဲ ဘတ်သွားတာပေါ့။ ပြီးတော့မှ တပည့်တော်က အသံထားကို ရှင်းပြမယ်" ဟု မိန့်ကြားရင်း၊ ဆရာတော် ဦးကြက်တူရွေးက စာအုပ်ကို ဦးသုစေ ရှေ့ဝယ် ချလိုက်လေ၏။

ဘဝရှေ့၊ သံသရာဘုံကြောမှာ၊ ခုနစ်မျောကာ ဒလက်လက်၍၊ လက်တွေ့ယ် ပြီးတလျက်၊ ဟီးချကာ မှိုင်ဖေး၊ ဒုက္ခရေး စုပေါင်းကြတဲ့ အိုသုတော်ကောင်းတို့၊ ဘဝေဘဝေ၊ ကြိမ်ကြိမ်ဖန်ခါ၊ ကံကြမ္မာနှင့်၊ သံသရာဒီလှိုင်း၊ ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်း၌၊ ပိယံ ရုပ်၊ ကောင်းခြင်း ငါးဖြာ၊ ကြန်အင်္ဂါနှင့်၊ ညီညာမြောင့်စင်း၊ နှစ်သက်စရာ ရုပ်အဆင်းကိုငင်း၊ ပိယံ မုခံ၊ ဆန်းပြည့်စန်းယှက်၊ ပန်းပဒုံသို့၊ လှုဂုဏ်တိုးတက်၊ နှစ်သက်စရာ ချစ်မျက်နှာမျိုးကိုငင်း၊ စေ—ဣစ္ဆေယျုံ၊ ပုပင်ကြောင့်ကြ၊ မဖြောင့်လှဘဲ၊ တောင့်တငြီစွဲ၊ အလိုရှိသည် ဖြစ်ကုန်ပြေးအံ့၊ (ခပ်၊ ဤသို့ တတမ်းတတ၊ လိုချင်ကြကုန်သည်ရှိသော်)၊ ဒုစ္စနံ၊ ဒေါသက္ကသသာ၊ စိတ်မသမာနှင့်၊ အဘိစ္ဈာဆိုး၊ တရားမျိုးကို၊ ပရိဝဇ္ဇေယျုံ၊ ကိုယ်တွင်းဆက်ဆံ၊ ဘက်မခံဘဲ၊ ပယ်လှန်ရှုတ်ချ၍၊ ရှောင်ကြဉ်ကြကုန် ရာသတည်း။ သုမနံ၊ သူ့အပြစ်ချွ၍၊ အချစ်ရှာသည့်၊ မေတ္တာ ပူးပေါင်း၊ အထူးကောင်းသော စိတ်ကို၊ သဒ္ဒါ၊ တတ်နိုင်သရွေ့၊ ကာလမဆိုင်း၊ အချိန်တိုင်း၌ပင်လျှင်၊ ဘာဝေယျုံ၊ သတိတမန်၊ ဥဿုံမြေကတုတ်၊ ချွန်းကိုအုပ်၍၊ အားထုတ်လေ့လာ ပွားများကြကုန်ရာသတည်း ... တဲ့။

"ဟုတ်ကဲ့ မဟုတ်လား၊ အနက်ပေး တော်တော်ချောတာဘဲ။ ဒီပြင်လဲ သုံးထားတဲ့ စကားတွေကလဲ၊ တယ်ယဉ်တယ် ဦးပဥ္စင်းရဲ့၊ ခုကာလ

ကြီးဟာ။ ယဉ်ကျေးတဲ့ ကာလ၊ သိမ်မွေ့တဲ့ ကာလကြီးမို့၊ ယဉ်တာမှ သုံးရမယ်။ နုတာမှ ယူရမယ်။ အနက်ကလေးက နုယဉ်ပြေပြစ်သလို၊ ရွတ်ဘတ်တဲ့ အသံကလဲ နုယဉ်ပြောပျောင်းရမယ် ဦးပဥ္စင်းရဲ့။ ပလုတသံ ဂီတသံဆိုတာ ၃–မတြာထက် ရှည်တဲ့ အသံတဲ့။ ဒါ့ကြောင့် ဒီဃသံလဲ မကာ၊ ဂီတသံလဲ မကျ၊ ရှုပြီး အသံထားနိုင်ဘို့ကို အမြဲမှတ်ထား။ ကြည့်ပါလား ... ဗိတ်မြူးကြာညောင်။ သင်းပျံ့အေးကြည် ... စတဲ့ ဝေါဟာရယ်တွေဟာ။ စကားမှာတော့ ယဉ်ရန်ကော ...။ နုရန်ကော ...။ တပည့်တော်တို့ ကျောင်းတောင်ဘက်က ရေထမ်းသမား ထွန်းဖေ ဆိုတော့ ပစ်လိုက်ရတာဘဲ။ အဆိုတော် မခမိတို့၊ မကြည်အောင်တို့ ဆိုတော့။ နားထောင်လို့ မငြီး ညင်သာ ပြောပျောင်းလိုက်တာ။ ဒီလိုဘဲ ဂါထာကိုလဲ အနက် ရွတ်ရာမှာ စကား လှပသလောက်။ အသံနေ အသံထား ချိုပါစေနော်။ ဟိုနားကထွေးခံ လှမ်းလိုက်စမ်းပါ ..." ဟု ဆရာတော်က ထွေးခံ လက်ညှိုးထိုးပြ လေ၏။

ဦးသုစသည် ထွေးခံကိုယူပြီး ရှိသေစွာ ဆက်ပြီးနောက် ဒူးတုပ်လျက် နေလေ၏။

"ဒီတော့– လေယူလေသိမ်း အသံထားကို ကြပ်ကြပ်ဂရုပြုနော်။ ဘဝစ္ဆော– ဆိုတဲ့အခါမှာ (တော)ကို ဆွဲဆိုရမယ်၊ အသံက မြင့်တက်သွားပေစေ။ ပြီးတော့ (အိ) ဆိုတဲ့ စကားကျတော့ အရေးကြီးတယ်။ (အိ) ဆိုတဲ့ အာလပနပုဒ်ကို အဆိုမှာမှမြင့်။ တရောကလေး ညုနေရာ။ ပတ်မကြီး ဝင်တီးတာလို ရှိလိမ့်မယ်။ ကဲ– တပည့်တော်လို ဆိုစမ်း။ အိ ...

အိ .....

နဲနဲလုံ့ဆိုရတယ်။

အိ .... ဟုတ်ပြီလားဘုရား။

နီးလာပြီ။ အိ ....

အိ .....

"နိပ်ပါပြီ။ ပီယံ မုစံ။ ဆန်းစ ပြည့်စန်းယုန်။ ပန်းပဒုံသို့ လှုဂုဏ်တိုးတက်– ဆိုတဲ့နေရာမှာ (ယုန်) ကိုဆွဲရင်– မဲဇာတောင်ခြေ ရတုထဲမှာ။ ဘိုးစိန်ကြီး "ရွှေနန်း ရွှေဘုံ။ အလုံးစုံကို။ အာရုံချက်မြင်" ဆိုတဲ့ အသံကို တုပြီးသာ ဆိုပေတော့။ ဒီလိုမှတ်မှ လွယ်တယ် ဦးပဥ္စင်းရဲ့။"

"တင်ပါဘုရား။ တပည့်တော် ဒီရတုတော့ ခဏ ခဏ ကြားဘူးသားဘဲ"

"ကောင်းတယ် ... ဒီလို စမ္မကထိက လုပ်ချင်ရင်။ ကဗျာကိုလဲ ခေါက်မိရတယ်။ ဂီတမှာလဲ ဗဟုသုတ ပြည့်ရမယ်။ ကဲ– နားထောင်။ တပည့်တော် အနက်ကိုရွတ်ပြမယ်။ သေသေချာချာမှတ်။ ပြီးတော့ ပြန်ဆိုရမယ် ကိုယ်တော်" ဟု အမိန့်ပြန်ပြီးနောက်။ ဆရာတော် ကြက်တူရွေး ဦးလောကသည်။ အသံနေ အသံထားဖြင့်။ ဂါထာ ကျူးရင့်၍ ပြလေ၏။ နောက်တကြိမ် ထပ်မံ၍ ဆိုပြသောအခါ။ ဦးသုစာသည်လည်း ခတ်တိုးတိုး လိုက်၍ ဘတ်လေ၏။

ဒီလောက်နှင့် အပြီးသတ်ချင်လဲ သတ်လိုက်နိုင်တာဘဲ။ ဒီလိုမှ မဟုတ်ရင်။ ဇေယျာဝတီ ဦးဝိစ္စာတို့လို "ဩဘာ" ဆိုတာထည့်ချင်လဲ ထည့်နိုင်တယ်။ "ဩဘာ" ဆိုတာက အဆွဲရှ သိပ်ခက်တယ်။ ခက်သလောက်လဲ အဆိုကျရင် နားထောင်လို့ အင်မတန်ကောင်းတာကိုး။ ဘာဝေယျ ... ဩဘာ ... အဘန်ဘန် သတိမြဲ၍၊ အကြဉာဏ် အသိကဲလို့ မို့၊ အမြဲဘဲ အားထုတ်ကြရာသတည်း ... လို့ ဆိုပြီး၊ ကွန့်ချချင်လဲ ချရပါရဲ့၊ တမျိုးကောင်းတာပေါ့လေ။ (အဟမ်း ... ထွီ) ကဲ–ပါဠိရွတ်တတ်ပြီ၊ အနက်ပေးတတ်ပြီ၊ အသံယူ– လေသိမ်းလဲ ရပြီထား။ ဒီလောက်နှင့် စမ္မကထိက မဖြစ်သေးဘူး။ မထေဆုံး ဒီတရားကို ဘယ်သူဟာ အကြိုက်ဆုံးဖြစ်မလဲလို့ ခဦးစားရတယ်။ ကြိုက်မဲ့ ပရိသတ်ရှေ့မှာမှ ဒီတရားကို ဟောရတယ်။ ကဲ ... ဘယ်သူ အကြိုက်ဆုံး ထင်သလဲ ကိုယ်တော်"

ဦးသုစအသည် စာရွက်ကလေးကို ဟိုဖက်လှန် သည်ဘက်လှန်လုပ်၍ တွေနေလေ၏။ အတန်ကြာမှ "ကောလိပ်ကျောင်းသားတွေ အကြိုက်ဆုံး ဖြစ်နေမှာပေါ့ဘုရား။"

"ဘာကြောင့်လဲဗျာ။ ဟား ... ဟား ..."

"သူတို့ တော်တော်လှချင်တဲ့ လူတွေဘဲ ဘုရား။ ပေါင်ဒါလဲ လူးတယ်။ အလှဆီလဲ သုံးတယ်။ အဝတ်အစားလဲ အမျိုးမျိုး ဝယ်ဝတ်တယ် ဘုရား။"

ခြော် ... ဟုတ်သလောက်တော့ ဟုတ်မှာပေါ့။ သို့သော်လဲ။ အားလုံး မဟုတ်ဘူး။ လှချင်တာ ချောချင်တာက မိန်းမတွေမှာ အများဆုံးပေါ့ ဦးပဉ္ဇင်းရဲ့။ စမ္မကထိကလုပ်မယ့် ပုဂ္ဂိုလ်ဟာ။ ဒီလောက်ဘဲ အနေရသလား ကိုယ်တော်။ မိန်းမတွေဟာ လှရမယ်ဆိုရင်။ သူတို့ကိုယ်ကို ရွှေတော်နှင့် ထိုးပါဆိုရင် ထိုးမှာဘဲ။ ဒီတော့ ဒီတရားကို မိန်းမများတဲ့ ပရိသတ်မှာ ဟောရမယ်။ စကားထဲက ကြားဖြတ်ပြီး ညှလုံးတွေလဲ များများထည့်ရမယ် ကိုယ်တော်။ လှတာဟာ– ဘယ်လောက် ကောင်းပုံတွေပေါ့လေ။ ဒါတွင် မပြီးသေးဘူး ကိုယ်တော်။ အာဝဇ္ဇန်း ရွှင်ရမယ်။ ရယ်စရာတွေပြောတိုင်း အာဝဇ္ဇန်းကောင်းပြီ မမှတ်နဲ့။ စကားဟာ ရွှင်လဲ ရွှင်ရမယ်။ အထစ်အငေါ့လဲ မရှိစေနှင့် စကားလုံး များနိုင်ရမယ်။ ချဲ့တတ်ရမယ်။ ဘဝန္တောကို– အနက်ပင်ကိုယ်မှာတော့၊ သံသရာဘုံကြောမှာစုန်ချောကာ ဒလက်လယ်၍၊ ခက်ဗွယ် ညည်းတလျက်၊ ဟီးချမ့်ိုင်ငေး။ ဒုက္ခရေးစုပေါင်းကြတဲ့ အိုသူတော်ကောင်းတို့ ... လို့ ဆိုမယ် မဟုတ်လား"

"မှန်ပါဘုရား ..."

"ခြော် ... ဘဝသံသရာစရီးကြီးဟာ အင်မတီ အင်မတန် ရှည်လျားတယ်။ အဲဒီ ရှည်လျားတဲ့ ခရီးကြီးမှာ ... အထက်ဆန်လိုက်၊ အောက် စုန်လိုက်နှင့် တဝဲလယ်လယ် နေကြရတာတ်။ ဘယ်တော့မှ လတ်ခြောက်ခွင့် နီးပါ့မလဲလို့ တတမ်းတတနှင့် နေကြရပါကလား။

ထွက်ခွင့် မရနိုင် အလိုင်လိုင်ခုက္ခနှင့်သာ ရှုပ်လှစွာ နေရပါကလား ... လို့ ညည်းညူနေကြရတယ်တဲ့။ တချို့ကလဲ၊ ဟယ် ... တတ်နိုင်ပါဘူး လေ၊ မဗိုတဲ့ပန်း တုံးခုလို့လှမ်းဆိုတာလို၊ အလွန်ခက်ခဲတဲ့ လွတ်မြောက်ရေးလမ်း နိဗ္ဗာန်နန်းမှာ စံမြန်းဘို့ မကြံတော့ပါဘူးလို့ လက်မှိုင်ချ ညည်းညူပြီး နေကြတယ်။ သံသရာ ဝဋ်တရားက ကင်းလွတ်အောင် မကြိုးစားကြဘဲ အကြိုက်ကလေးတွေ ကိုယ်စီထားလို့ အသက်ရှည်သမျှ ခံစားနေကြလိမ့်မယ်။ ဒီလိုနေလေ နစ်မွမ်းလေပေါ့။ ဒီလို လူမျိုးကို ရည်ပြီး ...

"ကျီးနက် မိုက်ခေါင်၊ ဆင်သေကောင်ထက်၊ သေသင်ကိုမလှမ်း၊ ကမ်းသို့မတက်၊ အပုပ်မက်၍၊ စီးလျက်စားကာ၊ လိုက်လေပါက၊ သမုဒ္ဒရာရောက်ဆိုက်၊ လှိုင်းဝဲရိုက်၍၊ ရေနွံနှမ်းနစ်၊ ငါးစာဖြစ်သို့၊ ဝင်စစ်မှတ်ဆောင်၊ လူတို့ဘောင်ဝယ်၊ အိမ်ထောင်ဝဋ်ထဲ၊ သေအောင်ခွဲ၍၊ အမြဲနေငြား၊ သားမယားနှင့်၊ ခံစားကာမ၊ လူထိုမျှကို၊ ဘာဂပညာ၊ ကျီးပမာဟု၊ မဟာဝိသုဒ်၊ မြတ်သမ္ဗုဒ်တို့၊ ရွှေနုတ်လှစ်ချွေ၊ ဟောခဲ့ပေ၏ ... ဟု၊ မဃဒေဝပျို့မှာ မာန်လည်ဆရာတော် ရေးစပ်တော် မူခဲ့တာပ။ အဲဒီလို သံသရာဝဋ်အတွင်းက မလွတ်ကင်းနိုင်တဲ့ လူအပေါင်းတို့လို့ ဦးပဉ္စင်းက ခေါ်လိုက်ခြင်းပေါ့နော် ..." လို့ ရဲ့ပြီး ပြောရလိမ့်မယ်။ ဒီထက်ရဲ့ချင် ရဲ့တာပေါ့"

"တင်ပါ့ဘုရား ... ဒါကတော့ တတာတ်သလို ရဲ့ပေါ့ဘုရား ..."

"ဟုတ်တယ် ... ဟုတ်တယ်၊ ပြီး ... အဲဒီစကား ဖြတ်ထားခဲ့ပြီး...၊ ပိယံရှုပ်။ ကောင်းခြင်းငါးဖြာ၊ ကြန်အင်္ဂါဖြင့်၊ ညီညာဖြောင့်စင်း၊ နှစ်သက်ဖွယ်ရာ ရုပ်အဆင်းကိုငှင်း။ ဝါ–မြင်သူတကာ ငေးငေးကြည့်လောက်အောင်လှတဲ့ အဆင်းကို ငှင်း။ ဝါ– မြို့အုပ်လောင်း၊ ဝန်ထောက်လောင်းတွေ၊ အိုင်စီအက်တွေ၊ အစိုးရပညာတော်သင်တွေကတောင် ငမ်းငမ်းတက် ကြိုက်လောက် ချစ်လောက်အောင် ရုပ်မျိုးကို ငှင်း၊ ပိယံမုခံ။ ဆန်းပြည့်စန်းယှန်၊ ပန်းပဒုံသို့၊ လှကုဏ်တိုးတက်၊ နှစ်သက်ဖွယ်ရာ ချစ်

မျက်နှာမျိုးကို ငင်း။ ဝါ– လဆန်းပက္ခမှာ၊ လမင်းဟာ တနေ့ထက် တနေ့ တိုးလို့သာ ကြက်သရေရှိသလို၊ နေ့စဉ်နှင့်အမျှ အလှတိုးတဲ့ အဖြစ်မျိုးကို ငင်း။ လပြည့်နေမှာ ဘိမ်တိုက်ကင်းစင်တဲ့ လမင်းကြီး လှ တာလို၊ ခလဲခ မြလဲမြ ကြည်လဲကြည် ပလဲပ တဲ့ မျက်နှာမျိုးကို ငင်း။ ဝါ– မွှင့်သစ်စ ပန်းများလှသလို၊ ရွှန်းရွှန်းလှပ ရွှင်လန်းတဲ့ ရုပ်မျိုးကို ငင်း။ ဝါ– လမင်းကိုကြည့်ရတာ အားမရတာလို၊ မသလဲတ သာလဲတ၊ ခြော် ... လမင်းနှယ် ပေါ်လာပါတော့၊ သင့်အရောင် ငွေစန္ဒာဖြင့် ကမ္ဘာ ကို တန်ဆာဆင်ပါတော့လို့ လမပေါ်လာတော့ တရတာလို၊ ခြော် ... မပေါ်လာ မြင်ရနိုင်နှင့် မြော်လိုက်ရတာ မြော်တော်ဇောနှင့် မောပါပေ့၊ မျက်နှာလမင်း ပပဝင်းကို ဘယ်တော့မှ မြင်ရတော့မှာလဲကွဲ့လို့ တစေရ မဲ့ ရုပ်မျိုးကို ငင်း။ လမင်းကြီးဟာ ကမ္ဘာသူ ကမ္ဘာသားများကို မိမိ၏ မြကြည်လင်သော အရောင်ဖြင့် ပေးနေသောအခါ၊ အို ... စန္ဒာရဲ့ ဘယ်ခါမဆို၊ မျက်နှာတော် မညိုဘဲ၊ ဒီလိုဘဲ ထွန်းနေစမ်းပါ။ ဘယ်ဝယ် ဘယ်သို့ ကွယ်လို့လဲမသွားလိုက်ပါနှင့်လို့ တမ်းတတာလို၊ မြင်နေရတော့လဲ၊ အမြဲတမ်း မြင်ကြည့်တွေ့ဆုံး နေလိုစေတဲ့ရုပ်မျိုးကို ငင်းပေ့။ ဒီနေရာမှာ ဦးပဥ္စင်းက ထည့်လိုက်စမ်းပါရစေ။ ယောကျ်ားရဲ့ ဥစ္စာက ပညာတဲ့။ မိန်းမတို့ဥစ္စာက ရုပ်ရည်တဲ့။ ဒီတော့ မိန်းမဥစ္စာက ရုပ်ရည်တဲ့။ ဒီတော့ မိန်းမဥစ္စာ မြတ်ရုပ်ရည်ရှိမှ ဖြစ်မယ် (အို ... အိုက် လိုက်တာ ကိုယ်တော်)"

"ဆက်ပြီးတော့သာ သွန်သင်ပါဘုရား၊ တပည့်တော် ယပ်ခပ်လို့ ပေးပါမယ်" ဆို၍၊ ဦးသုစေသည် ပေရွက်ယပ်ကြီးဖြင့် ဦးလောကကို ခပ်ပေးလေ၏။

"ရုပ်ချောအောင် တောင့်တရမယ်။ ရုပ်ရည်ရူပကာယမရှိလျှင် မစွန့် လို့အပျိုကြီးဖြစ်နေတာမှဖြင့်၊ ဖွဟဲ့ ... လွဲစေ ဖယ်စေ။ ဣတ္ထိပိသော– မခက်သေးဘူးလား"

မော်မဆုံး ကိုယ်ကိုယ်ဟာမို့၊ အလိုလိုမူဆော၊ အမျိုတို့ ရှုယာကို၊ သုတကာမသိ။ ရှင်အေးလို့ အထဲမှုတယ်၊ ငရဲသူ နိုင်းစိုတန္တိ။ ။ဆိုတဲ့ တေးထပ်ကို ဆိုပြီး ညည်းနေကြရလိမ့်မယ်။ တကာမလေးရဲ့။ ဟောဒီက ဓမ္မကထိက ဆရာတော်က မြန်မာပြည်ကြီးဟာ၊ တိသနိပါတ်၊ တိက္ကာ ကဇာတ်တော်မှာ ပါတဲ့ ဥတ္တရ ပဉ္စာလပြည်လို မဖြစ်စေချင်ဘူးပေါ့။ အဲဒီ ပြည်မှာ အမျိုကြီးတွေ တယ်ပေါဆိုဘဲ။ ဒါ့အတွက် ကမ္ဘာက ဝိုင်းကဲ့ရဲ့ တယ်တဲ့၊ ပြီးတော့ ရုပ်မရှိလို့ အမျိုကြီးဖြစ်လို့ သနားမဲ့လူတော့ မရှိဘူး။ ကဲ့ရဲ့မဲ့လူတွေချည်းဘဲ များနေမယ်။ ပြောကြလိမ့်မယ်၊ စိတ်ကြီးကဝင်၊ အထင်ကြီးမား၊ မှန်းထားသူမျက်၊ တောထွက်ချင်ရောင်၊ ချောင်မှာစိုမိုး၊ ပုတီးလက်စွဲ၊ စိတ်ထဲ တမျိုး၊ တွင်းဆိုး ပြင်ချော၊ မက်မော မပြီး၊ အမျိုကြီး စသည်ဖြင့်ပေါ့လေ။ ကဲ့ရဲ့ကြမဲ့ဖြစ်ချင်း ဦးပဉ္စင်းဖြင့် စဉ်းဘဲ မစဉ်းစားခဲ့တော့ဘူး။ အပေါ်စုံသူတွေက ဘုရားသွားတုတု၊ ကျောင်း သွားတုတု၊ မော်တော်ကားစီးတော့ အတုတု၊ လက်ထပ်ပွဲဆိုင်တော့ အတုတု၊ တွဲကြတာကိုမြင်ရတော့၊ တွဲကြတာကို မြင်ရတော့ အမျိုကြီး များမှာ ဟီး .... ငါတို့ကတော့ ကံခေလို့ ဒီလိုအဘောင်မဲ့ရတယ်လို့ ညည်းရရှာလိမ့်မယ်။ ဒါ့ကြောင့် ဘယ်သူမှ အမျိုကြီး မဖြစ်စေချင်ဘူး။ အမျိုကြီးမဖြစ်အောင် ပထမဆုံး ရုပ်ချောဘို့ ကြိုးစား၊ ရုပ်ချောဘို့ကလဲ ဣသဘာ အဘိဓမ္မာ တရားတွေပယ်ပြီး မေတ္တာကာမဋ္ဌာန်း စီးဖြန်းကြဘို့ဘဲ။ ဒီလိုလုပ်မှ အမှန်ရုပ်ချောမှာဘဲ စသည်ဖြင့် ပေါဒါပေါ့။ ဟဲ ... ဟဲ ... တရားနာတဲ့အထဲမှာ အမျိုကြီးတယောက်ယောက်ပါရင် ဩော် ... ငါတို့ အမျိုကြီးများ အကျိုးကို ဆောင်ပေတယ်။ တော်ပါပေတယ်။ ငါတို့ အားကိုးရာကြီးပေါ့လို့ စိတ်စွဲပြီး အထူးဘဲ ကြည်ညိုပြီး မှီခိုလာတော့။ ဒီလိုလုပ်တာပေါ့" ဟု ပြောပြီးသည်၏ အဆုံး၌ ဆရာတော် ကြက်တူရွေးသည် ပြင်းထန်စွာ အသက်ရှူလိုက်လေ၏။

အခန်း။ ၂ ။

## မဆိုမနေ နှဝန်စကျောင်း၊

ဦးသုစသည် တရားစာတတ်ပြီးနောက် မိမိနေထိုင်ရာကျောင်းသို့ ပြန်ကြွခဲ့လေ၏။ ဦးပဥ္စင်းတို့ကျောင်းမှာ နှစ်ထပ်တိုက် ဖြစ်၍ ကျယ်ဝန်းသော်လည်း ကျောင်းထိုင်ဆရာတော်မှာ တပည့်များများ လက်ခံလေ့မရှိချေ။ ယခုအခါ၌ တပည့်ဦးပဥ္စင်း ဆယ်ပါးမျှသာ ရှိလေသည်။ ခြောက်ပါးမှာ နယ်မှလာ၍ စာသင်နေကြခြင်း ဖြစ်လေသည်။ ထို ကိုယ်တော်များမှာ အသီးသီး မိမိတို့ တကာ တကာမ များထံမှ လစဉ်ကြေးငွေ အထောက်အပံ့ရသဖြင့် ဆွမ်းခံ၍ ဘုန်းပေးရဘဲ။ ကျောင်းထိုင် ဘုန်းကြီးကိုသာ တလ ရှစ်ကျပ်စီ ဆွမ်းဘိုး လှူကြရလေသည်။ ဆရာတော်က ငွေပေး၍ထားသော ကပ္ပိယကြီးက ဆွမ်းချက်၍ ကျွေးရလေသည်။ ကျန် ဦးပဥ္စင်းများကား ရန်ကုန်မြို့ပေါ်မှဖြစ်၍၊ မိမိတို့တကာ တကာမများက ဆွမ်းအုပ်ကိုယ်စီ ပို့ကြလေသည်။ ဆရာတော်ကြီး ကိုယ်တိုင်ကမူ၊ ဦးပဥ္စင်းကလေးများနှင့် အတူတူ ဆွမ်းဘုန်းပေးဘဲ တခါတရံ ကျောင်းတောင်ဘက် ရပ်၌နေသော သီလရှင် ကောသာထံ ဆွမ်းဘုန်းပေး၏။ တခါတရံ အနောက်ဘက် ရပ်ရှင် မစန္ဒာ၏ ဆွမ်းကို သုံးဆောင်တော်မူလေ၏။

ကျောင်းနှာခေါင်ကိုကား မြွေမနန္ဒဝန်ဟူ၍ အခေါ်မှည့်ထားလေသည်။ နန္ဒဝန်ဟူသော အခေါ်နှင့် ဆီလျော်စွာ၊ ကျောင်းဝန်းတဝန်းလုံးခြေလပ်ဟူ၍ မရှိသလောက်ဖြစ်အောင် ပန်းပင်၊ ငှက်ပျောပင် အမျိုးမျိုးတို့ဖြင့် ပြည့်နှက်နေလေ၏။ ကျောင်းဝန်းကို အုတ်တံတိုင်းဖြင့် ကာရံ၍၊ ပုဏ္ဏရိပ်ပင်များကို ထူထပ်သော တံတိုင်းအဖြစ်ဖြင့် တည်စေလေသည်။ နှင့်ဆီပန်းများမှာလည်း အရောင်အမျိုးမျိုး၊ မေမြို့ပန်းများမှာလည်း အသွေးအမျိုးမျိုး၊ စွန်၊ စပယ်၊ စလပ်၊ နှင်းပန်း၊ နေကြာ၊ ရွက်လှ၊ ခုံနေတော့၏။ လူသွား လမ်းကြားကလေးများကို ဖွေးနေအောင်ဖယောက်လုပ်ထား၍၊ ဘေး၌ အုတ်ခဲကလေးများကို ဒေါင်လိုက်ထောင်၍စီတန်းကာ ထားလေသည်။ ထိုအုတ်တန်းကလေးများ ဘေး၌ လမ်းလျှောက်ပင်များကို စိုက်ပျိုးထားလေသည်။ ကျောင်းကို အင်္ဂတေဖြူဖြင့်မသုတ်ဘဲ၊ ပြာလဲ့လဲ့ အင်္ဂတေဖြင့် သုတ်ထားသောကြောင့်၊ စိမ်းလန်းသော သစ်ပင်ကလေးများ အလယ်၌ ပြာလဲ့လဲ့ တိုက်ကလေး တည်ရှိနေသည်မှာ၊ စိမ်းနေသော ပင်လယ်ရေနောက်ကြော၊ ပြာလဲ့လဲ့ မိုးကုပ်စက်ဝိုင်းကြီး ပေါ်နေသကဲ့သို့ ရှိလေ၏။ ကျောင်းဆင်ဝင်း၏ရှေ့၌ ဓါတ်မီးတိုင်ကလေးသည် ခုံမြင့်ကလေးပေါ်တွင် မားမားရပ်လျှက်ရှိလေ၏။

ကျောင်းတောင်ဘက်၌ သစ်တိုပင်ကြီးရှိ၏။ ထိုသစ်ပင်ကြီးကား အရပ်မရှည်လှသော်လည်း အကိုင်းများကား အုပ်နေတော့၏။ သစ်တိုပင်အောက်၌ သစ်သားစရပ် တဆောင်ရှိ၏။ အင်္ဂလိပ် အုပ်ကြွပ်မိုးနှင့်ဖြစ်၏။ ပြင်ထောင်ကို စွေ့နီနှင့် ရေနံချေးရာ၍ သုတ်ထားသဖြင့်နီညို့ညို့ နေလေ၏။ ထိုစရပ်ကလေးကား သေးငယ်သော်လည်းလွန်စွာ အချိုးကျ၏။ အခန်းနှစ်ခန်းနှင့် ခမ်းမကြီး တခန်းရှိရာ၊ ခမ်းမကြီးအတွင်း၌ ကော်စောအပြည့် ခင်းထား၏။ အနောက်မြောက်ထောင့်တွင် ကော်စောကလေး တထပ်ခင်းထား၍ ကတ္တီပါ မှိုအုံးကြီးများရှိသေးလေ၏။ ကော်စောကလေး နံဘေး၌ ကွမ်းအစ်၊ ထွေးခံ၊ ရေချိုင့်

များ ရှိ၏။ ထိုနေရာကား ကျောင်းဆရာတော်လာလျှင် ထိုင်ရန်နေရာ ဖြစ်၏။ ဆရာတော်မှာ မည်သည့်အချိန်မဆို လာတတ်ရကား။ အသင့် နေရာ ပြင်ဆင်ထားရလေသည်။

ဤစရပ်၌နေသော သီလရှင် မကောသာကား အသက်လေးဆယ်မျှ ရှိပြီးဖြစ်၏။ ၎င်း၏ခင်ပွန်းသည် ကွန်လွန်ပြီးနောက် နန္ဒဝန်ကျောင်းသို့ စိတ်ပြေလက်ပျောက် ဦးပုသ်ရက်ရှည် လာစောင့်ရာ။ ဆရာတော်၏ ပရောဂဖြင့် အကျွတ်တရားရပြီးနောက် သီလရှင် ဝင်လုပ်နေသည်မှာ ၈–နှစ်မျှ ကြာပြီဖြစ်လေ၏။ သားတယောက်ရှိသော်လည်း သားမှာ အထောက်အပံ့မဖြစ်ဘဲ။ တေလေကလေးဖြစ်၊ နောက်ရုပ်ရှင်ဓာတ်လိုက် ဖြစ်သွားလေ၏။ ထိုဓာတ်လိုက် သားတော်မောင်မှာ မိမိမွေးသမိခင်ကို မလုပ်ကျွေးသည့်ပြင်၊ ယခုထက်တိုင် ထောက်ပံ့ကျွေးမွေးလာသော ကျေးဇူးရှင်အစစ် ဆရာတော်ကိုပင် မျက်နှာမကြည့်ချင်ဘူး၊ မခေါ်ချင် ဘူး ဟု တတွတ်တွတ် ပြောနေသေး၏။ မကောသာကား ရုပ်ရှုပ်ကာကောင်း မွန်၏။ "ရုပ်ကလေးကချောပါဘိသနဲ့ ဘာလုပ် သီလရှင်လုပ်လိုက်မှာလဲ" ဟု ရုပ်ဆိုးမှ သီလရှင်ဝတ်ရတော့မလို၊ မြင်သူများက ပြောကြလေ၏။

ကျောင်း မြောက်ဘက်တွင် မရမ်းပင်ကြီးရှိ၏။ မရမ်း ကောင်း ကောင်း မသီးသော်လည်း အရိပ်ကောင်းကောင်း ရလေ၏။ မရမ်းပင် အောက်၌ စရပ်ကလေးရှိ၏။ ထိုစရပ်တွင်လည်း အခန်းသုံးခန်းရှိ၏။ တခန်းတွင် သီလရှင် အိပ်၏။ တခန်းတွင် အိမ်ထောင်ပရိုက္ခရာ ထားသော အခန်းဖြစ်၏။ တခန်းကမူ၊ ကော်ဇောအပြည့် ခင်းထားသော ဧည့်ခန်း ကြီးဖြစ်၏။ တနေရာတွင် ကတ္တီပါနေရာထိုင်တခု ခင်းထား၏။ ပန်းပွင့် ပန်းနွယ်များဖြင့် ချယ်လှယ်ထားသော မှိုအုံးကြီးများလည်း ရှိ၏။ ဆရာတော် ကြွလိုသောအခါ၌ ကြွလာနေထိုင်ရန် ဖြစ်လေသည်။

သီလရှင် သီလစာရီကား နာမည်ကလေးနှင့် ဆီလျော်စွာ သီလ သမာဓိပြည့်ဝဟန်တူပေ၏။ အမြဲ လည်ပင်းမှာ ဆင်စွယ်ပုတီးစိပ်လျက် ထား၏။ ညညတွင်လည်း အသံကလေး တစာစာနှင့် မေတ္တာပို့လေ့ရှိ၏။

တရားစာ ဘတ်လေ့ရှိ၏။ သံပေါက်ကျက်လေ့ရှိ၏။ သူ့ အတ္ထုပ္ပတ္တိကား ဤသို့တည်း။ မယ်သွင်၏ အသက် ဆယ့်ခြောက်နှစ်မျှရှိလျှင်ပင်၊ မိခင် ဘခင်နှစ်ပါး ကွယ်လွန်ခဲ့၏။ အထောက်အခံ ခိုကိုးရာမဲ့ ဖြစ်ရရှာလေ၏။ မိဘများလည်း ဆင်းရဲကြသဖြင့် အမွေအနှစ် တပြားမှ မချန်ခဲ့နိုင် ဖြစ်လေ၏။ မယ်သွင်မှာ အတိဒုက္ခရောက်နေခိုက်၊ မင်းကြီးကတော် ဒေါ်လှက အိမ်မှာခေါ်၍ ခိုင်းစေထား၏။ ရုပ်ရည်ရူပကာရ လှသ လောက် အဝတ်အစား ကောင်းစွာ ဆင်မြန်းထားလေ၏။

မင်းကြီးကတော်မှာ နန္ဒဝန်ဆရာတော်ကို ကိုးကွယ်သော အဓိပတိ တကာကြီး တဦးဖြစ်ရကာ ကျောင်းသို့သွားတိုင်း မယ်သွင် ပါလေ့ရှိ၏။ ထိုအခိုက် မင်းကြီးကတော်၏ သားနှင့် မယ်သွင် အလွန်အကြူး ချစ်ကြိုက်ကြလေ၏။ ဒေါ်လှသိသဖြင့် မယ်သွင်ကို အိမ်မှ နှင်ထုတ်လေ၏။ မယ်သွင်မှာ လိုကိုးရာမဲ့ ဖြစ်သဖြင့်၊ ဆရာတော်အား ငိုလျှောက် လေရာ၊ ဆရာတော် တရားဟောကောင်းသဖြင့်၊ မသီလဝတီဖြစ်၍ ဤ ဇရပ်ကို အပ်နှင်းခြင်း ခံရလေသည်။ ဆရာတော်ကား သီလဝတီကို တော်တော် အရေးပေး၏။ တခါတရံ ညဦးခမ်း မိုးအုံးကြီးတွင် မိုန်းရင်၊ သီလဝတီ ဘတ်ပြသော ဓာသံကလေးများကို နားထောင်လေ့ရှိ၏။

ကျောင်းအရှေ့ဘက်တွင်၊ ငှက်ပျောပင်များသော ရှိ၏။ ထိုငှက်ပျော ပင်ကြားခွဲ တထပ်တိုက် ဇရပ်ကလေးရှိ၏။ လှေကားမှ တက်၍ ချက်ခြင်းရောက်သော အခန်းကား၊ သင်ဖြူး အပြည့်ခင်းထားသော အခန်းဖြစ်၏။ ဒေါင့်တဒေါင့်တွင် ကော်စောခင်းထား၏။ ကြီးမား လှပသော ခေါင်းအုံးကြီးနှစ်လုံး ရှိ၏။ ယပ်တောင်၊ ထွေးခံ၊ ကွမ်းအစ်၊ ရေချိုင့်များလည်း ရှိပေ၏။ ဆရာတော်အတွက် သီသန့်ထားသော နေရာဖြစ်ကြောင်း အလွယ်တကူ သိနိုင်ပေ၏။

ဤဇရပ်ကို ကြီးကြပ်သူ နာယဆရာလေး မဝဏ္ဏမှာ အတော်ပင် လှပသူ ဖြစ်လေ၏။ အသက်မှာလည်း နှစ်ဆယ်မျှသာ ရှိသေး၏။ အမိ အဘများကား ဆင်းရဲလှသော တောသူ တောသားများဖြစ်ကြ၏။ မြို့မှ

ပွဲစားအိုကြီးတယောက်ကို ပိုက်ဆံရှိမည်အထင်နှင့် ပေးစားလိုက်ရာ ရန်ကုန်ရောက်၍ မကြာမီပင် ပွဲစားကြီး သေဆုံးလေ၏။ ပွဲစားကြီးကား ပစ္စည်းဥစ္စာ မွဲပြာကျသည့်ပြင်၊ ကြွေးတွေလည်း ထူသေးသည်ကို သိသောကြောင့် မဝတ္တာလောင်းကလေးမှာ ဒုက္ခရောက်နေ၏။ မကြာမီ ဘယ်လိုဘယ်နည်းဖြင့် ဤသို့ဇရပ်ပိုင် မဝတ္တာဖြစ်လာသည်ကိုပင် ရာဇဝင် ရှာ၍ မတွေ့ရတော့ချေ။ မဝတ္တာမှာဆရာတော်က သူ့ဇရပ်လာ၍ ရယ်စရာ ပြောသော်လည်းသိပ်မရယ်။ ဆရာတော်ကိုလည်း သိပ်မကြို့ မစယ။ ဆွမ်းကပ်ခမ်းဟဲ့ဆိုလျှင် ဆွမ်းထကပ်၊ ရေယူခဲ့ခမ်းဟဲ့ဆိုက ဖလ်ခွက်နှင့် ရေယူပေး၍။ ဘာပေးခမ်းဟဲ့ ဆိုက ဘာပေးဖြင့်သာ မပျှင့်ဘဲ အမှုအရာနဲ့ နေလေ၏။ "ဟဲ့–ဝတ္တာရဲ့" ဟုခေါ်လျှင် မထူးဘဲ မော့၍သာ ကြည့်နေရာ "ဟဲ့–ဝတ္တာရဲ့ .... ဘုန်းဘုန်းခေါ်တာ ထူးပါအုံးကွဲ့" ဟု ဆိုမှ "ဘုရား .... ဘာတုံးဘုရာ ...." ဟု ခမ်းလှေ့ရှိ၏။

"ပဟာဒီ လက်ဆွဲမီးအိမ်ထက်လင်းတာ ဘာလဲကွဲ့ ....။"

"ဓါတ်မီးပေါ့ဘုရာ။"

"ဓါတ်မီးထက် လင်းတာကောကွယ် ....။"

"ရွှေလမင်းပေါ့ဘုရား။"

"ရွှေလမင်းထက် လင်းတာကောကွယ်။"

"မသိဘူး ဘုရား။"

"ဟား .... ဟား .... ခပ်ရှုပ်ရှုပ် ခပ်နောက်နောက် ပုဂ္ဂိုလ်တွေက တော့၊ ကိုယ့်ချစ်သူကလေး ရွှင်ရွှင်ပျပျနေတဲ့မျက်နှာလို့ ပြောမှာဘဲနော်။ ဟား ... ဟား .... ဟီး .... ဟိ .... ဟိ .... " ဟု ဆရာတော် အားရပါးရ ရီသော်လည်း မဝတ္တာကား မရယ်။ လက်သဲဖြင့် သင်ဖြူးကိုသာ ခြစ်နေလေ၏။

"ဘုန်းဘုန်းက ဒီစကားမျိုး ပြောမယ်လို့များ ထင်နေသလား ကွယ်။"

"မပြောတတ်ဘူးကိုယ်တော် .... ဘယ်သိမလဲ။"

"အေး– ဒီလိုမပြောရင်လဲ။ မြတ်စွာဘုရား သာသနာတော်ကျောင်းဟာ လမင်းထက် ထွန်းတယ်လို့ ပြောတို့ပေါ့လေ ... ဟဲ ... ဟဲ" ဟုပြောကာ ကေားဖြတ်လိုက်ရလေ၏။

အနောက်ဘက် စေရပ်သို့ သီလရှင် ရောက်သည်မှာ ... ကြာသေးသည့်ပြင်၊ မစန္ဒာမှာ အသက် သုံးဆယ်မျှရှိ၍ လုံးကြီးပေါက်လှ ရုပ်ချောသူတယောက်ဘဲဟု ပြောရန်မှတပါး၊ အခြားအကြောင်းများကို ပြောနိုင်ရန် ဘာမျှ စုံစမ်း၍ မသိရသေး ဖြစ်လေ၏။

ထို့မှ ပန်းပင်၊ သစ်ပင်၊ သီလရှင်၊ ဦးပဥ္စင်းတို့နှင့် ပြည့်စုံသော ကျောင်းကား လွန်စွာ လွန်စွာ အလွန်တရာ ပျော်ဘွယ်ကောင်းလေ၏။ ဤကျောင်းနေသူတိုင်း ပစ္စည်းဥစ္စာ တောင့်တင်းကြသူများ ဖြစ်ရကား၊ ဤဘုန်းကြီးကျောင်းကား ဘယ်ကျောင်းနှင့်မျှ မတူ ဖြစ်လေ၏။

ကပ္ပိယ ဦးကျောက်လုံးမှာမူ၊ တပည့်တယောက်နှင့် ဈေးသွားဝယ်ရ ဆွမ်းချက်ရ၊ လဘက်ရည်အိုး တည်ရနှဲ၊ အတော်ပင် အလုပ်များလေ၏။ ထို့ပြင် နံနက်စဉ် မယ်သီလများ ခူးထားသော ပန်းပွင့်များကို ဈေးသို့ ဖောက်သည် လက်ကားဆိုင်များကို သွားပို့ရသေးသည့် အလုပ်တာဝန်လည်း ရှိ၏။ ညနေတွင် ပန်းပင်ကလေးများ မျိုး၍ ပန်းအိုးကလေးများတွင် ကူးစိုက်ရသည့် အလုပ်ကား အမြဲမပြတ် ရှိသေး၏။ အလုပ်များရှုံမြင့်ပြီး ဆွမ်းဟင်းကောင်းသည့်အခါ ဦးပဥ္စင်းများ၏ အကြိမ်းအမောင်းကို ခံရလေ၏။ ဈေးဝယ်ပြန်၍ တပြားတချပ် လစ်ဟင်းသည့်အခါ ဆရာတော်၏ အဆဲအဆို ခံရရှာ၏။ ဦးကျောက်လုံးကား ဦးသုစနှင့်မူ တော်တော် လေပေးပြောင့်၏။ ဦးသုစကို ခင်မင်ကြည်ညို၏။

မရှိမ နန္ဒဝန်ကျောင်းတွင် ဓမ္မကထိက အကျော်အမော်တပါး ရှိပေ၏။ ဘွဲ့တော်ကား ဥာဏဝတီ ဦးစောတိက ဖြစ်၏။ ဥာဏဝတီဟု ဘွဲ့ယူသည်မှာ ရခိုင်တိုင်းသွား ဖြစ်၍မဟုတ်။ ရခိုင်ပြည်သို့ ရောက်ဘူးသောကြောင့်၊ ဘွဲ့တော်ပင်ရင်းတွင် ဥာဏဝတီ အမြစ်တပ်ထားခြင်း ဖြစ်လေ

သည်။ ဦးသုစေသည် စမ္မကထိကဖြစ်လိုသော ဆန္ဒရှိလာသည်မှာ၊ ဉာဏ်ဒေသဝတီ ဆရာတော်ကလေးကို အားကျသောကြောင့် ဖြစ်၏။ ဒေသဝတီ ဆရာတော်ထံမှ နည်းနိဿယကိုမူ အတော်အတန်ယူပြီး ဖြစ်၏။

ဦးသုစေသည် ကျောင်းပေါ်သို့ ရောက်၍ ကြည့်လိုက်လျှင် အခါ တိုင်း တံခါးပိတ်ထားသော ဆရာတော်ကြီး၏ ကြက်သရေခန်းသည် ပွင့်နေသည်ကို တွေ့ရလေ၏။ ပွင့်နေသော တံခါးမှ ဆရာတော် ကျိန်း သောကုတင်ကို မြင်နိုင်ပေ၏။ ကုတင်မှာ ရွှေရောင်တောက်နေသော ကြေးကုတင် ဖြစ်၏။ အိစက်မောက်မို့သော လေမွေ့ရာကြီးကား၊ ကား ယားကြီး တည်လျက်ရှိ၏။ ထိုမွေ့ယာကြီးပေါ်တွင် ကတ္တီပါ ဝါလုံ့လုံ့ စောင်ကို ခင်းထားပေ၏။ ချိတ်ထားသော စာခြင်ထောင်မှာ လေကလေးသွေးခြင်း ခံလိုက်ရသဖြင့် လှိုင်းကွက်ကလေးများ ကြွနေ ၏။ ခေါင်းရင်းက ဘီယိုကြီးများမှာ၊ ချိတ်ဆေးရောင် တဖိတ်ဖိတ် ထနေတော့၏။ ဆရာတော်ကား ကုတင်ဘေး၌ သားရေသေတ္တာကြီးကို ဖွင့်လျက်၊ မှိုင်းလုံး ကော်ဇောကြီးများကို ခေ့ခေ့ ခစ်ဆေးနေသည်ကို တွေ့ရလေ၏။ ဦးသုစေမှာ မိမိအခန်းတွင်းသို့ ရုတ်တရက် မဝင်သေးဘဲ အခန်းတွင်းသို့သာ စိုက်ကြည့်နေမိ၏။ ရန်ကုန်သူ ရန်ကုန်သားတို့သည် နံနက် အိပ်ရာထ မှုံ့ဟင်းခါး ဟင်းအိုးကြီး အရွှေ့တထောင်းထောင်းနှင့် အဖုံးဖွင့်ထားသည်ကို မြင်လျှင် သရေယိုလာသကဲ့သို့၊ အခန်းတံခါးဖွင့် ထား၍ အခန်းဝင် ပစ္စည်းများကို မြင်ရသော ဦးသုစေမှာ၊ လိုချင်သော ဆန္ဒတွေ တဖွါးဖွါး ပေါ်လာလေ၏။ အင်း ... တယ်ကောင်းတဲ့ ကုတင်ပါလား။ ကြည့်ပ– ဝင်းနေတာဘဲ။ မွေ့ယာကြီးက မောက်လို့။ အိပ်လိုက်ရစိမ့်ဘယ်လောက် တွေ့မလဲလို့။ ဟိုဘက်နားက ကုလားထိုင် ကြီးကလဲ ဖတ်တကလပ်ပါကလား။ ဟို အိပက် အိပက် အခင်းမျိုး ခင်းလို့နော် ... ဒါမျိုးပေါ်ထိုင်ပြီး တရားကောင်းကောင်း ဟောရရင်။ ထိုင်ရလို့ ဖင်စိမ့်ရှိတာက တမျိုး။ အို .... ဘယ်တော့ ဒီအခြေရောက်ပါ့ မလဲနော် .... ကြည့်အုံး၊ ဘီယိုကြီးထဲမှာ ပိုးသက်နုံးတွေ သက္ကလပ်

သက်န်းတွေ ရှိမှာဘဲ။ သိပ်ခွေးတဲ့ ကိုယ်တော်ကြီးဘဲနော်။ ကော်ဇော တွေကလဲ ၅ဝိ–တန် ၁ဝဝိ–တန်တွေနှင့် တူတာယ်။ ဟာ– ဟိုမှာ ပထရိုမက္က(စ်)ဆိုတဲ့ ဓါတ်မီးကြီးတွေပါလား။ ဩော် .... ဘုန်းကြီးလုပ် ရလဲ၊ ဒီအခြေအနေမျိုးရောက်ရမှ ဘုန်းကြီးလုပ်ရကျိုး နပ်မှာပါဘဲနော် ဟု .... အဆက်မပြတ် တွေးတော အံ့သြပြီးနောက်။ မိမိအခန်းတံခါးကို ဖွင့်လေ၏။

သော့ကလေး "ကြလစ်" ခနဲ မြည်သွားသောအခါ၊ ဟာ– နေဦး သပ–ချိုထဲက။ ဂျိုသွေးသပ– တမြမြပေါ့။ ငါလဲ ဒီလိုစည်းစိမ်တော့ ခံစားရလိမ့်မပေါ့။ ဓမ္မကထိကဖြစ်လို့ နာမည်ကြီးတယ် ဆိုရင်ဘဲ။ လာဘ်သပ္ပကာဆိုတာ ဝင်စမြဲဘဲဟု တွေးနေသောကြောင့်။ ဖွင့်နေသော သော့ခလောက်ကိုပင် ဆွဲမယူမိဘဲ နေသေး၏။ နောက်မှ သော့ကိုဆွဲယူ ပြီး အခန်းတံခါးကို ဖြေးဖြေးကလေး တွန်းလိုက်လေ၏။

အခန်းတွင်း၌ မိမိ၏ သစ်သားခုတင်ကို မြင်သောအခါ။ တော် တော်ပင် စက်ဆုပ်သွား၏။ မဆီမဆိုင် လဆန်း ၅– ရက်နေ့တုန်းက ချသွားသော မသာတာခုကို အမှတ်ရမိ၏။ ထိုမသာတုံးက သုံးသော ကုတင်နှင့် မိမိကုတင် များစွာတူသည်ဟု အောက်မေ့မိ၏။ နောက် ဆာအုပ်ကလေးကို စာပွဲဝိုင်းပေါ်တွင် ဘုံးကနဲ ပစ်ချပြီး၊ လိပ်တင်ထား သော ခြင်ထောင်ကို ဆွဲချလိုက်၏။ ညှိခြင်ထောင်ကား ညစ်ပေ၏။ အရုပ်ဆိုး၏။ ဦးသုစေသည် ခြင်ထောင်တစကို ကိုင်ပြီး ပွတ်ချေရင်း တွေ့နေလေသည်။

**အခန်း။ ၃ ။**

## စေကာသီမပါ အတွင်းချေးခံမပါ

"ဟော .... သုစ .... သုစ၊ ဟော မောင်သုစ" ဟု တဘက်ခန်းမှ ခေါ်သံကို ဦးသုစ ကြားရသဖြင့် လယ်တီပဏ္ဍိတ ရေးသားထားသော သာစုသုခ္ဓြယ်ပဲလို့ ကျားစာအုပ်ကို လက်ညှိုးသွင်းပိတ်၍ လက်မ လက်စလယ်ဖြင့် ကိုင်တွယ်ကာ အခန်းအပြင်ဘက်သို့ ထွက်ခဲ့လေ၏။

"ဟော့လူ .... ဘာလုပ်နေသလဲ ... လာပါအုံး ... " ဟူသော အမိန့်ကို နောက်ထပ်ကြားရလျှင် မိမိကို ခေါ်သူကား ဒေဝတီ ဦးစောတိက ဖြစ်ကြောင်းသိရှိ နေးကန် ပျင်းယိနေသော ခြေများကို ဆက်အားကုန် နှိုးလိုက်လေ၏။

"ဘာလဲကိုယ်တော်။ အရေးတကြီး ခေါ်လှချေကလား" ပြောပြော ဆိုဆို ဂျာပန် တဘက်လျှ ဖဲစအစိမ်း ခမ်းစီးကြီးကို ဘေးဖယ်ပြီး ဒေဝတီခန်းသို့ ဝင်လိုက်လေ၏။ ဦးစောတိကကား စေကာသီမပါ။ အတွင်း ချေးခံမပါ။ ကုတင်ပေါ်တွင် တင်ပလ္လင်ခွေ ထိုင်နေပြီး၊ စာပွဲ ခြေတိုကလေးပေါ်တွင် စာရေးနေလေသည်။ ဆုံးသွားတော့ စာရွက်ကို ကျောဖြူကာပ်မှ ခွါရင်း။

"ကိုယ်တော် အားရဲ့မဟုတ်လား" ဟု မေးလိုက်လေ၏။

"တင်ပါ .... ဘယ့်နှယ် .... ရေးထားတဲ့စာတွေ များလှပါကလား။

"ဟဲ .... ဟဲ ... များဆို– များတာကိုး ကိုယ့်လူရဲ့ ...." ပြောရင်း၊ ပါးစွက်၍ မျက်လုံးကလေးများ မှေးသွားအောင် ပြုံးလေ၏။

"ဒီစာမျိုးက ဒီလိုရှေ့မှကိုး။ ဒီလမ်း ဒီပန်းနှင့်မှ တော်မယ်။ ဒီအချိန်– ဒီထမိန်နှင့်မှ တော်မယ်ဆိုတဲ့ မင်းသားကြီးတကားလို့။ ဒီနေရာမှာ ဒီစာနှင့်သာ တော်သကိုး၊ ကိုယ့်လူရ။ ဟား .... ဟား ... ဒါ ထားပါအုံး။ အားရင် ကုန်းတော်ပေါ် တက်ရအောင်"

"တက်တာပေါ့ .... ကိုယ်တော်။ တပည့်တော် စာဘတ်ကြည့်ချင်တယ်။ ဘယ်ကိုရေးတဲ့စာလဲ ကိုယ်တော်"

"ကိုယ်တော်ကလဲ သိချင်ရန်ကော။ သိမ်ကြီးရှေ့ထဲက ဘိနပ်ရောင်းနေတဲ့ ကိုယ့်ဟာကလေးကို သိတယ်မဟုတ်လား ....."

"တင်ပါ .... သိပါတယ်ဘုရား။ အရင်တခါ ကိုယ်တော်ဘဲ တပည့်တော်ကို ခေါ်သွားပြီး ပြသေးတယ်။ ဟုတ်ပြီ ခဏ ခဏ စာရေးရသလားဘုရား"

"နို့ .... သူ့ဆီက စာက ခဏ ခဏ ရတာကိုး" ဟု ပြောကာ လက်နောက်ပစ်ပြီး သမ်းနေလေ၏။

ဦးသုစလေည်း ကုတင်ပေါ် တင်ပလွဲထိုင်ပြီး ရေးထားသော စာရွက်များကို ယူသည်တွင်။

"ပြန်စာကို နောက်မှဘတ်၊ သူ့ဆီကလာတဲ့ စာကြည့်စမ်းပါအုံး" ဟု ဆရာတော် ဦးဇောတိက–က ခေါင်းတခေါင်းတွင် ရေးထားသော စာရွက်ကို လှမ်းပေးလိုက်လေ၏။

"ဟင် .... ကိုယ်တော့်စာကလဲ အချစ်တွေပါကလား။ ကြည့်ပ .... ကိုယ်တော်။ ဒီပန်းကလေးဘေးကတောင် ဝိုင်းပြီး ချစ်ထားတာကိုး"

"ဟို .... ထိပ်က စာသုံးကြောင်းဘတ် .... ကိုယ်တော်။ ဒါမှ အနက်သရုပ် ထင်မှာ" ဟု ပြောပြီး သွားကြီးဖြဲ၍ ကြည့်နေလေ၏။

"ပြော .... ပြော ... ဘုန်းဘုန်း ဘုရားတဲ့။ ဟီး ... ဟီး။ တပဲ့တော်မတို့မှာတော့ ... တဲ့ ... ဘုန်းဘုန်းတို့လို ဓမ္မကထိကလဲ

မဟုတ် .... တဲ့။ တလဲ မတတ်တော့ ဖွဲ့ကာ နွဲ့ကာ .... တဲ့။ တီတီတာတာ တဲ့။ ဟီ– ဟီ– ဟီ။ အတော်လာပါကလား ကိုယ်တော် (အိမ်း ... လာဆို ... လဆန်းကိုး ဟားဟား။) ပလီပလာတွေ ချဲ့ပြီး .... ဟီ ... ဟီ ... ချစ်ကြောင်း ကြိုက်ကြောင်း မရေးတတ်ဘူးဘုရား။ သို့ပေမယ့် ချစ်တယ် .... ဟီ– ဟီ။ တောက် .... တယ်စိမ်ရှိသကိုနော်။ (ရှေ့ဆက်ဘာတတ်ပါ။ ကိုယ့်လူကလဲ တခြင်ရတာနှင့် ဂျိုကြွနေပြီ) ကြိုက်တယ် စုံမက်တယ်၊ သဒ္ဓါတယ်။ အင်း .... သဒ္ဓါလွန်းလို့ ခက်ကြတာပေါ့။ ကဲလေ .... တိုတိုဘဲ ဘုန်းဘုန်းကို ချစ်တယ်ဆိုတဲ့အကြောင်း။ ပေဘာဒီလို ချစ်ပြလိုက်မယ် ဘုရား။ ဟား .... ဟား ... သိပြီး။ ရှင်းမေ့ဘုရား။ ခဲတံနှင့် ခြစ်ပြတာ– ဒါဘဲနော် ....” ဟု လက်စုပ်လက်ဝါးတီး၍ ဦးသုစဇက အုံသြလေရာ။ ဦးစောတိကမှာကား တစစ်စစ် မျက်နှာနီရဲလာအောင် ရယ်လေ၏။

“ကိုယ်တော့ ဟာကလေးက တယ်ဥာဏ်သွားပါကလား။ ခြော် .... မိန်းမ မိန်းမ။ မိန်းမဥာဏ်နဲ့တယ် ဆိုတာဟာ အလကား စကားပေါ့”

“ကဲ .... မြန်မြန်လုပ်။ ကိုယ့်စာကိုဘတ်။ ပြီးရင် ချာချီလမ်း တတိုက် သွားထဲ့အုံးမယ်။ ပြီးတော့ ကုန်းတော်ပေါ် တက်ရမယ်”

“လဝါဆိုဆန်း၊ မြည့သာညိုလန်းပါလို့၊ ပန်းရွှေပုန်းညက်ပေါ်ခါကို၊ လသော်တာ တိမ်တိမ်ယှက်သည့်နယ်၊ ကြိမ်ကြိမ်ချက် သောတုလှတာမို့၊ စေတျမြကုံးတသွယ်လို၊ ဘန်းအလျှယ်ပြိုပြိုသိအောင်၊ စိစိလွန်းတခွေနှင့်၊ ခွန်သာရွှေသ လိုက်ပါတော့မယ်လို့၊ ရေးက ဆရာ ဆရာများ မှာတမ်း ရေးကြသလို ရေးပြီး ခေါ်နေမယ်ဆိုရင်၊ ခေတ်ကြီး ဖီလာဆန့်ကျင်ကြ လိမ့်မယ်လို့ မောင်မောင်ထင်မိတယ်၊ နောက်ကို ဘုန်းဘုန်းလို့ မခေါ်ပါနှင့်နော်၊ မောင်မောင်လို့ ထီးဆန်ဆန် နန်းဆန်ဆန် ခေါ်ပါ ဟုတ်လား။ ခေတ်ကြီး လေယာဉ်ပျံခေတ်၊ မော်တော်ကားခေတ်၊ မြန်နိုင်သမျှ မြန်လို့၊ တိုတိုနှင့် လိုရင်းရောက်ရင် ပြီးတာပေါ့၊ ဒီတော့ ...

မြရေ .... သာ။ ချိုသာသာနှင့် လိုရာဓလေ့မယ်နော် .... ဒီလိုဓလေ့ လိုက်ရင်ဘဲ။ မမြတင်ဆိုတဲ့ မြရဲ့ နာမည်လဲ ပါရော။

"လမင်းထက် နှစ်လေးသာ ဓမြလိုက်တာ။ မြင်ရသူ ဖေသက်သာတယ်။ ရွှေမျက်နှာ ကြည်လွှန်းလို့လေး" ဆိုတာလို အို– အသင်စန္ဒာလမင်း။ ငါဟာဖြင့် ကမ္ဘာလောက တစ္ခွင်မှာ။ အဖေဆုံး အမြဲဆုံး အကြည်ဆုံးလို့ ကြွေးလိုက်ပါနှင့်။ အသင် စန္ဒာရောင်ဝန်း။ ဓမြလို့ ထွန်းသော်လဲ။ လှကွန်းယဉ်နုန်း။ ဓမောင့် ချစ်ပန်းကလေးများနှင့် ပြိုင်ကြရင် အသင်စန္ဒာ အနိုင်မရလို့။ လက်မှိုင်ချနေရမှာပေါ့လို့။ လမင်းကို တောင် အန္တုလို့ မာန်ခုနိုင်အောင် လေ့ဓ ကြည်လဲကြည် မြလဲမြတဲ့ မြပါဘဲလို့ ဆိုရာလဲ ရောက်ပါရော .... သောက်ကျိုးနည်းကိုယ်တော် ... တပည့်တော် ဒီစာကလေး ကူးတောင် ယူထားချင်တယ်။ စာရေးတဲ့လူကို တပည့်တော်တောင် ချစ်လာပြီ။

အို .... နောက်ထပ် ဆက်ဓမ်းပါအုံးဟု မိမိရေးပြီးစကာ သဓောကျ ရွှင်ပျသည်ထက်။ မိမိစာကို တဓယာက်က ဘတ်ပြ၍ နားထောင်ရမှု။ အလွန်အကြူး သဓဘောကျ ရွှင်ပျနေသော ဦးဓစာတိက မိန့်တော်မူလေ၏။

ဦးသုစ္စလည်း ကုတင်ခြင်ထောင်တိုင်ကိုမှီ၍ ဘတ်ပြန်၏။

"မောင်မောင်တို့ နေထိုင်ကြတဲ့ စမ္ပူဒီပါတောင်ကျွန်းကို မြရောင်ထွန်းတဲ့ကျွန်းလို့ ကျမ်းစကားရှိတယ်။ ဒီကျမ်းစကားတွေဟာ မှာတယ်လို့ထား၊ တဓဘာင်သက်သက် ရေးကထွက်တဲ့ စကားလို့ထားတော့ ဒီတဓဘာင်ဟာ ခုတော မှန်တော့မယ့် နိမိတ်ဘဲပေါ့။ ဘယ်လိုလဲဆိုတော့ မြရဲ့ လှတဲ့ ဂုဏ်ရောင် ချောတဲ့အရောင် ယဉ်တဲ့အရောင် လိမ္မာတဲ့ အရောင်တွေဟာ စမ္ပူဒီပါမှာ ထွန်းလို့နေတာမို့ မြရောင်ထွန်းတဲ့ ကျွန်းစမ္ပူဆိုတဲ့ စကားဟာဖြင့် မမှားပါဘူး ဆိုတာလဲပါရော (အောင်မယ်လေးဗျ) ကျမ်းတွေလဲ ပယ်တန်ပယ်ထင်ပါနော်။ တယ်လဲ– တယ်

လဲ လောကဘဲဟု ပြောရင်း ဆက်ဘတ်ပြန်လေ၏။ အတန်ကြာ ဘတ်မိလျှင်။

မောင်မောင်ကို ဓမ္မကထိကကြီးမို့၊ ပညာရှိ စာတတ်ကြီးမို့ မြကိုချစ်ပုံတွေ ကြိုက်ပုံတွေ ဗွဲ.ဗွဲ.နွဲ.နွဲ. ရေးနိုင်လိမ့်မယ် မထင်လိုက်ပါနှင့် မြရယ်။ နတ်ရှင်နောင်၊ ရှင်သံခို၊ ဓေယျရန္တမိတ်၊ မြဝတီဝန် ဦးစ၊ ဦးပုည၊ အချုပ်တန်းဆရာဘော၊ ဘိုးဝစီရ၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ ဓမ္မတာ မောင်မှိုင်းတို့ ဉာဏ်ပညာမျိုးကို အားလုံး ခြုံ၍ရသော်လဲ၊ မြကိုချစ်ရပုံတွေ ကြိုက်ရပုံတွေ မြတ်နိုးရပုံတွေ၊ မြရေ ... မောင်တို့မြင့် ဘယ်လို ချစ်ပါတယ်။ မြရေ မောင်မြင့် ဘယ်လောက်ဘဲ ကြိုက်ပါတယ်။ မြရေ ဘယ်၍ဘဲ မြတ်နိုးပါတယ်လို့ ကုန်အောင် လုံးစီ ပတ်စီ ရေးနိုင်ဘယ် မမြင်တော့ပါဘူး မြရဲ့။ ဟား .... ဟား ... ဟား ... မဖြစ်နိုင်တာတော့ အတော်ပြောတဲ့ ကိုယ်တော်ဘဲနော်" ဟု ပြောကာ လက်ညှိုးကလေးကို ပုတ်သင်ညို ခေါင်းဆတ်သလို လှုပ်၍ ဦးဇောတိကကို ထိုး၍ ပြလေ၏။

နောက်စာထဲတွင် ကူးရေးထားသော "ကာဠုဒါယီထေရ်" အစချီ၍ "ကူးလှယ် မေတ္တာ၊ ဆက်စိမ့်ငှါသည်။ စိန္တာညီသက်၊ ဣန္ဒရက်" အဆုံးသတ်သော ရတု၊ ဘိုးဝစီရ၏ "ရွှေကျိုးမြင့် ဘုရားတိုင်ရတု" များကို ဘတ်ပြီးသည်၏ အဆုံး၌ နိဂုံးကမ္ပတ် အဆုံးသတ်လိုက်လေ၏။

ဦးသုစသည် လက်နှစ်ဘက်ကို မြှောက်၍ ကျောကော့ပြီး အပျင်းတွေ အကုန်ထုတ်၍ "ကဲ .... သွားကြစို့ ကိုယ်တော်" ဟု တောင်းပန်လေ၏။ "လုပ် .... သက်နှံလေး ဘာလေးများ သွားလဲအုံးလေ။ ကုန်းတော်ပေါ်တက်တာ ဘာထင်နေလို့လဲ" ဟု ပြောမှ သတိရကာ၊ အခန်းထဲသို့ ပြန်ဝင်သွားလေ၏။ အတန်ကြာသော် နှစ်ပါးစလုံး ကျောင်းပေါ်မှ ဆင်းကြပြီးလျှင် ကျောင်းဝင်းတွင်း၌ ပန်းစုံးနေကြသော သီလရှင်များကို တွေ့မြင်ရလေ၏။ သီလရှင်များထံသို့သွား၍ အရောဝင်ကာ စကားနှင့် ကလက်ကြမည် ကြံမိသော်လည်း "ဟဲ့ .... မယ်စန္ဒာ ဘုရားတင်ဘို့

ပန်းတစည်း ကောက်ခဲ့ပေါ့မယ် ပေါ့ခဲ့ပါစမ်း” ဟုသော အမိန့်သံကို ကြားရ၍ ဆင်ဝင် ပြတင်းပေါက်၌ ကြည့်နေသော ဆရာတော်ကို တွေ့ကြရသော ကြောင့် ဖြစ်ပေါ်လာသော အကြံနှင့် ဆန္ဒကို နှလုံးအိမ်တွင်းမှာပင် သောခတ်၍ ရှုပ်သိမ်းထားရလေ၏။

“နေစမ်းပါအုံး ကိုယ်တော် .... အရှင်ဘုရားမှာတော့ ... သည့်ပြင် ဘုန်းကြီးတွေထက် ထူးကဲပြီး မိန်းမတွေရဲ့ အကြည်ညိုခံရတာ၊ ကြိုက်မဲ့ မိန်းမပေါတာ .... ဘာ့ကြောင့်လဲ ဘုရား။ ပီယဆေးကောင်းများ ရှိရော လား” ဟု ဦးသုစိတသည် လမ်းဘေးရှိ ထိကရုံးပင်ကလေးများကို ခြေနှင့်ရမ်းကန်သွားရင်း မေးလေရာ။

“အို .... ဘာပီယဆေးလဲ ကိုယ့်လူရ။ ပီယဆေးဆိုတာ လူအ လူနှ ဆောင်တာ၊ ပီယဆေးဆောင်မဲ့ ရုပ်လား။ ကြည့်စမ်းပါအုံး” ဟု ပေါက်ဆတ်ဆတ် ပြန်ပြောလေ၏။

“နို့မဟုတ်ရင်လဲ တပည့်တော်တို့ သိပါရစေဘုရား .... ”

“ဒီလိုကွ။ ဘုန်းကြီးနှင့်လူ မိန်းမပိုးတို့ ဘယ်သူက ပိုပြီး လွယ် မယ်ထင်သလဲ .... ”

ဦးသုစိတသည် ထိုမေးခွန်းအဖြေအတွက် အတော်စဉ်းစားရလေ၏။ အဖြေရှာရင်း ရွှေတိဂုံ စေတီတော်ကြီး ကြည့်လိုက်လေ၏။ ညနေစောင်း နေရောင်သည် ဘုရားကြီး၏ ကြာမှောက် ကြာလန်မှ အထက်ကို ရွှပ်လျှက် ရှိသဖြင့်၊ ထိုအပိုင်းကား၊ တိမ်နီတောက်သကဲ့သို့ တောက်ပ နေလေ၏။ အောက်ပိုင်းကား ဓာတ်ပါသွေးထွက်နေ၏။ ဘေးပတ်လည် သစ်ပင်များကား စိမ်းညို့ညို့ ဆေးရောင်ဖြင့် နောက်ခံ ပြာလဲ့လဲ့ ကောင်းကင်ပြင်ကြီးကို ချယ်လှယ်ထားလေ၏။ ထိုအချိန်ကား ရွှေတိဂုံ စေတီတော်ကြီး၏ ကြက်သရေအရှိဆုံး အသပ္ပါယ်ဆုံးသော အချိန် တချိန် ဖြစ်လေ၏။ ဦးဓောတိက အမေးကား အရေးကြီး၏၊ ခက်ခဲ၏၊ သို့သော် ထိုအမေး၏ အရေးကြီးမှု ခက်ခဲမှုသည် ဘုရားကြီးကို မြော်ကြည့်နေခိုက်၊ တန်ဘိုးရှော့သွားလေ၏။ ဦးသုစိတသည် အဖြေကို

မရှာဘဲ အတန်ကြာ ဘုရားကြီးကိုသာ ငေးစိုက်ကြည့်ရင်း လျှောက်လာလေ၏။ ဦးဓောတိကက–

“ဘယ့်နှယ်ဆရာကြီး၊ မပြောနိုင်ဘူးလား” ဟု ထပ်မံကြော့မြန်မှ၊ ရုတ်တရက် အဖြေရှာလေ၏။

“ဟာ .... ကိုယ်တော့်နှယ် လူတွေက လွယ်တာပေါ့၊ အခါအခွင့်ပိုတာပေါ့၊ လူ– လူချင်းကဘဲ ....”

“ဟား .... ဟား ... ဒီလိုပြောမယ်လို့ ထင်သား၊ ဆရာတော်ကြီးထင်သလို မဟုတ်ဘူးဗျို့ မှတ်ထား၊ ဘုန်းကြီးက သာလွယ်တယ်၊ ဘာကြောင့်လဲတဲ့၊ မိန်းကလေးတွေရဲ့ မိဘတွေ အကိုတွေ စောင်ရှောက်တဲ့လူတွေက၊ ဘုန်းကြီးဘဲ ဘာမှ လူအလုပ်တွေ လုပ်မှာမဟုတ်ပါဘူးလို့ ထင်ပြီး၊ သူတို့သမီးတို့၊ နှမတို့နှင့် နီးနီးကပ်ကပ်နေတာကို သေကာမရှိကြဘူး၊ နှစ်ယောက်ထဲ နေရစ်ခဲ့လဲ ဘာမှဖြစ်မှာ မဟုတ်ဘူးလို့ စိတ်ချကြတယ်၊ လူ လူချင်းဆိုတော့ ဘာဖြစ်မလဲ၊ စောင့်ကြပ်တဲ့လူတွေကခွန်ဝဲရင် ကြက်မကြီးက ကြက်ကလေးတွေကြည့်တာလို ဗျက်ခြေမပြတ်ကြည့်နေကြတာကလား။ ဦးပဉ္ဇင်းတို့ ဘုန်းကြီးတို့နှင့်ဆိုတော့၊ အမျှင်းဆုံး ခဏတဖြုတ် မြင့်တော့ စိတ်ချကြတာဘဲ၊ ဒီတော့ တပေးချင်တော့ စကားကလေး နဲ့နဲ့ပြောချင်တော့ လွယ်တာပေါ့၊ ပြီးတော့ ဘုန်းကြီးမှာ တော့ ရမယ်အမျိုးမျိုးရှာပြီး၊ အပျိုမြင်တဲ့ တကာ– တကာမအိမ်ကို ဝင်နိုင် ထွက်နိုင်တာကိုး သုစရဲ့၊ တခါတလေများ၊ လူကြီးမိဘတွေက သမီးတွေကို သင်္ကြိုလ်သင်ပေးပါဘုရား၊ လောကနီတိ တက်ပေးပါဘုရား၊ သတိပဋ္ဌာန် ချပေးပါဘုရားနဲ့ အပ်ကြသေးသဗျား။ ဒါဟာ ပထမအချက်ပေါ့၊ နောက်– ဒုတိယကတော့ .... ဟု တရားဆက်တော်မူစဉ်၊ ဦးသုစေက ဘိနပ်ချွတ်အုံး ကိုယ်တော်၊ စေတီးတန်းအတက် ရောက်လာပြီဟု သတိပေးလိုက်မှ စကားရပ်သွားလေ၏။

“ဒီပြင် အလွှန့်အလွှန် သိပ်လွန်အောင် ကောင်းတာက၊ တကာ တယောက်က၊ တကာမလေး တယောက်ကို တပေးတယ်ဆိုပါတော့၊

ကြိုက်တာနှင့် တွေ့မှမြင့်၊ အဖေအဖေ တိုင်တာနှင့်၊ သူတို့ကဘဲ ဟားတိုက်လွှတ်တာနှင့်၊ တခါတရံ ဆဲလွှတ်တာနှင့်၊ တကာ ငတိလေး တွေမှာ၊ အသာကြည့်ပြီး ငိုင်နေကြတုန်း ဆရာတော်တို့ကတော့ ဖိုးကနဲ စပ်ကနဲ တပေးလိုက်တာဘဲ ကြိုက်လဲ အသာငြိမ်နေတာဘဲ၊ ဆဲခြင်း ဘာခြင်း ဘယ်တော့မှ မရှိဘူး၊ အဖေ အဖေလဲ မတိုင်ဘူး၊ သူတို့ ကြိုက်ရင် ဆွမ်းမလောင်းရုံ ကျောင်းကို မလာရုံဘဲရှိတယ်၊ ဆွမ်း မလောင်းဘူး ဆိုတာကလဲ ကိုယ်တိုင်သာ ထွက်မလောင်းတာ ဝမ်းထဲ က "တကျော့ရှူး လှူဝါးတော့ ဘုန်းကြီး၊ ငရဲအိုးမျိုးကို သွားလောင်းစမ်း" ဆိုတဲ့ စူယှလှသော စေတနာနှင့် တခြားလူကိုတော့ အလောင်းခိုင်းရ သေးတာဘဲ။ (ဟား .... ဟား ... ဟား ... သံပြိုင်ရယ်ကြ၏။) သူငယ် ချင်းချင်းလဲ ပြောပြခဲ့သား၊ ဘာပြုလို့လဲဆိုတော့၊ သူငယ်ချင်းတွေက "ဟော့ – ဘုန်းကြီးကတောင် အကြိုက်ခံရတဲ့ လူကွ၊ ဟော့ သူလင်က ဘုရားထူးခံကွဲ့၊ (ဟား .... ဟား ... ဟား ... သံပြိုင်) နဲ့ ကြော လှောင်ကြမှာ မခံချင်တာနဲ့ ငြိမ်နေတာဘဲ"

"တိုးတိုးကိုယ်တော် .... ဟိုက အညာသား ဆီသယ်တွေ ကြားကုန် မှမြင့် အာကျယ်ကြီးနဲ့ ပြောနေကြအုံးမယ်။"

"အညာသားကို နိမ့်နိမ့်ချချ မပြောနှင့်ကိုယ်တော်၊ ကျုပ်က အညာ သား၊ ဒီလိုဆိုရင် ဟောနေရင်း တရားကို နိဋ္ဌိတံလိုက်မယ် သိလား"

"ရှိကြီးကြီးခိုးပါရဲ့ ကိုယ်တော်၊ ဝစီကံ ထွက်သော်လဲ မနောကံ မပါပါဘူး၊ အညာသား မကောင်းကြောင်း နောက်ဘယ်တော့မှ မပြော ပါဘူး၊ တိုးတိုးသာ ဆက်တော်မူပါ" ဟု ဦးသုစေက ညောင်နာနာနှင့်၊ မရှောင်သာအောင် တောင်းပန်ပြန်သောကြောင့် ...."

"ပြီးတော့ တကာရေးတော့ တယ်ကျွတ်တာကိုး၊ မိန်းမတွေကျအောင် ရေးနိုင်တာက၊ ဤကိုယ်တို့လက်မျိုး၊ ဆရာတော်တွေလက်ဘဲ၊ အင်္ဂလိပ် ကျောင်းသားကလေးတွေ၊ ကာလိပ်ကျောင်းသား တွေကတော့၊ ခိုင်ဒါ လင်တွေ အိုဂေါ်တွေနှင့် ကပြားစမာတာတွေနှင့် ရိုးစားဆီ ရေးကြတယ်။

ဗမာစာမှ နုံးနုံးညံ့ညံ့ မရေးတတ်ဘဲကလား၊ အတိုကလဲ ကြိုက်ပါဘိသနဲ့၊ ခင့်ထံစာရေးလိုက်ပါသည်။ ခင့်ကိုကြိုက်နေသည်မှာ ကြာပြီ၊ ယခုတော့ မအောင့်နိုင်လို့ ဖွင့်ပြီး ပြောလိုက်ပါသည်၊ (လက်ဝါးတဘက်ကို စာရေးစက္ကူ ကပ်ထားသလိုထား၍ ညာဘက်လက်ဖြင့် ခြစ်ပြပြီးနောက်၊ လက်ကို အထက်သို့ ဆွဲလိုက်၏။) ဘာညာနှင့် တိုတိုရေးကြတာကိုး၊ ကောလိပ်မှာ ဗမာစာဂုဏ်ထူးဆိုလား .... အဲဒီအတန်းမှာသင်တဲ့ လူတွေကတော့ ရေးကြပါရဲ့ ဖွဲ့ဖွဲ့နွဲ့နွဲ့၊ မင်းသုဝဏ်တို့၊ ဇော်ဂျီတို့ ဆိုတာတွေ ဟာမျိုးပေါ့၊ အေး– ရှိသေး၊ မောင်သန့်စင်တို့ပေါ့၊ ရေးကြပါရဲ့ ရိုးစားစာတွေ၊ ကဗျာတွေ၊ တွေ့ရပ့်ဗျာ၊ ဂဇင်းတွေထဲမှာ၊ ခက်တာက အပေးခံရတဲ့ ကောင်မတွေက ဒီကဗျာတွေမှ နားမလည်တော့ ကျွဲပါးစောင်းတီးကျနေတာပေါ့၊ အဲဒီတော့ သူတို့မှာလဲ ရေးရတာမောလို့၊ ဘတ်ရတဲ့လူမလဲပျင်းလို့၊ ဒီပြင် လောကဓာတ်ကျောင်းမှာ သင်နေတဲ့ ဟာကလေးတွေကတော့ မြမျိုးလွှင်တို့ ပိမိုးနင်းတို့ ပြောတာ ရေးတာ အတုခိုးပြီး၊ လေယာဉ်ပျံစောင်မိုလေး၊ မော်တော်ကားစောင်မိုလေး၊ စာလဲ တိုတိုဘဲရေးမယ်လို့ အသိဥာဏ် ပေါက်နေကြတော့ ကမ္ဘာနိယာမနှင့် ဆန့်ကျင်နေတာပေါ့၊ တချို့လဲ အတီး အတနှင့် ကိုယ်တိုင် မရေးတတ်လို့ ဘုန်းကြီးတွေဆီလာပြီး ရိုးစားစာ အရေးခိုင်းကြရာ၊ ဘုန်းကြီးတွေက ကိုယ်ရေးမှမဟုတ်ဘဲ တော်အောင် ရော်အောင် ရေးလိုက်ကြတာပေါ့၊ စိတ်မပါဘဲ ရေးရတော့လဲ ဘယ်နည်းနှင့် ကောင်းအုံးမှာလဲ၊ ဟုတ်စ (မှန်ပါ့ဘုရား။) နမောတဿက ရိုးစားစာပြီး ပြောင်း နမောဗုဒ္ဓ ဦး .... ဒူရေ ... ဒူရေလို့ မဆုံးရင် ကံကောင်း မှတ်ပေတော့။"

"အရှင်ဘုရားတို့ ပန်းများ ယူသွားကြပါအုံး ဘုရား" ဟူသော ဆံထောက်ကလေး စောင့်နေအောင် ဖိး၍ မျက်နှာကို သနပ်ခါးပတ်ကြား မိုက်ထားသော ယုဝတီမကလေး၏ သာယာသော အသံသည်၊ အလွန်တရာ စိတ်ဝင်စားဖွယ်ကောင်းသော ဓမ္မကထိကလောင်း၏ ဆုံးမစကားကို ရပ်လိုက်လေသတည်း။ မိုးရောင်လာရာသို့ ပြုံးကြည့်နေကြသော

ပိုဖလံကလေးများ၏ ဖျက်ဖိများလို့ အသံလာရာ (ဝါ) အသံဖြစ်ပေါ်ရာ အရပ်ဒြပ်ဆီသို့ ဦးပဋ္ဌင်းနှစ်ပါး ဖျက်ဖိများသည် ပြူးကြည့်နေကြလေ၏။

ညောင်ဝတီက ပြုံးတဲ့ပြီး၊ မွေကာထိက အသံချွဲကလေးဖြင့် "သာဓုပါ တကာမလေးရဲ့။ တော်ပါသေးပြီ" ဟု ပြန်ကြားပြီးသကာလ မဒ္ဒရသ၊ မျှားမျှချိုမြိန်၊ သုခမိန်ဩဇဝါဒကို တလောတခါထ၍ ပေါ်ပေါ်ပြန်သည် ကား .....

"ဤကိုယ်တို့ ဘုန်းကြီးများချွဲပုံတော့ သိပြီးဘဲ။ နောက်လဲသိလတ့ံဘဲ။ တပည့်တော်မိတ်ဆွေတွေ ရေးကြတဲ့ စာတွေလဲ ပြသေးတာပ။ စာကလဲ တပန်းသာတယ် ကိုယ်တော့။ တရားသံပေသံ ကျမ်းစကားတွေလဲ ကြားညှပ်ထည့်ကြတော့ မိန်းမဆိုတာက သိပ်မခြဉ်းစားဘူး။ ကျမ်းဂန်က ဒီလိုဆိုပါကလား ဆိုရင်၊ ဘုရားစကားမှတ်ပြီး အသေအလဲ ယုံတော့တာဘဲ။ ပြီးတော့ တရားနှင့်ပေါ်ပြောရင် ပိုလွယ်တာဘဲ။ ပထမဆုံး ကိုယ့်ကိုယ်ကို စေတနာရှိလာအောင် ကုသိုလ်၊ ဒါန၊ သီလ ရေးက ခွေယ်။ စေတနာရှိလာတော့ သဒ္ဓါပေါက်အောင်ဆက်။ သဒ္ဓါ လွန်တော့ ဘာဖြစ်သတဲ့လဲ ကိုယ်တော်။

ခိ .... ခိ .... ခိ .... ဟု ရယ်နေဆဲပင်။

"ကဲ .... ဘုရား။ ဖယောင်းတိုင်ကလေးများ ယူသွားကြပါဘုရား" ဟု အုပ်လုံးသိမ်းခါစ လုလုအပျိုကလေးက ခေါ်လေလျှင် ဦးသုစကော ..

"တော်ပါသေးပြီ– တကာမလေးရဲ့။ နောက်များမှ" ဟု ပြုံးစနဲ့နဲ့နှင့် စကားလုံး နဲ့နဲ့ကို သုံးလေသတည်း။

"အောရိုက်" .... အဲဒီတော့ အဘက်ဘက်ကကြည့်၊ ဘုန်းကြီးတွေ တပန်းသာနေတယ် မဟုတ်လား။ ကဲ– ရှိသေး၊ မွေကာထိကနဲ့ ရိုးရိုး ကိုယ်တော် .... ဘယ်သူ့ကိုပိုပြီး ...."

"အရှင်ဘုရားတို့ ကွမ်းဘုန်းပေးသွားကြပါအုံး ဘုရား" ဟုသော တစုလပ် ဆံထုံးကြီးကြီးထုံး၍ ခင်မကြီးလို ဆံရင်ချလေ့ရှိသော ပန်း

သည်က စပ်ရဲရဲခေါ်လိုက်လျှင် ဦးပဉ္ဇင်းတို့မှာ ယခင်က ရဲ့ရဲ့ သတ္တိကောင်းခဲ့မိသလောက်၊ ရှက်သလိုလို ကြောက်သလိုလို ဖြစ်လာကြလေ၏။ ရှေ့တာဆင့်ကိုပင် လှမ်းတက်ရန် ခြေများက တွေဝေနေကြလေ၏။

"ကြွပါဘုရား ..... ကွမ်းသုံးဆောင်တော်မူကြပါ။ အရှင်ဘုရားတို့ ဒီတစ်ခေါက် ရန်ကုန်ကြွလာတာ ဘယ်လောက်ကြာပါပြီလဲဘုရား" ဟု ပြောရင်း ရေသနုလျှောင်းပေါ်တွင် ခင်းထားသော သင်ဖြူးကို မှဆိုးစုတ်ဖြင့် ပုံမှတ်ရင်း ပန်းသည်က ခေါ်ပြန်လေ၏။

"တကာမလေး လူလွဲနေပါလိမ့်မယ်။ ဦးပဉ္ဇင်းတို့က ရန်ကုန်ကို ဒီတစ်ခေါက်ဘဲ ရောက်ဘူးတာပါ" ဟု ဦးစောတိက ပြန်ကြားလေလျှင် ..

"သို့ပေမယ့် တပည့်တော်မ အရှင်ဘုရားတော့ မြင်ဘူးပါတယ်ဘုရား။ ဘယ်မှာလဲသာ မမှတ်မိတယ်။ ကဲ- ဘုရား .... ထိုင်ကြပါဘုရား။ ကွမ်းများ ဘုန်းပေးတော်မူကြပါအုံး" ဟု ပြောပြောဆိုဆို ကွမ်းအစ်ကို ချပြန်လေ၏။

ဦးပဉ္ဇင်းများမှာ မထိုင်ချင် မနေရတော့ဘဲ ထိုင်နေကြရလေ၏။ ဦးစောတိကကား၊ သူ့ကို သူမှန်းမသိသည့်အတွက် (ဝါ) သူ့ကို စမ္ပကထိကအကျော် ဥဒေဝတီ ဦးစောတိကမှန်း မသိသည့်အတွက် "ငါ ကုန်းတော်ပေါ်မှာ တရား ဟောဟောယောတာကို သင်းမတွေ့ရော့သလား" ဟု ဒေါသပွားမိသည့်အပြင်၊ ငါ့လောက် ကျော်ကြားတောင်မှ လူသိပ်မသိ သေးလေခြင်းဟု ဝမ်းနည်းမိလေတော့၏။ ထိုင်မှုပန်းများ၊ ဖယောင်းတိုင်များ ဝယ်ခဲ့ကြပြီးနောက် မြန်မြန်ပင်ထွက်ခဲ့၍ ကုန်းတော်ကို ပတ်ကြလေ၏။

"စမ္ပကထိက အခွင့်သာမှာပေါ့ ကိုယ်တော်။ ပြိုင်ဖိုးလဲ ပိုခွမ်းမှာပေါ့" ဟု ဦးသုစေက ခလိုက်လေ၏။

"ဒါပေါ့၊ စမ္ပကထိကဆိုတာ တအမျိုးမျိုး၊ ယိုသဲ့သဲ့နှင့် ငြိမ့်စာကလေးတွေလဲ ရ ရတယ်။ အပြောကဆိုတော့ ဖနေ့ခဲ့ ကျင့်ကြရတာကလား။ အပြောကောင်းရတယ်။ အပြောအဆိုရိုကြတယ် လူအမျိုးမျိုး

စိတ်၊ ကောင်မတွေစိတ်ကို သိကြတယ်။ တရားဟောရင်း ဟောရင်းက ညလုံးတွေ၊ ဈေးလုံးတွေ ထည့်ဟောရင်လဲ ဟောနိုင်တယ်။ သူတို့စိတ်ထဲမှာ ချစ်စိတ် ကြိုက်စိတ်တွေ ပေါ်နေအောင်လဲ ဟောပေးရမယ်။ ကိန္နရီမောင်နှံဇာတ်တို့၊ ကုသဇာတ်တို့၊ စန္ဒကုမ္မာရီဇာတ်တို့လို ဟာမျိုးကို ဟောလိုက်တယ်ဆိုရင် မိန်းမတွေဟာ ဘယ်လူကြိုက်ချင်သလိုလို၊ ဘယ်သူ့ ချစ်ချင်သလိုလို ဖြစ်နေတာပေါ့၊ ဒီတော့ အငိုက်ဖမ်းရုံဘဲ။ နားလည်လား။ (မှန်လှပါ၊ ဟောသမျှ တရားအစစ်ကို သေသေတနားမှာ ဆင်ကြောင်းပါ ဘုရား) ကောင်းလှပြီ။ ပြီးတော့ မိန်းမဆိုတာ ဂုဏ်သိရ် လိုချင်တယ်။ နာမယ်ကြီးတဲ့လူ၊ ဂုဏ်ရှိတဲ့လူကို သိပ်မက်တယ်။ မြတ်နိုးတယ် ..... ။ ဓမ္မကထိက နာမည်ကျော်လို့ ဂုဏ်ထင်ပေါ်ရင် သိပ် အသိလုပ်ချင် သိပ်အကျွမ်းဝင်ချင်လာတာ။ ကိုယ်တော် အရော မဝင်ချင်ဘူး ဆိုတောင် မရဘူး။ သူတို့က အရောဝင် အကျွမ်းဝင်ချင်ကြတာဘဲ။ ဒီတော့ အနားမှတ်သီးမှတ်သပ် လုပ်ကြတာဘဲ။ စကားအတူတူ ပြောရတာ နာမယ်ကျော်တဲ့လူက အရေးယူတာ ခံရတာကို အသားယူချင်ကြတာဘဲ။ ဒါကြောင့် တဲ့၊ သုစနဆိုတဲ့ ဘသူ့ကမှ မစွန်သေးတဲ့၊ တွံကလေးသည် ဓမ္မကထိကော၊ အလှတပည့်ချောတို့ကို အရအမိစောကြတဲ့ တရားဟောပုဂ္ဂိုလ်တို့သည် အကာလိကော၊ နေ့မှာလဲမရှောင်၊ ညမှာလဲ မရှောင်၊ မှောင်တယ်လို့လဲမရှိ၊ လင်းတယ်လို့လဲ မရှိ၊ မည်သည့်အချိန်မှာမဆို ဒိဋ္ဌဓတိဒိဋ္ဌော၊ သက်သမှောင်ကင်း မှန်ရောင်လင်း၍ ဘွင်းဘွင်းကြီး သေချာစွာ၊ ရွှန်မယ်တီတီ၊ သူ့မစောရှိ၊ ကိုယ့်မစောရှိ၊ ဆိုဘိစကား၊ ထင်ရှားပမာ၊ မောင့်မေတ္တာကို၊ မယ်မှာပွါးတိုး၊ ဆတပိုးဖြင့်၊ အမျိုးမျိုး အချစ်ပြန်မည်ကို၊ ဂဏှာပဟိ၊ လုထွက်၍ သွားရသည့် တိုင်အောင်၊ နားဝမှာ မလွတ်မပျောက်ဘဲ ဟူ၍ အလွတ်တောက်လျှောက် မှတ်မိနေသတည်း။

"ဟီး .... ဟီး ... သာဓု–ကဲ– ဘုရားရှိခိုးကြခန်းစို့ရဲ့ ကိုယ်တော် .."

"ဩကာသ– ဩကာသ– အစိန္တေယျ .... အတုလ–" ဟသည်ဖြင့် ဦးဇောတိကမှာ ပန်းစည်းကလေးကို ကိုင်ကာ ဘုရားရှိခိုး ရွတ်ဆိုနေသော်လည်း ဦးသုစကား မျက်စိစုံမှိတ်၍ ငြိမ်နေလေ၏။ ဘုရားရှိခိုး ရွတ်စည်ကြ၏။ ဘုရားရှိခိုးတွေကား မပေါ်လာ။ မိမိရင်ခွင်၌ ခေါင်းကလေးနှင့် ခွေ့ကာနေသော စနီးပျိုကလေးကို ကြည့်ရစဉ် မိခင်ဘခင်တို့အား အမှတ်ရနိုင်သကဲ့သို့ ဇေတာ်တဆ မိဘများအကြောင်းကလေးစိတ်ထဲ၌ ပေါ်လာရျောကလည်း တစက္ကန့်အတွင်းတွင် ပျောက်ရတီသကဲ့သို့ ဦးသုစရင်ထဲ၌ မိမိဘုန်းကြီးဖြစ်ခဲ့ရသဖြင့် မိန်းမပိုးရာ၌ လှုထက်များစွာ တပန်းသာနေ၍ ကြေနပ်ခြင်း၊ ရှေ့ခမ္မကထိကဖြစ်က ဝင်လာသည့် လာဘ်တွေ အတွက် အုမြူး ရွှင်ပျော်ခြင်းတို့သည် ပြည့်နေသောကြောင့် ဘုရားရှိခိုးကလေးများမှာ တလုံးစ နှစ်လုံးစ ကံကောင်း၍ ပေါ်လာသော်လည်း ရုပ်ခနဲ ပြုပ်သွားကြလေ၏။ ဦးသုစသည် မိမိရှေ့၌ တရားပလ္လင်၊ ခေါင်းတောင်ယပ်၊ တရားနာခံလူ ယောက်ျားဆဲ့လေးငါးယောက် သာဓု .... သာဓု ... ဟု သာယာစွာ သီဆိုကြသော တရားနာ အမျိုးသမီး သုံးလေးရာ၊ မိမိနှင့် စကားပြောခွင့်ရရန် အကြိတ်အနယ် ကြိုးစားနေကြသော ယုဝတီချော တရာ။ သင်္ကြုံပြာသာဒ်ဂေါင်း၊ မိမိရှေ့မှောက် ဘတ်နေသော အပျိုတယောက် ရှိးစားစာ၊ ပန်းထိုး လက်ကိုင်ပုဝါ၊ စာခြင်တောင်၊ တိုက်ကျောင်း၊ စသည်များကို မြင်နေရလေ၏။ မျက်စိကို နာနာမှိတ်လေ– ပို၍မြင်လေ ဖြစ်လေရာ ... ခြောဲ "ဓမ္မကထိက" ဟူသော စကားတလုံးသာ ထွက်နိုင်လေသတည်း။

## အခန်း ။ ၄ ။

## လင်ဆို၍ တခါဘူးမှ မတခါဘူးသော အပျိုကြီး မစောညွန့်

မစောညွန့်ကား ပစ္စည်း လွန်စွာ ချမ်းသာသသည်။ သူ၏ဘခင်မှာ ရှေးမြန်မာမင်းများ လက်ထက်တော်က မြို့သူကြီးဖြစ်၍ ကွယ်လွန်သော အခါ တဦးတည်းသော သမီး မစောညွန့်အတွက် ရွှေ့ပြောင်းရသော ပစ္စည်း လေးသိန်း တန်ဘိုးမျှနှင့် လယ်ဧက တထောင်ကျော်မျှ အမွေ ပေးခဲ့လေသည်။ မစောညွန့်မိခင်မှာ မစောညွန့် ငယ်ငယ်ကပင် ကွယ်လွန်သော်လည်း မြို့သူကြီးမင်း ဦးဘိုးလှုသည် နောက်ထပ် အိမ်ထောင် မပြုဘဲ လက်ရှိအလုပ်ဖြစ်သည့် ချိတ်ကုန်တိုက် ကုန်ကူးခြင်း၊ ငါးပိလှောင်ခြင်း၊ ငွေတိုးပေးခြင်း၊ မြေမှန်းငွေတိုးပေးခြင်း၊ မြေပေါင် အိမ်ပေါင်ခံခြင်း တို့ကိုသာ ဆက်လက် လုပ်ကိုင်နေလေ၏။ ချိတ်ကုန်တိုက် ကုန်ကူးခြင်းနှင့် ငါးပိလှောင်ခြင်း အလုပ်ကိုမူ မစောညွန့်ကို လုံးဝလွှဲထားခဲ့ရာ သမီးဖြစ်သူမှာ ဘခင်က ငွေရအောင် ရှာတတ်သော အစွမ်းနှင့် မိခင်ထံမှ စေးနဲစစ်စီသော အလေ့ကို အမွေခံယူပြီးဖြစ်သဖြင့် အလုပ်များမှာ ဆထက်တပိုး တိုး၍သာ လာလေ၏။ ဦးဘိုးလှု လူ့ပြေ မနေ စုတေ၍သွားသည့် နောက်မှာလည်း ဤတာဝန် အလုပ်များကို

ကျော့မြန်စွာ ဆောင်ရွက်လာသည်မှာ ကြာမြင့်လေပြီဖြစ်ရကား ခုနေ အခါ မစောညွန့်သည် သိန်းပေါင်းများစွာ ပိုင်ဆိုင်ထိုက်ပြီဟု အများက ယူဆကြလေ၏။

မြို့သူကြီး ဦးဘိုးလှုမှာ စစ်ကိုင်းမြို့တွင် သွား၍ ရွှေလေးမြို့တော်တွင် လူလားမြောက် ပညာတတ်သူ ဖြစ်ရကား ဘာသာတရားကို ကိုင်းရှိုင်းသည့်ပြင် ဘုရားစာ တရားစာများကို အမြဲ လေ့လာသူတဦး ဖြစ်လေသည်။ ၎င်း၏သမီးကိုလည်း သီလရှင် ဒေါ်မစောထံတွင် စာသင်စေပြီးနောက် ၎င်းကိုယ်တိုင် လောကနီတိ၊ သင်္ဂြိုဟ်ကိုးပိုင်း၊ စာတ်ကြီးဆယ်ဘွဲ့၊ ကိုးကြောင်း ဂဏန်းတွက်နည်းများကို ရှေးရှေးက ထုံးစံအတိုင်း သင်ပေးလေ၏။ မစောညွန့်မှာ စာတတ်တယောက် ဖြစ်သည့်ပြင်၊ အကျင့်တရိတ္တာကောင်းသူ မိန်းမလိမ္မာတဦး ဖြစ်လေသည်။ မစောညွန့် ဘခင် ကွယ်လွန်သော်လည်း သီလရှင်များကို အိမ်ပင့်၍ စာတက်လေ့ရှိ၏။ ညညတွင်၎င်း၊ မနက် ဆိုင်မဖွင့်မီတွင်၎င်း၊ ဆိုင်ဈေးဝယ်ပါးခိုက်တွင်၎င်း၊ ဥပုသ်နေ့များတွင်၎င်း စာအမျိုးမျိုး ဘတ်လေ့ရှိ၏။ ပုဓ္ဓောဝါဒ၊ လောကသာရ စသော ဆုံးမစာများလည်း ပါ၏။ သင်္ဂြိုဟ်သံခိပ်၊ စမ္မစကြာ အမေးအဖြေ၊ ကျောင်းသုံး မြန်မာသဒ္ဒါ၊ ကိုးခန်းပျို့၊ ဒေသနာ ဓမ္မရိုယ်လုံ၊ သာစုဒသုမ္မြီယပ်လုံ၊ ပဋ္ဌာနီစယပ်လုံ၊ အနုဂ္ဂသာရဓမ္မရိ ယပ်လုံ၊ ဆေးရိဘာသာပြန်၊ စမ္မပဒ စသော တာအုပ်ကြီး တာအုပ်ငယ်တွေကို တွေ့တိုင်း အားတိုင်း ဘတ်လေ့ရှိ၏။ ဒေသနာဓမ္မရိ ယပ်လုံနှင့် သာယာဝတီ ဦးဧညယျ၏ ယပ်လုံ တရားများကို အကြိုက်ဆုံး သဘောအကျဆုံး ဖြစ်သဖြင့် အကြိမ်ကြိမ် အဖန်ဖန် ဘတ်လေ၏။

ဥပုသ်နေ့တိုင်းလည်း အိမ်မှာဖြစ်စေ၊ ဖိုးဦးတောင်သွား၍ဖြစ်စေ၊ နိဗ္ဗိန္ဒချောင်ကိုသွား၍ဖြစ်စေ သီတင်းသီလ စောင့်၏။ အလှူအတန်းကိုကား အကြီးအကျယ်မပေး။ အဖိတ်နေ့များတွင် သီလရှင်များကို ကြေးစွန်းကြီးနှင့် ဆန်တစွန်းစီ လောင်း၏။ နှစ်စဉ် ပထမပြန် စာမေးပွဲ

တွင် တကြိမ်၊ ဘခင်ကြီးကွယ်လွန်သောနေ့တကြိမ်၊ မိမိမွေးနေ့တကြိမ်၊ ပေါင်းသုံးကြိမ် သံဃာတော်များကို ဆွမ်းကျွေးလေ့ရှိ၏။ ပစ္စည်းဥစ္စာ ချမ်းသာသော်လည်း အိမ်ကောင်း တိုက်ကောင်း ဆောက်၍မနေချေ။ လွန်ခဲ့သော် အနှစ် နှစ်ဆယ်လောက်က အပေါင်ဆုံးသော တိုက်တလုံး တွင် ယခုတိုင် နေလေသည်။ ထို့ကြောင့် ပြည်မြို့ ရွှေလက်လှလမ်းတွင် ရှိသော အိုမင်းဆွေးရှိ၍ ဘေးနံရံတို့၌ ရေညှိစိမ်းများ တက်နေသော အင်္ဂတေ အဖါအထေး အစာရွတ် ပေါ်များသော သံတိုင်တထပ်၊ သစ်သားတံခါးတထပ်၊ သွတ်ပြား ကပ်အပ်သော တံခါးတထပ်၊ သုံးထပ် သုံးတံခါး ပိတ်လျက်ရှိနေတတ်သည့် အပေါက်များဖြင့် ပြည့် သော ခန့်ကျည်းပင်ကြီးများ အုပ်လျက်ရှိနေသော တိုက်ဘုတ်ကြီးကား၊ မစောညွန့်နေထိုင်ရာ ဂေဟာကြီးဖြစ်လေသည်။

မစောညွန့်သည် ပြည်မြို့တွင်သာမက၊ ပေါက်ခေါင်း၊ ပေါင်းတည် ပုတီးကုန်း၊ အာလံ၊ သရက်၊ ခင်းတုံးတို့၌ပင် နာမည်ကျော်ကြား၏။ ပစ္စည်းပေါသောကြောင့် ၎င်း၊ တတတ်သောကြောင့် ၎င်း၊ အကျင့်သီလ ပြည့်စုံသောကြောင့် ၎င်း၊ ချေတာစစ်စီ သောကြောင့် ၎င်း ဘက်မရှိဟု ဆိုရလောက်အောင် သတင်းလွှင့်နေလေ၏။ ထို့ပြင် ယခုအသက် လေး ဆယ့်လေး(၄၄) တိုင်အောင် အိမ်ရှင်ခင်ပွန်း မရှိသေးသောကြောင့်လည်း ထင်ရှား၏။ 'လင်ဆို၍ တခါဘူးမျှ မတာခါဘူး' သည့်ပြင်၊ ရီးစားထား သည် ဟူ၍လည်း ညည်းသူမျှ မကြားဘူးကြပေ။ ထို့ကြောင့်ပင် ကျော် ကျော်ပလေစေ။

မစောညွန့်၏သတင်းမှာ၊ သည်မျှဖြင့် မရပ်သေး။ အဆိုပါ ဂုဏ် အရည်အခြင်းတွေထက် ထူးကဲ၍ ထွက်သော အရည်အခြင်းကား၊ မစောညွန့်၏ ရုပ်ပင်ဖြစ်လေသည်။ မစောညွန့်ကား– ပုပုပျပ်ပျပ်၊ ဝဝ ထိုင်းထိုင်း၊ အသားမဲမဲ ဖြစ်၏။ မျက်လုံးကား၊ မျက်ရစ်အကာအရံ မရှိသော တွင်းဝမှာ လူကြောက်တတ်သည့် ယုန်သူငယ်ကဲ့သို့ အလင်း ရောင်လောကဓာတ်ကို ကြောက်ဘိသည့်အလား၊ မထွက်ဝံ့ ထွက်ဝံ့နှင့်

ပြုံးပြုံးကလေး ထွက်နေလေ၏။ နဖူးကားမောက်၊ နှာယောင်ကား ကောက်၊ မည်းနက်သော ပါးများမှ ဖောင်းမို့မို့ပင် ဖြစ်ပါ၏။ နံနက်စဉ် မီးသွေးနှင့်တိုက်သောကြောင့် ဖြူဆွတ်သော သွားကား ရှိပါ၏။ တို တောင်း၍ မှည့်များဖြင့် ပြည့်အပ်သော လည်တန်သည်ကား အဆိုပါ လက္ခဏာတို့၏ ခိုအောင်းရာ ခေါင်းနှင့် ကိုယ်ခန္ဓာကို ဆက်သွယ်ထား လေ၏။ ထို့ကြောင့် အရုပ်ဆိုး အကျည်းတန်ရာ၌ကား မစောညွန့်သည် မည်သူ့ကိုမျှ ပထမ မထားပေ။

အဆင် အပြင်မှာမူ လှချင်သောစိတ်ထက် ချောတာချင်သောစိတ်က အားကြီးနေသဖြင့် အညာကရသော သနပ်ခါးကို ခိမ်း၊ တခါတရံ သွား ရော လာရောရှိပါမူ မှိုင်းဝေဝေ ပေါင်ဒါကိုတို့၊ အုံးဆီကိုလိမ်း၍သာ နေရကား သူနှင့် များစွာ ဗီလာဆန့်ကျင်ကျစည့် ချက်ခုံးရောင်၊ ဆေးနီ ရောင်၊ ပေါင်ဒါရောင်၊ ဆီမွှေးနံ့တို့မှ ကင်းလှပေ၏။ ဆံထုံး ထုံးက လည်း ခပ်သေးသေးပင်၊ စဉ့်အိုးပေါ်တွင် ကျောက်ကာချွက် တင်ထား သလိုသာ ထုံးလေ့ရှိ၏။ အဝတ်ခံသော ရွှေတောင်လုံချည်၊ ယောထမီ များကိုသာ ဆင်ပေ၏။ တခါတရံ ပန်းထိုးအင်္ကျီများကို ဝတ်လေ့ရှိ၏။ သာရေ ရွှင်းထိုးဘိနပ်မှာ သူအကြိုက်ဆုံးသော ဘိနပ်ဖြစ်ပေ၏။

မြစ်ရေကလည်း ကြီး၊ မိုယ်းကလည်း သည်းစွာရွာသည်ကို အစဖြ ပြု၍ စဉ်းစားသော်၊ မိုယ်းရွာသည်ပင် မြစ်ရေကြီးခြင်း၏ အကြောင်း ရင်းဟု ယူဆဘွယ်ရှိသကဲ့သို့ အသက်လေးဆဲ့လေးနှစ် တိုင်အောင် အပျိုကြီး ဖြစ်နေခြင်းနှင့် အရုပ်ဆိုးခြင်းသည် တခုက အကျိုး၊ တခုက အကြောင်း ဖြစ်သည်ဟု ဆုံးဖြတ်ရန် လမ်းရှိပေသည်။ သို့သော် မိုယ်း ရွာရုံဖြင့် မြစ်ရေမကြီး၊ မြစ်များ၌ အလျှင်က မိုယ်းများမှသာ မြစ်ရေကြီး နိုင်သကဲ့သို့ မစောညွန့်တွင် အပျိုကြီး ဖြစ်ရှာရသော အခြားအကြောင်း တွေလည်း ရှိပေသေး၏။

အပျိုဖြစ်သည်က စ၍ အသက်နှစ်ဆယ့်သုံးနှစ်အရွယ် ဘစင်ကြီး သေလွန်သည့်တိုင်အောင် ဦးတိုးလှကို ရှိသေ ကြောက်ရွံ့ကြသဖြင့်

မစောညွန့်ကို ပိုးချင်သူတို့က မပိုးရဲ၊ မစောညွန့်ကလည်း ခတ်တည်တည် နေခဲ့သောကြောင့် ဘယ်သူဘယ်ဝါနှင့်မှ ရိုးစားမဖြစ်ခဲ့ဘဲ ရှိ၏။ လူကြီးမိဘ စပ်လာ ဟပ်လာကြသူတွေ အတော် များပေ၏။ ဦးဘိုးလူကား လူလင်၏ အမျိုးအရိုးကို စစ်ဆေး၍ ပယ်၏။ မစောညွန့်က လင်လောင်း၏ ရုပ်ရည် အရည်အချင်းကို ကြည့်ပယ်၏။ တခါက မန္တလေးမြို့နေ ဦးဘိုးလူ၏ ကျောင်းနေဘက် သံတော်ဆင့်မင်း ဦးမြတ်ထွန်း၏ သားနှင့် အကြောင်းစေ့စပ်လေ၏။ ဦးမြတ်ထွန်းက မိမိ သားကို ဘိလပ်ရွှေမြို့တော်သို့ ပညာသင် လွှတ်ရမည်ဟု အရေးဆို၏။ ဦးဘိုးလူက ဘောက်မဲ့ ပညာသင်လွှတ်မလဲ သံတော်ဆင့်မင်းရယ်၊ ပညာတတ်လဲ ဘာထူးတာမှတ်လို့၊ ဘယ်အလုပ်မှ မလုပ်စေချင်ဘူး၊ ပြီးတော့ သူငယ်ချင်း .... ရိုးရိုးပြောရမှာဖြင့် တော်တော်ကြာ ကိုရင့်သားက ဘိလပ်မြို့က ပြန်လာရင် တခြားမိန်းမ ယူသွားရင် ကျုပ်တို့မှာ ရှင်မကျိုးပေဘူးလား။ ကျုပ်သမီးမလဲ ကောလို့၊ ကျုပ်မလဲ ဟန်မကျပါဘူး သံတော့်ဆင့်မင်းရယ် ဟု ငြင်းပယ်သောကြောင့် အကြောင့်စေ့ဆွဲသော်လည်း ပေါင်း၍မတွဲရဘဲ ငင်းနေ့က ကွဲကြလေ၏။

ဦးဘိုးလူ မရှိသည့်နောက်လည်း မစောညွန့်မှာ စဉ်းစားတတ်သော အရွယ်ရောက်ပြီဖြစ်သဖြင့် တပေးတယူ ချိန်းဆိုစကားပြော လူလွှတ်၍ လက်ဆောင်ပေး .... စသောအမှုများကို မလုပ်ခဲ့။ အရှိန်က ကြီးလှသဖြင့် တော်တော့လူကလည်း မကပ်ဝံ့။ အချို့ ပညာတတ် လူကြီး လူကောင်းသားများကို မစောညွန့်ကလည်း သဘောကျ။ သတို့သား မိဘများကလည်း ထောက်ခံသော်လည်း ကာယကံရှင် သတို့သားက မမတို့ ချွေးမကို ဂန္ဓီရုပ်ဖွပ်ပေးရင်ဖြင့် ယူနိုင်မလား မပြောတတ်ဘူး ဟု စည်းကမ်းချက် ထိုးပြန်သဖြင့် မစောညွန့်မှာ လင်လိုချင်စိတ်ကို ပုတီးစိပ်ရင်း မျိုသိပ်ထားရပြန်လေ၏။

တခါက စက်ပိုင်ရှင် မုဆိုးဖိုတယောက်က လာ၍ စေ့စပ်လာ၏။ ထိုစက်ပိုင်မှာ မုဆိုးဖို ဖြစ်သော်လည်း မစောညွန့်ထက် ငါးနှစ်မျှသာ

ကြီး၏။ လူရည်လဲ သန့်၏။ သမာဓိရှိ၍ ရိုးသား၏။ အကြံကြီးသူ တယောက်ဖြစ်၍၊ မစောညွှန့် ပစ္စည်းနှင့် ဘိတ္ထျွတ်မှန့် စက်တလုံး တည်ချင်၍သာ မစောညွှန့်ကို ချိန်၏။ မစောညွှန့်ကား ထိုစက်ပိုင်ရှင်ကို တော်တော်ပင် လိုလား၏။ "ကောင်းတော့ ကောင်းပါရဲ့ .... သူ့မယား ကြီးက ကလေး ၅–ယောက် ကျန်ရစ်တယ်ဆိုပါကလား၊ ကလေး ၅– ယောက် တာဝန်ဆိုတာ နဲတာမဟုတ်ဘူး၊ သမီးကလေးတွေကို ဆင်ရ မှာတွေ၊ သားကလေးတွေ ကျောင်းထားရမှာတွေ တာဝန်ကြီးသား ကလား" ဟု စဉ်းစားမိပြန်သဖြင့် ထိုတချက်လည်း လွဲပြန်လေ၏။

မစောညွှန့်ကား .... လောကတွင် ယောကျ်ားပေါ၍ လင်ရှား သည်ကို ကောင်းစွာသိနေသူ ဖြစ်လေ၏။ သူလိုချင်သောလင်ကား .... ပထမဦးစွာ ရုပ်ချောဘို့ အရေးကြီး၏။ ကိုယ်တိုင်က အရုပ်ဆိုး သလောက် ရုပ်ချောသူကို မက်၏။ သေသောက်စား၊ ကောစားတတ်သူ လည်း ဖြစ်ရဦးမည်။ အကျင့်စာရိတ္တ လွန်စွာကောင်း၍ ရိုးသားရမည်။ အရွယ်ကလည်း သူ့ထက်ကြီးရင် နဲနဲသာ ကြီးစေရမည်။ ပစ္စည်းလည်း အသင့်အတင့် ရှိရဦးမည်ဟု မစောညွှန့်သည် လိုလားတောင့်တ အပ်သော လင်အတွက် အရည်အချင်းများ ပြဋ္ဌာန်းလေ၏။ ထိုလင်မျိုး မရက မယူဘူးဟု စိတ်ထားဖြင့် လင်ရွေးခဲ့သည်မှာ အနှစ် နှစ်ဆယ် ကျော်ပြီဖြစ်သော်လည်း ကံမပေါ်နိုင်သေးသဖြင့် စိတ်လျှော့ပင် ပြုလာ တော့လေသည်။

**အခန်း။ ၅ ။**

## အပျိုကြီး မစောညွန့်နှင့် ထွန်းရှိန် ထင်မြင်ချက်

"မညွန့် .... ကျွန်တော်လာပြီလေ၊ ဘာလုပ်ဖို့ မှာတာလဲ" ဟု မောင်ထွန်းရှိန်က နောက်ကနေ၍ မေးလေ၏။ မစောညွန့်သည် ကြိမ်ပက်လက်ကုလားထိုင်ပေါ်တွင် ကားကားကြီးထိုင်ရင်း ပုတီးစိပ်နေလေ၏။ သူ့ရှေ့က ကိုယ်လုံးပေါ် မှန်တွင်း၌ ပိတ်ရှုပ်အင်္ကျီ နွေးလေး မဟာနွယ် ပိုးပုဆိုးကို ဝတ်ဆင်ထားသော အရပ်တော်ရှည်ရှည်၊ အသားညိုညို၊ နွဲ့နွဲ့နှောင်းနှောင်း၊ ဟန်ကောင်းကောင်းနှင့် ညင်သာစွာ လမ်းလျှောက်လာသူကို ကောင်းစွာ မြင်နိုင်လာ၏။

"ထွန်းရှိန်လား .... လာလေကွယ်၊ ကိစ္စရှိလို့ မညွန့်က မှာတာပေါ့" ဟု ခေါ်ရင်း လက်ထဲကယပ်တောင်ဖြင့် သူ့ကုလားထိုင်ဘေးရှိ သူအိပ်သော ခုတင်ပေါ်သို့ လက်ညှိုးညွှန်ပြလေ၏။

ထွန်းရှိန်ကား ပေါက်ခေါင်းမှလာ၍ ပြည်မြို့ အစိုးရအထက်တန်းကျောင်း ဆယ်တန်း၌ စာသင်နေသူဖြစ်၏။ ထွန်းရှိန်နှင့် မစောညွန့်သည် ဆွေမျိုးနီးစပ် တော်ကြ၏။ ထွန်းရှိန်၏ မိခင်နှင့် မစောညွန့်မှာ ညီအမ သုံးဝမ်းကွဲတော်၏။ မစောညွန့်တွင် ထွန်းရှိန်လောက်ရင်းသော အမျိုးပင် ရှားလေ၏။ ပိုမိုရင်းသော ဆွေမျိုးများကား ဦးဘိုးလှ လက်ထက်ကပင် မသင့်မတင့်ကြသောကြောင့် အဆက်မသွယ်ပြတ်၍

နေခဲ့၏။ ထွန်းရှိန်ကား လိမ်မာ၏၊ ဥာဏ်ကောင်း၏။ ဆဲ့စုနှစ်နှစ် ဆယ်တန်းရောက်နေ၍ အတန်းထဲတွင် အတော်ဆုံးဖြစ်၏။ အပြော အဆိုကလည်း၊ ကျစ်လစ်သဖြင့် မစောညွန့်သည် မိမိတို့ကလေးတွင် ဘာမှ အပြစ်ရှာမတွေ့ရှိလေ၏။ မစောညွန့်သည် ထွန်းရှိန်အား ချစ်၏။ သားကို မိခင်က အားကိုးသကဲ့သို့ အားကိုးယုံကြည်၏။ အရေးတကြီး တိုင်ပင်စရာများရှိက ထွန်းရှိန်ကို ခေါ်၍ တိုင်ပင်၏။ မစောညွန့်က ချစ်သလောက် ထွန်းရှိန်ကလည်း ချစ်၏။ အားကိုး၏။ မြှော်လင့်၏။

ထွန်းရှိန်သည် ကုလားထိုင်ပေါ်၌ထိုင်ပြီး .....

"ဘာကိစ္စလဲ မညွန့်ရဲ့ .... ကျွန်တော်အခု အားပြီ၊ စာမေးပွဲလဲ ပြီးပြီ" ဟု ပြောလေ၏။

"မြေနိုင်ရဲ့လားဟေ့" ဟု ပုတီးကို ကုတင်ပေါ်တင်ရင်း မေးလေ၏။

"မြေနိုင်ပါတယ် .... သိပ်လွယ်တာဘဲ၊ ဒီလောက်လွယ်တဲ့ မေးခွန်းတွေ တခါမှ မတွေ့ဘူးဘူး"

"အောင်မာ .... ဖင်ခေါင်းကျယ်တဲ့ကောင်လေး၊ မင်းကတော့ မြေနိုင်လို့ ပြောအားရှိတာပေါ့။ မမြေနိုင်တဲ့လူတွေတော့ ဘယ့်နှယ်လုပ်မလဲ၊ လွယ်တယ်လို့ ပြောမှာမဟုတ်ဘူး" ဟု ယပ်ပြောလေ၏။

"မမြေနိုင်ရင် သူတို့ကိုက ညံ့လို့၊ စာမကျက်လို့၊ အင်မတန် လွယ်တာဘဲ မညွန့်ရယ်။" ပြောရင်း တွဲလွဲချထားသော ခြေကို ရမ်းနေလေ၏။

"မင်းထမင်းစားခဲ့ပြီလား။"

"စားပြီးပြီဗျ။"

"ဘာဟင်းနှင့်လဲ ...."

"ငါးဟင်းနှင့် ...."

"သွား .... မီးဖိုထဲမှာ ဖွါးသင်ကို ထမင်းပြင်ပေးခိုင်း .... မညွန့်ချန်ထားတယ်၊ ဟိုမှာ ဝက်သားချက် သိပ်ကောင်းတယ်။ ငပိကြော်ရယ်၊

အညာက လက်ဆောင်ရတဲ့ ပိုးကောင်ကြော်ရယ်။ သွားစားချေအုံး၊ ပြီးမှ ပြောမယ်။"

"မဆာဘူး .... မညွန့်ရဲ့။"

"အို .... မဆာပေမဲ့ သွားစားအုံး" ဟု ပြောပြန်သဖြင့် ထွန်းရှိန်သည် ထမင်းသွားစားရပြန်လေ၏။

ထွန်းရှိန်သည် ထမင်းစားရင်း ဘာများအရေးကြီးတဲ့ ကိစ္စမို့ပါလိမ့်မလဲဟု တွေး၏။ ကြွေးတောင်းလွှတ်ဘို့ ကိစ္စလား။ သို့မဟုတ် တရားစွဲဘို့ဟာများလားဟု အဖြေရှာလေ၏။ နောက် ထမင်းမှာ စားကောင်းသဖြင့် မစောညွန့်သည် သူ့အပေါ်၌ ဂရုစိုက်ပုံ၊ ချစ်ပုံကို တွေးတောမိ၏။ မစောညွန့်သည် သူ့ကိုချစ်လှသဖြင့် အများက တူအရင်း ဟုတ်မဟုတ် မေးသည်ကိုပင် မခံနိုင်ပုံကို စဉ်းစားမိလေး၏။ သို့သော် မစောညွန့်၏ ချစ်ခြင်း လက္ခဏာများကား .... သွားလေရာရာ ခေါ်ခြင်း၊ အခြားသူများရှေ့၌ မိမိအတွက် ဂုဏ်ယူခြင်း၊ ကျမတူကလေးက ဘယ်လောက်တော်တာဘဲ၊ ဘယ်လောက်လိမ္မာတာဘဲဟု ချီးကျူး၍ ပြောခြင်း၊ ဟင်းကောင်းရင် ထမင်းချန်ထားခြင်း၊ တခါတရံ စားကောင်းသောက်ကောင်းရှိက ခေါ်ကျွေးခြင်းတို့ဖြင့်သာ ထင်ရှားမှု၍၊ ထိုထက် လွန်ခြင်း ဘာမျှမရှိချေ။ ငွေကြေးကို ရက်ရက်ရောရော ဘယ်တော့မှ ပေးကမ်းလေ့ မရှိ။ လူကိုချစ်သော်လည်း ငွေဖြင့်မချစ်သေးသည်မှာ ကြေနပ်ဘွယ် မဟုတ်သေးဟု ထွန်းရှိန် တွေးမိသည်နှင့် တပြိုင်နက် ဇွန်းကို ပုဂံထဲသို့ လွှတ်ချလိုက်ပြီး တွေးနေမိ၏။ နောက်မှ အညာ ပိုးကောင်ကလေး ခေါ်သော တွင်းပိုးကို စား၍နေပြန်လေ၏။

အများကမူ မစောညွန့်သည် ထွန်းရှိန်ကို သားအဖြစ်ဖြင့် မွေးစား၍ အမွေခံထားမည်ဟု ထင်ကြသည်။ ထွန်းရှိန်ကလည်း မျှော်လင့်စပြုလာလေ၏။ သို့သော် ထိုမျှ စေးနဲခြင်းကိုတွေ့ရသဖြင့် မျှော်လင့်ချက်မှာ ပိုးစုန်းကြူးကလေးကဲ့သို့ မှိတ်တုံ့ မှိတ်တုံ့ဖြင့်သာ တည်နေလေ၏။

“ငါ့ကို ဒီထိအောင် မကြည့်တောင်မှ ငွေသုံးလေးထောင်တော့ ငါ့အတွက် အကုန်ခံမှာဘဲ ....” ဟု အောက်မေ့မိပြန်လေ၏။

ထိုသို့ ထွန်းရှိန်ကို မစောညွှန့်က အရေးစိုက်သည်ကို တွေ့ရလျှင် ထွန်းရှိန်ကို မနာလိုသူတွေ ပေါ်လာလိုက်သေး၏။ အထူးသဖြင့် မစောညွှန့်နှင့် ပြန်လည်ဆက်သွယ်နေကြသော ဆွေမျိုးတချို့တို့ပင် ဖြစ်လေ၏။ မစောညွှန့်ကို တချစ်နေသော သီလရှင်ကြီးတပါးသည်လည်း အပါအဝင်ဖြစ်၏။ ထွန်းရှိန်ကို တွေ့သောအခါ ခက်ခဲသော တရားများ ဓာများကိုမေး၍ မဖြေနိုင်က “မင်းတို့ကာလ ကောင်ကလေးတွေဟာ လူညံ့ကလေးတွေဘဲ ဒီလောက်ဟာကလေးတွေမှ မဖြေနိုင်ဘူး” ဟု နှိပ်စက်သော စကားဆိုဘိ၏။ မကောင်းပြော၏၊ ကဲ့ရဲ့၏။ အပြစ်ရှာတတ်လေ၏။ မစောညွှန့်က ဦးကြီးဟုခေါ်နေသူ လဘက်ပွဲစားကြီးကား ထွန်းရှိန်ကို အရိုအသေမရှိ၊ အယဉ်အကျေးမရှိဟု အပြစ်ပြောလေ့ရှိ၏။ ၎င်း၏ မိန်းမ ဒေါ်တွေးသည် မစောညွှန့်နှင့်အတူ နေထိုင်၍ မစောညွှန့်ကို စောင့်ရှောက်သည်ဟုဆို၏။ မစောညွှန့်ကွယ်ရာ၌ “မင်းနှယ် လာနိုင်ရန်ကော၊ အားတိုင်းလာတာဘဲ။ လမ်းမှာလဲ မင့်ခြေရာချည်း” ဟု ဆိုလေသေး၏။ ထွန်းရှိန်မှာ ထိုကဲ့သို့ အငြူ အစောင်းမြောင်းများကို ကြားရသောအခါ အမဲရိုးစုတ်နေသော လူကြီးအနီး၌ ခွေးများသည် တကောင့်တကောင် သွားဖြီးပြလိုက်၊ ညည်းလိုက် ကိုက်လိုက် ဟိန်းလိုက်နှင့် ဝိုင်းနေသည်ကို သတိသွားရလေ၏။

တခါတရံ မစောညွှန့်ထံ လာနေရသည်ကိုပင် ရှက်သလိုလို ထွန်းရှိန်ထင်မိလေ၏။

“စားကောင်းရဲ့လားဟေ့” ဟု မစောညွှန့်သည် မှေးသောမျက်လုံးသည် ပိတ်သွားအောင် ပြုံး၍ မေးလေ၏။

“ကောင်းတယ် .... ပိုးကောင်ကြော်ကလေးကလဲ စားလို့ သိပ်ဆိမ့်တာဘဲ။ ကဲ .... ဘာကိစ္စလဲ ဆိုစမ်းပါအုံး .... မညွှန့်ရယ်” ဟု ပြောပြီးနောက် ထွန်းရှိန်သည် ကုတင်ပေါ်တွင် ထိုင်ပြန်လေ၏။

"ဟဲ ..... ဟဲ ... တခြားမဟုတ်ဘူးကွ။ ဟို ..... မကြာသေးခင်က ရောက်တဲ့ ယစ်မျိုးဝန်ထောက် ကိုလှမင်းဆိုတာ သိရဲ့လား" ဟု မေးရင်း မှုးသောမျက်လုံးသည် ပိတ်သွားအောင် ပြုံးလေ၏။

"နဲနဲတော့ သိပါရဲ့ ..... အဲဒါ ဘာဖြစ်သလဲ"

"အေးကွယ် ..... သူသောက်တတ် ကစားတတ်သလား"

"ယစ်မျိုးဝန်ထောက်ဆိုတော့ ပါနာတီပါတာ ... အို ... ဟုတ်ပေါင် ... သူ့ရာဇရေမနှနှင့်တော့ နီးတာပဲ။ အရက်တို့ ထန်းရေတို့ လိုချင်သလောက်လဲ ရမှာပဲ၊ သို့ပေမဲ့ သောက်တော့ မသောက်တတ်ပါဘူးတဲ့ ဗျာ"

"ကစားတော့ ကစားတတ်သလား"

"ဟုတ်တယ်– ကစားတယ်" ဟု စကား အဆုံးမသတ်သေးခင်ပင် မစောညွန့်သည် "ဟင်း" ခနဲ စက်ပြင်းချပြီး ခပ်နေသောယပ်ကို ရပ်လိုက်လေ၏။ သူ့ဦးနှောက်တည်းဟူသော လိုကယ်ဘူတာရုံကလေး ရှေ့တွင် မြင်းလောင်းခြင်းတွဲ၊ ဖဲရိုက်ခြင်းတွဲ၊ ကာလပ်တက်ခြင်းတွဲ၊ ပိုက်ကြိုးတွဲ၊ ငွေတွေယူဆောင်သွားသောတွဲ၊ စိန်လက်ကောက် နားကပ်တွေ ဖြုတ်သွားသောတွဲ၊ နောက်ဆုံးတွင် မီးနီကလေးနှင့် "မြစ်ပါဘူးလေ– မွဲမယ်" ဟူသော တွဲများသည် အပြေးခုတ်မောင်းသွားလေ၏။ "ဟင်– ဒီလိုဖြင့်ကွယ်" ဟု ပါးစပ်က ထွက်သွားလေ၏။

"ဘာလဲ သူကစားတယ်ဗျာ။ တခါတရံ ဘောလုံးကန်တယ်။ တင်းနစ်ရိုက်တယ်။ အောင်မာ တနေ့ကများ မြင်းစေတ်တယ်။ တော်တော်တော့ ကစားတဲ့လူ– ဟား ... ဟား ..." ထိုစကားများသည် မစောညွန့်၏ မှုးနေသော မျက်စိများကို ပိတ်သွားစေ၏။ ဟင်းဟင်းနှင့် ရယ်၏။ ရယ်ပြီး အကြိုကို ခါလေ၏။

"ကွယ် ..... မနောက်စမ်းပါနှင့်။ မင်းက ဒီလိုနောက်တော့ မင်းမှာ တော့ ရယ်ရပြုံးရ ရွှင်ရတယ်။ မညွန့်မှာတော့ ရင်ကို ဖိုဖိုသွားတယ်"

"ထိုနောက် အဘယ်သို့သော အကြောင်းများကို ဝှံစမ်းလိုပါ သနည်း တကာကြီး" ဟု တည်တည်ကြီး လုပ်နေမှ မစောညွန့်သည် ထွန်းရှိန်၏ ခေါင်းကို လက်ဖြင့် တွန်းလိုက်လေ၏။ ထိုအခိုက် အိမ်နောက်ဘေးကပြင်မှ ဒေါ်တွေးမြင့်လျှင် ထမင်းချက် မှူးသင်အား "ဟေ့ ကောင်မ .... ညည်းမကော သူ့ပရောဟိတ်ကလေးကို ဘာများ တိုင်ပင်နေပါလိမ့်မလဲ" ဟု မေးလိုက်၏။ မှူးသင်က "မပြောတတ်ဘူး အဒေါ်ရဲ့" ပြေလျှင် ....

"အေး .... ဒီပရောဟိတ်ကောင်းကို နားထောင်ရင် မှာကုန်မှာဘဲ" ဟု ဆိုပြီး မီးဖိုတံခါးကို အတင်းနှင်းပိတ်လိုက်လေ၏။

"သူ့မှာ မိန်းမရှိသလားဟေ့– ဟိ ... ဟိ ...."

"ဟိ ... ဟိ .... မိန်းမကြီးရှိတယ်ဗျ ..." ဟု အသံစပ်ပြောင် ပြောင်နှင့် ပြောလိုက်လျှင် မစောညွန့်၏ မျက်လုံးများသည် ခင်ပြည့် ပြူးသွားကြလေ၏။

"နို့ကွယ် .... သူ့အတွက် လာပြောတဲ့လူကတော့ မိန်းမကြီး မရှိပါ ဘူးလို့ ဆိုပါကလား"

"အဲ့ဒီလိုပြောလာတဲ့လူ ဘယ်သူလဲ။ မညွန့် ကျွန်တော့်ပြောစမ်း။ ဘာလို့ ညာရတာတဲ့လဲ။ ဘယ်တုန်းက လာပြောသလဲ"

"နှစ်ရက်လောက် ရှိသေးတယ် ... အသက်တော့ တို့များနှင့် အတူ တူလောက်ဘဲတဲ့။ မုဆိုးဘိုတဲ့။ မယားသေတာ ဆယ်နှစ်ရှိပြီဆိုကိုး ... သားသမီးလဲ မကျန်ပါဘူးတဲ့။ အသေအချာ မင်းသိသလား။ မိန်းမရှိ သလား"

"ခြော် .... မညွန့်ကလဲ မယုံဘူးလား။ မိန်းမကြီးရှိတာမှ နှစ်ယောက်တောင်ဘဲ။ တယောက်က ထမင်းချက်လုပ်တဲ့ မိန်းမကြီး၊ တယောက်က သူ့တပည့် တောလိုက်ပြတာ မြတ်ဖေရဲ့မယား မိန်းမကြီး များ။ တခါတလေ မိန်းမလေးတွေတောင်လာသေး။ သူ့အမျိုးတွေဆို ထင်ပါရဲ့"

"အင်း .... တော်သေးရဲ့။ တို့များ မေးတာက သူ့မှာ ပေယာကြီးရှိသလားလို့ မေးတာ"

"ဪ .... ပေယားလား။ ကျွန်တော်က သူ့မှာ မိန်းမကြီးမရှိဘူးလားဆိုတော့ သူ့အိမ်မှာ မိန်းမကြီးတွေ ရှိလို့ရှိတယ် ပြောတာပေါ့။ ပေယားတော့ မရှိပါဘူး .... " ဟု ပြောပြီးနောက် သည်းထန်စွာ ရယ်မောလေ၏။

"ရုပ်တော့ တခါထဲ မြင်ဘူးတယ်ကွဲ့ ...."

"လူချောဘဲ မဟုတ်လား။ မိုယ်းကျွဲကိုယ် လနုတ်သားကလေး မဟုတ်လားဗျာ ...."

"အဲဒါတွေ ရှုမနေနှင့်။ ပစ္စည်းကောရှိရဲ့လား၊ အကျင့်သီလ ကောင်းရဲ့လား၊ ဒါသိချင်တယ်" ဟု ဆန္ဒကို ပေါ်စေလျှင် ထွန်းရှိန် သည် အံ့သြသွားပြန်လေ၏။

သူ့လို ငွေရှိသူတယောက်က ပစ္စည်းရှိမရှိ ဘာလုပ်မေးနေပါလိမ့် မလဲနော်။ ဗြိတိသျှ အင်ပါယာကြီးကို ပိုးမိုးနေတဲ့ လူတွေက နယ်ချဲ့ချင်တာလို ဖြစ်နေပါပကောလား။ ဒါလောက်စီးပွားကြောင်လို့ လင်မရတာဘဲ။ သူ့မှာ ရုပ်မချောသလောက် ငွေမက်မောနေတာဘဲဟု စဉ်းစားနေမိ၏။

"မဟုတ်ပါဘူး၊ မညွန့်မှာလဲ ပစ္စည်းဒီလောက်ပေါရက်နှင့် ဘာကြောင့် ငွေမရှိမှုဆိုတဲ့ကော မေးပြန်တာလဲဗျ .... "

"အိုမရှိရင် ဘယ်ကောင်းမလဲ။ သိတ်တော့ ရှိဘို့ဆိုတာမဟုတ်ပါဘူး။ ကိုးထောင်စင်း တသောင်းခင်း ငွေပြောတာပါကွယ်"

"အို– ဒါမရှိတော့ ဘာဖြစ်သလဲလို့"

"တပြားမှ မပါဘဲနှင့်လာလို့ လုံချည်ဘဲ ဆီးဆင်ရတော့ မလား ကွယ် .... တောင်းဘို့ရမ်းဘို့ အခုဘဲ ခိုက်ပေးရမလား"

"နေပါအုံး။ မင်းဗိုးရာဇာဆိုတာ အခုကာလမှာ လခကလွဲ ငွေရှိခဲသား။ ခင်ဗျားလူက ဘယ်မှာ ကိုးထောင်စင်း တသောင်းခင်း ရှိနိုင်မလဲ

ဗျ။ မသကာ မဉ္ဇွန်ကဘဲ အဝတ်အစား ဆီးဆင်ရလိမ့်မယ်။ တောင်းဘို့ ရမ်းဘို့ ငွေအကုန်ခံရမယ်"

"ကြိကြိစည်စည်ကွယ် .... လူကြားလို့မှမကောင်းအောင် မဟုတ်တာတွေ မပြောစမ်းပါနှင့်"

"အို ... စုဓော်ကြီးမှာမဉ္ဇွန့် လူတိုင်းဘဲ ဒီလိုလုပ်နေကြရတာယ်။ လောကနှင့် အဝှမ်းဘဲ" .... ထွန်းရှိန်သည် အနည်းငယ် ဒေါသဖြစ်လာ၏။

"အေး .... သူများလုပ် ဆိုတာက လူပျိုစစ်ကလေးတွေမို့ လုပ်လို့ တင့်တယ်တယ်ကွယ့်။ သူကတော့ .... "

"သူကတော့ ဘာဖြစ်သလဲ။ မှုဆိုးဘို။ သူ့မှာ ရာထူးရှိတယ်၊ ရုပ်ရှိတယ်။ အကျင့်သီလရှိတယ်။ ပစ္စည်းမရှိတဲ့ ချို့ယွင်းချက်တခုဘဲ။ မဉ္ဇွန့်လဲ စဉ်းစားကြည့်။ မဉ္ဇွန့်မှာလဲ ရုပ်မရှိတဲ့ ချို့ယွင်းချက်နှင့်ဘဲ" ဟု ပြောလိုက်မှ စကားနောက်ထပ် မဆက်ဘဲ မဓောဉ္ဇွန့်သည် မှိုင်နေပြန်လေ၏။ ကိုယ်လုံးပေါ်မှန်ထဲရှိ မိမိရုပ်ကိုသာ စိုက်ကြည့်မိ၏။ ရှက်သွေးများ တက်လာ၏။ ထိုမှုဆိုးသောရုပ်ကို ဖန်တီးလိုက်သောကံကိုသာ အပြစ်ဆိုနေတော့၏။

"အေးလေ– နောက်မှတာ ထပ်ပြောတာပေါ့"

"စဉ်းစားလေ။ ကျွန်တော်လဲ ထပ်ပြီး အဲဒီလူအကြောင်း စုံစမ်းထားလိုက်မယ်"

"မင်း တစေးပွဲအောင်မယ် မဟုတ်လား"

"အောင်မှာ သေချာပါတယ်"

"အောင်ရင် ကျောင်းဆက်နေမယ် မဟုတ်လား"

"ဘယ်နေနိုင်မလဲ မဉ္ဇွန့်ရယ်" ဟု ပြောပြီး ကုတင်ပေါ်တွင် ဒေါးစောင်းအိပ်လိုက်လေ၏။

"အို .... နေနိုင်အောင် ကြိုးစားမှပေါ့ကွယ် .... အသက်ကလဲ ငယ်ငယ်လေးရှိသေးတာဘဲ"

"ဟာ .... မဖြစ်ဘူး မညွန့်ရယ်။ ကျွန်တော့် မိဘတွေကလဲ ပစ္စည်းက ပျက်နေတယ်။ သူတို့ကို ခုကူညီပံ့မပေးချင်ဘူး။ သူတို့လဲ ငွေထောက်နိုင်ဘို့ ခဲယဉ်းတယ်။ မညွန့် သိသားဘဲ ...." ဝမ်းနည်းသံကလေးဖြင့် ပြောလျှင် မစောညွန့်သည် သက်ပြင်းကြီးချ၍ တွေနေ၏။

"အိုက်လိုက်တာ" ဟုပြောကာ ထွန်းရှိန်သည် ခေါင်းလှဲ့နေရာမှ ထထိုင်ပြန်သည်။ မစော ညွန့်သည် ထွန်းရှိန်အား ယပ်ခပ်ပေးနေလေ၏။

"မင့်အိမ်က တလဘယ်လောက် ပေးနိုင်မတဲ့လဲ သူတို့ အတတ်နိုင်ဆုံးပေါ့လေ .... "

ထွန်းရှိန်၏ ပြောတော့နေသော ဒိတ်သည် မြှော်လင့်ခြင်း အငွေ့ခတ်ဖြင့် သန်စွမ်းလာပြန်လေ၏။ ဟာလာဟင်းလင်း ဖြစ်နေသော မနောဟာဒယ ဝတ္ထုအိမ်သည် မြှော်လင့်ခြင်းဖြင့် ပြည့်လာပြန်၏။ "အဲ .. ဟန်ပြီ ခု ငါကိုနေမြစ်အောင် ကြိုးစားဘို့လဲ နိုင်းတယ်။ ပြီးတော့ အိမ်က ဘယ်လောက် ပို့မလဲလို့လဲ မေးတယ်။ လိုတာကိုတော့ အင်း .... သူကဘဲ ခိုက်ပေးမှာဘဲ ထင်တယ်။ ကုသိုလ်ပေါ့နော် အိမ်ကသက်သာအောင်တော့ ၂ဝိ–လောက်ဘဲ ပို့နိုင်တယ် ပြောမှာဘဲနော် .... သူက ၃ဝိ–လောက် ၄ဝိ– လောက် တလခိုက်ရင်တော့ ဟန်တာဘဲ မခိုက်ရင် သူခိုက်ချင်အောင် ပိုပြောမှလေလား၊ အိမ်က ၃ဝိ– ပို့မယ်ဆိုရင် သူက ၂ဝိ– လောက်ဆိုတော့ လွယ်လွယ်ကူကူနှင့် ခိုက်မှာလေလား၊ ဟာ .... ဟုတ်ဘူးလေ၊ ငါ သူ ဒီလောက်ချစ်နေတာဘဲ၊ ၃ဝိ– လောက်တော့ .... ထောက်ဘို့ မခဲယဉ်းပါဘူး ...." စသည်ဖြင့် တွက်ချက်ပြီးမှ ....။

"အိမ်ကတော့ ၂ဝိ– လောက်တော့ ထောက်နိုင်တယ် ..." ဟု လက်ကိုင်ပုဝါဖြင့် မျက်နှာသုတ်ရင်း ပြောလေ၏။

"၃ဝိ– လောက် မထောက်နိုင်ဘူးလား" ဟု မစောညွန့်က မေးသည်တွင် .... "အင်း သူချေးဆစ်တာဘဲ သူ ၂ဝိ– လောက် ၃ဝိ– လောက်တော့ ထောက်ချင်တဲ့ လက္ခဏာပါဘဲ၊ ပြောမယ်လေ .... အိမ်

က ၃၀– လောက်တော့ ထောက်နိုင်ရဲ့လို့” ဟု ဝဦးတေးဥာဏ် ကွန့်မြိမြန်မှ ....။

“ဟုတ်ကဲ့ ၃၀– လောက်တော့ ကြိုးစားရင် ဖြစ်ကောင်းပါရဲ့ မညွန့်ရယ် ....” ဟု ညည်းညူစွာ ပြောလေ၏။

“ဒီလောက်ဆို မလောက်သေးဘူးလား” ဟု ခပ်နေသောယပ်ကို ရပ်ရင်း မေးလိုက်လျှင် လမ်းသွားနေရာ နောက်ကကားမှ ကပ်၍ပေးလိုက်သော ဟွန်းသံကို ကြားရသူကဲ့သို့ အလွန်လန့်သွားလေ၏။ ဤမေးခွန်းမှာ မတောညွန့်၏ မသိကြောင်း ပြသည့်ပြင် ထောက်ပံ့ရန် သိပ်အားသာ မပြင်းလှကြောင်းကိုလည်း သက်သေ ထုတ်လိုက်သေး၏။

“ဘယ်မှာ လောက်မလဲ မညွန့်ရယ် .... ထမင်းလခက ၂၅– ကျပ်၊ ကျောင်းလခက ၉– ကျပ်၊ ဒါခင်ဘဲ ၃၄– ကျပ် မညွန့်ရဲ့ အနဲဆုံး ၅၀– ကုန်မယ်”

“ဟော .... တယ်ကုန်ပါလားကွယ် .... ကျောင်းလခတို့ .... ထမင်းလခဆိုကလဲ ကြီးလှချေကလား ....” ယပ်ကို ပြန်ခပ်နေ၏။

“ကြီးတယ် လျှော့အောင်ဆိုပြီး သပိတ်မှောက်ကြပါရဲ့ အခက လျှော့မယ်တဲ့၊ ကျောင်းသားတွေ ပြန်ဝင်တော့ ခုထက်ထိ မလျှော့ဘူး မညွန့်ရဲ့ ကျွန်တော်တို့ ဒီကနေပြီး မှောက်ရတာတွေ နာတာဘဲ ....၊ ငါတို့ဟာ တက္ကသိုလ်ပညာကို ဈေးပေါပေါနှင့် နေနိုင်ရောဘဲ၊ ငါ့အမေ ငါ့အမေ ဘယ်လောက် ဆင်းရဲ .... ဆင်းရဲ၊ ငါ့လို လူတွေဟာ ဘယ်လောက် ဆင်းရဲ ဆင်းရဲ ကောလိပ်ပညာကို သင်ရတော့မှာဘဲလို့ တွေးမိခဲ့တယ် ....။ သပိတ်ခေါင်းဆောင်များကလဲ ကျွန်တော်တို့ကို အဲဒီလိုဘဲ ... ပြောကြတာဘဲ၊ ပြီးတော့ .... ကောလိပ်ကျောင်းတွေ ကျွန်တော်တို့ ပြည်မြို့မှာတောင် ဖြစ်တော့မလိုကိုး မညွန့်ရဲ့၊ သူတို့က ဘင်္ဂလားမှာ ကောလိပ် ငါးဆယ်ကျော်ရှိပုံတွေ၊ ဒေလီနယ်မှာ ဆယ့်ခြောက်ကျောင်း ရှိပုံတွေ၊ ပေါ်ပြကြတော့ .... ပြည်မြို့မှာ အမျှင်းဆုံး .... ကောလိပ်တခုတော့ ဖြစ်တော့မှာဘဲ .... အဲဒီကျောင်း ရှိလာရင် ငါဟာ တလ ၉–

ကျပ်ပေးနိုင်ရင် ကောလိပ်ပညာ ရမှာဘဲလို့ ထင်မိတာပေါ့.... ဒါကြောင့် ကျွန်တော်တို့ သပိတ်မှောက်တယ်၊ အနစ်နာခံတယ်၊ ခုတော့ဗျာ တယ် မဟန်ပါဘူး .... ခေါင်းဆောင်ကြီးတွေက ဝင်ရမယ်တဲ့၊ နစ်နာချက်တွေ ပြန်ရတယ်တဲ့၊ ကျွန်တော်တော့ ဘာမှရတာ မမြင်သေးဘူး ....၊ သို့ပေမဲ့ လေ ကျွန်တော်တို့က သူတို့လို ပညာရှိလဲ မဟုတ်ဘူး ....၊ ဥက္ကဋ္ဌတွေ ဘာတွေလဲ .... မဟုတ်ဘူး ....၊ အဲဒီတော့ သူတို့မှိုနားလယ်လို့ ပြန်ဝင် တယ်လို့ သဘောထားရတော့တာပေါ့ ပြီးတော့ဗျ၊ မန္တလေးက ကျောင်း သားတွေကမှ ပြန်ဝင်အုံးတော့ .... ဥပဒေပြင်ဘို့တွေ ဘာတွေ ဆိုကြ သေးတယ် ...၊ ရန်ကုန်က ကျောင်းသားကြီးတွေကတော့ဗျာ သမာဓိကြီး တယောက် ကျောင်းအုပ်ဖြစ်လို့ ပျော်ပွဲကျင်းပတယ် ....။ ကောင်းတာ တွေ ရပြီတဲ့၊ ဆရာတွေကို ဟို သပိတ်မှောက်တုန်းက စွပ်စွဲတာတွေ ပြန်ယုတ်သိမ်းကြရမယ်တဲ့၊ အစည်းအဝေးလုပ်ပြီး ဆုံးဖြတ်ကြတာကို မေ့ညွှန့်ရဲ့၊ ပြီးတော့ အစည်းအဝေးလုပ်ပြီး လူကြီးတွေ တယောက် တယောက် တိုင်းရေးပြည်ရေးဆဲပွဲကို နားထောင်ကြတယ်။ နာမယ် ကျော်ကြီးတွေကို အင်မတန် အရေးတကြီး ယောက်ျားများဟာ ပိုးထိုက် မပိုးထိုက်ဆိုတဲ့ ပြဿနာကို ဆွေးနွေး ဆုံးဖြတ်ပေတယ်ဗျ၊ ကျွန်တော် တို့ကိုတော့ မေ့နေပါပြီဗျာ ....၊ ကျွန်တော်တို့နှင့် တက္ကသိုလ်နှင့်တော့ ဝေးပါသေးတယ်။ ပိုက်ဆံရှိတဲ့ လူအချို့ကလဲ ဆယ်တန်းအောင်လို့ အေ လစ်ကမအောင်ရင် တက္ကသိုလ်မသွားရပြန်ဘူးတဲ့ မေ့ညွှန့်ရဲ့။ ကျွန်တော် တို့တော့ ဆင်းရဲလို့ ခုတဲ့ပန်း တုံးခုပြီး လေ့မ်းဝန့်ဘူး" ဟု ဝမ်းနည်းစွာ ပြောလေ၏။

"ကွယ် .... စိတ်မပျက်ပါနှင့် ကြိုးစားပါ .... သွားနိုင်အောင် ကြိုး စားမှပေါ့ .... ခင်းအမေကို တို့များ ကြည့်ပြောအုံးမယ်" ဟုသော စကား ကို ကြားရသော ထွန်းရှိန်သည် ကောင်းကင်ရှိ မိုတ်တုတ် မိုတ်တုတ်နှင့် နေသော ကြယ်ကလေးကို ကြည့်နေရသကဲ့သို့ ရှိလေသတည်း။

## အခန်း။ ၆ ။

## မန္တလေး ထီကလေးဦး သုစ္စကာမဂုဏ် ဘွဲ့ လေးချိုး သဖြန် ။

ကညာစမျို ယုစနုပန်းရယ်ကြောင့်၊ ငါရွှေကိုယ် အနုသစော ရှုပန်းမှာဖြင့်၊ အမှုမလှတဲ့ ခနန်းရယ်က ထိတ်စရာသဘွယ် (တကာမ ကလေးရေ .... မသိလရေ .... စာရီရေ ... အေ) လူ့ဘဝလှမ်းမယ်လို့လဲ စိတ်ကဂျယ်။ ။(တိမ် .... ပုတိမ်ဖြောင်) ဘာဝနာစိပ်ပုတီးရယ်နှင့်၊ အခါခါ တဆိတ်ကမှ မမှိုနိုင်တဲ့ပြင်၊ စနိုးစိုင် အသဝေါ် အမျိုးချောရယ် ကြောင့်၊ အပြီးတိုင် ငါအကို မစောနိုင်ဘူ၊ ဒေါ်သအရှိုပါကိုနော်ကျွယ်၊ လော .... ပော ... ပော ... ပော ဘငြိုတွယ်။ (တိမ် ... တိမ် ... တိမ် ...) ကညာလုံး ပုလဲအသဝေါ် အနိုပ်ကယ်ကြောင့်၊ ကာမဂုဏ် ခွဲလာတဲ့ စိတ်ကယ်နှင့်၊ လွှဲကာအိပ်ပေမဲ့ အောင်းမေ့တယ်၊ မကောင်း လေ့ တွယ်တာတွေက ကြောက်စရာ အရေး၊ (သိလစာရီရေ ....) ကျောင်းအကျွေ့ အလယ်မှာဖြင့် မှောက်ခါငေး။ (တယ်ပုတဲ့တောင်) ဘဝတွင် အလှုပယ်တင်ကြောင့်၊ မရှုလျှင် တကယ်သေလိမ့်။ မဘွယ် မသေ ကာမဂုဏ်သဘောရယ်နှင့်၊ တအာရုံ ရာဂုံစရာရှင်လ၊ သဘော အကျ မထေရ်တဆူ သည်လိုမဆွေးခဲ့ပါဘူ၊ (သိသိရေ) တလောကတွင် ဖြင့် သည်အပုမအေး။

“တောက် .... တောက် ... ဦးကျောက်လုံးရေ”

'ဘုရား' ကိုက်ထားသော ဆေးတံကို ပခေါ်မှ ထုတ်ပစ်၍ ကမ္ပိယ ဦးကျောက်လုံးက ထုးဖေ။

"ခက်ပြီ .... ဘိုကျောက်လုံးရဲ့ .... ခက်ပြီ။ ဒီအပူဝင်ပြီလားဆိုမှ ဖြင့် ဘယ်အပူနှင့်မှ မတူပါဘဲ ကလားနော် ..... တကာကြီး" ဟု ဦးသုစေသည် ဝမ်းနည်းစွာ ငြီးရှာ၏။

အဲဒါကြောင့်လဲ .....

❖ ရုပ်သဒ္ဒါ ဂန္ဓရသာ။
ဖေါဋ္ဌဗ္ဗာစ မနောရမာ။
ဇတ်လောကစိ သံဃောရုံ။
ဇတ္တလောကော ဝိမုစ္စတော။

မနောရမာ။ ပညာတုံးသူတို့၏ စိတ်နှလုံးကို ရွှင်ပြုံးပျော်မွေ့ စေတတ် ကုန်သော။ ရူပါစ။ ကျွေပသာစဖြင့် တွေ့မြင်ကြသည့် အဆင်းမျိုးစုံ- ရူပါရုံတို့သည် လည်းကောင်း။ ခြသော် ... ဦးကျောက်လုံး ငဲ့ (ဘုရား) ညနေ .... ညနေ ကျောင်းရှေ့မှာ ပန်းခူးထွက်တုံး ပြုံးပြုံး ရွှင်ရွှင်နှင့် မြင်ရသော သီသီရဲ့ မျက်နှာကလေးသည် ၎င်း၊ တခါတရံမှာ ကျုပ်တို့ဆရာတော်အလစ် သူ့ရေပ်သွားလယ်တော့၊ ပေဟာဒီက သူစရဲ့ ကျွေအကြည်တတ်မှာ နိုင်းကနဲ .... ခုံးကနဲ .... တိုးဝင်အပ်သော ရွှေစင် ကဲ့သို့သော အသား၊ သေးသောခါး၊ ရှိသောရင်၊ ပယ့ဦသာသော တင် . စသည်တို့ဖြင့် ဖွဲ့စည်းတည်ထောင်အပ်သော အလှအယဉ် အင်္ဂါရာကြီး မသီလတရိုကလေး၏ ရူပါရုံတို့သည် ၎င်း၊ (အလဲ့ တယ်လာတဲ့ တို့ ဆရာတော်ပါကလား) သဒ္ဒါစ၊ သောတပသာဒဖြင့် တွေ့ထိကြသည့် သာယာ နာဗွယ် .... တင့်တယ်မျိုးစုံ၊ သဒ္ဒါရုံတို့သည် လည်းကောင်း၊ ခြသော် .... တကာကြီး (ဘုရား) ညညကျတော့ ရွတ်ဘတ်သရဇ္ဈာယ် လိုက်တဲ့ အသံကလေးတွေ၊ မေတ္တာပို့တဲ့ ... အသံကလေးတွေ၊ တရား

စာဘတ်တဲ့ အသံကလေးတွေ ဟာလေ၊ ကျုပ်တို့ရဲ့ သေဘာတရဲ ကြက်သ ရေတိုက်စခန်းမှာ အမြဲတမ်း စိုအောင်း၍ နေကြလေပြီ၊ ကျုပ်တို့ရဲ့ ဆရာတော် လမ်းခိုက်မှာ သူ့စရပ်သွားပြီး (အပေါ် ....) သူ့ကို စရပ်သွား ပြီးတော့ ....

"မသီလစာရီရေ .... မပျင်းဘူးလား ..." လို့ မေးတော့၊

"ပျင်းတယ်လို့ ငြီးနေရင် အပျင်းပျောမလား ဘုရား" တဲ့ ....။

"မပျော့ဘူးပေါ့ .... မသီလစာရီရယ် ဒီတော့ အပျင်းပျော့အောင် ဘယ်လိုလုပ်သလဲ" လို့ မေးပြန်တာကိုး တကာကြီးရဲ့ ...။

"စာကလေး ဘာကလေး ဘတ်ရတာပေါ့ ဘုရား ...။ တခါတရံ ဦးပဥ္စင်းဆီက တရားကလေး ဘာလေး နာချင်ပါရဲ့" စသည်ဖြင့် တီတီ တာတာ ပြောလိုက်သော သဒ္ဒါရုံတို့သည် ၎င်း၊ စန္ဒာစ ဃာနပသာဒဖြင့် တွေ့ထိကြသည့် မွှေးမွှေးထုံထုံ အနံ့မျိုးစုံတို့သည် ၎င်း၊ ရသာစ၊ (အို ... ကိုယ်တော်လေးက ဒီ ... ဂန္ဓာစတော့ ငါ့ကာ မရှဲ့တော့ဘူးလား ဟား .. ဟား ...၊ ရှဲ့ချင်သော်လဲ မရှဲ့နိုင်၊ ရှဲ့နိုင်ရန် ကိုယ်တွေ့မရှိသေးသဖြင့် ရသာစ၊ ဇိဝှါပသာဒဖြင့် တွေ့ထိကြသည့် အချိုအဆိမ့်စသော အမျိုးမျိုး အဖုံဖုံ ရသာရုံတို့သည် ၎င်း။တခါတရံ လဘက်အုပ်ကလေးများ ပို့လှာ တယ်၊ တခါတရံ သရက်သီးကလေးများ ကပ်လှာတယ်၊ သူပို့ဆက်တဲ့ သရက်သီး လဘက်တို့ပင် တခြားတခြားသော သရက်၊ လဘက်တို့ ထက် ဝက်ဝက်ကွဲအောင် ကောင်းခြင်းတည်းဟူသော ရသာရုံသည်၎င်း။ ဖေါဋ္ဌဗ္ဗာစ၊ ကာယပသာဒဖြင့် တွေ့ထိကြသည့် သိမ်သိမ်မွေ့မွေ့ အတွေ့ ဖေါဋ္ဌဗ္ဗာရုံတို့သည် ၎င်း၊ (ဝါ) (အလဲ့ .... ဒီမှာတောင် ငါ့ကာ မွဲ့နိုင်မဲ့ အခါ စာနည်းပါတကား) (ဝါ) မသီလစာရီကလေးနှင့် အရှည် အကြာ ပလီပလာ တီတီတာတာပြော၍ ရိုစရာသတောနှင့် မေးကို လက်ကလေးနှင့် တို့ရသည်ဟု အိပ်မက် မက်ရသည်မှာ ဤမျှ ထိုမျှ စိမ် တွေ့ပါလျှင် တကယ်တန်းတွေ့ရက တောက် ... ဟီး ... ဘယ်လောက် များ စိမ်ရှိမလဲလို့ ... တွေးနိုင်သော၊ ဖေါဋ္ဌဗ္ဗာရဲ့ ဟူသမျှတို့သည် ၎င်း၊

အတ္တိနိဿ၊ လောကတတ္ထားမှာ ထင်ရှားရှိကြလေကုန်၏။ ခတံ၊ ရူပါရုံ ကာ ဓာသည်ရဲ့မြှါး ထိုငါးပါးသော အာရုံဟူသမျှသည်၊ ယောရုံ ခက်ထန်ပြင်းပြ ကြမ်းကြုတ်လှစွာသော လောကဝိသံ၊ သတ္တလောက၊ အလုံးကိုပျက်ပြုန်း စေတတ်သော အဆိပ်တုံး အဆိပ်ခဲကြီးပေတည်း။ ဇွှာ၊ လူရော နတ်ပါ မြဟ္မာကြွင်း၊ သတ္တဝါခပင်းတို့ လွှန့်မင်းစွာ ပျော်ပိုက်၍ နေကြသော ... ဤ လောကကြီးထဲ၌၊ ဓာတပိ၊ ထိုဆိုအပ် ကုန်ပြီးသော ကာမဂုဏ်တို့သည် လောကော၊ လူရော နတ်ပါ များစွာ သောင်းသောင် သတ္တဝါအပေါင်းတို့ကို ဝိမုစ္စိတော၊ ညှင်းဆဲပုတ်ခတ် သတ်ဖြတ်လေတော့သတည်း ...."

လို့ .... ဟောပေတာဘဲဟု ဦးသုစေသည် တရားဟောလိုက်ရာ တရားထဲတွင် စိတ်ပါ၍လား မသိရ၊ ဦးကျောက်လုံးသည် "အင်း ... အတော်ကို အတော်တိုးနေပါပကော" ဟု ဝမ်းတွင်းက ကြိတ်၍ပင် ချီးမွမ်းမိလေ၏။

"ဒီလို ပုဆွေးနေလို့ ပြေးဘူးကိုယ်တော်"

"ပုဆွေးလို့ ပြေးတာတော့ သိသားပေါ့၊ ကျုပ်တော့ မသိလတာရိုကို သိပ်ကြိုက်တယ်၊ ရုပ်ကလဲကောင်း သီလသမာဓိလဲ ရှိပြန်၊ ပြီးတော့– ကျုပ် သိပ်သဘောကျတာက အသံကလေး ကောင်းပြီးတော့၊ ယပ်လှဲ့ တရားကလေးတွေ ရွတ်ပုံ အချိုးကျလွန်းလို့ ရရင်တော့ဖျာ ငြိုင်တူ တရားဟောထွက်မယ်၊ ကျုပ်တို့ဗမာပြည်မှာ လင်မယားအတူတူ တရား ဟောထွက်တာ မရှိသေးဘူး၊ ကျုပ်တို့က ပြေးထွင်လိုက်မယ်"

"ကောင်းပါ့ ကိုယ်တော် .... "

"ကောင်းမနေနှင့်၊ ခင်ဗျားတာဝန်လဲ လုပ်စမ်းပါအုံး၊ ခင်ဗျားက နာနာလျှော်မှပေါ့"

"လျှော်ရုံ ဘာကမလဲဘုရား၊ တာတွေဆိုလဲ ပေးပါဆိုသမျှ အကုန် ပေးတာဘဲ၊ ပစ်ကလဲ လျှော်တာဘဲ၊ ဘုန်းကြီးသိသွားမှာလဲ စိုးရသေး

တယ်။ သူသိသွားရင် တပည့်တော် အလုပ်ကထွက်ရလို့ ငတ်နေမယ်” ဟု ပြောရင်း ဆေးတံကို ဆေးသွတ်နေ၏။

“ဟာ ... ဒါတွေမပူနှင့်၊ ကျုပ်နှင့်သာ နေရာကျအောင်လုပ်ပါ ... ”

“ကျမှာပါ ကိုယ်တော်၊ တနေ့ည ဘုန်းကြီး ကွမ်းခြံကုန်းသွားရမယ်၊ ဘုန်းကြီးမရှိတုန်း အရဲစွန့်ပေတော့၊ ဘုန်းကြီးကလဲ ဒီလိုလစ်မှဘဲ၊ နို့မဟုတ်ရင် အရေးကောင်း ဒိန်းဒေါင်းဖျက်တာလို သိပ်လုပ်ချင်တယ်”

“ကနေ့ညမရှိတာ သေချာသလား၊ သေချာရင် ကျုပ်လဲသေချာပြီမှတ်ပေတော့၊ ငါဟဲ့ .... သုစေဘဲ ...” ဟု ကြုံးဝါး၍ လက်စမောင်းခတ်လေ၏။

“ကွမ်းခြံကုန်းသွားမယ် ဦးပဥ္စင်း ၅ ပါးလဲ ပါသွားမယ်၊ အလှူကလှူမဲ့ဟာတွေတော့ တစ်ကောင်စီ သူ့ခွဲပေးကြရမှာဘဲတဲ့၊ အင်မတန်လောဘကြီးတဲ့ ဘုန်းကြီးဘဲ ကိုယ်တော်” ဆေးတံမီး ညှိလေ၏။

“သူ့လောဘတော့ မပြောနှင့်၊ သီလရှင်တွေအပေါ်မှာလဲ လောဘဘဲ၊ ကဲလေ ... ညကျတော့သာ” ဟု ပြောပြီး၊ စောင်လျက်နေသောနေကို လက်နှင့် ဆွဲချ၍ နေ့ကို ညဖြစ်စေအောင် စွမ်းနိုင်သော သတ္တိမျိုး ရရန် ဆုတောင်းလျက် ရှိလေ၏။

အခန်း။ ၇ ။

## စ မ္မ က ထိ က ဦး၊ သု စ စ နှင့် မ သိ လ တာ ရီ တို့ ဖြစ် စဉ်

မသီလတာရီ၏ ညည့်အခန်း၌ အခြားညများတွင် နန္ဒဝန်ဆရာတော်ကြီး ထိုင်နေမြဲ ဖြစ်သော်လည်း၊ ယနေ့ညခွင့်မူ အသက် ၃၀ မျှသာရှိသေးသော ဘုန်းကြီးတပါးသည် စကား တပြောပြောနှင့် ထိုင်လျက်ရှိ၏။ ထိုဘုန်းကြီးကား အသားဖြူ၏၊ အရုပ်အမောင်းကောင်း၏၊ မျက်နှာမှာလည်း အပြစ်မမြင်နိုင်အောင် သပ္ပါယ်လေ၏၊ အသံမှာ ကြည်လင်သည့်ပြင် ပြောသောစကားများမှာ ပြေပြစ် နာပျော်ဘွယ်ရှိ၏ မသီလတာရီမှာ ရှေ့နားတွင်း ဒူးတုပ်ထိုင်လျက်၊ စကားပြောရင်း ပုတီးစိပ်နေလေ၏။ စကားရပ်သောအခါ ပုတီးလုံးကလေးများသည် ဖြေးဖြေးဆင်းကြ၏၊ စကားပြောသောအခါ မြန်မြန်ဆင်းကြ၏။

"နို့ ပုညလက္ခဏာဒေဝီ ဝတ္ထုကော ဘတ်ဘူးရဲ့လား" ဟု ဦးသုစကမေးလေ၏။

"ဘတ်ဘူးတယ်ဘုရား" ဟု ဖြေရင်း မျက်တောင်ကလေးကော့၍ ကြည့်နေလေ၏။

"အော် .... ဦးပဉ္ဇင်း နမတော်ကလေးက တယ်ပြီး စာဘတ်နှံ့စပ်ပါကလား၊ စာဘတ်နှံ့စပ်လို့ဘဲ ထင်ပါရဲ့၊ ဒီက ဓမာရီကလေးများ စကားပြောသံ တရားဟောသံ ကြားရရင်လေ ...."

"ဟိုနတ်ပြည်က ပဉ္စသီခနတ်သားဟာ စေလုဝ စောင်းကောက်ကြီး တီးပြီး ဂါထာရွတ်တဲ့ အသံကလေးလို သာသယာနာပျော်ဘွယ်ကလဲ ကောင်းပါပေတယ်၊ နားဝင်လဲ ချိုပါပေတယ်၊ (ဦးပဉ္စင်းနော် ... လှကို မြှောက်မြှောက်ချည်း နေတာဘဲ) အမှန်တော့ ပြောတာဘဲ ဦးပဉ္စင်းက မြှောက်ရအောင် မတောရိက ကလေးမို့လား၊ ဂါထာကတော့ သည်လိုတဲ့ ...."

❖ ဝန္ဒေတာပိတာရံဘဒ္ဒေ၊
တိမ္ဗရုံသူရိယဝစ္ဆသေ၊
ယေနဇာတာသိကလျာဏီ၊
အနန္ဒဇနနီမမ၊

သူရိယဝစ္ဆသေ၊ နေအရှက်ဥတ္တမ်၊ အရောင်အဝါနှင်းသို့၊ ပြောင်လွှန်းစို ပြေ၊ ကိုယ်နေဝင်းပ၊ အဆင်းလှပေသော၊ ဘဒ္ဒေ၊ ကောင်းခြင်းပြည့် ကြွယ်၊ မောင့်သက်လယ်၊ (ဦးသုစေသည် မခိုတရို့ မျက်နှာထားပြင့် မသီလစာရီကို ကြည့်လိုက်၏၊ မသီလစာရီကလည်း ပြုံးသယောင် ယောင်နှင့် ကတုံးမောင်ဘုရားကို ကြည့်နေမိကြနေရကား၊ ကတုံးနှစ် တုံးမှာ ပြုံးတပြုံးပြုံး ဖြစ်နေကြလေ၏။ ယေန၊ အကြင်ပေါင်းဆုံ အကြောင်းဟုံကြောင့်၊ ကလျာဏီ၊ အပြင်အဆင် အချိုးကျသမို့၊ အမျိုး အလှသယ် ဖြစ်ပေထသောမမ၊ ပဉ္စသီခခေါ် မယ့်မောင်တော်၏၊ အနန္ဒ နနီ၊ မြင်လျှင်နှစ်သက်၊ မစ္ဆါရက်အောင် ဝံမက်ပြုံးဝေ ချစ်မိုးရွာစေနိုင် သော၊ အဟမ်း .... ဟုတ်ပေမှာဘဲနော် ... ကိုယ်ချင်းစာလိုက်ပါဘိ၊ တွဲ ယဉ်ယဉ်ကျေးကျေး၊ ခင်ခင်လေးသည် (ဦးပဉ္စင်းတာကလဲ တယ်ပြီး ခေတ်ဆန်ပါလား ဘုရားဟု မှတ်ချက်ချလေရာ၊) ခြေဘ် ခေတ်ဆိုတာ ဘယ်နေရာမှာမှ နောက်ကျမနေရဘူး၊ နတ်တို့ဘဝမှာလဲ .... နတ်သား က နတ်သမီးကို ခင်ခင် ဝါ– ခင်ရလို့ ခေါ်ပေမှာဘဲ၊ နတ်သ္မီးကလဲ

ဘုန်းဘုန်းလို့၊ ဘွာ .... ဘွာ ... ရောင်လို့ .... (နောက်ရောင်ရှင် တပည့်တော်မကာ ပျားရေလိမ်းပေးလိုက်မယ် ဒါမှ ပုရွက်ဆိတ်ကိုက် ကုန်အောင်) ဟား .... ဟား ... နတ်သားကို ကိုကိုတို့ မောင်မောင်တို့ ခေါ်ပေမပေါ့ ကဲ– ယံပိတာရုံ ဝတ်ဘုံဝယ် တိမ္ဗရုံဟု၊ သိရုံဂုဏ်မြင့်ကျော် အကြောင် ခမည်းတော်ကို၊ နိုသာယ၊ အကြည်အစု အမှိုပြုံ၍၊ ဓာတာသိ၊ ကုသိုလ်ဟုန်မြူး တဂုဏ်ထူးလို့ မကြွဘူးပေ။ ပေါ်ပေါက်၍ လာခဲ့လေပြီ၊ တော၊ လှုမ်ပတီ မြမိမိ၏၊ တံပိတာရုံ တိမ္ဗရုံဟု သိရုံဂုဏ်ကဲမြတ်၊ ထိုမွေးဘနတ်ကို၊ အပဲ၊ အသွင်ကြွကြွ ယဉ်စကို မြင်ရလျှင်ပင် ချစ်ခင်ဘွဲ့နှောင်း မယ်မယ့် မောင်သည်၊ ဝရှေ့၊ ကြင်ဘို့စခန်း ခင်ပျိုမှန်းလျက် ရွှင်လန်းညွတ်ကျိုး၊ လက်အုပ်မိုး၍ ရှိခိုးလိုက်ပါတော့သတည်းတဲ့"

"သာခုပါဘုရား .... သာခု ... သာခု ... တိန်– ဟိန်– ဟိန် ဝေဝေ ... ဝေဝေ ... ဝပ်လို့ ကြေးစည်နက်ရအုံးမလား ဦးပဥ္စင်းဘုရား" ဟု ဈက်တောင်ကလေးကို ကော့၍ မေးပြီး ဦးသုစအေား စိုက်ကြည့်နေလေ၏။

"ကြေးစည်သံ မလိုပါဘူး မသိရယ်၊ ဦးပဥ္စင်း ရွတ်ပြတာ နားသောတဆင်ပြီး တွင်တွင်ကြီးတွေး၊ ဒီအရေးမျိုးဟာ ဘယ်မှာရှိတတ်ပါလိမ့်၊ ဘယ်လူမှာ ခံစားကြုံတွေ့နေရပါလိမ့် စသည်ဖြင့် စဉ်းစားပေရော့။ ပြီးတော့လဲ မသိရဲ့ သာခုသံကလေးသည်ပင် ကြေးစည်သံထက် အဆများစွာ အရေးရောက်ပါတယ်" ဟု ပြောပြီး ကွမ်းသီးကို အစိပ်စိပ် ညှပ်နေလေ၏။

"အချစ် အချစ်၊ ချစ်တိုင်းချစ်၍၊ ချစ်လေချစ်လေ ချစ်မပြေတည့်။ ဆားငံရေနောက် ငတ်တိုင်းသောက်က၊ သောက်လေ သောက်လေ ငတ်မပြေသို့၊ ပေမအရာ တဏှာဖွဲ့ရစ်၊ ထိုအချစ်ကား အပြစ်မမြင် မဆင်ခြင်ဘဲ ချစ်လျှင်ပျော်နိုး၊ ချစ်ပျိုးသည် ချစ်ရိုးချစ်စဉ် ချစ်လမ်း

တည်း။ ဆိုတဲ့ မာယာဓဒ၀ စကားဟာ တယ်မှန်လှပါတကာဘဲ” ဟု ဦးသုစေသည် သစ်ဏ်းတသစ် ထုတ်နေပြန်လေ၏။

“ဟုတ်တယ်ဘုရား၊ ပဥ္စသီလဟာ သုရိယဝဏ္ဏသာဒနတ်သမီးကလေးကို ချစ်တာဟာ အမှန်ဘဲ” ဟု မသီလတာရီက ပြောပြီး ပုတီးစိပ်နေပြန်လေ၏။

ထိုစဉ်ဝယ် စကားမပြော ငြိမ်သွားကြ၏။ မသီလတာရီ၏ ပုတီးလုံးကလေးများ တလုံးပေါ်တလုံးကျသံ၊ ဦးသုစေ၏ ကွမ်းသီးညှပ်သံကလေးသည်၊ ညအခါ မင်္ဂလာဆောင်အိမ် ခဲပေါက်သံထက် ပြင်းထန်လေ၏။ နှစ်ယောက်စလုံး၏ ရင်တွင်း၌ စိစိညပ်နေအောင် တိုးဝှေ့ကာနေကြရသော စကားတို့သည် ရှိကုန်၏။ ထိုစကားတို့ကို နှစ်ယောက်စလုံး ဆွဲထုတ်ကြသော်လည်း၊ အဝသေးသည့် ပုလင်းတွင်းမှ စီးသီးဆယ်လုံးကို အကုန် လက်တခုပ်ထည်းနှင့် ထုတ်ယူသကဲ့သို့ ရှိသောကြောင့်၊ စကားများမှာ မထွက်နိုင်ဘဲ တစ်ဆို့ဆို့နှင့် နေကြလေ၏။

“ကိုယ်တော်ကလေးက သပ္ပါယ်၊ အသံကလေးက ကောင်း၊ ငါ့ကိုလဲ သူကချစ်၊ ပိုးလဲပိုး တလဲပေး။ ငါကတော့ မချစ်ဘူးလား … ချစ်သားဘဲ။ ဘုန်းဘုန်း ကြောက်ရလို့သာ ငါ့မှာလဲ ဘုန်းဘုန်းကျေးဇူးရှည်ဘဲ။ ဘုန်းဘုန်းနဲ့လဲ မလွတ်ကင်း။ သို့ပေမဲ့ ဘုန်းဘုန်းလို အအိုကြီးတော့ ရွံတွံတွံပါဘဲလေ ….။ စက်တယ် သူပိုးတာကိုဘဲ ရေမြောင်းပေးပြီး အချစ်ပျိုးခင်း ထောင်ရမလား” ဟု သီလရှင်က တွေး၏။ “ငါ သည့်လောက် စလို့မှ မကြေနပ်တာလဲ မပြဘူး။ ငါ့အလိုလိုက်သာ စကားပြောနေတယ် …. အခွင့်ကလဲ ဒီထက်သာတာ မရှိတော့ဘူး။ ကြွေတာလက် ကြက်တခုန်ဘဲ ဟာနော်” ဟု ဦးသုစေက ကြံ့ဝါးတော်မူလေ၏။ ဦးသုစေ၏ အသည်းနှလုံးသည် ပြင်းထန်စွာ ခုန်နေ၏။ အာခေါင်များသည် ပူနေပြီး ရေငတ်လှ၏။ ပစပ်က တုန်၍တုန်၍လာ၏။ သို့ကြောင့် ကွမ်းကိုသာ ဝါးပြီး ဘက်နှစ်ဘက်ဖြင့် ညာဒူးကို ခါးပတ်ပတ်ပြီး ငိုင်နေလေ၏။ သီလရှင်မှာ ဗျက်တောင်ခင်းလာ၏။

မီးနေထွက်ခါစ မိန်းမစိတ်တွင် ဖြစ်ပေါ်လာသလို မိမိကိုယ် မိမိ ငယ်လာသလိုလို၊ ဝန်ပေါ့သွားသလိုလို၊ သီချင်း ဆိုချင်သလိုလို၊ ရယ်ချင်သလိုလို ဖြစ်လာလေ၏။ သွေးမှာ တဒိတ်ဒိတ် တိုးလျက်ရှိ၏။

အတန်ကြာလျှင် သီလရှင်သည် ချားစွာချုပ်တည်းသော်လည်း မတတ်သာသောကြောင့် "ဟူး .... ဝဲ ..." ခနဲ သန်းလိုက်လေ၏။ မျက်ရေတွေ ဝဲလာလေ၏။

"ညဦးနက်ပြီဘုရား .... ပြန်ရင်ကောင်းလိမ့်မယ်လို့ တပည့်တော်မ ထင်တယ်"

"ခြော် .... ပြန်ချေချင်ပြီလား ... ဘာ့ကြောင့်လဲ၊ သိပါရစေ မသိရယ်"

"ဘုန်းကြီးမရှိတုန်း ဒီလောက် ညဦးနက်အောင် လာလယ်တာကို ဘုန်းကြီးကြားရင် မကောင်း .... လူတွေလဲ မြင်တယ်ဘုရား"

"ခြော် .... သည်လိုကိုး ... ဒါဖြင့်သွားမယ်" ဟု စိတ်ထဲက မပါဘဲ ပြောပြီးထလေ၏။ "တင်ပါ့ဘုရား" ဟု စိတ်အာသီနှင့် ဆန့်ကျင်ဘက်ဖြစ်သော စကားကို လျှောက်၍ ဦးချိုက်လေ၏။ ဦးပဥ္စင်းသည် တံခါးဝသို့ သွားခိုက် "ခြော် .... တယ်လဲ နတဲ့ ဦးပဥ္စင်းဘဲနော် .... မိန်းမ ဓာယာလဲ နားမလည်သေးဘူး" ဟု ထင်မိ၏။ ဦးသုစကား တံခါးမှ ထွက်ဘဲ တံခါးကို အထဲမှ ပိတ်လိုက်လေ၏။

"ဦးပဥ္စင်းဘုရား .... ဘယ့်နှာလုပ်တာလဲ ဘုရား" ဟု အံ့သြသော မျက်နှာ ချိုးကြုံးသော စိတ်ဖြင့် ပြောလေ၏။

"ဘယ့်နှာလုပ်ရမှာလဲ မောင်ရီရယ် .... သိတန်လောက်ပါပြီ။ မောင့်မှာ တအောင်အောင်လဲ ရေးခဲ့ပေါ့ .... အရိပ်အမြွက်ဆိုတာလို မောင်ချစ်သမျှကို တဆိပ်ဆိပ် တဘွာဘွာပြောခဲ့ပေါ့။မောင်ရီကလဲ မောင်မောင့်ကို ဘယ်လို ဘယ်ဝါလို မပြန်ကြားတော့ဘူးလား ... မြင့်မိုရ်တောင်ကြီး ပြိုအောင်တောင့်ရမဲ့ပုံလား မသိရဲ့ .... မောင်ဆုံးဖြတ်ပြီးပြီ။ အချိန် နှောင်းအောင်မစောင့်ဘူး။ (ဦးသုစသည် ထိုင်နေသော

သီလရှင်ထံသို့ လက်ပိုက်၍ ကပ်သွားလေ၏။) မသိရဲ့ မချစ်ဘူး .... ချစ်ရဲ့ဆိုတဲ့ စကားပြန်ကို ယနေ့ည အပြီးအပိုင် ကြားရမယ်။ စဝေစဝက်နှင့် အနေခက်လှတဲ့ဘေးက ဝေးအောင်ကြံမယ်။ မှိုင်တာဝေဝေ ငေးတာမောမောနှင့် အဟောသိကံ အလကား ဒုက္ခတွေ မခံတော့ဘူး ... ဟောဒီက မသိဆိုတဲ့ (ဦးသုစကား ကြုံ့ကြုံ့ကလေး ထိုင်နေသော သီလရှင်ရှေ့တွင် ရပ်လျက်ငုံ့ကြည့်ရင်း) တရားသူကြီး သုစမ္မာရီကို မောင့်အမှုဆုံးဖြတ်ပါလို့ ယနေ့ခိုင်းမယ်၊ ကဲ ... တရားစီရင်ပါတော့" ဟု ခေါင်းငိုက်စိုက်ချ၍ အသနားခံလေ၏။

"ဦးပဥ္စင်းဘဲ စဉ်းစားပါဘုရား ....။ ဘုရား သားတော်နှင့် ဘုရားသမီးတော်ဆိုတာ တဏှာပေမ အချစ်မျိုးတွေနှင့် ဆေးကြီးနဲ့ တောက်တဲ့လို အပေါက်မတဲ့ပါ ဘုရား ....။ ဘုရား ကျွန်မက သဘောတူလိုက်ရင် ဘုရားကျွန်မမှာ ဘုရားသားတော်တပါးကို လစ္ဆီပေသလ ကာမဘုံသို့ ဆွဲချတယ်လို့ ယမ မင်းကြီးက တရားတဘောင် စီရင်ခြင်း ခံရမှာပေါ့ ဘုရား ....။ ဘယ့်လောက်ပင် ဦးပဥ္စင်းကို ချစ်မိသော်လဲ ဒီအခြေထက် ရှေ့တိုးဘို့ရန် မဝံ့ပေါင်ဘုရား ....။

"အို .... နှမရဲ့ ချစ်ခြင်းသာ လိုရင်းခွဲဘဲ၊ မောင့်အချစ်ကြီးကို ယမမင်းကြီးက အပြစ်မြူမှုံ့မျှ ပေးဘွယ်မရှိပေဘူး။ နှမက စတင်၍ မောင့်ကို ဆွဲသည်မဟုတ်၊ နှမက မာယာနှင့် ဖြားယောင်းသည် မဟုတ်၊ နှမ ဘာသာ အပြစ်မဲ့စွာ သီလနှင့်နေရာဝယ် .... ဟောဒီကမောင့်မှာ "ပုရိသတို့၊ မိန်းမ အာရုံ၊ တွေ့ကြုံကြိုက်သော်၊ ရာဂမ္ဘွာက၊ သတိပျ၍၊ မောဟခွန့်လျက်၊ ဆားနယ်လျက်မျှ၊ ဉာဏ်သက်သက်မဲ့၊ နွားဏ်ကဲ့" ဟူသောစကားအရ စတင်ချစ်ကြိုက်မိတယ်။ ဒီတော့ အပြစ်ရှိခြင်းရှိရင် မောင့်မှာသာ ရှိဘို့ဘဲ ....။ မောင့်ဟာက ဒီအပြစ်တွေတောင် မကြောက်လောက်အောင်ကြီးတဲ့ အချစ်ပါဘဲ။ တကယ်လို့ ယာမဆိုတဲ့ ငရဲမင်းက အကဲ တင်းတောင်ဘဲ မောင်၏တရားဉာဏ်လက်နက်တွေနှင့် ဝက်ဝက်ကြေအောင် တိုက်လိုက်ပါ့မယ် .... ကဲ" ဟုပြောပြီး ဦးသုစသည်

သီလရှင်၏ လက်ကိုဆွဲကာ မေးလေ၏။ လက်ဆွဲခံရသူမှာမူ အတွေ့အကြုံများပြီးမို့ အခြေမပျက်လှသော်လည်း ငယ်ဖြူအစစ် ဖြစ်ကြီးဖြစ်ပေသော ဦးသုစ မှာကား မျက်စိများပင် ပြာသွားလေ၏။ လက်များမှာလည်း တုန်လှုပ်နေလေ၏။ ကမ္ဘာလောကကြီးတခုလုံးကို မေ့၍ဩကာသလောက တခုလုံးတွင် သူတို့နှစ်ယောက်ထည်းသာ သတ္တလောက၊ သူတို့နှစ်ယောက်ထည်းသာ သင်္ခါရလောကဟု ထင်မိနေလေ၏။

တုန်သောလက်၊ ပြာသောမျက်စိ၊ ပိုသောရင် အငြိမ်မရသော စိတ်ဖြင့် သီလရှင်ကို ဆွဲရာတွင် ဦးသုစတွင် ခြေပေါ်မှ ပန်းစည်းကို ကောက်ယူ၍ နမ်းရသလောက်မျှ ဝန်မလေးသည်ကို တွေ့ရလေသည်။

“အို .... သင်္ကန်းကြီးနှင့် မတော်ပါဘူး ဘုရား” ဟု လက်ဝါးကလေးနှင့် ကာလေလျှင် ဦးသုစသည် ညာလက်ဖြင့် သီလရှင်ကို ဖမ့်ထားပြီး ကေသီကို ဘယ်လက်ဖြင့် လွှင့်ပစ်လိုက်သည်မှာ လေဟုန်ပြင်းလှသောကြောင့် အနီးရှိ စားပွဲတင် မီးခွက်ကလေးသည် ငြိမ်းသွားလေသတည်း။

အခန်း။ ၈ ။

## ရိုး တား တွေ အ ဂ်ါ ဝက် လောက်

## ထား လိုက် အုံး မယ်

ဦးသုစေမှာ ဓမ္မကထိကမဖြစ်သေးမီ ဓမ္မကထိကစာမေးပွဲ ဝင်စာ ကပင် မသိလတာရှိ၏ ဓေတ္တာပန်းပွင့်ကို နမ်းရှုင့်ရပြီးဖြစ်ရကား "ငါဟာ ခု က ဒီလောက်စွန့်ရင်၊ နောင် လူလားမြောက်လို့ ဓမ္မကထိကဘဝ ရောက် ရင်ဖြင့် လွန်စွာ အလွန်တရာ နိပ်မှာပါကလား။ ရိုးတားတွေ အင်္ဂါဝက် လောက် ထားလိုက်ဦးမယ်" ဟု ကြုံးဝါးမိလေ၏။ မွန်မြတ်လှစွာသော ရည်ရွယ်ချက်ကို မျက်မှောက်ပြုပြီး ကြီးမားသော လုံ့လကိုထုတ်၍ စာပေများ၊ ယပ်လှဲတရားများကို လေ့လာလေရာ၊ ခုအခါ တရားဂါထာ အပုဒ်အစိတ်မျှ နှုတ်ငုံဆောင်နိုင်၍၊ အနက်ကို သာယာကြည်လင် နှစ်လို ဘွယ်ရာ သိဆိုနိုင်သည့် အပြင်၊ ဝတ္ထုနိဒါန်း ငါးပုဒ်မျှကိုလည်း ကောင်း စွာ ဟောနိုင်လေပြီဖြစ်၏။ တရားဦးကို ရန်ကုန်မြို့၌ ဟောလိုသော်လည်း၊ ၎င်းမြို့တွင် ရွှေခေါင်းညို ဘယ်သူ ဘယ်ဝါ၊ ရွှေစီကွက်၊ ဘယ် သူဘယ်ဝါ၊ ရွှေဒီးခုတ် ဘယ်သူ ဘယ်ဝါ၊ ရွှေဘို ဘယ်သူ ဘယ်ဝါ၊ ရတနာပုံ ဘယ်သူ ဘယ်ဝါ၊ ရေညိုညို ဘယ်သူ ဘယ်ဝါတွေ ပေါများ လှသောကြောင့် ပဋ္ဌင်းအသစ်ဖြစ်သော ဖြစ်ရှာသော ဦးသုစေမှာ တရား

မတိုးနိုင်ဘဲ ရှိရှာလေ၏။ မသီလတာရီက "သုသု ဘုရား .... သုသု တရားဦးဟောတော့ ရိရိ အရင်ဆုံးသိပါရစေနော် .... ရိရိ အရင်ဆုံးလဲ နာပါရစေနော် .... " ဟု တောင်းပန်ထားသဖြင့် တရားဟောရန် များစွာ လိုလားလှသော်လည်း အခွင့်မသာလှသဖြင့် "ရိရိရယ် အခွင့်သာတဲ့ တညကျတော့မှ သုသုက ရိရိတဦးထဲကို တရားဦးဟောမယ်" ဟု ပြောရလေ၏။

တခါသော် ညဝတီ ဦးစောတိကကို တရားဟောပါရန် ပြည်မြို့က ပင့်ဘိတ်ကြလေ၏။ အငြိမ့်ပွဲများမှာ ပွဲဦးထွက် မင်းသမီးလို ကဲ့သို့ တရားပွဲမှာလည်း ပွဲဦးထွက် ကိုယ်တော်တပါး လိုနေရကာ "ဟော့လူ .... ပြည်မြို့ကို လိုက်ခဲ့ပါလား ...." ဟု ဦးသုစကို ခေါ်ရလေ၏။

"ဘာကိစ္စလဲ .... ကိုယ်တော်"

"တရားဟောပေါ့ .... ကိုယ်တော်နှင့် တပည့်တော် ဟောကြတို့ဘဲ .... ကိုယ်တော်လဲ အကျင့်ရရော"

"ရန်ကုန်မှာ တရားဦးဟောရအောင် တပည့်တော်ကို ကြံစည်မပေးနိုင်ဘူးလား ဘုရား"

"နီး .... နီး .... ယူဘစ်ဘက်၊ ကိုယ့်လူက မုန့်ပျက်သလက် အလယ်ခေါင်က ပေါက်စားချင်သလား .... တောမှာ ပရိုက်တစ်လုပ်အုံး .... တောက တရားဟော ဟောသုတရှိလို့ တော်တော်ရဲမှ ရန်ကုန်မှာ ချရမယ်" ဟု ဆုံးမပြန်သဖြင့် မငြင်းဆန်နိုင်ဘဲ ပြည်မြို့သို့ လိုက်ရန်သာ စီစဉ်ရလေ၏။

ပြည်မြို့ခရီးသွားခင် တရားဦးလဲ ဟောရန်၊ နတ်လဲဆက်ရန်၊ မှာ စရာရှိတာများလဲ မှာရန် ညသန်းခေါင်တွင် ဆယ်နှစ်နာရီခန့် နောက်ဖေးပြတင်းပေါက်က လာခဲ့ပါညည်းဟု တဖြင့် ဦးကျောက်လုံးကို စာတိုက်အဖြစ်ဖြင့် အသုံးပြု၍ မသီလတာရီကို အကြောင်းကြားထားလိုက်လေ၏။

ချိန်းဆိုထားသောအချိန်တွင် ....

သီလရှင် အိပ်ရာ ခေါင်းရင်းတွင်၊ ခေါင်းအုံးများကို ထောင်ပြီးလျှင် မှီကာထိုင်ပြီး ခြေဆင်းထားသော ဦးသုခကို တွေ့နိုင်ပေ၏။ ဒေသီလစာရီကား၊ သူ့ပေါင်၏ ရှေ့နား၌ ကုတင်အောက်ခြေ တွဲလွဲချ၊ ဘယ်ဘက်လက်ကို ကုတင်ဘောင်ပေါ်မှာထောက်၊ ညာဘက်လက်ကို သူ့ပေါင်ဟိုဘက်မှာ ထောက်၍ ငိုမဲ့မဲ့ မျက်နှာကလေးဖြင့် ထိုင်နေလေသည်။ တော်တော်နှင့် စကားမပြောနိုင်ဘဲ ရှိလေ၏။

"ဪ .... ရီရီရဲ့"

"ဘုရား ...."

"ပိယေဟိ ဝိယောဂိတံ ဒုက္ခံ" တဲ့၊ ပိယေဟိ၊ ခွဲရက်သော ခွါနိုင်အား၊ ချစ်မေတ္တာ အငွေ့မွှားလျှက်၊ ခင်မင်အားထားသော သူတို့ဖြင့်၊ ဝိယောဂိတံ၊ ရှောင်မရ– မလွှဲနိုင်၊ အသဲခိုင် ကြေကျွမ်း၊ သောကမန်း ပူပြင်း၊ ခွဲခွါရခြင်းသည်၊ ဆင်းရဲတွင်း နက်လှပါပေ၏လို့၊ ပညာရှိများ ငြီးငြူ အပူကြီးခဲ့ကြတာ၊ တယ်မှန်ပါကလား ရီရီရဲ့၊ ဟောဒီက– မောင်မောင်ချစ်တဲ့ သဲမြညာကို ခွဲရမှာခက်လှသေးတယ်၊ အမယ်လေး .... တပူးတပါထဲ အသာတွဲပြီး သွားချင်တယ်၊ မဖြစ်လို့သာပေါ့၊ တောက်– ကိန္နရာ ကိန္နရီ မောင်နှံတို့ဟာ၊ ချောင်းရဲ့ ဟိုဘက်ကမ်း– သည်ဘက်ကမ်းခွဲလို့ တည်နေကြရတာနဲ့၊ အနှစ်များစွာထင်ပြီး ငိုကြွေးကြသလို၊ ပြည်နှင့်ရန်ကုန်ခရီး ၂–ရက် ၃–ရက် ခွဲနေရမှာကို၊ မဆီးနိုင် မျက်ရည်စို့လို့ရို့၊ ရင်ဆို့ဆို့ပြီးလာပြီ ရီရီရဲ့ ...."

"မှန်လှပါ .... တော်တော်လဲ ချွဲမှပေါ့ဘုရား၊ ရှေ့မှာ ဘယ်လောက် ချွဲချွဲ၊ ရှေ့မှာ ဘယ်လောက် ချစ်ပါတယ် ဆိုဆို၊ သရေခေတ္တရာ မြို့တော်ကြီး ရောက်မှဖြင့်၊ လမ်းတော်သူ မျိုးအချောကလေးတွေနှင့် ငြိမလား တရုတ်တန်းသူကလေးတွေနှင့်ဘဲ မိမလား ခစ်ကဲတန်းသူ ကလေးတွေနှင့်ဘဲ ကလိနေမလား" ဟု ပြောပြီး၊ နှုတ်ခမ်းကြီးကိုစူပြီး မျက်စောင်းထိုးခါ နေသောကြောင့် ...."

ဟော .... ဟော .... ဟား .... ဟား .... ဟား .... ဟား ... ဟီး၊ ရီလိုက်ရတာ .... ဆရာတော်ကြီး ကြားသွားရော့မယ်၊ ဟောဒီက ဇရပ် အမကာလွှဲရင်လေ၊ လောကကြီးရှိတာတွေ၊ လှူတာမုန့်တွေချည်ဘဲဗျား ....” ခူးတော်နှင့် ခါးကိုကလိပြီး မိန့်တော်မူမှ ....

“တကတဲ့ ဒီဒူးကြီးကလဲ၊ ပိုင်ထိုက်ကြူးလွန်မှု့နဲ့ ထောင်ကျကုန်မယ်၊ ကဲ– ဘယ်မလဲ တရားဦးဟောမှာ ဟောလေ ....” ဟု လျှောက်ထားပြီး၊ လက်သီးဆုပ်ပြီး လက်ဖနောင့်နှင့် ဦးပဥ္စင်း၏ပေါင်ကို ထု၍ တောင်းပြန်လေ၏။

“အားလေး .... အားလေး ... ဟောရန်ဗျား၊ ဟောရမယ်၊ တရားဦး ဟောစေချင်ရင် တစုလုပ်ရမယ်”

“ဘာလဲ၊ ဟင်းနော်– ထမင်းမပါဘူး” ဟု လက်ညှိုးကို ပုတ်သင် ခေါင်းငြိမ့်သလို လှုပ်ပြရင်း ကြိမ်းလေ၏။

“ဘာမှ ဟင်းမနေနှင့်၊ လူဝတ်လဲပြီး နားထောင်ရမယ်၊ ဟိုတစနေ့က ဝတ်ပြသလိုလေ”

မသီလတာရီသည် သေတ္တာထဲမှ ထမီ အင်္ကျီများ ဝတ်ဆင်လိုက်သဖြင့် ငါးမိနစ်အတွင်း မယ်သွင်ဖြစ်လာလေ၏။ ခေါင်းကို ခေါင်းတုံး ပြောင် ဖုံးစေခြင်းငှါ မက္ကားပြန် ဓေတာတာရီမများ ခေါင်းစည်းသလို အဝတ်နက်ကလေးကို စည်း၍ထားလေ၏။ နောက် ကုတင်အောက်မှ ကြို့ကြို့ကလေး ပုတီးကိုင်၍ ထိုင်လေ၏။ ဦးသုစေလည်း သင်္ကန်းကိုရုံ တင်ပလ္လင်ခွေ၍ မျက်လွှာအောက်ချပြီး ကုတင်ပေါ်၌ ထိုင်လေ၏။

“အဟင်း .... အဟင်း .... ဦးပဥ္စင်းမှာ ဟောဒီ အရပ်ကို တကူး တက တရားဦးမှတ်ချင်လို့ လာရှာသော တကာမကလေး မယ်သွင်ကို တကယ်ခင်လို့မို့သာ ဟောရတယ်။ အင်း .... လူကလဲ နေမကောင်း၊ အချိန်ကလဲညဉ့်နက်သြောင်းခဲ့ပေါ့။ တရားခေါင်းလောင်းထိုးလို့၊ အကျိုး ရှိနိုင်ပါ့မလားလို့ စိုးရိမ်မိတယ်။ ကဲလေ .... တတ်နိုင်ပါဘူး”

“မှန်လှပါ .... နိဒါန်းနှင့်ပင် ကန်တော့ပွဲဘိုး ကြေပါပြီဘုရား”

“အဲ .... အဲ .... သိသာသိစေ မြင်စေနှင့် ဆိုတဲ့စကားကြောင့် ကန်တော့မဲ့ မြင်ရတာကြောင့် အများချီးမွမ်းဘို့ ကောင်းပေတယ်။ စ ပေါ့မယ်နော်၊ ဟုတ်လား .... တကာမလေးရဲ့”

ပဋ္ဌကလျာ ခြောက်ပစ်ကွာသည် အင်္ဂါစုဝေး ခြောက်ဆယ့်လေးတည့်။ ရက်ဆေးမကူ၊ စမ္ပူရွှေဥ၊ သိန်းတန်ရှုသား၊ ပဒုမ္မနီ၊ ဘုံခြောက်လည်မှာ၊ ပြိုင်ညီမရ၊ သုရိယစန္ဒာ၊ များစွာမဝေး၊ ရည်တာပြေးတည့်” ဟု မုံရွေးဆရာတော်က ကုသပျို့မှာ ရေးသားထားသည်ထက်ပင် ပို၍ လှကြီးလှ၊ ပကြီးပ၊ ယဉ်ကြီးယဉ်၊ ကျေးကြီးကျေးပေသော ....

(ဝါ)

အသာပြေးပြေး၊ ယဉ်ကျေးသွေးသည်၊ မောင်ထွေး နောက်မှသာ လျှင်၊ လာမည့်တာကို၊ မကြာချက်ချင်းပင်၊ သုံးတော်ရေချမ်း၊ စားတော် ကွမ်းကို၊ ရည်မှန်းအာသာပြင်၍၊ တန်ဆာဆင်သည်၊ မယဉ် ယဉ်ကြောင်းရှာ။ ။ရွာဆဲ ဒွယ်ဝိုက် သုံးဆင့်ကိုက်သည်၊ အလိုက်သုမှ ရာလို့ ဦးပဥ္စင်းတို့ ငယ်ငယ်က အော်ခဲ့ဟစ်ခဲ့ရတဲ့ ရတုပါကေးစုကို များများကြီးယခု အမှတ်ပြုစေသော .....

(ဝါ)

အချောအနု၊ ပုပုမြင့်မြင့်၊ အစန့်သင့်ကလေး၊ သေးသေးသွယ်သွယ် သပြေရို့အရွယ်၊ မငယ်လွန်း မကြီးလွန်း၊ စွန်းခြစ်တမျိုး၊ အထိုးခံ အုံးသီး၊ ဘုန်းကြီးကြိုက် မင်းကြိုက်၊ ကာလသားများနှင့် လေးလေးမျှ မထိုက်။ ရွာဆဲဝိုက် ရွာဆဲဝါဆိုတဲ့ ဦးပုညတလေမှာပါတဲ့ အပျိုများ ထက် ဆထက်ထောင်နေ၊ ချောပေသည့် ယဉ်ပေသော ....

နန်းရုံတကျာ ပဏ္ဏာခ၊ ခန်းမန္တလာရွှေရိုပ်စံ၊ ဝန်းဝန္နရ ငွေဗိမာန်လို၊ ပင်ရွှေထိပ်ပန် ပဉ်များပန်း၊ ကုန်ဆန်းကောလျော တကျော့မှန်ငယ်၊ မပေါ့သက်နှံ့ တော်လေးဘမရှော့ငြိမ်း၊ ကပိုကရို့ သုအနငယ်၊ စမ္ပူမတူ ပြိုင်သူလျှမ်း၊ အစုံ့အစုံ လိုင်ကြူပန်းသို့၊ ဆန်းဆိုသမျှ ခေါင်ထိပ်ခေါင်၊ ရှု့လေ ယဉ်လေ မြင်သူငေး၊ ခင်လေး ခင်ခင့် ယဉ်လေး ယဉ်ယဉ်–

ယဉ်တတ်ပါတဲ့နောင်၊ ပန်းချီရှူးတဲ့ ကော့ဗုန်းခေါင်ငယ်၊ တကျော့ ထုံးနှောင် ကောသီလျော့နှင့်၊ သုံးထောင်ထွာ လျော့လျော့ရွှေကောမိုင်၊ ပိတုန်းမင်ညွှန့်ဆိုင်၊ စံပုံရှားတဲ့ သိကြားမှိုင်ငယ်၊ သနားပိုင်ပိုင် စံစမ်းချင်လှလေး .... ဆိုတဲ့ တေးထပ်ကို ရေးစပ်တဲ့ ဆရာဟာ သူ့ရုပ်ကို မြင်ပြီးမှ ရေးတာလေလားလို့ တွေးမိလောက်အောင် တင့်တယ်သော ရုပ်အဆင်းရှိသော ထိုသူငယ်မ ဤသူငယ်မကား အဘယ်သူပါနည်း။ တကာမကြီးရဲ့ .... ပြောပါလေ ....”

“မှန်လှပါ၊ မသိပေါင်ပါဘုရား။ ဘုန်းဘုန်း ဘုရားက ဘယ်စာတော်ပေဟာတယ်လို့ အစကမပြောတော့ မတွေးတတ်ပေါင်ပါဘုရား” ဟု ခေါင်းငုံ့ရှင်းပင် ပြောလေ၏။

“တဲ့၊ .... ထိုလိုဤမျှ လှကြီးလှ၍၊ ယဉ်များကြေးမုံ၊ ချောဂုဏ်ထိပ်တင်၊ လှလွန်းကြင်သည်ကား၊ မသီလစာရော နာမော၊ မကြာခင် ခုနင်ကလေးက၊ တန်ဆာဆင် ပြုပြင်ပေး၍မို့၊ ကချေနာသွင် လှအမြင်ဝေးခဲ့တဲ့ သီလရှင်ကလေးသည်၊ အချစ်မောင်မောင် သူ့စွတ်ချွဲတာမို့၊ အသစ်ဆောင်ယောင် လှဝတ်လဲရှာရသည့် မသီလစာရီ အမည်ရှိသော သူပင်ခင်စစ်ကေန်၊ ငြင်းဆန်နိုင်အောင်၊ အတင်းမှန်၏တဲ့ .... သူ့ခေါ်လို့ ခေါ်ပါ တကာမရဲ့ ....”

“အို– မဟုတ်တာရှုတ်၊ ဘုရားဦးကလဲ ဟုတ်ဘဲနှင့် ခေါ်ပေါင်” ဟု ပြောပြီး စမ္ပကာထိကကို မော့၍ မျက်စောင်းထိုးနေလေ၏။

“အို .... ဘုရားဦးဆိုမှဘဲ။ ခေါ်ရမယ်။ မခေါ်ရင် ဦးပဥ္စင်း တရားရပ်မယ်”

“သူခေါ် ပါတဲ့ဘုရား သာစု .... ကဲ ....” ဟု ခေါ်၏။ ထိုအခါ အချိန်ကား နံနက် ၄–နာရီမျှ ရှိပြီဖြစ်၍ စမ္ပကာထိက ဘုရားဦးဟောနေသော နေရာနှင့် မိုင် ၂၀၀– မျှကွာသော ပြည်မြို့မှ နိဗ္ဗာန်ဆော်အချို့သည် “ဘာရွှော .... သပ္ပုရိသအပေါင်း သူတော်ကောင်းတို့” စသည်ဖြင့် ဆွမ်းအတွက် နှိုးဆော်ပြီးနောက် ....

“၎င်းပြင် နက်ဖြန်ည ရွှေဘုန်းပွင့်ဘုရား ပရဝုဏ်အတွင်း၌၊ ရန်ကုန်မြို့မှ ဒေဝတီ ဦးစောဘိုက တရား ဓမ္မကထိက အကျော်နှင့် ၎င်း၏ တပည့် ဦးသုစေတို့သည် “လာပါလာပါ ကြည့်ရဲ့” တရားကို ဟောကြားပါလိမ့်မည်။ မျက်မှောက် တရားတော်နာ ကြွရောက်တော်မူကြရန် နှိုးဆော်လိုက်ပါသည်။ သပ္ပုရိသအပေါင်း သူတော်ကောင်းတို့ ......” ဟု သာယာကြည်လင် ကျယ်လောင်စွာ အော်သံနှင့် ကြေးစည်သံကို ကြားရလေသတည်း။

**အခန်း။ ၉ ။**

## သိပ် ဂျ ဘိုး ကျ သော ဘုန်း ကြီး များ ။

ထွန်းရှိန်၏မိခင် မထွေးမယ်သည် ပြည်မြို့သို့ ဈေးဝယ် ရောက်ရှိလာလေ၏။ “ဒီတခါဖြင့် မညွှန့်ရဲ့ ထောက်ပံ့ပုံကို သေသေချာချာ သိခဲ့ရတော့မှာဘဲ” ဟု ရည်ရွယ်၍ ၎င်းမိခင်ကို မညွှန့်တိုက်သို့ အလည်ဝင်စေလေ၏။

“အမေရေ .... မညွှန့်ကတော့ သိပ်ကျောင်းနေစေချင်တာဘဲ။ အရွယ်လဲ ငယ်တော့ နေဘို့ချည် တတောတောပြောတယ်” ဟု မိခင်ကြီးယူခဲ့သော နံ့သာပုဂ္ဂက်ပျော လက်ဆောင်ခြင်းတောင်းကို မနိုင့်အနိုင်ဆွဲရင်း ဖေးလေ၏။

“ကွယ် .... ငါ့သားကလဲ မင်းလဲသိသားနဲ့။ အမေတို့ ဘယ်လိုလုပ်ပြီး ပို့မလဲ။ ရန်ကုန်မှာ ထားတယ်ဆိုတာ သိပ်ပိုက်ဆံကုန်တာကွဲ့။ အမေတို့မှာ ဝင်ငွေ ရှေးကထက် ဆုတ်ဆုတ်နေတာဘဲ ....” ဟု ပြောပြီး “ပေးပေး .... ငါ့သားလေးရှင် အမေဆွဲခဲ့မယ် ....” ဟု ဆွဲခြင်းတောင်းကို ပြန်တောင်းလေ၏။

“အို .... နေပါစေ။ ကျွန်တော် နိုင်တယ်။ ဘယ်လောက် လေးတာမှတ်လို့။ လန်ချားလဲ ငှါးပါဦးနဲ့လား အမေ ....”

“ငါ့သား သဘောပေါ့ လူလေးရယ် .... အမေတို့ကလဲ ငါ့သား ပညာတတ်အောင် ထားချင်တာပေါ့”

“သိပါတယ်၊ အကုန်သိတယ် အမေရဲ့။ သို့ပေမဲ့ ခုပုံကြည့်ရတာ မညွန့်ရဲ့ အကူအညီဘဲ ရမလိုလို၊ ပြီးတော့ အမေနှင့် ကြည့်ပြောပါအုံးမယ်တဲ့ ....”

“ဟော– သူက ထောက်ပံ့အုံးမတဲ့လား။ အင်တောန့်တော့ ကပ်စေးနဲတဲ့ မိန်းမဘဲကွဲ့။ ငါ့အမျိုးပါဘဲ။ သို့ပေမယ့် မင့်တော့ သိပ်ချစ်တယ်။ ချစ်သလောက် ထောက်မထောက်တော့ မပြောတတ်ဘူးပေါ့ကွယ်။ ပြောစမ်းပါအုံး၊ လာလာ အရိပ်ထဲက သွားရအောင် ....” ဟု ပြောပြီး မကျည်းပင်ရိပ်မှ ဆင်းသွားကြလေ၏။

“ဒီလို အမေရဲ့။ ကျွန်တော့်ကို သူက ခဏခဏ ကျောင်းဆက်နေဘို့ ရန်ကုန်ကောလိပ်မှာ သင်ဘို့ ပြောနေတော့ ကျွန်တော်က ကျွန်တော့် အမေအဖေ မပို့နိုင်ဘူး၊ ဆင်းရဲတယ်လို့ ဘူးခံနေတော့ သူက ဘယ်လောက် ကုန်မလဲတဲ့။ အမေတို့က ဘယ်လောက်ပို့နိုင်သလဲတဲ့။ ကျွန်တော်က နှစ်ဆယ်တော့ ပို့နိုင်မှာဘဲလို့ပြောတော့ မတိုးနိုင်ဘူးလားတဲ့၊ ကြပ်ကြပ်တဲတဲနှင့် သုံးဆယ်တော့ ပို့နိုင်ပါလိမ့်မယ်လို့ ပြောတာကိုး။ ဒီငွေနှင့် မလောက်ဘူးလားတဲ့။ ငါးဆယ် အဖျင်းဆုံး ကုန်မယ်ဆိုတော့ ချွေချွေတာတာသုံးဘို့ ပြောတယ်။ ကျွန်တော်က ကျောင်းလခချည်း ၃၀– ကုန်မယ်။ အိမ်က မပို့နိုင်ဘူးဆိုတော့ မင့်အမေနဲ့ ကြည့်ပြောအုံးမယ်ဆိုတာဘဲ ....” ဟု မိမိစိတ်ထဲ၌ မျှော်လင့်ချက်နည်းသော်လည်း ထွန်းရှိန်သည် သူ့မိခင်ကိုကား မျှော်လင့်ချက် အနည်းငယ် ပေးလေ၏။ သူ့အရင်က မျှော်လင့်ချက်ကလေးနှင့် ဝမ်းသာခဲ့သလို မိခင်ကြီးလည်း ဝမ်းသာစေလိုသည့် လက္ခဏာရှိ၏။ သို့သော် မိမိ မျှော်လင့်ချက်မဲ့တော့ ဝမ်းနဲ့သလို မိခင်ကြီး ဝမ်းနဲ့ကြေကွဲမည်ကို မတွေးမိချေ။

“အေး– ဒီလိုဖြင့် သူက ၂၀– လောက်တော့ လစဉ်ထောက်ပါလိမ့်မယ် ထင်ပါရဲ့။ သူကသာ ၂၀– ထောက်ရင် အမေတို့က ၃၀– တော့

ရှာကြံထောက်မယ်ကွယ်။ ခင်းကလဲချွဲ ငါကလဲ ပြောပေးမပေါ့ ... ပေး ကွယ် လုပေးမောနေပြီ .... အစမရှက်ခဲ့မယ်လေ ...." ဟု ငှက်ပျောသီး တောင်းကို တောင်းပြန်၏။

"ကိစ္စမရှိဘူး၊ ကျွန်တော် မဟောဘူး၊ ကျွန်တော့်ကံပေါ့လေ ...."

"နို့ ခင်းတို့သပိတ်မှောက်ကြတုံးက ခင်းကဘဲ အစမေတို့ဆီ စာရေး သေးတယ်ကွယ် .... ကျောင်းလခတွေ လျှော့တော့မှာတဲ့။ ကျွန်တော်တို့ ကျောင်းနေနိုင်မှာတဲ့။ ခုတော့ ဘယ်နှယ်လဲ၊ လျှော့ရဲ့လား။"

ခုထက်ထိ လျှော့သေးဘူးအစမေရဲ့။ လျှော့မယ်လို့ ပြောပြီး ကျောင်း သားတွေ ပြန်ခေါ်တာ။ သိပ်ညာကြတာဘဲ။ လျှော့လဲ သုံးလေးကျပ် ပါဘဲ အစမေရာ။ ကျွန်တော်တို့က ကျောင်းလခ မလျှော့ရင် ပြန်ပြီးမလာနိုင် ဘိုပြောကြတာဘဲ။ ဂတိကို ယုံပါတဲ့။ နောက်လျှော့မှာပါတဲ့။ ခေါင်း ဆောင်ကြီးတွေက ဝင်ပါဆိုတော့ ပြန်ဝင်ကြတာပေါ့။"

"အေး .... နောက် ဒါဆရာပေါ့ကွယ်" ဟုပြောပြီး၊ သားအမိ ငြိမ် သွားကြလေ၏။ မကြာမီ မစောညွှန့်ဆီ ရောက်ကြလေ၏။ မစောညွှန့် သည် ပေါ်ရွှေစွာနှုတ်ဆက်ပြီး သင်ဖြူးပေါ်တွင် ခေညှိခံလေ၏။ ငှက် ပျောသီးရတာ အလွန်ကျေးဇူးတင်ကြောင်း ပြောပေ၏။ နောက်ဘာဝယ် လာသလဲ၊ ဘာလဲ ညာလဲဖြင့် ဟိုနှယ်-သည်နှယ် ပြောရှေနေလေ၏။ တော၌ လယ်တွေ ယာတွေအကြောင်း မေး၏။ စကားများမှာ လိုရင်းမရောက်နိုင်သဖြင့် မထွေးမယ်မှာ စကားတွင် စိတ်မပါလှပေ။ သူက၍လည်း မပြောဝံ့ရှာပေ။ အကူအညီဆိုသည်မှာ ကူလိုသူက၍ ပြောမှ တင့်တယ်သည်ဟု ထင်နေသည့်အပြင်၊ ဤအရေးမှာ မစောညွှန့် ၍ ဆွေးနွေးခဲ့သော အရေးဖြစ်သောကြောင့် တကြောင်း၊ ပိုက်ဆံရှိသူ က ပိုက်ဆံမရှိသူသည် အကူအညီတောင်းရန် ပဓပ်မရဲလှသည်မှာ ဓမ္မတာဖြစ်နေ၍ တကြောင်း၊ မထွေးမယ်မှာ မစောညွှန့်အစကို စောင့်နေ လေ၏။ ထွန်းရှိန်မှာလည်း ပစပ်ဟောင်းလောင်းနှင့် လိုရင်းတရားစီရင် ချက်ကို စောင့်နေလေ၏။ သို့သော် တနာရီမျှ ကြာသော်လည်း ထွန်းရှိန်

ကျောင်းစကား မရောက်ရကား၊ ထွန်းရှိန်သည် "ငါရှိနေလို့ မပြောသေးတာဘဲ" ဟုတွေးခါ နောက်ဖေးသို့ ဝင်သွားလေ၏။

နောက်ဖေးတံခါးဝကနေပြီး မိမိဘက်ကို မျက်နှာလှည့်နေသော မိခင်ကို၊ မိမိအား ကျောပေးထိုင်နေသော မစောညွှန့် မြင်အောင် ထွန်းရှိန်သည် လက်ညှိုးထိုးပြ၏။ ပါးစပ်ကိုလည်း လက်ညှိုးထိုးပြလေ၏။ အဓိပ္ပါယ်ကား .... "ကျွန်တော့်အကြောင်းကို ပြောပါ" ဟု ဆို၏။

နောက် ထွန်းရှိန် ပြန်ထိုင်သော အခါလည်း မစောညွှန့်မှာ အကြောင်းအမျိုးမျိုးကို ရှာနေပြန်သဖြင့် မထွေးမယ်သည် ထ၍ နောက်ဖေးသွားပြန်၏။ ယခင်ကလို ထွန်းရှိန်ကို လက်ညှိုးထောင်ပြလေ၏။ မစောညွှန့်ကို လက်ညှိုး ညွှန်ပြလေ၏။ ပစပ်ကိုလည်း လက်ညှိုးထိုးပြလေ၏။ "မင်းပြောပါကွယ်" ဟုသော အဓိပ္ပါယ်ကို ဆောင်ပေ၏။

သို့နှင့်လည်း လိုရင်းမရောက်။ မထွေးမယ် သူ့နေရာပြန်ထိုင်၍ တအောင့်မျှကြာမှ မစောညွှန့်က ....

"ဩော် .... မောင်ထွန်းရှိန် တခမေးပွဲပြီးပြီ၊ အောင်လဲအောင်မှာပါဘဲ၊ ဘယ့်နှယ် ကျောင်းရှေ့ဆက်ထားကြအုံးမှပေါ့ .... " ဟု ပြောလျှင်၊ သားအမိနှစ်ယောက်သည် တယောက်မျက်နှာကို တယောက်ကြည့်နေကာလေ၏။ရင်မိုလာ၏။

"ရှေ့ဆက်ထားဘို့ ကြပ်နေတာဘဲ။ ကျမတို့ကလဲ ရှေ့ သိပ်ဆက်ထားချင်တာဘဲ။ ငွေရေးကြေးရေးက ကြပ်နေတယ်။ ဒါကြောင့် မဖြစ်နိုင်ပါဘူး မစောညွှန့်ရယ်" ဟု စကားခင်းလေ၏။

"သူပြောတာက တလ ၅၀-လောက် ကုန်မယ်ပြောတယ်။ နို့ .... တော်ဒါမှာ မနေဘဲ အရပ်ထဲမှာ အိမ်ပြန်အိမ်တားနေရင် မဖြစ်ဘူးလား။"

"မဖြစ်ဘူး မညွှန့်ရဲ့ .... အရပ်ထဲနှင့် မြို့က သိပ်ဝေးတာဘဲ၊ တမူးစရိုး ပေးရတယ်၊ ပြီးတော့ နီးတဲ့ ကာမာရွတ်နေရင်လဲ၊ ကာမာရွတ်ကို ကျောင်းက သပိတ်မှောက်ရမဲ့ နယ်မြေလို့ လုပ်ထားတယ်" ဟု ထွန်းရှိန်သည် ခေါင်းငုံ့၍ မြေသဲကိုပွတ်ရင်း ပြော၏။

“ဟုတ်ပြီ၊ တလရှင်တို့က ဘယ်လောက်ပို့နိုင်သလဲ”

“တလ ၂၀-- အစိတ်အပြင်က ပိုမတတ်နိုင်ဘူး မစောညွှန့်ရဲ့” ဟု ပြောပြီး သားမျက်နှာကိုကြည့်ကာ ရင်ထဲက ခုတ်ခုတ်နှင့် ခုန်နေလေ၏။ မစောညွှန့်လည်း ငြိမ်၍ငေးနေလေ၏။ သားအမိ နှစ်ယောက်ကား ညီတူသော အတွေးတခုကို စဉ်းစားမိကြ၏။ “ဒီကာန္တ ဘယ်လောက်ထောက်ရမယ်ဆိုတာ တွက်နေတာဘဲ” ဟု စဉ်းစားကြ၏။ သို့သော် နာရီရှိန်သည်သာ တတစ်တစ် သွားနေ၏။ မစောညွှန့် ပါးစပ်မှ စကားထွက်လာ။ ထွန်းရှိန်သည် ဤလို ဇဝေဇဝက်နှင့် နေရခြင်းကို မခံနိုင်။ ဤပိုးစုန်းမြူလင်းသလို တခါတရံလင်းသော မြှော်လင့်ချက်မျိုးကိုမခံလို၊ ဤဆိပ်ငြိမ်နေခြင်းကို မခံနိုင်။ သို့ကြောင့် အရဲစွန့်၍ ....

“ဟဲ .... ကျွန်တော်တို့ကတော့ ဒေါသအကူမရဘဲနှင့် ကျောင်းမနေနိုင်ဘူးလေ၊ မညွှန့်က ကူမလား၊ တလ ဘယ်လောက်ထောက်မလဲ။”

မစောညွှန့်သည် ခုချ၍ထိုင်ပြီး ....

“အင်း .... အရပ်ထဲနေဖြစ်ရင်တော့ တို့အမျိုးအိမ် တအိမ်ရှိတယ်၊ အဲဒီမှာနေဘို့တော့ အိမ်ရတာဘဲ” ဟုပြောပြီး အဆုံးသတ်သဖြင့် သားအမိနှစ်ယောက် ရင်ကိုဒူးနှင့်ဆောင့်လိုက်သလို သူတို့စမြာမှာ အောင့်သက်သက် ဖြစ်သွားကြလေ၏။ မိမိသားသည် ဘီအေအောင်၍ ဝန်ထောက်ကြီးဖြစ်လာတာကို မြင်ယောင်ယောင်တွေးခဲ့သော အတွေးသည် အတွေးမယ်ထံမှ ခြေရာပျောက် ပြေးလေ၏။ ဝန်ထောက်ဖြစ်လာသော အခါ ယောက္ခမလောင်းတွေက မိမိတို့ကို ငွေပေးပြီး သားကိုဝယ်ယူနေပုံကို မြင်ယောင်ယောင်ထင်မိသော ထင်ခြေမှာ မတွေးမယ်စိတ်တွင်းမှ ပျောက်ကွယ်သွား၏။

ကြီးမားသော ကျောင်းကြီးနှင့် အဖေါ်တွေနှင့်နေပုံ။ ခုပိုက်စကူး တုန်းကလို စာအုပ်တွေ တပုံတခေါင်းကြီး မကိုင်ရတော့ဘဲ၊ စာတအုပ်နှင့် ဖိုင်တခုကို ကိုင်၍ ကျောင်းတက်ပုံ။ အသင်းတွေ၌ ဆောင်ရွက်နေပုံ။ လူတွေအများကြီး အလယ်တွင် ထန်ထန်ကြီး စကားပြောနေပုံ

တအုပ်အမျိုးမျိုး ဘတ်နေပုံ။ ရွာကို ကျောင်းပိတ်ပြန်လာစဉ် အုံညြွာ ဆီးကြိုပုံတို့သည် ထွန်းရှိန်၏ စိတ်မျက်လုံး၌ ကြိမ်ဖန်များစွာ ပေါ်၍ လာလေ့ရှိ၏။ ထိုရုပ်ပုံများမှာ အထပ်လိုက် မီးနှင့် ရှို့ပစ်လိုက်သလို စိတ်မျက်လုံးများမှ ပျောက်ကွယ်၍ သွားလေ၏။ ထွန်းရှိန်မှာ တကယ် မျက်လုံးဖြင့် မြင်ဘို့ကို မဆိုထားဘိ၊ စိတ်မျက်လုံးဖြင့်မျှ မြင်ခွင့် မရှိတော့ပေ။

အတန်ကြာမှ သားအမိက "မဖြစ်ပါဘူး မနေနိုင်တော့ဘူး၊ ဆယ်တန်းနှင့်ဘဲ လုပ်စားတော့မယ်" ဟု ပြောကြလေ၏။

"ဒါထက် ထွန်းရှိန်ရေ နက်ဖန်ည ရွှေဘုန်းမွင့်ဘုရားမှာ တရားပွဲ ရှိတယ်၊ ရန်ကုန်က ကိုယ်တော်တွေတဲ့ ...."

"ဟုတ်တယ် .... ဘာအသုံးကျသလဲ ...."

"အို .... ဒီလိုမပြောနဲ့လေ ...."

"ဟုတ်သားဘဲ ဘာမှအသုံးကျတာတွေ မဟုတ်ဘူး၊ တရားဟောတာ က ကလက်တက်တက်နှင့် ဂါထာနှင့် အနက်ကို တေးဆိုသလို ဆိုနေကြတာဘဲ၊ တကာမတွေလာရင် ညုတုတုပြော၊ ရေတာတာလုပ်၊ သိပ်ဂျပိုးကျတဲ့ ဘုန်းကြီးတွေ ...."

"မင်းတော့ စမ္မအန္တရာယ် သင့်ကုန်ပါလိမ့်မယ် ...."

"ဘာသင့်သင့် သေသေ၊ ငရဲကြီးကြီး၊ မဟုတ်မဟတ်လုပ်တာတော့ ပြောရလိမ့်မယ်၊ ကျုန်တော် အာဏာပိုင်ဖြစ်ရင် ဒီလိုသာသနာ ဖျက်ဆီး နေတဲ့ဟာတွေ သတ်ပစ်မယ် .... ။ ဘာလဲ ဘုန်းကြီးတန်မဲ့ လူမျိုလဲ့ တယ်၊ ရီးစားတပေးတယ်၊ ကြိုက်တဲ့လူတွေကလဲ အုံပါ၊ ကမြင်းကို ကမြင်းလွန်းပါတယ် လင်မရတိုင်း ...."

"ဟဲ့ ကောင်ကလေး ...." ဟု သူ့မိခင်က သတိပေးသော်လည်း ထွန်းရှိန်ကား တားမရတော့ပေ။

"ကြည့်ပါလား အမေရယ် .... ဟောခဲ့တရားက (လာပါ လာပါ ကြေညံရဲ့ တရား) တဲ့၊ နားထောင်စမ်းပါဗျာ၊ သီချင်းဆိုပြမယ်

တရားထဲမှာ လူပျိုလို့၊ သမီးရီးစားကွဲနေလို့ လွမ်းခမ်းဆွေးခမ်းတွေပါမယ်၊ များများပြောဘဲ၊ ဒါမှ တရားနာတွေ ရီးစားစကား ပြောတတ်မယ်၊ ရီးစားထားတတ်မယ်၊ တဏှာကြွမယ်၊ ရေးတဲ့ စီနာလင်္ကာရကို ယသော်ဓယာကို အချီးမွမ်းလွန်တယ်။ စာဖတ်သူတွေက ဖတ်ရင်း ရာဂစိတ်ပွါးနေမယ်ဆိုပြီး သီဟိုဠ်ပညာရှိတွေက ပယ်တယ်။ သူ့ကို ဓကျူး၍ မပေးဘူးတဲ့၊ ရှေးကတော့ တရားမှာ ရာဂနဲ့စရတယ်၊ ခုတော့ ရာဂတဏှာ ကြွတာတွေမှ အကောင်းတဲ့၊ ဒါမှ စာတွေ အလွမ်းမိပြီး လူပျို လှုံ့နံ့တွေဖြစ်မယ်၊ တရားဟောတာတွေက အသုံးမကျတဲ့ပြင် တရားဟော ပုဂ္ဂိုလ်တွေက အကျင့်ယုတ်တာက မပြောနှင့်တော့၊ မိန်းမယူတာတွေ၊ တိတ်တိတ်ပုန်းနေတာတွေ သတင်းစာတွေမှာ မကြားဘူးလား၊ မန္တလေးမှာများ ဘုန်းကြီးတွေ မကောင်းတာလိုက်လို့ "မီးတချစ်တယ် ...." ဆိုတာတောင် ဘုန်းကြီးတွေ နားလည်နေကြတယ်၊ ဒါ ဘုန်းကြီးအလုပ်လား ....၊ တောက် .... စာရှင်ဘုရင်မရှိတာ သိပ်နာတာဘဲ၊ ဒီလို ဘုန်းကြီးမိုက်တွေ သင်္ကန်းချွတ်၊ ကြိမ်ဒဏ်ပေး၊ ကျွန်အလုပ်ခိုင်းဘို့ကောင်းတယ်။ ဒီတဏှာဘက်ကတင် ဘုန်းကြီးတွေ ပျက်တာမဟုတ်ဘူး၊ တိုင်းရေးပြည်ရေးလိုက်ပြီး ငွေစားကြသေးတယ်၊ မျက်နှာကြီးရာ ဟင်းဖတ်ပါကြသေးတယ်၊ ကြည့်ပါလား ဆရာတော်ကြီးတွေလုပ်နေပြီး ဘာမှ ဂတိမတည်ကြဘူး။ သူတို့မှာ ပါရာမီကံကို မယုံဘူးထင်ပါရဲ့။ တော်တော်ကြာ ၅၀၀၀-စား မုန်းပြန်ပြီ အမဲလုံးပစ်တော့ နန်းနန်းတက်အောင် လုစားကြတဲ့ ခွေးတွေလို သူတို့ကဆဲပြီး အဲဒီ ၅၀၀၀ စားတွေက အမဲလုံးအပုံလေးတွေ ပေးတော့ သူတို့ယူစားကြတာတော့ ဘာတဲ့လဲ၊ မြေလှူမှု၊ ကျောင်းလှူမှုတွေကလဲ မနဲဘူး။ လောလောချည်းဘဲ၊ ကဲ အမေ ကြာကြာပြောတော့ လွန်မယ်။ သွားကြစို့ ...."

"အို ... ထွန်းရှိန် လာတော့ လာပါအုံးကွယ်၊ ဒို့ဆီလာခဲ့ပါ မညွန့်ဂျင်းသုတ်ကျွေးချင်လို့ ...." ဟု ဆိုပြီး ငှက်ပျောသီးခွဲခြင်းတွင်

ကြီသကာ ၅ဝိ– သားလောက် ထည့်ပေးလိုက်လေ၏။ သားအမိလည်း ပြန်သွားကြလေ၏။

"အေးကွယ် .... ကံပေါ့ ပစ္စည်းပေါတဲ့လူနဲ့ ဆင်းရဲတဲ့လူပေါင်းရင် ဒီလိုချည်းဘဲ၊ အမေတို့က ငှက်ပျောသီး ၂– ကျပ်တန်လောက် ပေးတယ်။ သူတို့က ပေါဒီပယ် ကြီသကာ ငါးဆယ်သားလောက် ပြန်ပေးတယ်၊ ရန်ကုန်အိမ် အလကားနေရအောင် ကူညီမယ်တဲ့၊ သူဟာ အစားမပါသေးဘူးကွဲ့၊ သူ့ဆီသွားလိုက်အုံး အလိမ္မာဘက်ပြီး နေရတယ် ...." ဟု မိခင်ကြီးက လမ်းတွင် ဆုံးသေည်ကို ထွန်းရှိန်သည် စကားပြန်မပြောဘဲ .... လိုက်လာလေ၏။

အခန်း။ ၁၀ ။

## တ ရား ဟော ပွဲ တွင် " လာ ပါ လာ ပါ မ ကြည် ရဲ့ သီ ချင်း " ပြိုင်တူ ဆို ကြ ပုံ ။

ဦးသုစ္စသည် ပီးယားဆုပ် ဆပ်ပြာနှင့် သုံးကြိမ် သုံးခါ ချေးတွန်း၍ ရေချိုးပြီးနောက် အကန့်များစွာပါသော လက်ဆွဲအိပ်ကို တိုင်မှဖြုတ်ယူလေသည်။ ရှေ့ဆုံးအကန့်မှ မှန်ကလေးတချပ်ကို ထုတ်ယူ၏။ မှန်ကို စာပွဲပေါ်တွင် မိမိရှေ့ကထားပြီးမျက်နှာကို ရေစင်လေ၏။ နောက်ဆုံးအကန့်မှ ပေါင်ဒါဘူးကို ဆွဲယူပြီး ချိုင်းကြားနှင့် တကိုယ်လုံးကို လိမ်းကျံလေ၏။ နောက်ဆုံး အကန့်မှ ပင် ဟေစလင်ခနီး မျက်နှာခြယ်ကို ထုတ်ပြန်၏။ မျက်နှာကို ဖြူဖွေးညက်ညောသွားသည့် တိုင်အောင် လိမ်းလေ၏ မှန်ထဲတွင် ဦးသုစ္စသည် ဖြူဖြူဖွေးဖွေး မျက်နှာချိုကလေးကိုကြည့်၍ပြုံး၏။ မိမိပါးကိုရွှံ့၍ မှန်ထဲကအရိပ်ကို ကြည့်၏။ ပြီးလျှင် မျက်စောင်းထိုးကာ မှန်ထဲက မျက်စောင်း ပြန်ထိုးပုံကို ကြည့်ပြန်လေ၏။ "လှမ်းရောကလေး ဟောရင် ဒီလိုမျက်နှာ ထားရမယ် ...." ဟု ညှိုးငယ်သောမျက်နှာကို ဖန်တီးပြန်လေ၏။ ပြုံးကြည့်လိုက်၏။ မိမိပြုံးပုံကလေးသည် သူတကာ ပြုံးပုံနှင့်တော့ အများကွဲလှ၏ဟု အောက်မေ၏။

ကောဇါ ပန်းကလေးလို အာသာငန်းငန်းတက်စေမည့် မျက်နှာ ဖြစ်သည်ဟု ထင်၏။

ပိုးသက်နှင်းကို ဆင်ခြင်၏၊ ဦးသုစေသည် ပိုးသက်နှင်းကို ပခွင်းတက်စကာ ရခဲ့၏။ ယခုအခါလောက် ပိုးသက်နှင်းနှင့် ပျော်ကန်သော အခါအခွင့် မပေါ်ခဲ့သေးချေ။ ယနေ့ကား သူ့အတွက် နေ့ထူး နေ့မြတ်တည်း။ သူတသက်လုံး ကြိုးပမ်းအားထုတ်ခဲ့ရသော လုံ့လ၏ အသီးအနှံကို ချူရမည့်နေ့တည်း။ အစ္စတာ့ရ ယနေ့မှအစပြု၍ ဓမ္မအနုတရား အစဉ်ကို နားဝင်းအောင် ဟောပြမည်။ ဓမ္မကထိက ဖြစ်ရတော့မည် ဘုရား- ဘုရား .... ၊ မွဲဦးကောင်းပါမှ ဟောရမည့်မြို့မှာ နယ်နယ်မြို့မဟုတ်၊ ရာဇဝင် အစောင်စောင်မှာ စာတွင်လို့ပြောခဲ့သော ဒွတ္တဘောင်နေနွယ်ဆိုးခဲ့သော မြို့ကြီးဖြစ်ပေသည်။

ဦးသုစေမှာ ခက်ဘီးစီးသင်သူ တွေးသကဲ့သို့ တွေးမိ၏။ အင်း နောက်ကတွန်းပေးမဲ့ လူရှိသော်လဲ၊ ငါလက်ကိုင်လွဲသွားရင် လဲဘို့ဘဲရှိတယ်။ ငါထိုင်ခုံပေါ်မှာ ဖင်မငြိမ်ရင်၊ ဒူးပြဲဘို့ပြင်ပေတော့ဟု စက်ဘီးစီးသင်သူကား တွေး၏။ အင်း .... ဦးဇောတိက ကတော့ နောက်ကတွန်းပေးနေမှာဘဲ၊ သို့ပေမယ့် ငါ- ငါ့တရားငါ ကောင်းကောင်း မထိန်းနိုင်ရင် ငါအရှက်ကွဲဘို့ဘဲ၊ အခြေလှလှ၊ အချိုးကျကျ ဟောနိုင်ဘို့ သိပ်လိုတာဘဲဟု တွေး၏။

"ကဲလေ .... မကြောက်စေ့၊ အတင်းမိုတ်ပြီးမှ ငါတတ်မှာဘဲ၊ မှားမှာတွေ ဘာတွေ မကြောက်ဘဲ အတင်းစွတ်ကြဲပြီးဟောမှ ငါနိုင်မယ်လေလေ့ ငါနိုင်မယ်"

ဦးသုစေသည် နာရီကို မော့ကြည့်၏။ ခြောက်နာရီ ထိုးခါနီးမျှသာ ရှိသေး၏၊ တရားဟောဘို့ တနာရီခွဲမျှ လိုသေး၏။

သူသည် စာရွက်ကလေးတခု ထုတ်ဘတ်၏၊ နိဒါန်းပြောဘို့ တရားစကားကလေးဖြစ်၏၊ ဦးဇောတိက ကိုယ်တော်က ရေးပေးထား၏၊ နှစ်ခေါက်မျှ ဘတ်လျှင်ပင် စိတ်မဝင်နိုင်၊ သူ့စိတ်သည် မုန်ကလေး

လိုပြစ်ခါ၊ မှန်တွင် ဘုရားနာပရိတ်သတ် ပလ္လင်မြင့်ဘုရားနာခံ၊ ရွှေဘုန်းပွင့်ဘုရားများသည် ပေါ်နေလေ၏၊ မထေကော ကုတင်ပေါ်တွင် ခေါင်းခေါင်းကလေး အိပ်၍ တဘာတ်၏၊ ဘတွင် စိတ်ကိုသွင်း၍မရမှ ထလေ၏၊ တခုံတရာကို သတိရလာ၏။

အခန်းပြင်ဘက်ထွက်၍ ကွမ်းစား၏၊ ရှားသီးများများထည့်၏၊ ရှားသီး သတ္တိကား၊ ကွမ်းသွေးကို ပိုမိုနီစေ၏၊ ကျောင်းရှေ့ ပြတင်းပေါက်ဝမှာရပ်၍ ကွမ်းသွေးထွေး၏။ လူတစုသည် မြောက်ဘက်ဆီသို့ သွားနေကြသည်ကို တွေ့ရ၏၊ ဘုရားပွဲသွားတဲ့လူတွေဘဲဟု ထင်မိလေ၏။ ကွမ်းသွေးသုံးခါမျှထွေးပြီး အခမ်းတွင်းသို့ ဝင်လာပြန်၏၊ မှန်ကို ထုတ်ကိုင်ပြန်၏၊ နှုတ်ခမ်းကလေးများနီအောင် ကွမ်းသွေးစွပ်၍နေသော လျှာကိုထုတ်၍ မှုတ်၏၊ မျက်နှာချေကလေးက ခပ်ဖွေးဖွေး၊ နှုတ်ခမ်းကလေးက ခပ်နီနီ၊ ကတုံးကလေးက ခပ်စိမ်းစိမ်း၊ နာရိုကို ကြည့်ပြန်၏။

လေးဆယ့်ငါးမိနစ်မျှ လိုသေးသည်။ သူ့စိတ်ကား မအေးနိုင်ချောက်ချားနေ၏။ ဘုရားစာကို ပြန်ဘတ်လေ၏၊ နောက်အိပ်ယာပေါ်တွင် ပက်လက်လှန်၍ မျက်စိမှိတ်ပြီး ဘုရားပြန်ရွတ်၏၊ "အခြား ..... ရပြီ" ဟု ဝမ်းသာဆဲ။

"ဟေ့လူ –သွားကြစို့" ဟုသော ဦးစောတိကခေါ်သံ ကြားရသဖြင့် ငေါက်ခနဲထပြီး လိုက်သွားလေ၏၊ ဥညဝတီက လမ်းတွင် စကားတွေဖောင်ဖွဲ့ပြော၏။ ဦးဥညဝတီ စကားပြောသည်မှာ ဦးသုစအအတွက် ခိုင်ကြီးသံလောက်မှအဓိပ္ပါယ်မပေါ်ချေ။

လမ်းတွင် ပြည်မြို့ ညစျေးကလေးကို ရောက်သွားရရာ၊ အညာသူမှန်းဟင်းခါးသည်တယောက်က "ခြော်– ဒီကိုယ်တော်ဘဲ ထင်ပါရဲ့ ဘုရားဟောမှာ ရုပ်ကလေးက သပ္ပါယ်ရန်ကော" ဟု ထောမနာလိုက်လေရာ၊ ထိုစကားများသည် ဦးသုစနားသို့ ပေါက်ကြားသွား၏၊ "အသံကတော့ မိန်းမသံဘဲ၊ ငါ့ကိုသပ္ပါယ်တယ်တဲ့၊ မှန်း ဘယ်မိန်းမ

ပါလိမ့်" ဟု အသံလာရာသို့ ကြည့်လိုက်ရာ၊ အသံသာသလောက် ရုပ်ဆိုးသော မုန့်ဟင်းခါးသည်ကို တွေ့ရမှ ဒေါ်မွသွားဏ်၊ နင့်လောက် အရုပ်ဆိုးတဲ့ အကျည်းတန်မကာ ငါ့ကို မချိုးမွမ်းနှင့်၊ ငါ့ဆဲတာထက် နာသေးတယ်" ဟုသော အဓိပ္ပါယ်ကိုဆောင်သည့် မျက်စောင်းဖြင့် မုန့်ဟင်းခါးသည်ကို ထိုးလေဏ်။ မုန့်ဟင်းခါးသည်လည်း ဘုန်းကြီးကို ကြည့်ရင်း ဟင်းရိုးအိုးနုစမ်းကို ဇွန်းကြီးနှင့် ခေါက်ခေါက် ခေါက်ခနဲ နာနာကြီး သုံးကြိမ် ဖိုက်လိုက်လေဏ်။

ဦးသုခသည် ဘုရားဝင်းထဲသို့ ရောက်လေရာ၊ ခဲနေသော ပရိတ်သတ်ကို မြင်သဖြင့်၊ မျက်လုံးပြာသွားလေဏ်။ ဗိတ်နဲ့နဲ့အေးရန် ခေါင်မိုးရောင်များကို ကြည့်လိုက်ရာ၊ ပို၍ မျက်စိပြာသွားဏ်။ ရလာသမျှ တတွေကို ပုဒ်မပါ မကျန် ဓမ္မလေဏ်။

"ကဲ– ဦးပဉ္စင်း စင်ပေါ်ကြွ ကိုယ်တော် သိပ်နားနေဘို့ အချိန်မရဘူး" ဟု အသံဝဲဝဲဖြင့် ရှိုင်ဒါယကာတဦးက တောင်းပန်လိုက်ဏ်။

"နေအုံး .... နေအုံး .... ဦးပဉ္စင်း ညကျင်းသုပ်ကလေး ဘုန်းပေးပါအုံး၊ သူရွှေးကတော် ... ခြော် ... ခြော် ... ရောင်လို့၊ သူရွှေးမစတော့ညွှန့်ကောင်းမှုပါ ဘုရား" ဟု ညကျင်းသုပ် ပုဂံကလေးကို ကပ်လာပြန်သဖြင့် ဗိတ်မောခြင်းကို ပြေပျောက်ရန် အချိန်ရလေဏ်။

နောက် စင်မြင့်ပေါ်သို့ တက်လိုက်ဏ်။ ပလ္လင်ရှေ့နား၌ ယောကျ်ားကြီး နှစ်ဆယ်ခန့်မျှ ရှိလေဏ်။ သူတို့နောက်မှာကား ကုမ္မာရီတရားနာတို့သည် များစွာရှိကုန်ဏ်။ အချို့မှာ ယောင်္ကျားဘက်ကလေးတွေနှင့်ဖြစ်ဏ်။ ဒေါ်ခက်ဆိုသော ဈေးကြီးသုကား သောက်ရှုနေသော ကွမ်းသီးဘက်ဆေးလိပ်ကြီးကို အောက်ချပြီး ဆရာတော်ကို ဦးတိုက်ဏ်၊ ရွှေတောင်မြို့မှညွှန့်ညွှန့်သည် အနားက ယောင်္ကျားလှလှကို လက်တို့၍ "ဦးပဉ္စင်းကလေးက ရုပ်ချောချောဘဲ ပိုသက်နုန်းနှင့်နော်" ဟုဆိုဏ်။

ဦးသုခမှာ တရားအစကိုရှာဏ်၊ ရှာမတွေ့၊ ပါဠိရော အနက်ရော အားလုံး ထွက်ပြေးကြဏ်၊ ခက်လေပြီ၊ မျက်စိမှိတ်၍ စဉ်းစားဏ်၊ မရ။

ဖွင့်ပြန်၏၊ မရေမရာ၊ မထင်မရှားစွာ ပရိသတ်ကြီးကို မြင်ရ၏၊ ပရိတ်သတ်ကို ကြည့်ရသည်မှာ လင့်စင်မှနေ၍ မျောင်းရိုးခင်းကို ကြည့်ရသလို ထင်မိ၏။ ဘာမျှ ကွဲကွဲပြားပြား မမြင်ရ။

"ကဲ .... သီလယူကြစို့" ဟု အော်သံကြားရလျှင် သာ၍မိန်းသွား၏၊ နောက် ပရိတ်သတ်က "ဩကာသ– ဩကာသ" နှင့် ဆိုကြမှ၊ ပော– ငါ့အလှဲ့မဟုတ်သေးဘူး။ အင်း ... အင်း ... သီလပေးရမယ်။ ကဲ ဟာ– မကြောက်ဘူး သီလလောက်တော့ ခဏ ခဏ ပေးနေတာဘဲ" ဟု စိတ်ကိုတင်းလိုက်လေ၏။

သီလပေးပြီးနောက် တော်တော်ကလေး ကုလားထိုင်နတ်ကပ်လာပြီး။

"ကဲ .... တကာကြီး"

"ဘုရား ...."

"တကာကြီး တရားနာခံ မဟုတ်လား"

"မှန်ပါ ဘုရား ....."

"တကာကြီးနာမည်က ဘယ်လိုလဲ"

"ငဘိုးစန့်ပါ ဘုရား" ဟု မေးရင်းမေးရင်း လျှာရဲလာလေ၏။ ပရိတ်သတ်ကို ဂရုမိုက်ရောမရှိဟု စိတ်ကိုတင်းပြန်၏။

"တကာစန့်"

"ဘုရား ...."

"ဩော် ..... ဦးပဥ္စင်းမှာတော့ အသက်ကလဲငယ်၊ ဝါကလဲငယ်၊ ပညာကလဲ ငယ်သေးတယ် တကာစန့်ရဲ့ သို့ပါသော်လဲ မြန်မာပြည်ကြီးမှာရှိတဲ့ ဗုဒ္ဓဘာသာဝင် အမျိုးသား အမျိုးသမီး၊ အကိုကြီး အမကြီး၊ ညီငယ် ညီမငယ် အားလုံးတို့သည် တရား ဓမ္မနှင့် ကျွမ်းကျင်ကြပါစေ။ ဘုရားတရားတော်ကို သက်ဝင်ယုံကြည်ရသဖြင့် အကျိုးထူး ပွါးကြပါစေ၊ အကျင့်သီလ ပြည့်ကြပါစေ။ ချမ်းသာကြပါစေ။ ဥစ္စာစီးပွါး တိုးကြပါစေ၊ ကြက်သရေ ပေါ်များကြပါစေ .... ဆိုတဲ့ စေတနာက ပြင်းပြလို့

.... အဟမ်း .... တောက်တောက်လဲ တတ်သမျှဖြင့် ဟောမယ်။ မသိသော်လဲ သိသမျှ ဟောမယ်ဆိုတဲ့စိတ်ထားနှင့် ဓမ္မကထိကဘဝကို ဝင်ခဲ့တယ် ဒကာကြီးရဲ့။ (မှန်လှပါဘုရား) ဓမ္မကထိကဘဝကို ကနေ့မှစပြီး ရောက်တယ်။ ဟောဒီ ကြက်သရေရှိတဲ့ နေမြစ်နှယ်လာ မဟာသမဏများရဲ့ စိုးစံတော်မူရာ၊ သရေခေတ္တရာမြို့ကြီးမှာ တရားဦးဟောရလို့မို့။ လောကမှာ ဒါထက်ကြက်သရေရှိတာတော့ မရှိတော့ဘူးကို ဦးပဉ္ဇင်းက ထင်မိတယ် ဒကာခန့်ရဲ့။ (ကြက်သရေရှိလှပါတယ် ဘုရား) ကောင်းပြီ ကောင်းပြီ။ ဒီတော့ ဦးပဉ္ဇင်းမှာ ပညာကလဲ မရင့်လှသေး၊ ဗဟုသုတကလဲ မများလှသေး။ ဓမ္မကထိကဆိုတာလဲ အစအဦး မွေးခါစကလေးမို့ ဦးပဉ္ဇင်းဟောလို့ ပြောလို့ အမှားပါခဲ့သော်။ ဒကာ ဒကာမ ညီငယ် ညီမငယ်များ ယုဝတီကုမ္မာရီ ယောဂီကျေန်ပေါ့လေ။ ဦးပဉ္ဇင်းကို အပြစ်ခွင့်လွှတ်ကြပါ ဆိုတာကို တောင်းပန်ရတယ် ဒကာကြီးရဲ့။ (တင်ပါ့ဘုရား) အစုတခါမှားရင် နောက်တခါမှန်မယ်။ အစုတော်တော်ကောင်းရင် နောက်တခါ ဒါထက်ကောင်းမယ်လို့ တွေးကြ ယူကြဘို့ ဦးပဉ္ဇင်းက မေတ္တာရပ်ပါတယ်နော်" ဟုဆိုပြီး ခဏရပ်နေ၏။ အဝကို ခဉ်းစား၏။

"တပည့်တော်တို့ ပြည်မြို့သူ ပြည်မြို့သားတွေဟာ မရိုင်းပါဘူးဘုရား။ မှားလို့ ခဲနှင့်မပေါက်ပေါင်ဘုရား၊ မသကာ အတင်းပြောရုံပါဘုရား .... " ဟု ဆိုလိုက်ရာ "ဝေါ" ကနဲ ရယ်လိုက်ကြ၏။

ဒကာမကလေးများသည် "ဪ .... ဝါကလဲ ငယ်ငယ်ဆိုဘဲ။ ပြီးတော့ တရားကလဲ ခုမှဟောသတဲ့။ သနားစရာ ကလေးဘဲနော်" ဟု တီးတိုးပြောကြလေ၏။

"အဲဒါကြောင့် ဒကာခန့်ရေ"

"ဘုရား .... မိန့်တော်မူပါဘုရား"

"ဝလိုက်ကြစို့"

မနုဿတ ဏ္ဍဝလောကေ၊ လောဂမမနောရမာ၊

အနာဂတာ ခုဏ္ဍသန္တော၊ နိရယေစနိမုဉ္ဇတိ။ ။

ဆိုတဲ့ .... ဂါထာသည်ပင် .... ဇာသံနှင့် ဘာသာပြန်လိုက်တော့၊ လာပါလာပါ မကြည်ရဲ့ ဆိုတဲ့ သီချင်းလို ဖြစ်ရတယ် တကာခန့် ....

"ဘုရား ...."

"လာပါလာပါ မကြည်ရဲ့ဆိုတဲ့ သီချင်းများ ရေဘူးလား ...."

"ရပါရဲ့ ဘုရား ....."

"ကဲ .... တကာခန့် ဆိုပြစမ်းပါ" (ဝေါကနဲ ရယ်ကြ၏)

"ရပါသော်လဲ မဆိုဝံ့ပေါင်ဘုရား ...."

"ဟော .... တကာခန့် ဘာလန့်သလဲ၊ သီချင်းဆိုတာ ဘာကိုလန့်ရမလဲ။ ပြီးတော့ ဒီသီချင်းကို ကမြင်းကြောထချင်လို့ ဆိုတာမဟုတ်ဘဲ။ ဘာရှက်ရမလဲ။ သီချင်းကပင် တရားကိုပြလျက်ရှိကြောင်း ထင်ရှားအောင် ဆိုရတာကို ရှက်တာများ အံ့သြပါရဲ့ တကာခန့်ရယ်။ ကဲ .... ဘယ်သူ ဆိုရဲကြသလဲ" ဟုမေးပြီး ပရိသတ်ကို စေ့စေ့စပ်စပ် ကြည့်မိ၏။ လှုသူကဲ့ပြားစွာ မြင်ရလေ၏။ အကြင်ယုဝတီ ယောဂီမ ယောဂီထီး ဘုတာကြီး ဘုတာမ တစုလပ် တခြံကျော် သေသည်ဖြင့် ပါဝင်မွှဲ့စည်းအပ်သော ပရိတ်သတ်၏ စည်ကားပုံကို သိလေတော့၏။ တကာမကလေး တစုဘက်ဆီသို့ ရဲရဲကြီးပင် ကြည့်ဝံ့လေတော့၏။ မျက်စိပြာသည်မှာလည်း လုံးလုံးပျောက်ခဲ့၏။ ပရိသတ်ကား ဘာမျှမဖြေကြ။ တွေ၍သာ နေလေ၏။

ဦးသုစောသည် ရှေ့နားက ပုတီးအကြီးနှင့် အဘိုးအိုအား လက်ညှိုးညွှန်၍ မရေဘူးလား တကာကြီး ... ဟု မေး၏။ "မရပါဘုရား" ဟု ဖြေ၏။ နောက် ဆေးလိပ်ကြီးနှင့် မှိန်းနေသော ဒေါ်ဖျော့ကို မေးပြန်ရာ၊ "တစက်တချက်ဘဲ ရပါတယ်ဘုရား" အဖြေကို ရလေ၏။

"မဖြစ်သေးဘူး တကာမကြီးရဲ့၊ ကဲ .... ဘယ့်နှယ်လဲ ဟိုဘက်က နမကြီး နမလေးများ ကကော၊ အပျော်အပါးများ ဆိုရင်ဖြင့်၊ ဘယ်ကျောင်းပွဲ ဝင်ဆိုရတာနှင့်၊ ညာ ကျောင်းပွဲ ဆိုရတာနှင့်။ ဒင်နာပါတီမှာ ဆိုရတာနှင့်။ ဩော် ..... စွမ်းကထိက ကဘဲ ခေရောလား။ သာသ

နာကြီး ကံကပင် ခေလေရောလား မပြောတတ်တော့ဘူး။ သာသာနာ ညည်ပင်လို့ ခေန်းတစုဖြစ်တဲ့ နေရာမှာတော့ သီချင်းကို ဆိုဝံ့သူ မပေါ်ကြတော့ဘူးတဲ့လား။ ဒီသီချင်းဟာ ရှေးက တရာတန်ရင် အစု တကျပ်ငွေတန်မှာဘဲ။ ဒီသီချင်းဆိုလို့ ရှေးက ကုသိုလ်မရ ငရဲပင်ကြီးစေခဲ့ကြသော်လဲ၊ ခုဆိုရင် ကုသိုလ်ပွါးများလို့ တရားရနိုင်ကြမယ်။" ထိုသို့ မိန့်တော်မူလျှင်ပင် တကာမကာလေးများမှာ ဘုန်းကြီးကို သနားသလိုလို အားနာသလိုလို ဖြစ်လာကြ၏။ တရားအတွက်တော့ မငံ့ဆိုတာဟာ အဲ့ဈရာကောင်းတယ်ဟု ထင်လာကြ၏။ သတို့ကလေးများ ဝင်လာကြပြီး တယောက်ကိုတယောက် ကြည့်ကြပြန်၏။ "ကဲပါဗျာ .... ဒီမှာ တရားနာကြွလာကြတဲ့ တပည့်မနှင့် နမကြီးများကတော့ ဒီပြင် မိန်းကလေးတွေနှင့် မတူဘူးလို့ ဦးပဥ္စင်းအယူရှိတယ်။ ကုသိုလ်ရေးလုပ်ရာမှာ မရှက်ဘူး မကြောက်ဘူးလို့ အယူရှိတယ်။ ကဲဗျာ .... ဆိုကြစမ်းပါ တယောက်ထဲ မဆိုဝံ့ရင် အများဝိုင်းဆိုကြပေါ့ ...." ဟုပြောပြီး ပြုံးပြုံးကြီး ကြည့်တော်မူ၏။

မိန်းကလေးများသည် ဆရာတော်ကို ကြည့်လိုက်၊ အချင်းချင်း ကြည့်လိုက်၊ နောက်ပြီး ခေါင်းငုံ့လိုက်၊ လက်တို့ကြလိုက် နှင့်နေစဉ် ...

"ကဲ .... ဆိုကြမလား ...."

အတန်ကြာသကာလ .....

"တင်ပါ့ဘုရား ....." ဟု လျှောက်ကြမှ ....

"သာဓု .... သာဓု .... သာဓု၊ ကဲ .... ကြိုးစားကြပါ"

"အဟန်း .... အဟန်းနှင့် အသံပြင်ကြပြီး "လာ" ဟူသော စကားတခွန်းတည်း တယောက်ထည်း ပေါ်လာသဖြင့် ဝိုင်းရယ်ကြလေ၏။ နောက်မှ သီချင်းဆိုကြမည့် ယောဂီအချို့နှင့် ယုဝတီအချို့သည် ညှိပြီး အသံပြင်ကြလေ၏။ သူတို့သည် လက်ကလေးထောက်၊ မျက်နှာ အောက်ချ၍ "ကဲ .... ဆိုကြစို့" ဟု သံပြိုင်ဆိုကြလေ၏။

(လာပါ လာပါ မကြည်ရဲ့၊ တကယ်စောင့်တဲ့အချိန်၊ မလွယ်ပေါက်နှင့်အိမ်၊ ဝင်တော်မူပါ ကလိန် ကလိန်၊ ကြိမ်ကြိမ်ပျိုပြောလို့၊ ဘကြီးသားသဘောက (စောစော ရွှေဥာဏ် ချိန်မချိန်) မကြည်က ချစ်ရက်နှင့် တယ်အတဲ့ နတဲ့ ကလိန်၊ မအိပ်နိုင် တလိန့်လိန့်၊ မစားနိုင်ပျိုပိန်၊ ကိုကလိန် ဦးတော်ချလို့ နှိမ်။)

"ကဲ .... ကဲ .... တော်လောက်ပါပြီ၊ သာခုဈာ ... သာခု၊ ဘုန်းကြီးလို့ သက်ရှကြပါစေ၊ အဲဒီသီချင်းကို ဝေဖန်ကြည့်လိုက်တော့ ဉာဏ်ကမ္ဘာလောကကြီးဟာ တကယ်စောင့်ခါ ချန်ကြတဲ့ မလွယ်ပေါက်နှင့်အိမ်နှင့် တူပေတယ်။ လောကကြီးဟာ အာဂမနောရုမဆိုတဲ့ ဂုဏ်ပုဒ်ကြီးနှင့် ပြည့်သောကြောင့်၊ လာပါ လာပါ မကြည်ရဲ့ ဝါ– ဘယ်သူ့ရဲ့လို့ခေါ်သလိုဘဲတဲ့၊ ဝင်မိပြန်ရင်လဲ "ဝင်တော်မူပါ ကလိန်လိန် ကြိမ်ကြိမ်ကြည်ပျိုပြောလို့"။ အကြင်သူသည် ဝင်မိသည် ဖြစ်ငြားအံ့၊ လွတ်ပေါက် ထွက်ပေါက် မမြင်ရလောက်အောင်ဘဲတဲ့။ ကလိန်ဆိုတာကတော့ .... ကလိန်ခေါ်သံကရောတီတီ ကလီကမာဆိုတဲ့ ဝိဂြိုဟ်အရ မဟုတ်မဟတ် လုပ်ဆောက်ဆင်ပြီး တွင်တွင်ကြီး အလွတ်ရုမှုကြသည့် သဖွတ်အုတွေ– သတ္တဝါတွေကို ကလိန်ကြီးလို့ ခေါ်ခြင်းဘဲဖြစ်တယ်။ မစားနိုင် တလိန့်လိန့်၊ မသောက်နိုင် ပျိုပိန်ဆိုတာကတော့၊ လောကကြီး ဝင်မိတဲ့နောက် သတ္တဝါတွေမှာ ကလိန်မှု၊ မွေလီမှုတို့ကြောင့် နောင်အခါ၌ ထုပြောလှတဲ့ ဒုက္ခတွင် မြုပ်ကြ နစ်ကြလေတယ်တဲ့။ ကြားလားတကာကြီး။"

"မှန်လှပါဘုရား ....။"

"ဒါလို့ တရားနှင့် ယှဉ်တာကြောင့်၊ ပေါဒီသီချင်းရဲ့ တန်ဘိုးဟာ အဘိုးဖြတ်နိုင်အောင် တက်သွားပြီး မကြောက်ရွံ့ ကုသိုလ်ရေးမို့ ကြီးတးရှာရတဲ့ တကာမများမှာ၊ ကဲ .... ခုချက်ခြင်း ကုသိုလ်တွေ ဘယ်လောက် ပွါးသွားသလဲပေ့။ ကုသိုလ်ဆိုတာ ယူတတ်မှ။ ကုသိုလ်ပြကြရတဲ့ ပေါဒီက တကာမလေးတို့မှာဖြင့် ပစ္စည်းဥစ္စာ တိုးတက်၊ ကြက်

သရေတိုးတက်၊ သည့်ထက်သည် ပိုမိုလှကြလို့ ရုပ်ရည်လဲ တိုးတက်မှာ ဘဲနော်။ ရုပ်ပိုလို့ ချောကြတော့သာ ဦးပဥ္ဇင်းမမေ့ကြပါနှင့်လို့ ဆိုတောင်း ရတာဘဲ။ အဲ– ဒါကြောင့် ......

❖ ဣစ္စလောကေ၊ ကောင်းမြတ်တဲ့တရားတွေ ဖယ်ကာထား၍၊ မကောင်းတဲ့တရားတွေ တွယ်တာလိုက်စား၊ မိုက်မှားလိုက်စား မိကြပါသဖြင့် ထယ်ထယ်ဝါဝါသမားတွေ ဆောင့်ကာ ချိန်ကြတဲ့ မလွယ်ပေါက်အိမ်ကြီးနှင့် အလားတူပေထသော ဤလောကကြီးထဲ၌၊ အာဂမမနေရာရှာ၊ အာဂမမနေရာရှာ၊ လာမယ် လာမယ်ဆိုရင် ဘယ်ကမှ မလွတ်ရပါဘဲ ရွတ်ရွတ်ကျွတ်ကျွတ် တအားခဲ၍၊ အများဘဲ နှစ်သက်ကုန်ထသောလောမာ၊ ဆွတ် ဆွတ် ဖြူကောသာကျသော်လဲ သရွတ်အုမတွေ့ပမာထာပါဘဲ အရေထာဝရ အထူးအတွေ့ ချိန်ကြတာကြောင့် သတ္တဝါတွေမှာ လေ ဦးရွေကလိန်ကြီးနှင့် အလားတူပေထသော နေ့သသ၊ သူ့ ကိုလဲငါညာ ငါ့ကိုလဲ သူညာ အခါခါအထူးပြောင်းကာလိုက်ခဲ့ ကြတဲ့ သတ္တဝါဗူးတောင်းသိုက် ဆိုတဲ့ လူအများတို့သည်၊ ဝါ၊ ရုတ်နာအရှိန်ဝေးကြတဲ့ သတ္တဝါကလိန်ကလေးတို့သည် အနာ ဂတေ၊ သည်ဘဝမှတဖန် ဟိုဘဝသို့ ပြောင်းပြန်သည်ရှိသော် ဒုက္ခသစ္စာ၊ မစားနိုင်လို့ ကိုယ်မှာပိန်၊ ကိုကလိန်အပြင်းစွဲမိ တာကြောင့် ဆင်းရဲကြီးရောက်ကြရလေ၍ နိရယေ၊ သူ့ကိုလဲ ငါမကယ်နိုင်၊ ငါ့ကိုလဲ သူမကယ်နိုင် နှစ်သွယ်ပြိုင် အမြဲဗြိုး ကြရတဲ့ ငရဲကြီးဆိုတဲ့ ဘုံဌာနကြီး၌လည်း နိဗ္ဗုတိ၊ ကယ်ပါ ယူပါ တစာစာနှင့် အခါခါ ဘယ်လိုပင် တောင်းပန်ကြသော် လဲ တပြောင်းပြန်ပြန် ဘယ်ခါမှ မလွတ်ကြပါဘဲ၊ ခြော်– တကယ်မချွတ် နှစ်မြုပ်ကြလေတော့သတည်း။

သာဓု ..... သာဓု ဟု မိုးညှင်းဆရာတော် ကျေးဇူးကြောင့်၊ ယောဂီမများမှာ သာယာစွာ သာဓုခေါ်တတ်ကြလေ၏။

ဦးသုစကား လမိုင်းကပ်ပြီးဖြစ်ရကား၊ အာဝဇ္ဇန်းရွှင်ရွှင်နှင့် ဓာတ်ဝတ္ထုကလေးများ ထည့်ခါဟောသောကြောင့် အလွန်နှစ်ခြိုက်ကြလေ၏။ တချို့ အပျိုကလေးတွေက "စုမွဲစ ဟောတယ်ဆိုတာ ယုံပေါင်" ဟု ပြောကြ၏။ တရားသုံးပွဲ နောက်ထပ် ထပ်ဟောရန်ဖိတ်၏။ ဤတရား ချည်းဟောရန် လျှောက်ကြ၏။ နောက်ဆုံး၌ ဦးသုစသည် ၎င်းဟောသော "လာပါ– လာပါ မကြည်ရဲ့" တရားတို့မှာ များစွာ ခေတ်စားလာရကား ဦးသုစကိုပင် "လာပါ– လာပါ မကြည်ရဲ့ ဦးသုစ" ဟု .... ခေါ်ကြ၏။ နောက် အတိုချုံး၍ "မကြည်ရဲ့ ဦးသုစ" ဟု တွင်ပြန်လေ၏။

## အခန်း။ ၁၁ ။

# မ ကြည် ရဲ့ ဦး သု ခ ခ ကိုယ် တော် နှင့် အ ပျို ကြီး မ စော ညွှန့်

မစောညွှန့်မှာ ယပ်လှဲတရားများကို ကိုယ်တိုင်တခါမျှ ရှုးကာ မနေဘူးချေ။ သာယာဝတီ ဦးညောယျယပ်လှဲ၊ သာစုသုခြိယပ်လှဲ၊ ပဋ္ဌသီခယပ်လှဲ၊ အနုဿသာရမဋ္ဌရီယပ်လှဲ စသည့် ထိုယပ်လှဲ ဤယပ်လှဲတို့ကို ဘတ်ရစဉ်ကပင် လွှန်စွာပင် နှစ်ခြိုက်ရကား တခါတရံ ယပ်လှဲစာအုပ်များကို အကြိမ်ကြိမ် အပြန်ပြန် ဘတ်၏။ တခါတရံ သံနေသံထားနှင့် ဘတ်ခမ်း၏။ ဘတ်ရသည်ပင် ညည်းစိမ်တမျိုး တွေ့ခဲ့၏။ ယခုကား စာတွေ့မှာ လက်တွေ့ဖြစ်ခဲ့၏။ ရှုးကာ ယပ်လှဲတရားများကို ဘတ်ရသောအခါ ကားယဉ်ကျေးခြင်း၊ လက်သွားချောခြင်း၊ အစီပွါယ်လွယ်ကူခြင်း၊ ဘတ်ကောင်းခြင်းတို့သည် မစောညွှန့်၏ စိတ်နှင့်တွေ့၏။ ယခုမူ ဤအရသာတွေအပြင် ပောာသူ၏ အသံသာယာခြင်း၊ ရုပ်သပွါယ်ခြင်း၊ သံနေသံထား ကောင်းခြင်း၊ ဗျက်ခြင် ဥပမာတွေနှင့် နှိုင်း

ခြင်း၊ ပေဟာသည့် ကိုယ်တော်မှာ ဝမ်းနည်းရမည့်နေရာ၌ ရျက်နှာညိုးခြင်း၊ ဝမ်းသာရမည့်နေရာမှာ ရျက်နှာရွှင်ခြင်း၊ ပေဟာသည့် စာတ်ကွက်နှင့်ဆီလျော်အောင် ရျက်နှာထားတတ်ခြင်း၊ လူအများနှင့်စုရုံ ညီတူ ညာတူ အားကြီးမာန်တက် တရားနာရခြင်း၊ သဘောကျလှသောအခါ မျော်မျော်ပါးပါး သာခုခေါ်ရခြင်း၊ တရားပွဲသို့ လွတ်လွတ်လပ်လပ် မျော်မျော်ပါးပါး သွားရခြင်း စသည်တို့ကား .... "ချိုရာ သကာလောင်း" သကဲ့သို့ပင် ကိုယ်စာအရသာကို ဆယ်ဆတိုးတိုး၍ အရသာရှိနေစေလေသည်။ ထိုအကြောင်းများကြောင့် မစောညွှန့်မှာ "ကြည်ရဲ့ဦးသုခ" တရားကို နှစ်နှစ်ကာကာကြီး ကြိုက်လှသော်လည်း ဘာကြောင့် ဤမျှ သဘောကျ၍ ဤမျှစွဲသည်ကို အကြောင်းစုံ သမ္မာရပရိစ္ဆေဒလုပ်၍ သေတ္တမရျတတ် ဖြစ်လေ၏။ သူ့အတွက်ကား ကောင်းတလုံးရှိ၏။ "တရားဟောသိပ်ကောင်းတာဘဲ ...." ရှေးက သူမငြင်းဘူးသော အလုပ်တခုသာရှိ၏။ ငွေရမည့်အလုပ်ကို သူမငြင်း။ ယခုတလုပ်တိုးလာ၏။ တရားပွဲရှိက သွား၍နာမည့် အလုပ်ကို သူမငြင်း။

"တယ်တော်တဲ့ ပါရမီရှင်ပါပေဘဲ။ ဟင်း .... ကောင်းမှု .... ကောင်းမှု အဆီအနှစ်တွေချည်ဘဲ ဟောတာယ်။ နို့များတော့ ပါရမီနည်းရန်ကော။ အတုလိုက်ပြီး ဂါထာကိုဆိုတာတောင်တူ တူအောင်ဘဲ ဆိုနိုင်တာယ်မရှိဘူး။ ပါရမီစုံပါပေတာယ်။ ရုပ်တော်က သပ္ပါယ်ပါဘိသနဲ့၊ ဒီလိုပါရမီရှင်မှ မကြည်ညိုရင် ဘယ်သူ့ကို ကြည်ညိုစရာ ရှိသေးသလဲ၊ ဒီလိုပါရမီရှင်မှ မပူဇော် မလှူဒါန်းရင် ဘယ်သူ့ပူဇော် လှူဒါန်းမလဲ။ ကဲ .... ငါ့မှာ ပစ္စည်းတွေလဲ သည်လောက်ပေါနေက "လသာတုံး ဗိုင်းငင်" ဆိုတာလို အလှူခံပုပ္ပဂ္ဂိုလ်မြတ် ပါရမီရှင်ရှိတုန်း လှူမယ်။ ကုန်ပေစေ .... သုံးလေးဆယ် ဘာအရေးလဲ။ လှူမယ် ..... လှူမယ် ဟု စဉ်းစားပြီး ကြိမ်ပက်လက်ကုလားထိုင်ပေါ်တွင် ဝနဲ့ဝနဲ့ကြီး ထိုင်ပြန်လေ၏။ ဘယ်လိုလှူရပါ့မလဲ စိတ်ကူး၏။

ထို့ကြောင့် မကြည်ရဲ့ ဦးသုစကို ပင့်ဘိတ်ခါ ဆွမ်းကျွေး၏။ ဦးစောဘိကလည်း အတူပါလာ၏။ သင်္ကန်းတစုံစီ လှူ၏။ အိမ်မှာ ရောင်းသော လက်ဘက်ခြောက်နှင့် ပုစွန်ခြောက်ကို ပုံးတွေနှင့်ထည့်ပြီး သင်္ကန်းပွဲအေးက ရုံလိုက်သေး၏။

"ဪ ..... လက်ဦးည ဦးပဥ္စင်းတို့ ရွှေဘုန်းပွင့်ဘုရားမှာ တရားဟောတုန်းက ည ဂျင်းသုပ် ကပ်လှုတာ တကာမကြီးဆီကဘဲပေါ့" ဟု ဦးသုစသည် ဝက်သားဟင်းကို နှိုက်ရင်း မေး၏။

"တင်ပါ့ဘုရား .... ဘုန်းတော်ကြီးများ ညဂျင်းသုပ်ကပ်လို့ လူတွေကို ဂျင်းသုပ်နှင့် လဘက် ကျွေးပါတယ်ဘုရား" ဟု မစောညွန့်သည် လျှောက်ထားလိုက်၏။

"သာဓု .... သာဓု ... တကာမကြီးရယ် .... အဲဒီညက ဂျင်းသုပ်ကလေး စားလိုက်ရပေလို့၊ အဖြစ်သော်လဲ အသံ မှန်မှန်ထွက်ပြီး တရားဟောနိုင်ပေတယ်။ ဒီတော့ ဦးပဥ္စင်း ဖြစ်ဖြစ်မြောက်မြောက် ဟောနိုင်တာဟာ တကာမကြီးရဲ့ ကျေးဇူးမို့၊ ဦးပဥ္စင်းရဲ့ ပါရမီ ဖြည့်ပေတယ်လို့ ကျေးဇူးတင်လှပါတယ်" ဟု ပြောပြီး ဆွမ်းလုပ်ကြီးကို ပစပ်တွင်း သွင်းလိုက်၏။

"ဝမ်းသာလှပါတယ်ဘုရား .... တပည့်တော်မ ဂျင်းသုပ်ဟာ အရှင်ဘုရားကို တရားဟောနိုင်အောင် လုပ်ပေးတယ်ဆိုတာတော့ တပည့်တော်မ ယုံနိုင်ပေါင်ပါ ဘုရား" ဟု ပြောသော်လည်း မကြည်ရဲ့ ဦးသုစ၏ ပါစပ်တွင် ဆွမ်းတွေက များနေသည်နှင့် စကားမဆိုနိုင်ရှိလေ၏။ အတန်ကြာမှ ဘဲသားပေါင်းနှိုက်ရင်း .....

"ဪ .... ဒါထက် တကာကြီး တယောက်လဲ မမြင်ပါလား" ဟု ဟိုညက ရခိုင်တကာကြီးက သုဓမ္မေ ဟု ပြင်ပြောသည်ကို မှတ်မိ၏။ မစောညွန့်မှာ အပျိုကြီးဖြစ်သည်ကို သိသော်လည်း မသိဟန်ဆောင်၍ မေးလေ၏။

"တပည့်တော်မ တစ်ယောက်ထဲပါဘုရား .... အိမ်ထောင်လဲ မကျဘူးပါ ဘုရား" ဟုပြောပြီး ပြုံးနေသည့်မှာ မျက်ရစ်မရှိသော မျက်ခွံများသည် မျက်လုံးကလေးများကို ဖုံးသွားလေ၏။ ဆွမ်းစားပြီးနောက် ....

"တော်ပါပေ့မျ ..... တော်ပေ့။ တကာမကြီးတို့လို ပြည့်စုံတဲ့ ပုဂ္ဂိုလ်များရှိပေလို့ ဦးပဥ္စင်းတို့ ဆွမ်းကောင်းကောင်း ဘုန်းပေးရ၊ သင်္ကန်းများရပေတယ် .... လောကမှာ ပြည့်စုံခဲပေခြင်း ..... လှူချင်တဲ့ စေတနာ ရှိပေတယ်လို့ ..... ဥစ္စာပစ္စည်း ပြည့်စုံဦးမှ ပစ္စည်းဥစ္စာရော၊ စေတနာရော ပြည့်စုံပေမယ့် အလှူခံပုဂ္ဂိုလ်ကောင်း ရှိဦးမှ ဖြစ်မြောက်နိုင်တာကလား ... ဒီတော့ ခုထားတဲ့စေတနာကို ဘယ်တော့မှ မပျက်စေနှင့် ... အကျိုးပေး သန့်ပါလိမ့်မယ် ..... လိုတာ ရပါလိမ့်မယ် ...."ပထမံ ဒါနပါရမီ" လို့ ဗုဒ္ဓဝင် ပါဠိတော်ကြီးမှာ ဟောတော်မူတယ် ... ပြီးတော့

အဒဒ္ဓမနံဒါနံ။
ဒါနံသဗ္ဗတ္ထသာဓကံ။
ဒါနေနပိယဝါစာယ။

ဥန္နမန္တိ။ နမန္တိစ လို့ ဟောတော်မူတယ်" ဟု ပါဠိကို ကြေညာ၍ ဦးသုစေက ကောင်းစွာ ရွတ်ပြလေ၏။

"တင်ပါ .... ပါဠိကို တပည့်တော် ရပါတယ်ဘုရား"

"သာဓု .... သာဓု ... ဘယ်ကရသလဲ လျှောက်စမ်းပါအုံး" ဟု ပြုံးပြုံးကြီး မေးတော်မူမှ .....

"တင်ပါ .... ဟို အနဂ္ဂသာရမဥ္စရီ ယပ်လှဲ့တရားထဲက ရပါတယ်ဘုရား" ဟု မစောညွန့်က ကွမ်းအစ်ကိုကပ်ရင်း လျှောက်လေ၏။

ထိုစကားကို ကြားရသောအခါ ဦးသုစေမှာ ခိုးထုပ်ခိုးထယ်နှင့် အမိခံရသော သူခိုးကဲ့သို့ မျက်နှာထား ကြပ်နေလေ၏။ ရှက်တက်တက် ဖြစ်လာ၏။ သို့သော် မျက်နှာကို ပြင်၍ဟန်ဆောင်ပြီး။

"အင်း .... တယ်တော် .... တယ်တော်၊ တကာမကြီး တန့်ဝပ်ပေတယ်နော်။ တကာမတွေထဲက တကာမကြီးလို တခပန့်ဝပ်တာလဲ မတွေ့ဘူးပါဘူး ကိုယ်တော်" ဟု ဦးစောတိကကို လှမ်းပြောပြန်လေ၏။ မစောညွန့်ကား ထိုချီးမွမ်းစကားကို ပူဆောမျက်နှာ။ ထူသောနား ရွှင်ပြသောစိတ်ဖြင့် လက်ခံလေ၏။

"ဦးပဥ္စင်းတို့ကတော့ ပါဠိတော်များမှာ သင်ခဲ့ရ မှတ်ခဲ့ရတာပါဘဲ။ သို့သော်လဲ အဲဒီစာအုပ်တော့ ဘတ်ဘူးရဲ့။ တွေ့ဘူးပါရဲ့။ အနက်ကလေးတောင် ရသေးတယ်"

"တပည့်တော်မလဲ ရပါရဲ့ဘုရား။ သို့ပေမဲ့ ..... အပိုင်း အဆစ်ကျကျ အသံကျကျ ရွတ်တတ်လို့ နာလိုပါတယ် ဘုရား" ဟု လျှောက်ထားရာ။ ဦးသုစတွင် ဝန်ထုပ်ကြီး ပေါ်သွား၏။ အစက ထိုပါဠိကိုပင် အနက္ခသာရစ္စရီ အနက်ပေးအတိုင်း ပေးသည်ကြံနေရာ။ ခိုးယူထားသည်ကို တစွန်းတစ မိနေသဖြင့် ရှက်သွားပြီး ပါဠိကို အနက်မပေးတော့ဘူးဟုဆုံးဖြတ်ခဲ့၏။ အခြားနည်းဖြင့်လည်း အနက်မပေးတတ်သောကြောင့် အကြံကြပ်နေဆဲ ဤစကားကို ကြားရသဖြင့် အတော်သက်သာရာရသွားရှာလေ၏။

ဒါနံ၊ စေတနာထက်ထက်၊ သဒ္ဓါကောင်း လက်နက်ဖြင့် ရက်ရက်ရောရော၊ နှမြောမတွန့်၊ ကြွန့်ပေးကာမ်း၊ လှူဒါန်းရခြင်းသည် အဒန္တမနံ၊ အပြောကမယဉ်။ အသွင်က ရိုင်းရိုင်း၊ မြင်သူတိုင်း အောသူလို၊ ချောမြူကာ ယဉ်ကျေးအောင်၊ နည်းပေးညွှန်ကြောင်း၊ ဆေးဝါးကောင်းကြီး တခုပါပေတည်း။ ဒါနံ ပစ္စည်းကို မခင်တွယ်။ ဝင်ကြယ်တဲ့ ဘဝင်နှလုံးဖြင့် ရွှင်ပြုံးလှူကြ၊ မြတ်ဒါနသည်၊ သစ္စတ္ထသာဓက၊ ဘောကုတ်နှင့်လောကီ၊ စောအကြည် အကျိုးဆိုက်ဘို့၊ အဘိုးထိုက်၊ အဘိုးတန်တွေကိုကောန်ပင် ပြီးစေနိုင်လေ၏။ ဒါနေန၊ ယခုနောင်ခါ၊ သံသရာမှာ မြန်စွာ အကျိုး ဖွံ့ဖြိုးစေကြောင်း။ လာဘ်ကောင်း ရွှင်ဆေး၊ အလှူပေးခြင်းကြောင့် ငင်း၊ ပိယဝါစာယ၊ နားပသာဒ၊ ကြားကာချမြင့်၊ ဟဒယနှလုံး၊

ရွှင်ပြုံးစေကြောင်း၊ ချစ်ဘွယ်ကောင်းသည့်၊ ပြော့ပျောင်ညက်ညော၊ ပြေပြစ်ချောမောသော စကားကို ပြောဆိုခြင်းကြောင့် ၎င်း၊ ဥန္နမန္တိ၊ သူတပါး အပေါ်၊ မဖော်မဖောက်၊ အလိုလိုမြောက်၍ ထွန်းတောက်ပေါ်လွင်၊ ပျော်ရွှင်ကာ ထီးအဆောင့်ကဲ့သို့၊ ကြီးမြင့်ရလေကုန်၏။ နမန္တိ၏။ အလှူ တကာ၊ ဘသုပါပဟု၊ မြူကာအကြိုက်။ ညွှတ်ကိုင်း၍ လိုက်ကြရလေ ကုန်တော့သတည်း။

တရားပြီးဆုံးလျှင် လှူဘွယ်ဒါနများကို သိမ်းပိုက်တော်မူပြီးလျှင် တည်းခိုရာကျောင်းသို့ ကြွခဲ့လေ၏။

အခန်း။ ၁၂ ။

## ပေါင်ဒါလိမ်း တယ်၊ သီချင်းဆိုတယ်၊ မိန်းမပိုးတယ်။

စာမေးပွဲ အောင်စာရင်းများ ထွက်လာလေ၏။ "မှန်းချက်နှင့် နှမ်း ထွက်မကွာ" သည့်အတိုင်း ထွန်းရှိန်မှာ သုံးဘာသာတွင် ဂုဏ်ထူးရ၍ အောင်လေ၏။ တက္ကသိုလ်ဝင်ခွင့် ရသူများတွင်လည်း ထွန်းရှိန်ပါလေ ၏။ ကံကား မလိုတမာ နိုင်လှချေ၏။ ထွန်းရှိန်နှင့် တန်းတူ ခွဲသူတွေ တွင် တက္ကသိုလ်ဝင်ခွင့် ရသူသာများ၏။ အောင်တင်တို့ ဖေဝင်းတို့လို ဥစ္စာ ပစ္စည်း တောင့်တင်းသူများကား ဝင်ခွင့်မရကြ။ "ရှင်းရှင်း လင်း လင်း ရှိသွားအောင် ခွဲတဲ့လူ တက္ကသိုလ်မလာရလို့ ဥပဒေ ထားပါတော့ လား" ဟု စာမေးပွဲအောင်သူတွေက တွေးမှတ်ထားကြ၏။ ထွန်းရှိန် က အစကတည်းက မနေနိုင်ဟု သိပြီးဖြစ်၍ မနေနိုင်သည် မှန်သော အခါလည်း၊ သိပ်အံ့သြ ဝမ်းနည်းခြင်း မရှိလှ။ ဝေးစက်ကို တစ်ခါက်လောက် ရှောက်ဘတ်ပြီး နောက်ထပ်မကြည့်တော့၊ မိမိနာမည် ၌ မှတ်လိုက်သော ခရေပွင့်ကား အကြောင်းမထူးတော့ပြီ။

မိမိအောင်မည်ကို ကြိုတင် သိနေနှင့်ရကား၊ ရှေ့ရေးကိုလည်း အတော်တွေးပြီးဖြစ်၏။ မိမိမှာ ပေဟုတ်မခံချင်စိတ်က ရှိနေ၊ အမျိုးသား စိတ်ကလေးကရှိနေ၊ လွတ်လပ်ချင်စိတ်ကရှိနေသဖြင့်၊ ရုံးပြင် ကန္တားသို့ မကပ်လို၊ နေ့စဉ်မြို့သော စာရေးအလုပ်အတွက် ချေးတစက်မှ မထွက်စေ လို၊ ဘိနပ် တတိုမှ မပွန်းစေလို၊ ပြင်တုလုနေကြသည့် အလုပ်လက်မဲ့ ပညာတတ်ကလေးတွေကို တခေါင်နှင့်တွက်ပြီး စာရေးဘောင်သို့ မဝင် လှလို။ ထို့ကြောင့် ငွေရင်းကလေး အနည်းငယ်ဖြင့် ဆိုင်ငယ်ကလေး

စတည်လို၏၊ ဆိုင် တည်ခင်းရောင်းချပါက မိမိမှာ အရင်းများစွာ မတတ်နိုင်။ ကုန်ဝယ်ထားဘို့ကလည်း ခက်ခဲ၏။ သို့သော် ဖြစ်နိုင်သော အကြောင်းတခုရှိ၏။ မစောညွန့်ထံမှ လဘက်ခြောက် ကွမ်းသီး ငပိ ငရုံ့ခြောက် စသောကုန်များကို ယူ၍ ရောင်းနိုင်ပေလိမ့်မည်။ ပြည်မြို့ ဆင်ခြေဖုံးတောနယ်မှ ထွက်သော သစ်သီး သစ်နှံကလေးများကို မိဘများ ထံမှ တဆင့်သော်၎င်း၊ မိတ်ဆွေများ ထံမှသော်၎င်း၊ အကြွေး ရနိုင်ပေလိမ့်မည်။ နတ်မောက်ဘက်ဆီမှ ဆောင်းခါတွင် ကော်ဖီထုပ် ကော်ဖီမှုန့် မုံလာဥ မုံညင်းရွက် ခရမ်းချဉ်သီး စသော ဟင်းသီးဟင်းရွက်များကို ရနိုင်ပေမည်။ သူ့ သူငယ်ချင်းတယောက်၏ အဖေသည် ဥယျာဉ်ပိုင်ရှင်သည်။ သူ့ သူငယ်ချင်း၏ ဘခင်မှာ ထွန်းရှိန်ကို များစွာ ချစ်ခင်နေလေသည်။ သို့ကြောင့် နတ်မောက်ကုန်များကိုလည်း ထွန်းရှိန် ကူးမည်ဟု စိတ်ကူးမိသည်။ ဒန့်ဒလွန့်သီး ဒန့်ဒလွန့်ရွက်များကိုလည်း။ ဝက်ထီးကန်က ဦးဘိုးဘထံမှ ရနိုင်လေမည်။ ဦးဘိုးဘမှာ ရှေးက ထွန်းရှိန်တို့ ကျောင်းတွင် ပြာတာလုပ်နေသည်။ နောက် ငွေစုမိပြီး၊ မိမိရွာသို့ပြန်ခါ ဥယျာဉ်လုပ်နေလေသည်။ ပြည်မြို့အနီး နာမည်ကြီးနေသော ဦးဘိုးခင်ခြံမှ အသီးအနှံများကိုလည်း ရနိုင်လေသည်။ ၎င်းမိဘများနှင့် ဦးဘိုးခင် ခြံပိုင်များသည် များစွာ သင့်မြတ်ကြသည်။ ထို့ကြောင့် သူ့ဆိုင်ရှေ့တွင် လိမ္မော် ရှောက်ပန်း ကျွဲကောသီး သံပုရာ ရှောက်သီးများကို ပုံထားသည်ကိုလည်း ထွန်းရှိန် မြင်ယောင်ယောင် ရှိလှလေသည်။ ထွန်းရှိန်သည် မိမိအကြံကို အကြိမ်ကြိမ် စဉ်ဆေး၏။ စဉ်ဆေးပြီးတိုင်း ပြီးတိုင်း အမှတ် ပို၍ ပေးလို၏။ တခေါ်ခွဲဂေဇက်ထွက်ပြီး ၂- ရက်မျှကြာသော် မစောညွန့်ထံ သွားလေ၏။

"အောင်မယ် .... လာမှ လာပေသေးကွယ် တနေ့က စမ္ပာကထိက ဆရာတော်တွေ ဆွမ်းကျွေးတုန်းက မင့်အခေါ်လွှတ်ထားတောင် မလာဘူး ဘာဖြစ်နေတုန်း" ဟု မစောညွန့်က ဆီးမေး၏။

"မလာချင်လို့ဘဲ ခင်ဗျာ့ ဓမ္မကထိကတွေကြည့်ရတာ မျက်စိပေါးမွှေးရှုးလွန်းလို့" ဟု ပြောပြီး ဗျာပေါ်တွင် ထိုင်လေ၏။ မဖောညွန့်က လဘက်ရည်အဖန်ထည့်ပေးရင်း။

"ဟဲ့ကောင်လေး ဂိုဏ်းသင့်ကုန်ပါလိမ့်မယ် မတော်တရော်တွေ ရှောက်ပြောနေပြန်ပြီ" ဟု ဆိုလေ၏။

"အို ..... ဟုတ်ထာပြောတာဘဲ ဟုတ်ထာပြောလို့ ဂိုဏ်းသင့်ပြီး ငရဲကျပေစေ ကျွန်တော် မကြောက်ဘူး ကြည့်ပါလား ဘုန်းကြီးတန်မဲ့ .. ပေါင်ဒါတွေလူးလို့"

"ဟဲ့ကောင်လေး မဟုတ်ပါဘူး နဂိုရုံကကို အသားဖြူလို့ပါကွယ်။ ကြံကြီးစည်ရာ ပြောတော့မယ်၊"

"ဟုတ်ရုံမကဘူး ပေါင်ဒါလိမ်းတယ်၊ သီချင်းဆိုတယ်၊ မိန်းမပိုးတယ်၊ မျက်နှာရှုးတယ်၊ ပေါင်ဒါလိမ်းဒါကတော့ ရိုးနေပါပြီ၊ ဘုန်းကြီးတွေ .... ဓမ္မကထိကတွေ လူးတာ ဘာဟုတ်သေးလဲ ဒေါက်တာဘာမော်ရော ဂဠုန်ဦးစောရော အကုန်လုံး ပေါင်ဒါလူးနေကြတာဘဲ၊ သို့ပေမဲ့ ဘုန်းကြီးတွေကတော့၊ မာလာဂန္ဓ ဝိလေပန ဆိုတဲ့ပုဒ်တွေ နေ့စဉ်သုံးပြီး ပေါင်ဒါတို့ အလှဆီတို့ လိမ်းဒါဟာ သီလကျိုးနေဒါပေါ့၊ မျက်နှာကလဲ ရှုးလိုက်တဲ့ ကိုယ်တော်တွေ သူတို့မျက်လုံးကလဲ သံလိုက်ဓါတ် မိနေသလိုဘဲ။ ဟိုရှေ့နားက အပျိုတွေဆီမှာချည့် စိုက်နေတယ်။ တရားတွေ ဂါထာတွေကို သီချင်းလို လုပ်ဆိုနေတော့ ဂါထာပေး တေးဖြစ်ဆိုတဲ့ စကား အခုမှဘဲ ထင်ထင်ရှားရှား သက်သေသက္ခာယနှင့် မှန်နေတယ်၊ သာယာနာပျော်ဖွယ်ရှိအောင် လူအများ တရားနာချင်အောင် "ပျားရည်နှင့် ဝမ်းချူ" ဆိုတာလို လူ့အကြိုက်ကို လိုက်ပေးတာတယ်လို့ ဆင်ခြေပေးချင် ပေးချင်ကြမယ်။ ဟုတ်ပါတယ် တော်ရုံ တန်ရုံဂါထာကို ဂါထာလို ရွတ်၊ ဘုရားရှိခိုးကို ဘုရားရှိခိုးလို သာသာယာယာ ကြူးရင့်ကြရင်။ နားထောင်လို့ကောင်းပြီး စိတ်ဝင်စားကြမှာပေါ့။ ခုတော့ လိုတာထက်ပိုပြီး ဆွဲလိုက် ငင်လိုက် ဘိုးမိန်လေ–အောင်မောင်းလေ–ရတနာမြစ်လေ

တွေနှင့်ဆိုတော့ တရားနာရင်း တရားထဲမှာ စိတ်ဝင်တော့ဘဲနှင့် တော မြိုင်လယ် ဆိုသံကြားသလိုလို၊ မဲဇာတောင်ခြေသံ ကြားရသလိုလို ခံနေ တာဘဲ၊ စိတ်ဟာလဲ ဂီတတွေဆီကို ပြေးတော့တာဘဲ၊ တရားထဲ စိတ် ဘယ်ဝင်နိုင်မလဲ ဘုန်းကြီးဟောပြီးတော့လဲ သီချင်းသံတွေ ကြားနေရ ပြီး ပွဲကြည့်ချင်တဲ့စိတ်ခါတ် ဇာတ်ဖွင့်ပြီးနားထောင်ချင်တဲ့ စိတ်တွေသာ ပေါ်ပေါက်နေတယ်။ တရားနှင့် ကြလေ ဝေးလေပေါ့ ပြီးတော့ ....

"တော်ပါတော့ကွယ်၊ မင်းအတွေးနှင့် ပြောနေတာတွေပါ၊ ကိုတော့ သိပ်သဘောကျတာဘဲ။ သူတို့ဟောတာမျိုးမှ နားဝင်တယ်၊ နားထဲစုပ် သွင်းလိုက်တာလိုဘဲ။ ဒါကြောင့် ဒီလိုတရားဟောတတ်တဲ့ ပုဂ္ဂိုလ်တွေ ကို သဒ္ဓါလွန်းလို့၊ ဟော .... တခုက စွမ်းကျွေးတယ်၊ သင်္ကန်းလှူ တယ်၊ ငွေလေးငါးဆယ်ကျန် လှူပစ်လိုက်တယ်၊ မင့်ကိုမြင်ရအောင် ခေါ် တာမလာဘူး" ဟု ပြောပြီး လဘက်ရည်အဖန်ကို သောက်နေပြန်သေး ၏။

"မလာမိတာဘဲ ကောင်းပါတယ်၊ တော်တော်ကြာ ကျွန်တော်က ကိုရိုကားယားတွေလျှောက်၊ သူတို့က မပြေနိုင်။ အရှက်တော်ရပြီး အမျက်တော်ပွမှာဘဲ။ နို့ သဒ္ဓါရင် ဘာလို့ သင်္ကန်းသာလှူသလဲ။ ယုနီ ပေါင်းသေတ္တာကြီးတွေ၊ ကြေးကုတင်ကြီးတွေ၊ ခြင်ထောင်ကြီးတွေ၊ ကုရှင် တစ်တောင်လောက်နှင့် ကုလားထိုင်ကြီးတွေ လှူပါလား။ ပြီးတော့ ..... အဲဒီဟာတွေပေါ်မှာ 'ပြည်မြို့က သူဌေးမ ခေါ်စောညွှန့် ကောင်းမှု' လို့ ရေးထားနိုင်တာပေါ့။"

"တော်တော့ .... တော်တော့၊ မင်းပြောမှဖြင့် သောက်ချည်ဘဲ။"

"သောက်မဟုတ်ဘူး .... အခုကာလ လုပ်နေကြပုံတွေ ပြောတာ၊ လှူလိုက်ကြတာ .... အကျိုးတပြားဘိုးလောက်မျှ မရှိတဲ့နည်းတွေနှင့် လှူ နေကြတယ်၊ ဒီဒါနမျိုးတွေကြောင့် ဗမာတွေ ဖွဲ့ကုန်ကြတာ" ဟု ပြောပြီး လဘက်ရည်ပန်းကန်ကို အသံမြည်သွားအောင် ချလိုက်လေ၏။

"အေးလေ .... မင်းသာမလှူနဲ့၊ မလှူခဲ့လို့မွဲ .... မွဲလို့မလှူ .... သာမွဲပေါ့" ဟုပြောကာ သက်ပြင်းချ၏။ စကားဆက်မပြောချင် ဖြစ်နေ၏။

"ဟုတ်တယ် .... မဟုတ်တဲ့အလှူမျိုးကို လှူမဲ့အစားတော့ ရှိသမျှငွေတွေကို ရေထဲပစ်ချလိုက်တာက ဖလုံ .... ဆို မြည်သေး။ ကဲ .... ပြောစမ်းပါအုံး၊ ဘုန်းကြီးတွေကို ခြင်ထောင်တွေလှူ၊ ကြေးကုတင်တွေလှူ၊ ကတီပါစောင်ကြီးတွေ လှူတော့ ဘာများ အကျိုးရှိသလဲ။ ဥစ္စာ သယန– မဟာသယနဆိုတဲ့ သီလကို စောင့်နေရတဲ့ ပုဂ္ဂိုလ်တွေမှာ ဒီကြေးကုတင်တွေ၊ ခြင်ထောင်တွေ၊ ကတီပါစောင်တွေ ဘာအသုံးကျသလဲ။ လူတွေက အဲဒါတွေလှူကြရော .... လူတွေက သဒ္ဓါထက်လို့ လှူရတယ်၊ ငြင်းလို့မကောင်းဘူး၊ လှူဒါန်းသူ၏ စေတနာ မပျက်ပါစေနှင့် ဆိုပြီး အလှူခံရတယ်လို့ ပဓယ်ကတော့ ဘုန်းကြီးတွေကပြောတယ်။ စိတ်ထဲကတော့ ဦးကြိုင်းခုတ်ဖြစ်ပြီး ဘုန်းကြီးတွေက ဒီအလှူမျိုး ရရအောင် ကြိုးစားကြတယ်။ ဘုန်းကြီးတွေမှာ မက်မောနေပြီး ကုတင်ကို ကြက်သရေစန်းမှာ ကျကျနနထားပြီး ကျိန်းပါရော။ ဝင်းပြောင်နေတဲ့ ကုတင်အရောင်၊ အိပက်အိပက်နေတဲ့ ကူရှင်ရဲ့ စည်းစိမ်၊ ကတီပါစောင်ရဲ့ နူးညံ့သိမ်မွေ့တဲ့ ဓါတ်၊ ခြင်ထောင်ရဲ့ တိတ်ဆိတ်လုံခြုံခြင်းအရသာ တွေဟာရောပြီး သူတော်ကောင်းစိတ်ကို ဓားပြတိုက်ကြရော၊ ဘုန်းကြီး တွေမှာ ဓားပြတွေဒါဏ်ကို မခံနိုင်တော့ ကုတင်ကြီးပေါ်အိပ်ရင်း တချို့က ကာမရာဂစိတ် ပွါးများကြမှာဘဲ၊ စဉ်းစားကြမှာဘဲ။ ဒီလို စည်းစိမ် ကိုမှ တပ်မက်လာကြတယ်။ တဏှာဆိုတာ မိန်းမနှင့် ယောကျာ်း စပ်ရှက်တာကလေးကိုသာ ခေါ်တာမဟုတ်ဘူးဗျ။ ဒီလို မက်မောတာ စိမ်ယူချင်တာဟာလဲ တဏှာဘဲ။ ဒီလို မွေ့ရာကြီး၊ ကတီပါစောင်ကြီး၊ ခြင်ထောင်ကြီးနှင့် အိပ်ရတာ၊ စိမ်တွေ့မှုဟာ ရာဂရဲ့ အစွယ်အပွါးတွေဘဲ ဒါကြောင့် နိက္ခမပါရမီနှင့် ကြာလေ ဝေးလေဖြစ်စေတယ်။ ဒီတော့ ကြေးကုတင်တွေ၊ ကတီပါတွေ လှူတဲ့လှူဟာ ဘုန်းကြီးတွေကို ရာဂနယ် တွင်း သွတ်သွင်းပေးရာ ရောက်တယ်။ ဒါကြောင့် ဒီလှူတွေလဲ အပြစ်

မကောင်းဘူး။ ဒီဒါနမျိုးကို ဘယ်လိုလုပ်ပြီး အကောင်းလို့ ပြောရမလဲ" ဟု ပြောပြီး မောသေးသည်နှင့် လဘက်ရည်ကို တကြိုက်ကြိုက်ပြန်၏။ မစောညွန့်လည်း ငေး၍နေ၏။

"ဟဲ ..... တခုရှိသေးရျား။ လှူတယ် တန်းတယ်ဆိုရင် လုပ်လိုက်ကြတဲ့ပကာသနတွေ၊ ဗာဟီယတွေ၊ အလှူရှင်မှန်းသိအောင် မတ္တာပ်တိုင်တက်ကြတာတွေ သေဘက်သေဘက်လဲသွားတာဘဲ။ "ငါလှူလိုက်သပေါ့ ... ယူနိဗောင်းသေတ္တာကြီး" လို့ သတင်းလွှင့်လိုက်တော့ "ဟင် .. တယ်ရက်စက်ပါကလားပေါ့ ... ယူနိပေါင်း သေတ္တာကြီးတဲ့" ဟု ချီးကျူးလိုက်ကြသံကို၊ အလှူရှင်က သာဂရုစိုက်နေတယ်။ သူလှူလိုက်တဲ့ပစ္စည်းဟာ ဘုန်းကြီးမှာ ဘာအကျိုးရှိသွားမလဲ၊ ဘယ်လို အလိုပြည့်သွားမလဲ ဆိုတာတော့ မကြည့်ဘူး။ ဒါလောက် လှူတာတန်းတာဟာ သူများအချီးမွမ်းခံချင်လို့၊ ပကာသန လိုချင်လို့၊ ဘုရားတကာ အခေါ်ခံချင်လို့၊ ကျောင်းတကာ အခေါ်ခံချင်လို့ဘဲ မဟုတ်ဘူးလား။ ဒီအလှူမျိုး ဘယ်တော့အသုံးကျမလဲ။ ငွေ ၃၀ဝ တန်တယ်ထား၊ ခုလုပ်ကြပုံက နာမယ်နဲ့ ပကာသနကို ငွေသုံးရာပေးဝယ်ရာ ရောက်တာပေါ့။ ငွေသုံးရာအများကြီး အကျိုးရှိနိုင်သေဘ်လဲ၊ အလှူမတတ်တော့ သုံးရာဘိုးလောက်နာမည်ကြီးပြီး သုံးရာဘိုးလောက် ပကာသန ဖြစ်သွားတာပေါ့။ အဲဒါမျိုးကို ကျုန်တော် ဘယ်နည်းနှင့် ကောင်းတယ်ပြောရမလဲ မညွှန့်ရဲ့" ဟု မေးပြီး နားနေပြန်မှ မစောညွှန့်သည် အသက်သစ်ဝင်လာပြီး "အေးလေ .... ငါနားမလည်ဘူးဘဲ ထားပါ။ မင်းလဲ မင်းထင်သလိုပေါ့။ နို့ .... မင်းအလှူက ဘယ်လိုလဲ"

"လှူတယ် တန်းတယ်ဆိုတာဟာ စွန့်ကြဲတာဘဲ။ မိမိစွန့်ကြဲမှုကြောင့် တဘက်သား အကျိုးရှိသွားမယ်၊ အလိုပြည့်သွားမယ် ထင်လို့ စွန့်ကြဲတာဘဲ။ အင်္ဂလိပ်လိုတော့ (**Sacrifice**) လို့ခေါ်တယ်။ စွန့်ကြဲတဲ့အခါမှာ တဘက်သား မိမိစွန့်ကြဲမှုကြောင့် ဘယ်လောက် အရေးရောက်သွားမယ်ဆိုတာ ပဌမ စဉ်းစားမှု လိုတယ်။ ကိုယ်စွန့်တာကို ခံစားရတဲ့

သူ ကြေနပ်သလောက် ကိုယ်လဲ ကြေနပ်ရမယ်။ ဒီတော့ ကျွန်တော့် သဘောက ဥပမာ ... မီရထားတတွဲမှာ လူတွေကြပ်နေတုံး အမယ်အို ကြီးတယောက် လာတယ်ဆိုပါတော့၊ သူ့မှာ ထိုင်စရာမရှိလို့ ရပ်နေရရင် ကျွန်တော့်နေရာ ဖယ်ပေးပြီး သူ့အထိုင်ခိုင်း၊ ကျွန်တော်က ရပ်နေတာလဲ ဒါနဘဲလို့ ယူဆတယ်။ ဘုန်းကြီးပျံတွေ ပွဲလုပ်တာဟာလဲ အင်မတန်ညံ့ တဲ့နည်းဘဲ။ ငွေတွေသိပ်ပြီး မီးနဲ့ရှို့ပစ်တယ်။ ဘယ်တော့ ကောင်းနိုင် မလဲ။ ငွေတွေကို တခြားနည်းနဲ့ သုံးပစ်ပါလား။ မီးနဲ့ရှို့ပစ်ရမလား။ အဲဒါကြောင့် ဘုန်းကြီးပျံအတွက် ငွေလှူရင် ဒီငွေဟာ ပျံတော်မူတဲ့ ဘုန်းကြီးမှာဖြစ်ဖြစ်၊ သာသနာမှာ ဖြစ်ဖြစ်၊ အသုံးဝင်စေရမယ်။ ဒါ ကျွန်တော့်သဘောအရ ဒါနဘဲ။ ပြီးတော့ ရှိသေးတယ်။ ကိုယ့်ပစ္စည်း ကိုယ့်အကျိုး၊ ကိုယ့်သား၊ ကိုယ့်မယားကို လှူတယ်ဆိုတာ သက္ကာယ ဒိဋ္ဌိ ကို ဖြတ်မှုဘဲ၊ ဘာလဲ .... ငါအစွဲကိုဖြတ်မှု၊ ငါ့အစွယ်အပွါးဖြစ်တဲ့ ငါ့ အကျိုး၊ ငါ့မယား၊ ငါ့ပစ္စည်းတွေကို မက်မောခြင်းမရှိ၊ တွယ်တာခြင်းမရှိ၊ သံယောဇဉ်မထားဘူး ဆိုတာဟာ ငါအစွဲဖြတ်မှုဘဲ၊ ဒီတော့ .... ပါဠိလို တော့ သက္ကာယဒိဋ္ဌိကိုပယ်မှုလို့ ဆိုတယ်။ ဒါ့ကြောင့် အလှူမှန် အလှူစစ် ကိုသာ လှူချင်တယ်။ ပြီးတော့ အလှူခံပုဂ္ဂိုလ် ရွေးချယ်တော်တော် ညံ့တဲ့တဲ့ ဟာတွေလဲ မလှူချင်ဘူး။ "အဆိပ်ပင် ရေလောင်း" သလို ဖြစ်နေမယ်။ မဟုတ်တဲ့ အလှူခံတွေ လှူမိတော့ သူတို့ကို မဟုတ်တဲ့ ဘဝက မကျွတ်ဘဲ ကြာနေမယ်။ ဥပမာ အကျင့်သီလမရှိတဲ့ပုဂ္ဂိုလ်၊ ရှိတဲ့ပုဂ္ဂိုလ်ရော အလှူခံ အတူတူ၊ ရအတူတူဆိုရင် သီလမရှိတာတွေက "ဟာ .... ဘာထူးလို့လဲ၊ တို့ချဉ်ချဉ်တူးတူး မူးရင်ပြီးရော" လို့ တွက်တယ်။ မိုက်နေလို့ ထမင်း စေတ်ပါဘူး။ လာဘ်သပ္ပကာ မဟုတ်ပါဘူးလို့ ယူဆပြီး မိုမိုက် မိုပျက်စီး မိုအကျင့်ယုတ်တယ်။ ဒါကြောင့် လှူရင် ဒီဘုန်းကြီး သီလမရှိ ဘူးသိတယ်နော်။ ကျောင်း မလိုချင်ဘူး မသိတ်နှင့်၊ သီလရှိတယ် ထင်တာကို ရွေးဘိတ်။ ဒီတော့ သီလရှိတဲ့ပုဂ္ဂိုလ်တွေလဲ အားရှိကြမယ်။ အတန်းအစား ခွဲရမယ်။ သီလပျက်တာတွေကို ဝေးဝေးက ကြဉ်ရမယ်၊

ဒါဘဲကျွန်တော့်ဒါန၊ တနေ့ကျ မညွှန့်မြင်မှာပေါ့။ အခု စကားမဟုတ်လား နောက် အလုပ်ဖြစ်အောင် လုပ်ပြမယ်" ထွန်းရှိန်သည် ဝမ်းသာ၏၊ မိမိစိတ်တွင်ဝန်ထုပ်ကြီးတခု လျော့သွား၏။ လူအများကို ပြောပြရ သော်လည်း တစုံတယောက်ကိုကား ပြောပြလိုက်၏။ ပြုံးနေ၏။ ညာဘက်ဖြင့် လဘက်ရည်ပန်းကန်ကို ကိုင်လျက် ဘယ်လက်ဖြင့် ဆံပင်ကို ပွတ်နေ၏။

"သြော် .... ဒါထက် ကျွန်တော့်သတင်း ကြားပြီလား မညွှန့်" ဟု မေးမှ မတော့ညွှန့်မှာ လန့်သလိုဖြစ်သွားကာ။

"ဟော .... ဘာလဲဟေ့ .... ပြောပါအုံး" ဟု မေးပြန်၏။

"ကျွန်တော် စာမေးပွဲ အောင်တယ်လေ"

"အင်း .... နို့ ဘာလုပ်မလဲ၊ ရုံးမှာအလုပ်လျှောက်မလို့လား ....."

"မလျှောက်ဘူး ..... ကျွန်အလုပ်လဲ မလုပ်ချင်ဘူး"

"မင်း မာနတော်တော်ကြီးကွဲ့"

"ဟုတ်တယ် .... ဆရာပီမိုးနင်းကတောင် လူငယ်တိုင်း မာနကြီးရမယ်တဲ့ ဒီနေရာမျိုးမှာ မာန ထားမှာဘဲ"

"ဘာလုပ်မလို့လဲ .... နို့"

"ကျွန်တော် ဆိုင်ဖွင့်မယ်။ မညွှန့်ဆီက ငပိရယ်၊ လဘက်ခြောက်ရယ်၊ ကွမ်းသီးရယ်၊ ငရုံ့ခြောက်ရောပေါ့ ယူပြီးရောင်းမယ် ...."

"ရောင်းရဲပါ့မလား"

"ဘာလို့ မရဲရမလဲ၊ သူများ ဉစ္စာခိုးတာလဲ မဟုတ်၊ သူများလိမ်စားတာလဲ မဟုတ်၊ ညွှင်းပြီး သူများမျက်ရည်ကျမှ ထမင်းစားရမှာလဲ လုပ်တာ မဟုတ်၊ ရှက်လဲ မရှက်ဘူး"

"ကောင်းပါကွယ် .... ဒီလိုဆိုရင် မညွှန့်လဲ ကုန်သယ်မို့ သိပ်သဘောကျပေါ့။ မညွှန့်ဆီက ရှိသမျှကုန်ကို ယူရောင်းပေါ့ ရောင်းပြီး တလတခါ ရှင်းတာပေါ့"

ထွန်းရှိန်သည် အတိုင်းမသိ ဝမ်းမြောက်သွား၏။ “တက္ကသိုလ်ပော့ .... တက္ကသိုလ် .... နင့်ဆီ ငါလာရင်လဲ ကျွန်ကလေး ဘဝက ကျွန်ကြီး ဘဝ ရောက်နိုင်ရုံရှိမဲ့အပြင် ကျွန်စိတ်ပိုဝင်ရုံနေမှာဘဲ။ ခု– မလာတော့ဘူး။ ငါကုသိုလ်ဘဲ၊ ငါကိုယ်ငါအားကိုးပြီး ကြီးပွါးအောင် လုပ်ပြမယ်” ဟု ကြိမ်းဝါးလေ၏။

## အခန်း။ ၁၃ ။

**ဦး စင်း လေး သိပ် မ ရမ်း နှင့်။ သီ လ ရှင် လေး**
**ကိုယ် လေး လက် ဝန် ရှိ လာ ရင်။**

မကြည်ရဲ့ ဦးသုစမှ ဒင်ဖြေ့ စမ္ဗကာထိက ဖြစ်လာခဲ့ပေ၏။ "မှင့်လုင့်အာ၊ ပဒုမ္မာ၊ သော်တာရောင်နှင့်တွေ့" ဆိုသကဲ့သို့ နာမည်ထွက်၍ တန်ခိုးကြီးမည့်ဆဲဆဲ၌ သတင်းစာများကလည်း၊ "စမ္ဗကာထိက အကျော်ဆရာတော် ဦးသုစ" ဟူ၍ ဓါတ်ပုံနှင့်တကွ ဖေါ်ပြခြင်းဖြင့် သော်တာရောင် ပေးလိုက်လေရကား၊ ဦးသုစ၏သတင်း ကြာပန်းသည် အာင့်ဖူးမှင့် အထူးရင့်လာလေသတည်း။

ရန်ကုန်မြို့ ရွှေတိဂုံ ကုန်းတော်ကြီး၌လည်း အကြိမ်ကြိမ် အဘန်ဘန်၊ ကြည့်မြင်တိုင် ကိုးထပ်ကြီး၌လည်း သုံးလေးကြိမ်၊ ကမာရွတ် တပ်တွင်းကျောင်း၌လည်း တကြိမ် နှစ်ကြိမ်၊ ပုစွန်တောင် ရေကျော်၌လည်း တခါတလေ၊ ရန်ကုန်တွင် နံ့အောင် တရားဟောနေရပြီ ဖြစ်သဖြင့် ရန်ကုန်မြို့ စမ္ဗကာထိကတို့တွင် ခေါင်းခဉ်က စာရင်း အတပ်ခံရလေပြီ။

စမ္ဗကာထိက ပန်းတိုင်သို့ရောက်အောင် ၎င်းအား လှုံ့ဆော်ပေးလိုက်သော ရည်ရွယ်ချက်တခုမှာ "မြာ" ပိုး၍ တွင်တွင်ကြီး ဖွံ့ရန်ဖြစ်ပေရာ၊ ထိုရည်ရွယ်ချက်စက်ကြီးဖြင့် မိမိကိုယ်တည်းဟူသော မြင်းကို တွင်တွင်သာ စိုင်းနေလေ၏။ ပုစွန်တောင် ညောင်တန်းရပ်ကွက် ဆီမှ ရိုးစားတယောက် ပေါ်ပေါက်ခဲ့လေ၏။ ကမာရွတ်က ဆရာမ အမျိုကြီး

တဖယောက်နှင့်လည်း ငြိတိတိ ဖြစ်နေလေ၏။ "အို ... ဆရာကြီးရဲ့ တပည့်များကို ဘုံးသီးနှုန့ မစူးရဘူး။ ငါ၏ဒွုးနှာ၏လို့ တသင်တာလို ဟောဒီက မနူးမနပ် စိမ်းဆပ်ဆပ် လူရိုင်းကြီးကိုလဲ လူ့မှုရေးရာ ဘယ်ရွေ့ ဘယ်ညာ၊ ဘယ်လိုပြော ဘယ်လိုဆို၊ ဆုထုးပန် ဆရာကြီးတွေတော့ ဘယ်လိုကြည့်၊ ဘယ်လိုနှုတ်ခွန်းချွေရမယ် ဆိုတာတွေကို သင်ပေးတော် မူလှဲ့ပါအုံး ဆရာကြီးရဲ့။ သင်တဲ့အခါကျတော့ အ နေမယ်၊ န နေမယ် ဆိုရင် ခေါင်းကိုလဲ ခေါက်တာပေါ့" ဟု ဆရာကြီးဆီကို စာရေးလေ့ရှိ၏။

"မွေကထိကအကျော်မို့ တပ်ခေါ်မကို သရော်တာလား ဘုရား။ "မိကျောင်းမင်း– ရေခင်းပြ" တာလို ဆရာပညာရှင် သခင်တပါးကို သင်လား– သွန်လား မလုပ်ဝံ့ပေါင်ပါဘုရား။ အကယ်တန္တ လူ့မှုကျွမ်း လို့ လူ့တမ်းကို အခြေပြုရော်ရင် ဂရုတော် မတိုက်ပါနှင့်ဘုရား။ အရှင် ဘုရား အမှားတော်ကို ပေယျာလကံ ဝ ကွက်လို့ ချန်ကြည့်ပါမည်" ဟု သော ပြန်စာချိုးကိုကြည့်၍ ပြုံးရသည်၊ ပီတိဖြစ်ရသည်မှာလည်း အကြိမ်ကြိမ် "ဦးစင်း ကြွလာတော်မူမယ် ဆိုလို့ ရွှေလည်တိုင်ပေါ့ရိုး ကျိုးမတတ် မျှော်ပါသော်လဲ ပေးမလှာ တော်ရာမှာ စိတ်တော်စွဲလို့ လမ်းလွှဲများ လိုက်လေရောလားလို့" စသော စာကိုဘတ်ပြီး သက်ပြင်း ကြီး ချရသည်ကား အဘန်ဘန်။

ထိုအပျိုတို့ကား၊ ရိုးစားမျှသာ ရှေ့သို့မတက်နိုင်။ အခွင့်သာအောင် စောင့်နေခဲ့ရ၏။ သီလရှင် မသီလတာရီနှင့်ကား ကာလဖော့ဘင် ပင်လယ် တွေခွဲ လှေငယ်ဖြင့် ရွက်ကုန်လွှင့်နေသည်တွင် ကပ္ပိယ ဦးကျောက်လုံး ကြီးဝင်လာပြီး ....

"ဦးစင်းလေး ..... သိပ်လဲ မရှမ်းနှင့်။ သီလရှင်လေး ကိုယ်လေး လက်ဝန်ရှိလာရင် ကမ္ဘာမီးလောင်နေမယ်" ဟု သတိပေးရာ ..

"ခြော် .... ဒကာကြီးက သိပ်စေတ်မမှီသေးဘဲကိုး ... ပဋိသန္ဓေဆို တာ ကိုယ်က ခနေချင်မှ နေတာပါ .... " ဟု ဦးသုစဏက ပြော၏။

"ဒါထားပါအုံး .... ကိုယ်တော့ အစခြေကို အများက အကဲခပ်နေကြပြီ။ တော်တော်လဲ ရိပ်မိကြတယ်။ တပဲ့တော်တို့ ဆရာတော်ကြီး သိသွားရင် "အကျိုးလိုလို့ ညောင်ရေဖျန်း၊ ပတ်ထမ်းသင့်" ဆိုတာလို တပဲ့တော်ပါ ရာဇဝတ်မှု ဖြစ်နေမှာဘဲ။ နဲနဲတော့ ဆင်ဆင်ခြင်ခြင်နဲ့ အဆောင်တော် ကူးပါ"

"ကိစ္စမရှိပါဘူး တကာကြီးရယ် .... ဆရာတော်ကြီးလဲ အ အကြီးပါ။ သိမှာ မဟုတ်ပါဘူး" ဟု ပြောပြီးသည့်နောက် ရက်များကြာမြီ ကမ္ဘာမီးလောင်လေ၏။

နန္ဒဝန် ဆရာတော်ကြီးမှာ အထက်အညာ ချင်းတောင်မှရလာသော ခွေးမတကောင် ရှိ၏။ ထိုခွေးမကလေးသည် အလွန်လှပ၍ အမျိုးကောင်း၏။ ထိုခွေးမှ ဆင်းသက်ပေါက်ဘွားသော ခွေးမျိုးကောင်းများ၊ ခွေးသန့်များ (ဝါ) ခွေးဖြူစွာကလေးများကို ၎င်း၏တကာကို ပေးလိုသဖြင့် ခွေးမကို တခြားခွေးတွေနှင့် မက်လာမဆောင်မိရန် ကြီးစွာသော ဝါယမဖြင့် စောင့်ရှောက်ပြီး ဝါးရုံတော ကျောင်းတိုက်မှ "ဘူးလယ်ဒေါ" ခွေးကြီးနှင့် ခပ်ထားခဲ့လေသည်။ ထိုခွေးမကား ခွေးဘီလူးကြီး၏ သတ္တိကြောင့် ယခုအခါ ခွေးကလေးတွေ မွေးခါနီး ဖြစ်နေလေ၏။ ထိုခွေးမကို မသီလစာရီ၏ ဇရပ်အောက်မှာ ကျကျနန ထားလေ၏။

တညသော်– တချက်တီးအချိန်၌ ဆရာတော်သည် ခွေးကလေးတွေ ငိုသံ– ခွေးမကြီး အူသံကြောင့် ကျိန်းစက်ရာမှ နိုးလေ၏။ ခွေးကလေးများ မွေးဘွားမည့်အချိန်ကို ရန်သူချဉ်းကပ်သံကို နားစွင့်နေသော စစ်သားကဲ့သို့ အမြဲနားထောင်နေသူ ဖြစ်ရကား ခွေးမွေးပြီဟု ချက်ခြင်း တပ်အပ်သိလေ၏။ ထိုအခါ လက်နှိပ်ဓာတ်မီး ကိုင်ပြီး ကျောင်းအောက်သို့ အပြေးဆင်းခဲ့လေ၏။

ဇရပ်ပေါ်၌လည်း "ဘယ်က ခွေးသံတွေလဲ" ဟုမေးရာ "ခွေးမကြီး မွေးပြီထင်တယ် ဟဲ .... ဟဲ" မသီလစာရီက ပြေလိုက်၏။ "ဆင်းကြည့်ရအောင်" ဟု ဦးသုစကော အဆိုသွင်းရာ "ဟင့်အင်း ကြည့်နဲ့ ငြိမ်ငြိမ်

နေပါ" ဟု ကန့်ကွက်၏။ ထိုအသံများကား ဆရာတော်နားတွင်းသို့ မထင်မရှား ရောက်လာလေ၏။ ဆရာတော်သည် စကားပြောသံကို ကြားရသောအခါ ခွေးမဆီသို့ လက်နှိပ်ဓာတ်မီး ထိုးထားသည်ကို ခလုပ်ပိတ်မိ၏။ ရေပ်ပေါ်သို့ နားစွင့်နေဘိ၏။ ဆိတ်ငြိမ်သွားပြန်၏။ "ဘာလို့လဲ သီသီရဲ့" ဟုသော အသံသည် ဆရာတော်၏ တကိုယ်လုံးကို ချောက်ချားသွားစေ၏။ ဆရာတော်သည် မွေးညှင်းများထလာ၍ ရင်မှာလည်း တဒိတ်ဒိတ် ပြင်းစွာ ခုန်လာလေ၏။ ၎င်းရှေ့၌ရှိသော ရေပ်နံရံမှာ စွက်ဝင်သွားသည်ဟု အောက်မေ့၏။ နောက် ရေပ်အမိုး ပြိုကျလာသည်ထင်၏။ နောက် မျက်စိကို မှိတ်ကြည့်မိ၏။ ၎င်းရှေ့၌ မသီလစာရီ၏ ရေပ်သည် ဆိပ်ငြိမ်စွာ တည်နေ၏။ ခါတိုင်းကဲ့သို့ပင် မရမ်းပင်ကြီးသည် မလှုပ်မရှားဘဲ ရေပ်ပေါ်က အုပ်နေလေ၏။ အသံကို နားထောင်ပြန်၏ ခွေးကလေး၏ အသံများကိုသာ ကြားရ၏။ ထိုအခါ "တယ်ရှုပ်တဲ့ ခွေးသံတွေပါလား ...." ဟု ထင်မိ၏။ မကြာမီကပင် ခွေးသံကို ကြားရသောအခါ ရွှင်လန်း နှစ်သိမ့်၏။ ယခုမူ ထိုခွေးသံ သည်ပင် ဓါ်လာမရှိသော အသံ သူ့ကို ဖျက်ဆီးသော အသံထင်ပြန်၏။ ခြေဖျား ထောက်သွား၍ မသီလစာရီအိပ်သော အခန်းခေါင်းရင်းဆီသို့ ကပ်၏။ ပြတင်းပေါက် အကြားကလေးတွေကို ကပ်ပြီး နားထောင်၏။

"ဦးပဉ္စင်းသွားမယ်နော်"

"ဟင့်အင်း မသွားနဲ့ ကြောက်တယ်"

"ဟား .... ဟား .... ဟော့ ... ကြောက်တယ်"

"ဟုတ်ပြီ အစစ်ဘဲ ဦးပဉ္စင်းတပါး သူ့အခန်းထဲ ရောက်နေပြီ။ ဘာလုပ်လာရသလဲ ဆရာတော်သည် ခြေဖျားထောက်ထားသည်ကို အောက်ချ၍ ငိုင်သွား၏။ ကိုယ်တဆတ်ဆတ် တုန်လာ၏။ ခွေးမကလေး လင်နေတယ်။ ပဉ္စင်းတွေနှင့် ညားတယ်၊ ငါ့မှာဖြင့် ကျွေးလိုက်ရ မွေးလိုက်ရတာ ထောက်ပံ့လိုက်ရတာ ငါပိုင်တယ်။ သင်းလဲ ငါပိုင်တာသိတယ်။ ဟင် သီလစာရီရဲ့ နှင်သက်သက်မဲ့ မိုက်လုံးကြီးတာပေါ့။"

"လွှတ်ပါသီသီရဲ့ သွားချင်တယ် ဒီနေ့ ဘာလို့မှန်းမသိဘူး သီသို့ဆီကို လာသာလာရတယ်။ စိတ်ထဲကတော့ မသွားနှင့် မသွားနှင့် နဲ့ သတိရနေတာဘဲ။ သို့ပေမဲ့ ခေါ်ဘ် မလာရင် သီသီက မချစ်ဘူးလို့ အပြစ်တင်မှာကြောင့် ကဲပါနော်လွှတ်ပါ။"

ဆရာတော်ကား ခြေဖျားထောက်၍ နားထောင်ပြန်လေ၏။ သူ့ဝမ်းတွင်း၌ကား၊ အသည်းရော နှလုံးရော သရက်ရွက်ရော ကျောက်ကပ်ရော အူရော အကုန် တုန်နေကြ၏။ သိကြရောပေါ့၊ သင်းတော့ သတ်ပစ်မယ်၊ သင်ခုန်းနှင့် လယ်လိုးမယ်၊ ကျေးစူးကန်းမ၊ ဒီအသံ ဘယ်သူ့အသံလဲ၊ ဘယ်ပဋ္ဌင်းလဲ၊ ငါ့ကိုက မှားတယ်၊ ချွေးပဋ္ဌင်းတွေ မွေးထားမိတယ်၊ ငါ့ကျောင်းလဲနေသေး၊ သရေပေါ်အိပ် သရေနားစား၊ နင်ဘယ်သူလဲ၊ မှန်း .... နားထောင်။

"လွှတ်ပါ .... မလွှတ်ဘူးလား သီသီရဲ့"

"လွှတ်ဘူး ...."

"ကဲ ... မလွှတ်နှင့်အုံး ...." ဆိုပြီး ပြင်းပြစွာ အသက်ရှူသံကို ကြားရလေ၏။

ဆရာတော်မှာ ကျောထဲက စိမ့်သွား၏၊ တကိုယ်လုံး အေးကျ၍ သွား၏၊ အသက်ရှူ မမှန်ဘဲရှိလေ၏။ ခြေထောက်ထားရသည်မှာ ညောင်းပြီဖြစ်၍ အောက်ချပြန်၏၊ "ကလစ်" ခနဲ ဝင်းတုံးဖွင့်သံ ကြားရလေ၏၊ အသက်ရှူ ရပ်ထားလိုက်မိ၏၊ 'ကလစ်' ဆိုသောအသံမှာ သေးငယ်သော်လည်း ဆရာတော်ကိုကား၊ မိုယ်းချုန်းထစ်သကဲ့သို့ ချောက်ချား တုန်လှုပ်စေ၏။ နောက် ဝုန်းကနဲ အသံကြားရပြီး၊ ဘိနပ်သံ တဖျပ်ဖျပ် ကြားရလေ၏။ ဘိနပ်သံသည် ကျောင်းဆီသို့ သွား၏၊ ဆရာတော်မှာ ဘာလုပ်ရမည်မသိ ငေးပြီးကြည့်နေမိ၏။ နောက်မှ သတိရပြီး၊ "ကဲ ... အခုလုပ်ရင်လုပ်၊ တခုခုလုပ်၊ နောက်မှဆိုရင် ဘာမှ မလုပ်ရတော့ဘူး" ဟု စိတ်မီးနှင့် ဆိုးကြည့်လိုက်၏။ "ဟယ် ဦးသုခစေ

ပါကလား၊ မယားခိုး လူမိုက် ချေး” ဟု မြည်တမ်း၏။ ဦးသုခမှာ မီးရောင်ကြောင့် လန့်ပြီး ကျောင်းပေါ်တက်ပြေး၏။

ဆရာတော်သည် ဦးသုခနောက်သို့ လိုက်ချင်သော်လည်း သူ့ကို ရန်မူထားခဲ့မှာ ကြောက်၏။ ခြေလေးငါးလှမ်းမျှ လိုက်ပြီး နောက်သို့ ဆုတ်ပြန်၏။ “ဟဲ့ .... သီလတာရီ၊ သီလတာရီ ထစမ်း” ဟု အမိန့်ရှိပြီး စရပ်ပေါ်တက်သွား၏။ သီလတာရီကား ခုနင်ကအောင်ကတဲက ဘုန်းကြီး မှန်း သိ၏။ ကြောက်နေ၏၊ တုန်ရီသောလက်ဖြင့် တံခါးဖွင့်ပေး၏၊ ဘုန်းတော်ကြီးသည် ဘာမှ စကားမပြောနိုင်ဘဲ၊ သီလတာရီကိုသာ ကြောင်တောင် ကြည့်နေလေ၏။

“နင်တယ်တော်ပါကလားဟင် .....” ဟု ဆို၏။

“ကယ်တော်မူပါဘုရား၊ ချမ်းသာပေးတော်မူပါ ဘုန်းဘုန်းဘုရား” ဟု ငိုသံနှင့်ပြောပြီး မသီလတာရီသည် ဆရာတော်၏ ခြေကို ဘက်၍ ငို၏၊ ခြေကို ခေါင်းနှင့်တိုက်၏၊ မျက်ရည်ပေါက်များသည် ဆရာတော် ခြေဖမိုးပေါ်သို့ ကျလာလေ၏။

“ဘာလုပ် ကယ်ရမလဲ နင်မိုက်တာ ..... ချေးမ”

“မမိုက်ပါဘူး ဘုရား .... အီး .... အီး .... ဟီး ... တပည့်တော်မ ဘာသာ နေတာပါ ဘုရား၊ ဘုန်းဟုန်း .... ဟုန်း ... ဘုန်းဘုန်းကိုသာ တပည့်တော်မ ချစ်တာပါ ဘုရား”

ဆရာတော်သည် လက်ပိုက်၍ ငုံ့ကြည့်ပြီး။

“နင်ဒီလိုနှင့် ညာနေတာ၊ နင့်ဘာသာနေရင် ဘာဖြစ်လို့ ဒီလိုလာ နိုင်သလဲ၊ ငါလေ– ခြေနှင့်ကန်လိုက်ရ” ဟုပြောပြီး ခြေကိုမသော်လည်း၊ မသီလတာရီသည် ခြေကို အမြဲဘက်၍၊ အီး .... အီး .... နှင့် ငို၏။

“တပဲ့တော်မကတော့ မဟုတ်ပါဘူးဘုရား၊ သူကလာလာပြီး၊ ဟီး ... ဟီး .... အွန့် .... တပေးတယ်ဘုရား၊ ဦးကျောက်လုံးကြီးကလဲ သူ့ အတွက် ပြောပေးတယ်ဘုရား၊ သူတို့နှစ်ယောက်လဲ့တာနှင့် တပဲ့တော်မ ပါသွားတာပါ ဘုရား၊ သူတို့ပြောတာ ယုံမိတာ မှားတာဘဲ ဘုရား

ဘုန်းဘုန်း ကယ်ပါဘုရား၊ ချမ်းသာပေးပါဘုရား” ဟုပြောပြီး ရှိုးရှိုက်ငိုပြန်၏။ ဆရာတော်၏ ရှိုင့်ဝှမ်းသော မျက်စိများမှာ စိုလာလေ၏။ ဆရာတော်သည် ညာလက်ဖြင့် သီလရှင်၏ ကတုံးကို မွတ်သပ်ပေးရင်း မျက်ရည်ပေါက်ကြီးများသည်၊ အရေတွန့်သော ပါးများပေါ်သို့ လိမ့်၍ဆင်းလာလေ၏။

“ကွယ် ... ငါက ဘယ်လို စောင့်ရှောက်တယ်ဆိုတာ သိရက်နှင့် လုပ်ရက်လေခြင်း၊ ငါ့ကို အစက ပြောပါတော့လား– ဟင်၊ ဘုန်းဘုန်းကို ဘာလို့ မတိုင်သလဲဟင် .... တောက်– ဘုန်းဘုန်းပိုင် ပစ္စည်းကိုသုံးတဲ့လူတွေတော့ သိစေမယ်၊ အခဲမကြေဘူး၊ ကပ္ပိယ အစုတ်အနုတ်ကလဲ ဝင်ရှုပ်သေးတယ်။ ငါ့အဘိုးတန်းကလေးကို ဖျက်ကြတယ်၊ တိတ်တိတ် .... မငိုနဲ့၊ သီလစာရီ .... မငိုနဲ့လေ” ဟု ချော့မှ မသီလစာရီသည် မျက်ရည်များကို သုတ်၏။

နောက်တနေ့တွင်ကား၊ ဦးကျောက်လုံးနှင့် မကြည်ရဲ့ ဦးသုခကို ကျောင်းမှ ထုတ်လေ၏။ နံရံများရှိ စက္ကူချပ်များတွင် (ကျောင်းနေ ရဟန်းများသည် မာတုကာမနှင့် ပေးနိုင်သမျှပေးအောင် နေရမည်ဖြစ်သောကြောင့်၊ ရေပ်၌ ဘုရားရှင် တရားတော်တွင် မှီခိုနေကြသော သီလရှင်များနှင့် လုံးဝ ဆက်ဆန်ခြင်းမရှိစေရ) ဟု စာရေးထားလေ၏။

သတင်းစာများတွင်လည်း စမ္ဘာကထိကပြည်ကျော် ဆရာတော် ကြည်ရဲ့ ဦးသုခသည်၊ သတ္တဝါများအား ရင်ဝယ်သားကဲ့သို့ သနားသဖြင့်၊ သံသရာဝဋ်မှ လွတ်မြောက်ရာဖြစ်သော တရားများကို ဟောပြရန်၊ တကာကြီး ဦးကျောက်လုံးနှင့်အတူ စရီးဒေသစာရီ ကြွတော်မူမည်ဖြစ်ကြောင်းနှင့် ရေးသားပါရှိလေသတည်း။

## အခန်း။ ၁၄ ။

## မိန်း မ တွေ ကို အ တင်း ဖမ်း ပြီး မှ ဒိမ်း ကျင့် ကြ သ တဲ့

ဦးသုစနသည် ပြည်မြို့သို့ ကုန်းကြောင်းဖြင့် ဆန်တက်ရာ လမ်းတွင်ရှိသော မြို့များ၌ တရားပွဲများ ကျင်းပလေသည်။ ဦးကျောက်လုံးကြီးကား တရားနာခံအဖြစ်ဖြင့် များစွာ ဝတ္ထုရား ကြေပြွန်နေလေ၏။ သုံးဆယ်၊ သာယာဝတီ၊ ဇင်းလှ၊ ဘကက်ပဲတန်း၊ ကြို့ပင်ကောက်၊ နတ္တလင်း၊ ပေါင်းတည်မြို့တို့၌ တရားနာပရိတ်သတ် အလွန်စည်ကားများမြောင်လှပေ၏။

ဦးသုစနသည် ဤသို့ တွေးမိ၏။ ဂါထာရွတ်ရာ၌ နာစည်ကျော်ကြားသော စမ္မကထိက၊ စကားပြေ ဟောပြောရာ၌ နာစည်ကျော်သော စမ္မကထိက၊ သီချင်းနှင့်ရောစပ်၍ ဟောရာ၌ နာစည် ကျော်ကြားသော စမ္မကထိက အစရှိသည်ဖြင့် သူ့ဘက်နှင့်သူ ဂုဏ်ပုိင်ပိုင်ကြီး စွမ်းကြသော စမ္မကထိကတွေ ပေါ်လှပြီ။ အမျိုးသားစိတ် ကြွအောင်ထည့်၍ ဟောသောကိုယ်တော်တွေကား သာယာဝတီ ဦးညေယျနှတပါး ရှားလှစွာ၏။ ငါသည် အမျိုးသားစိတ်ကြွစေမည့် တရားတွေကို ဟောလိုက်ချေက၊ တမျိုးအကြိုက်တွေ့၍ ငါနာစည်ကြီးမည်။ လူကြည်ညိုများမည် အလှူအတန်း ဝပြောမည်။ သို့ကြောင့် ဦးသုစနသည် ကြို့ပင်ကောက်မြို့၌ ဝိဇယကျွာဇာတ်ဝတ္ထုတရားကို ဟောကြားတော်မူရာ ....။

"အင်း .... ဇင်မျို ဇင်းလွင်ကလေးဟာ ညွှင်းချင်တိုင်း ညွှင်း၊ တောချင်တိုင်းတောပြီး၊ တိုင်းနေပြည်သားတွေကို များများကြီး နှောက်ယှက်နေသတဲ့၊ ပြီးတော့ သူတပါးထဲ ဇော်ကားတာမဟုတ်ဘူး။ အဆော်

အများနှင့်တဲ့ အဆော်များကလဲ ငါးရာတောင်ရှိတယ်။ ဒီငါးရာထဲက လူပျိုတော်တွေကလဲ သတ္တိကလဲကောင်းပေ့။ မိုက်လုံးကလဲ ကြီးပေ့၊ ရက်စက်တဲ့စိတ်ကလဲ ထန်လှပေ့ ဆိုတဲ့သတ္တဝါတစုပေါ့။ အဲ ... ဒီတော့ ခေါင်းဆောင်လုပ်တဲ့ လူကလဲ လက်နက်အင်အား၊ ငွေအင်အား များများကြီး ဖြိုးသုံးနိုင်ပေတာမို့ စိတ်ကရှိသလောက် အကြံမြောက်ကြတာပေါ့ ....။ သူတို့တတွေဟာ တောလက် ကျေးရွာတွေသွားပြီး အရုပ်ပွဲတွေကိုကြည့်ကြသတဲ့။ တောသူအပျိုချော ဖြူပြာမှုရာတွေ အနားတိုးကြ နောက်ကနေဆိပ်ကြ၊ တို့ကြ၊ အတင်းအကြပ် ချစ်စကား၊ ကြိုက်စကား ပြောကြတဲ့ အရုပ်သူ အရုပ်သားတွေမှာ စလှေ့စရိုက်နှင့် ပျော်နေကြ၊ ကနေကြ၊ သီဆိုနေတာကို "ဟေ့ ... အောင်ပွဲသိမ်းလိုက် မကြည့်ချင်ဘူး။ မင်းသားက ကတာ ချောက်စုန်သလို" ဘာညာနှင့်ဆိုပြီး ပွဲဖျက်ကြတယ်။ အရုပ်သားတွေက မခံနိုင်လို့ ရန်မူကြပြန်ရင်၊ ပြန်ပြီး လက်နက်ကုန် အစွမ်းပြပြီး ရမ်းကြပြန်တယ်။ သေနတ်နှင့်ပစ် ဓါးနှင့် ထစ်ပေါ့။ ပြီးတော့ မိန်းမတွေကို အတင်းဖမ်းဆီး၊ အဓမ္မ မုဒိမ်းကျင့်ကြသတဲ့၊ မပြောနှင့်တော့ ဓါးနှင့် ရင်ဝတော့ပြီး ကာမကို လုယူကြသေးတယ်။ တချို့ရွာများမှာတော့ ထန်းရေနှင့်မြီးတို့ ကြက်တွေ ဘဲတွေကို စွတ်အတင်း တောင်းယူကြတယ်၊ ကြက်ဥဆိုတာလဲ လိုလေသေးမရှိအောင် တောသူ တောင်သားတွေက ဆက်ကြရတယ်တဲ့။ မင်းသားနှင့် အဆော်အပေါင်းများဟာ ပျော်ကြောင်းတမျိုးဖြစ်တဲ့ တော်လိုက်ခြင်း ပြုကြတဲ့အခါ တောရွာက လူများကို အရအမိ ခေါ်ယူသွားကြတယ်။ တောသားကြီးတွေမှာ မြှားထမ်း၊ လေးထမ်း၊ သားကောင်ထမ်းပေါ့။ တခါတရံ လမ်းလယ်မှာ ရွှံ့ဗွက်များတွေ့ရင် မင်းသားနှင့် ငယ်ကျွန်များကိုထမ်းပြီး ရွှံ့ဗွက်ကို ကူးရှာကြရသတဲ့"

"တကာကြီး ဦးကျောက်လုံး ..."

"ဘုရား .... အနားက ခဏလျက်ရှိကြောင်းပါ ဘုရား ..."

"သည်လောက် ဆိုးဝါးညစ်စုတ်တဲ့ မင်းများ ရှိပါအုံးမလားဗျာ ..."

“မှန်လှပါ မရှိရှိးကောန် မှန်ပါဘုရား ... ယခုခေတ် ကာလမှာ အလွန်ယဥ်ကျေးလှသည့် အင်္ဂလိပ် အစိုးရမင်းများ ကြီးကြပ်နေလို့ တိုင်းတော်ပြည်တော် သာယာလှကြောင်းပါ ဘုရား ....”

“အဲ မရှိပေဘူးဗျာ။ ဒါကြောင့်လဲ အင်္ဂလိပ်မင်း အုပ်စိုးခြင်းကို အလိုရှိကြပေတာပေါ့နော် ... အဲ ... အဲ ... ဝိဇယ ကုမ္ပဏီတို့ဆိုတာ ဋ္ဌကာဖွဲ့ရင် ကုန်နိုင်ဘွယ် မရှိပေဘူး တကာကြီး။ မြို့ကြီး ပြကြီးများမှာ တော့ နှိပ်စက်ပုံက တမျိုးတဲ့၊ သူဌေး သူကြွယ်တွေကုန်သည်ကြီးတွေက သူတို့ဆီက ပစ္စည်း ဥစ္စာကို ချောက်လို့ လှန့်လို့ တောင်းတာက တမျိုး ခွတ်ဆွဲယူတာက တပုံ၊ မင်းတို့တတွေ အလကားနေရင်း ပိုက်ဆံပေါ၊ အလကားနေရင်း အမြတ်တွေယူနေတာယ်။ ငါတို့ကို မင်းတို့မြတ်တာ တွေထဲက ခွဲလို့ပေးရမယ်လို့ ယူတာက တနည်းတဲ့ဗျ။ ခြောက်လို့ ယူကြသေးသတဲ့။ မင်းသားဆိုတော့ အောင့်အီးလို့ ခံနေကြရတာပေါ့ လေ။ ပြီးတော့ အမှုအခင်းရှိလို့ မြို့သူ မြို့သားတွေဟာ တရားရုံးတော် များ တက်ခဲ့ရလို့ရှိရင် အမှုအခင်းနိုင်အောင် ဝိဇယမင်း ကယ်ပါဟု မင်းသားကို တထောင်မျိုး နှစ်ထောင်မျိုး လာဘ်ထိုးရသကိုး၊ ဝိဇယကုမ္ပဏီဟာ ဒီငွေတွေရပြီဆိုမှဖြင့် တရားစီရင်မဲ့ ဝန်ကြီးထံသွားပြီး “ဘိုးဘိုး ..... ဒီလူ့အမှုကို အနိုင်ပေးလိုက်ပါ။ ကျုပ်ဘုရင်ဖြစ်တော့ ဘိုးဘိုးကို ကျေးဇူးဆပ်ပါ့မယ်” ဆိုသတဲ့။ တရားဝန်ကြီးများလဲ ဘယ်မှာ ငြင်းဆန်နိုင်ပါ့မလဲ။ မင်းသား အလိုတော်ကျ လုပ်ရတာပေါ့ လေ။ မင်းကလေးကို အပိုင်စားပေးထားတော်မူတဲ့ နယ်များမှာတော့ သာကြပ်တာပေါ့လေ။ တောင်သူ လယ်လုပ်တွေမှာ အဆမတန် အခွန် တွေ ပေးကြရသတဲ့။ ဒီအခွန်တွေက ရွာသမျှငွေတွေကို ဝိဇယကုမ္ပဏီတို့ လူစုဟာ အကုန်မြှန်းပစ်တာဘဲတဲ့။ သူတို့ဘဲ ခွဲယူကြတယ်၊ အခွန် ဆောင်ရတဲ့ သူတွေရဲ့ ပညာရေးတို့၊ ကျန်းမာရေးတို့၊ စီးပွါးရေးတို့တွေ ကို ဘာမှဂရုမစိုက်ဘူးတဲ့။ ဒီဟာတွေဟာ အခွန်အထုပ်ထဲက သုံးဘို့ မဟုတ်ဘူး။ နင်တို့ကျန်းမာချင်ရင် နင်တို့ဘာသာ ဆရာဝန်ခေါ်ကြ၊

ဆေးရုံဆောက်ကြ မဖေါ်နိုင် မဆောက်နိုင်ရင် သေကြ။ ပညာလိုချင်ကြ နင်တို့ဘာသာရှာကြ။ နင်တို့ ငွေစုကြပါလား၊ ငွေစုပြီး ကျောင်းတယ်ကြပါလား။ နင်တို့ လမ်းကောင်းကောင်းနဲ့ သွားလာချင်ကြရင် တအိမ်တယောက်ဆင်းပြီး တောခုတ်ကြ၊ လမ်းဖွင့်ကြ၊ ကျောက်ခင်းကြလို့ မိန့်တော်မူသတဲ့ တကာကြီးရဲ့။ တခါတုံ ဝိဇယမင်းသား တောသို့ ချီကြွလျှင် သွားတော်မူမဲ့ လမ်းတွေကို ရှင်းကြလင်းကြ၊ ကျောက်ခင်းကြစေသတဲ့။ ဒီတော့ ဝိဇယမင်းသားက အဲဒီလိုမှပေါ့။ တနယ်လုံး ဒီလိုဘဲ ကောင်းကြရဲ့ မဟုတ်လား .... စသည်ဖြင့် မေးတော့ တနယ်လုံးပါဘဲဘုရားလို့ လျှောက်ကြသတဲ့။ အဲဒီလို ပေါ့လေ– တော်တော်ဘဲ ဝိဇယရဲ့ ဆိုးဝါးချက်ကဲ့နေတာ တစ တစတော့ ခမည်းတော် သီဟဗာဟုမင်းကြီး၏နားတော် ပေါက်ကြားပါရောတဲ့။ ပေါက်ကြားတော့ မင်းကြီးက မှူးမတ်များ မေးတော်မူရာ၊ မှူးတော်မတ်တော်တွေက မှန်လှပါ၊ ကြားတော်မူသလောက် မဟုတ်ပါဘုရား။ ဘုရားသားတော်သည် မဟာသွေး မဟာနွယ်အစစ် ဖြစ်ပါသဖြင့် သီလသမာဓိ မနဲပါကြောင်းပါဘုရား။ သနားဂရုဏာ စိတ်များကိုလည်း ဖွေးမြူပါကြောင်းပါ ဘုရား။ နုမျိုသော အရွယ်၊ ပျော်တတ်သော အရွယ် ဖြစ်ပါ၍ တခါတုံ အပျော်ကြူးမိသည်ကို တစိပ်တအိတ် လုပ်၍ ရွှေနားတော်သို့ ပို့ဆောင်ခြင်းမှန်ပါသည်ဘုရားလို့ လျှောက်ထားတော့ မင်းကြီးလဲ အေးသွားပြန်ရော။ နောက် လနှစ်ကြာတော့ သံပုရာသီးလို “ကြီးလေ ချဉ်စရာကောင်းလေ” ဖြစ်တဲ့ ဝိဇယကုမ္မာဟာ ကြာလေ ချဉ်စရာကောင်းတဲ့ အလုပ်တွေလုပ်ရောတဲ့။ အဲဒီတော့ တကာလုံးရေ ..... ”

“ဘုရား .... ဟုတ်တော့ ကျော် ပုပ်တော့ ပေါ်ပါတဲ့ ဘုရား”

“ဟုတ်လေ တကာကြီးရယ် ... မကောင်း သတင်း အပုပ် အနံ့တွေဟာ အလွှန်ထွက်လာတော့ ဘုရင်ကြီးလဲ များစွာ စိတ်နှလုံး မသာမယာရှိတော်မူတာပေါ့။ သားတော်ဖြစ်လို့ ချစ်တော်မူတာက တပုံ၊ အမိုက်တော်ကြူးလို့ ဒူးနှင့်တိုက်လိုက်ချင်တာ တမျိုးကိုးဗျ။ ခမဲတော်မျက်နှာမှ

ထောက်တော်မမူဘူးသားရယ်၊ မိုက်လေခြင်း .... ဟု ဟင်းခနဲ သက်မကြီး ချနေတယ် ....။ သားတော်အတွက် လူသတ္တဝါအများတို့ စီးပွါးပျက်၊ အနှိပ်စက်ခံရ။ အညှင်းဆဲခံရ၊ တိုင်းသူပြည်သားတွေဟာ တကယ်ဘဲ အိုးခင်းကြီးထဲမှာ ထဲ့လှော်တာလို အပူနှင့် တွေ့နေကြရတယ်၊ သားမျိုး သမီးမျိုးများလဲ ပျက်စီးကြ။ လင်ရှိမယားများလဲ ကာမဂုဏ်အလုခံရနှင့် ဖြစ်နေချေပြီလို့ အများသော တိုင်းသူပြည်သားတို့အတွက် ပူလဲပူ ဆွေးလဲ ဆွေးမိတယ်၊ သင်းကလေး မရှိရင် ပြည်သူပြည်သားတွေ ချမ်းသာပေမှာဘဲဟု ချိန်ဆတော်မူသော်လဲ၊ ခြသ်ေ .... သားကြီး ငမိုက်ကြီး တယ်ဆိုးပါကလား။ မင်းလိမ္မာပါ။ ဘခမည်းတော်သားကြီးနှင့် ဘယ်တော့မှ မခွဲလိုဘူး။ သားကြီးကို အလိုလိုက်ချင်တယ်၊ ရွှေထီးရွှေနန်းကို သားကြီးမောင် သိမ်းမြန်းစေလိုတယ် .... ဟု ဘခင်၏ ချစ်သောစိတ်ဖြင့် ရှေလဲ ရှေ့တွက်မိသေးသတဲ့။ ဒီလိုနဲ့ .... ပြည်သူ့အကျိုးနှင့် သားကိုချစ်ခြင်း စစ်တိုက်နေကြတယ်။ သို့သော်လဲ သီဟစေါဟု မင်းကြီးဟာ လူညံ့မဟုတ်ဘူး။ လူတွေရန်မှုမယ်ထင်လို့ ဘခင်ဖြစ်တဲ့ ခြသေ်မင်းကိုတောင် အဓသစီရင်တော် မူသေးတဲ့လူ ဖြစ်တယ်။ ဒီတော့ အသက်တခုချဖြစ်သော သားကို မချစ်နိုင်၊ အများသတ္တဝါကိုသာ ချစ်နိုင်မည်။ သားကိုတော့ ဆိုးစေ၊ အများ သတ္တဝါတွေတော့ ပျက်စီးနစ်နာစေ ဆိုတာဟာ မတရားဘူးလို့ တွေးတောပြီး သားတော်မောင်ကို အပေါ်အပေါင်းနှင့်တကွ ဘမ်းပြီး ကွပ်မျက်စေလို့ မိန့်တော်မူသတဲ့ .... တကာလုံး။"

"ဘုရား .... သတိမလပ်မှု၍ တပည့်မှတ်ယူနေရင်းပါ ဘုရား၊ မိန့်တော်မူပါ"

"ခြသ်ေ .... မကွာလေး တကာကြီးရဲ့ အများပြည်သူ အကျိုးကိုကြည့်ပြီး၊ သားတော်တပါးကို သားတော်ကို ချစ်ခြင်းဖြတ်လျက် သတ်တော်မူရန် စီမံတယ် တကာကြီး။ လောကမှာ ဘယ်သူ့ကို အချစ်ဆုံးလဲ။"

“အိမ်က မယားကိုပါဘုရား” ဟု ဦးကျောက်လုံးက ဖြေလိုက်ရာ၊ ပရိတ်သတ်တို့သည် ဝါးခနဲ ရယ်ကြလေ၏။

“အောင်မာတာကာကြီး၊ ဘယ်တုန်းကများ ဓနီးတာမယ်နဲ့ ကြီးကျယ်နေသတုန်းဗျာ။”

“မှန်လှပါ … ဘယ်တုန်းကမျှ မရှိသေးပါဘုရား” ဟု ဖြေရာ ဝါးခနဲ ရယ်သံ ထွက်လာလေ၏။

“အဲ …. အဲ …. ကောင်းကောင်း ပြောပါအုံး၊ လောကမှာ ဘယ်သူ့ကို အချစ်ဆုံးလဲ၊ ကိုယ့် ကိုယ်ကလွဲရင်လေ။”

“ ဦးပဋ္ဌင်းကို အချစ်ဆုံးပါဘုရား” ဟု ပြောပြီး ရယ်လေရာ၊ ပရိသတ်မှာ ပေါးလယ်ပင် လေတိုးသလို လှုပ်ရှားကာ ရယ်မောကြလေ၏။

ဦးသုစခသည် တခစ်ခစ်ရယ်မောပြီး …..

“ဖြစ်သေးပါဘူး တကာကြီးရယ်၊ ကဲ …. ပရိသတ်ထဲက ဖြေကြစမ်းပါအုံး” ဟု မေးလေ၏။

“သားသမီးပါဘုရား” ဟု ပရိသိတ်ထဲက ထွက်လာမှ ….

“အဲအဲ …. ဟုတ်ပြီ၊ မိမိကလွဲလို့ အချစ်ဆုံးဖြစ်တဲ့ သားသမီးကို တောင် တိုင်းကျိုး ပြည်ကျိုး အတွက် စွန့်လွှတ်သတ်ဖြတ်ခဲ့တဲ့ ဘုရင်ဘဲ ဦးပဋ္ဌင်းတို့ခေတ်ကြီးမှာ တိုင်းပြည်အတွက် သားသမီးစွန့်ခဲ့တဲ့လူ မပြောနှင့်၊ ငွေငါးထောင်တောင် မစွန့်ခဲ့ကြဘူး မဟုတ်လား။”

“မှန်လှပါဘုရား။” သံပြိုင် ပေါ်လာစေ။

“ခုကာလမှာတော့ သားသမီး ပိုးလုံချည်– ပိုးအင်္ကျီပြောင်ပြောင်ဝတ်၊ ဓိန့်လက်စွပ် ဓိန်နားကပ်ဝယ်၊ မယားနှင့် မော်တော်ကား ပြိုင်စီးဘို့လောက်ကိုသာ အရေးတကြီး ထားနေကြတယ်။ တိုင်းပြည်တော့ ဘာဖြစ်ဖြစ်ဆိုတဲ့ ခေါင်းဆောင်တွေသာ ပေါ်နေတာကိုးနော်။ ဒြော် …. ဒါကြောင့် ဒီလိုကျွန်ဘဝနှင့် နေကြရတာပေါ့။ အဲဒါကြောင့် တကာလုံးရေ …. ”

“ဘုရား ..... တရား စမ္မစက်၊ အများအတွက်၊ ကြားမထွက်ရအောင်၊ အားတက်၍ ဟောတော်မူပါဘုရား ....”

“အဲဒါကြောင့် စကားအလျဉ်းသင့်တဲ့အခါ ယခု ကြွလာကြတဲ့ တကာ တကာမများသည် သားသမီးနှင့် မယားစနီးတွေကိုပင် ခွန့်နိုင်ပစ်နိုင် အများအကျိုးနဲ့ ထိခိုက်လာရင် ဘဝင်နှစ်ခြမ်း ဖြန်းဖြန်းကွဲစေတော့လို့ ကြိုးစားဆောင်ရွက်မှဲ အာဇာနည်များကို မျှော်လင့်တောင့်တကြရမယ်နော် .... ” စသည့် နိုင်ငံရေးတရားများကို ထည့်သွင်း၍ ဟောတော်မူမိလေသည်။ အခြားမြို့များသို့ သွားရောက်သောအခါ ဝုံထောက်များသည် ဦးသုစကိုယ်တော်နောက်သို့ လိုက်ကြကုန်၏။ သမာဓိမြို့ဝန်ဆိုသူ တဦးက “ကိုယ်တော် မင်္ဂိုတရားကိုသာ ဟောတာမဟုတ်ဘူး၊ အရှင် အစိုးရမင်းတို့ မကြိုက်တဲ့ စကားမျိုးတွေ မထည့်နှင့် ကိုယ်တော်၊ တော်တော်ကြာ ထောင်ကျနေပါအုံးမယ်၊ အရှင်ဘုရားက ငံသာနုတရားတွေ၊ အစိုးရပုတ်ခတ်တဲ့ တရားတွေကို ဟောနေရင် ခု– အရှင်ဘုရားကို ကိုးကွယ်နေတဲ့ မင်းဘက် စိုးဘက်က အရာရှိတွေကလဲ အရှင်ဘုရားကို ကိုးကွယ်ဝံ့တော့မှာ မဟုတ်ဘူး။ အရှင်ဘုရားမှာ တကာ ဒကာမနဲ့ လာဘ်သပ္ပကာ နဲနေမှာပေါ့” ဟု လာရောက် သတိပေးသောအခါ ဦးသုစသည် လွန်စွာ ကြောက်ရွံ့လာလေ၏။ ထို့ကြောင့် အခြားမြို့များတွင် ဝိဇယကုမ္မာဇာတ်ကို ရပ်စဲထားလေ၏။

ကြို့ပင်ကောက်မြို့မှ ထွက်ခဲ့၍ မင်းလှမြို့၌ တရားတပွဲ ဟောရပြန်လေသည်။ မင်းလှမြို့က စမ္မကထိက ဆရာတော်ကလေးအား ကာရစိတ်ပေါင် အမည်ရအောင် ဇက္ကူကုလားရွှေတိုဖြင့် မွမ်းမံထားသော ဓမ်တော်ကား ဝည်တော်ကြီးများနှင့် ကြိုဆိုကြ၏။ ဆရာတော်အား ကြိုဆိုသည့်နေ့က ဆရာတော်စီးတော်မူသည့် ကာရစိတ်မောင်းပေါ်တွင် လိုက်ပါနိုင်ရန် နေရာလုကြလေရာ ငါးပွင့်ဆိုင်အဖွဲ့ဝင် ဦးကျော်နှင့် ငါးပွင့်ဆိုင်အဖွဲ့ဝင်ပင်ဖြစ်သော ဦးဖေမောင်တို့သည် ရန်ဖြစ်ကြလေသည်။ ထိုနေ့မှစ၍ မင်းလှမြို့ ငါးပွင့်ဆိုင်အဖွဲ့မှ ထွက်ခဲ့ပြီးလျှင်

ဦးဖေမောင်သည် ငါးပွင့်ဆိုင်ကို ဆဲလေ၏။။ ဓါက်တာဗမော် အဖွဲ့ဝင် အမတ်လောင်း ဦးလှကား တရားပွဲကျင်းပရာ၌ ရေတကောင်းကိုကိုင်၍ ရေစက်ချခွင့်ရရန် များစွာ ကြိုးစားလျက် ရှိလေ၏။ မကြည်ရဲ့ ဦးသုခစေ မှာ ကရဝိတ်ပေါင်ပေါ်တွင် မတုန်မလှုပ် ကျောက်ရုပ်ကြီးကဲ့သို့ လိုက်ပါ ခဲ့ရသော်လည်း" ငါကား အာကာ့ငါ၊ ရှေးဘုန်း ရှေးကံကြောင့် ဒီလို အပူဇော် အပသာခံနေရတာ၊ ဟိုမှာကြည့်စမ်း လူတွေတန်းပြီး ငါ့ကိုဖူးနေ ကြတယ်။ ဟိုဘက်အိမ် ပြတင်းပေါက်ကလဲ အကောင်မ ချောချော ကလေးတွေ ငါ့ကိုဖူးမြော်ကာ နေကြပါကလား။ အောင်မာ ဟိုသူငယ်မ က တယ်ကဲပါကလား၊ ဝင်းထရံပေါ်တောင် တက်ပြီး ကြည့်နေပါ ကလား။ ခြောင် ဒါလဲ ငါ့ဘုန်းပေါ့ ငါ– ငါနိတ်တဲ့ငါစသည်ဖြင့် တွေးရင်း အသည်းနှလုံးများမှာ လှုပ်ရှားထကြွ နေလေ၏။ မင်းလှမြို့၌ ကြီးကျယ်ခမ်းနားသော ကုလားရွှေ၊ ရွှေမင် ရွှေမင် စသည်တို့ဖြင့် ပြီးအပ်သော တရားပလ္လင်ထက်၌ ထိုင်တော်မူပြီး၍ "ဒါနအကျိုး မိုယ်းသို့စွေ" ဆိုသော တရားဘိလပ်ရည်တွေကို တဖြောင်းဖြောင်းပေါက် ၍ အများကို သောက်စေလေသည်။

ထိုမှတဖန် ပေါင်းတည်သို့ ဆန်တက်ခဲ့လေရာ ဦးသုခစေသည် အကြိုတော် ဆိုက်နိုးနိုးဖြင့် မြော်ကိုးခဲ့ရင်း မင်းလှမှ တကာတဦး၏ ကားဖြင့် လာခဲ့ပေ၏။ ပေါင်းတည်မြို့ဆိမ့ ကားတစီးလာရင် "ဟော ... လာပြီထင်တယ်" ဟု လည်တန်ကိုဆန့်၍ ကြည့်လင့်၏။ အနားမှ ဝီးကာနဲ့ ဖြတ်သွားမှ မဟုတ်မှန်းသိရသဖြင့် လည်တန်တိုပြီး ငိုင်သွားပြန် ၏။ ကားလာတိုင်း လာတိုင်း အကြိုအဆိုတွေ ထင်မိ၏။ ဤသို့နှင့် မြို့ ထဲသို့ရောက်သောအခါ မအောင့်နိုင်ဘဲ "တယ်ရိုင်းတဲ့ ကောင်တွေ လာ ကြိုရမှန်း မသိဘူး" ဟု ငြီးတော်မူ၏။

တရားဟောရသောအခါမှာလည်း ပလ္လင်မပေါ်၊ ချက်နှာချက်မပေါ်၊ ကန်တော့ပွဲမပေါ်၊ ချာတာတာ ဖြစ်နေရကား၊ ဦးသုခစေမှာ ယမ်းပုံမီးပွား ကျသကဲ့သို့ ဒေါသမီး တောက်၍နေလေ၏။ ရှေ့၌ စားပွဲတခုရှိ၏၊ ၎င်း

ထိုင်ရန်ကား ကြိမ်ကုလားထိုင်ကြီး ဖြစ်၏။နေရာတကာတွင် မင်းလှမြို့နှင့် ကွာသည်ကို တွေ့နေရလေ၏။ နောက် "ငါကို တမင်သက်သက် ခေါက်ရှက်ခွဲတာ ထင်တယ်။ ဘာမှ အပူအစော်မရှိ၊ အရှိအသေမရှိ၊ ကြည့်ပျော .... တော်အောင်ရော်အောင် တရားပွဲလုပ်ထားတယ်၊ ဘယ်မလဲ တရား ပလ္လင်" ဟု တွေးလေ ရှက်လေ .... ဒေါမွလေဖြစ်ရကား ...၊ မပြောတော့ဘူးဟု ထိုင်ရာမှ ထသွားလေ၏။

ထိုတွင်မှ တကာကြီးများက ၎င်းတည်းခိုရာကျောင်းသို့ လိုက်၍ မေးမြန်းကြရာ၊ "တကာကြီးတို့ ... တကာကြီးတို့မြို့ကား အဂါရဝ ကြီးလှတယ်၊ ပူဇာဝ ပူဇနေယျာနံလဲ မသိကြဘူး ....၊ ဦးပဥ္စင်းတရားနှင့် တကာကြီးတို့နှင့် မတန်ဟုထင်ပြီး ပြန်ခဲ့တယ်" ဟု ပြောလွှတ်မှ တကာကြီးများသည် များစွာတောင်းပန်ပြီး ပင့်ခဲ့ရ၏။ "ဟို .... မင်းလှမြို့ကတော့ ယဉ်ကျေးကြပါပေတယ် ....၊ သဒ္ဓါတရား များကြပါပေတယ်။ တရားတော်ကို ရိုသေရမှန်း .... သိကြပါပေတယ် ....။ တရားမဏ္ဍပ်ကြီးများ .... ဟိန်းနေအောင် ဆောက်လို့ ...၊ တရားပလ္လင်ဆိုတာလဲ .... တရာတန် နှစ်ရာတန် ပြီးတော့ ဦးပဥ္စင်းတို့ လာမယ်ဆိုရင်ဘဲ အကြိုအဆိုတွေ .... ညည်တော်တွေနှင့် သိုက်သိုက်မြိုက်မြိုက် ရှိပါပေတယ်။ ရပ် ရွာရှိ အားလုံးသော တကာ တကာမများလဲ ညီညီညာညာနှင့် ဦးပဥ္စင်းဟောသမျှကို သောတဆင်ဘို့ လာကြပေတယ်၊ တကာလုံးရေ .....

"ဘုရား ....." ဟု ဦးကျောက်လုံးက ကျယ်စွာထူး၏။

"တို့ ဒီက တကာ တကာမများနှင့် မကွာလားကွယ် ...၊ သို့ပေမယ့် သေမလိမ်မာကြလို့ ဂါရဝလစ်ဟင်းတာကို ဦးပဥ္စင်းတို့က သည်းမခံကြမယ်ဆိုရင် မှားတော့မယ် မဟုတ်လား။ ရှိစေတော့၊ အမှားကို နောက်ထပ် မမှားကြစေဘို့သာ တိုက်တွန်းရတာဘဲ၊ အစကတော့ ခြောင် ..... ခိုက်ကြလှချေကလား၊ ရိုင်းကြလှချေကလားလို့ ကရုဏာဒေါသော ဖြစ်

ပြီး မပြောတော့ဘူးလို့တောင် စိတ်မှာကြံမိတယ်၊ ဒါဘာကြောင့်လဲ တကာလုံးရဲ့"

"မှန်လှပါ .... ပေါင်းတည်သူ .... ပေါင်းတည်သားများ အပေါ် မေတ္တာစေတ် ကြီးမားလွန်းအားကြီးလို့ အချစ်ကြီး အမျက်ကြီးဆိုသလို ကရုဏာ ဒေါသတွေပါ ဘုရား ....."

"အဲ .... အဲ ... ဦးပဉ္စင်းတို့ဝတ္တရားကို ကြေပြွန်အောင် ပြောကြစို့ ......."

အစချီပြီး တရားကို ဆက်လက်၍ ပြောနေရသော်လည်း ရှင်းပြသော ပရိသတ်ကို ကြေနပ်တော်မမူပေ။

အခန်း။ ၁၅ ။

## ခပ်ချောချော ရှိရာတကာ မလေးများဘက်သို့ စူးစိုက်ကြည့်တော်မူ၏။

အချိန်မှာ ငါးနာရီမျှသာ ရှိသေးသော်လည်း ကောင်းကင်ပြင် အလုံးသည် နေဝင်ဆည်းဆာအချိန်တွင် မြင်ရသော တောင်ရွှယ် တောင် တန်းတို့ကဲ့သို့ ညို့မှိုင်း အုံ့ဆိုင်း၍ နေလေ၏။ ဖြူဖွဲဖွဲအရောင်ရှိသော မိုယ်းတိမ်မိုယ်းသားတို့သည် အာကာခင် ပင်လယ်ကြီး၌ ရွက်တိုက်၍ သွားနေကြ၏။ နေမင်းကြီးကား တရပ်တကျေးသို့ ထွက်ခွါသွားရသော ရီးစားသယ်သည် ချစ်သူကလေးအား နှုတ်ဆက်ခွင့်မရရှာသလို ကမ္ဘာ သူ ကမ္ဘာသားတို့အား မျက်နှာထားချိုချိုဖြင့် နောက်ကျွန်းညို့ ဧါရာသို့ မယွန်းခင်၊ နှုတ်ခွန်းပင် ဆိုပါလိုသော်လည်း ထိုမိုယ်းတိမ် နောက်ယှက် သဖြင့် အောင့်သက်သက်ဖြင့် ဝင်ရှာတော့၏။ မြောက်လေပြေကလေး သည် လောကဓါတ်ကြီးကို ထိပါးရိပါးနှင့် ကစားတိုးဝှေ့လာ၏။

ထိုအချိန်ကား အများအတွက် လွမ်းဘို့ဆွေးဘို့ အချိန်ဖြစ်၏။ မစောညွန့်အတွက်ကား ထူသောနှုတ်ခမ်းများကို စုစေသော အချိန် မျက် ရစ် အကျွပ်မရှိသော မျက်လုံးများတို့သည် ဒေါသမီးဖြင့် အလျှံထွက်စေ သောအချိန်၊ ပန်းကန်ကွဲကို စွန်းကျိုးဖြင့် တီးသောအသံ၏ သဘော ခြင်းဖြင့် တက်ခေါက်စေသော အချိန်ဖြစ်ပေ၏။ မစောညွန့်သည် လွန်စွာ ဒေါသဖြစ်နေ၏။ “တောက် .... စောက်မိုယ်း ဖျက်တော့မယ်” ဟု ဟီးချပြီး မာန်လျက်ရှိလေ၏။ “ ရွာစေချင်တုန်းကတော့ မရွာဘူး။ ခု .... မရွာစေချင်တော့မှ ရွာတယ်။ မိုယ်းလောက် အရွဲ့တိုက်တာ မိုယ်း

ဘဲရှိတယ်။ ဟိုတနေ့တုန်းက အိုက်လွန်းလို့ ရွာတော်မှုပါ မိုယ်းမင်းရှယ် ဆိုတော့ မိုယ်းမင်းဘယ်များ အလေလိုက်တယ် မသိဘူး။ ခုတော့ တရားပွဲရှိပါတယ်။ နိုင်ငံကျော်ပဟာမဲ့ တရားပါ၊ မိုယ်းမဖျက်ပါနှင့်လို့ ဆိုတော့၊ ရွာတော့မလို ခြိမ်းချောက်နေတယ်။ တရားပွဲမို့ ဖျက်တာလား" ဟု တွေးရင်း မိမိရှေ့ရှိ ဖျာကလေးကို လိပ်သလို မိုယ်းတိမ်တွေကို လိပ်ပြီး ဖေးထောင်ထားလိုပေ၏။

" မစည္ဝန်, မိုယ်းတွေရွာမယ်၊ တရားပွဲ မသွားပါနှင့်တော့" ဟု အဖေခံမကလေး ဖွားသင်က တောင်းပန်လျှင် ....။

"အို ..... ညည်းကလဲ ဒီမှာ ပြင်ဆင်ပြီးပြီ၊ မသွားဘဲနေနိုင်ပါ့မလား" ဟု ဧဝါက်ဆပ်ဆပ်ပြောပြီး မိမိဝတ်ထားသည့် ပိုးတွန့်လုံချည်ကို စွန်တောင်ဆွဲပြလေ၏။

ခြောက်နာရီထိုး၍ အိမ်မှထွက်သောအခါလည်း အိမ်ရှေ့က ဦးမျှားက ....

"ဘယ်နှယ် မစောည္ဝန် .. မိုယ်းရွာမယ်ထင်တယ်။ သွားအုံးမလား" ဟု မေးလေရာ ....

" ရွာလဲ ရွာပေါ့ဆရာရယ်။ မိုယ်းက တရားနာချင်တဲ့ စေတနာကို စမ်းတာထင်ပါရဲ့။ ပြီးတော့ ..... တနေ့လုံး အလုပ်တွေလုပ်လို့ မောပန်းနေတုန်း၊ ဒီစမ္မကထိက ကိုယ်တော်ကလေးတရားကို ကြားလိုက်ရရင် အမောကို ပြေသွားတာဘဲ ....." ဟု မစောည္ဝန်က ပြန်ပြောလေ၏။ ဦးမျှားမှာ အံ့အားသင့်၍သာ နေလေ၏။

တရား စမ္မာရုံကား မိုယ်းလုံသော နေရာကို ရွေးချယ်ထားလေ၏။ အသံချဲ့စက်ကြီးလည်း တပ်ထား၏။ ပလ္လင်ကြီးလည်း မြင့်လှစွာ တည်ထားကြ၏။

"တကာလုံးရေ .... "

"ဘုရား ..... ပဟာသမျှ တရားစဉ်ကို သောတ နားဆင်လျက် ပါဘုရား" ဟု ဦးကျောက်လုံးကြီးက လက်အုပ်ချီ၍ လျှောက်၏။

"ခြသော် ..... ရာစဝင်တလျှားမှာဖြင့် ထင်ရှားခဲ့တဲ့ သရေခေတ္တရာမြို့တော်ကြီးဟာ ဦးပဥ္စင်းတို့ရဲ့ ကျေးဇူးရှင်ကြီးအစစ် ဖြစ်ပေတယ်။ ယောဒီ မြို့တော်ကြီးမှာဘဲ တရားအစကို အများမတာသေဘ်လည်း အပါးမစတာနှင့်ဘဲ၊ အရဲစွန့်ပေဘာခဲ့တယ်။ မြို့တော်သူ မြို့တော်သားများက ဦးပဥ္စင်းကို ကာရုဏာသက်ဝင်ကြပါသဖြင့် အားပေးလား ချီးမြှောက်လား လုပ်ကြတော့၊ ခုနေခါမှာတော့ ပြည်မြို့မှာစိုက်တဲ့ ဓမ္မကထိကအပင်ကြီးဟာ ပွါးများ စည်ကားလာပြီးဟာမို့၊ ပြည်မြို့ဟာ ဦးပဥ္စင်းရဲ့အကြီးဆုံး ကျေးဇူးရှင်ကြီးပေါ့။ ခြသော် .... ပြည်မြို့ ပြည်မြို့၊ အသရေကြီးတဲ့ မြို့ပေကိုး။ အဲဒီလို ကျေးဇူးတွေကြောင့်လဲဘဲ၊ ပြည်မြို့တော်သူပြည်မြို့တော်သားများသည် ကျမ်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ကြီးပွါးကြပါစေ ဆိုတာ၊ ရောက်လေရာရာ အရပ်က ဦးပဥ္စင်းတို့က မေတ္တာ ဝါယာလက် ခေါ်များ ပို့ခဲ့တယ် မဟုတ်လား တကာကြီးရဲ့ ..."

"ပို့ခဲ့ရိုးကောန်ပါ ဘုရား"

"အနို့ ကလို မေတ္တာဝိုင်ယာလက်ခေါ်ကို ပို့ပြန်တော့ ပြည်မြို့တော်သူ ပြည်မြို့တော်သာများကလဲ ဦးပဥ္စင်းကို ရှေးကထက် အဆပွါး၍ မေတ္တာ အားသန်ကြတယ်နော်။ သန်ကြတဲ့ အတိုင်း ယော- အားပေးချီးမြှင့်ကြတယ်။ လာရောက်ကြိုဆိုပြီ အင်မတန် နှလုံးမွေ့ဘွယ်ကောင်းတဲ့ ကျောင်းမှာ တဲရပေတယ် ....။ တရားဓမ္မာရုံကြီးကလဲ မိုယ်းလုံ လေလုံဘဲနော်။ ဒီလောက်ကောင်းတဲ ဓမ္မာရုံကြီး တခါမှ မတွေ့ခဲ့သေးဘူး။ ယော- အသံချဲ့စက်ကြီးများကလဲ တပ်ပေးလိုက်သေးတယ်။ တော်ကြပါပေတယ်။ သဒ္ဓါထက်ကြပါပေတယ်။ သဒ္ဓါအဟုန်ကြောင့် ဗြဟ္မာတို့ကို ရောက်ကြမှာပေါ့။ လာရောက်ချီးမြှင့်ကြတဲ့ ပရိသတ်ကလဲ တယ်လို့ပင် အားကြီးလှပါကလား တကာလုံးရေ ....."

"ဘုရား ....."

"ပရိသတ်ကြီး ဘယ်လောက်များ ဦးရေရှိပါ့မလဲ ....."

ဦးကျောက်လုံးသည် ပုတီးကြီးကို လက်ကကိုင်ရင်း ပရိသတ်ဘက်သို့ လှည့်၍ မတ်တတ်ရပ်လေ၏။ နောက် ....

"မှန်လှပါ ..... အင်းဖိန်ထောင်တောင် ဆနွံမည် မထင်ပါဘုရား" ဟု ခန့်မှန်းချက်ပေးလိုက်ရာ၊ ဝါးကနဲ ရယ်သံ ပေါ်လာလေ၏။

"တကာကြီး၊ တယ်ပြီး ကောင်းမသုံးတတ်ပါကလား ..... အဲ- တယ်ကြီးတဲ့ ပရိသတ်ဘဲ။ ဟိုလမ်းမှာ တရားဟောခဲ့တုန်းကတော့၊ ကြို့ပင်ကောက်တို့ မင်းလှတို့မှာတော့ တော်တော်ဘဲ စည်ကားလို့ တရားကိုရှိသေ၊ သံဃာကို ရှိသေရမှန်း သိကြရဲ့ ... ။ ဟို- ပေါင်းတည် ဆိုတဲ့မြို့ကတော့ အင်း- သိပ်ပြီးမဟန်လှဘူး။ အဲဒါကြောင့် ယခု ပြည်မြို့တော်ကြီးကိုမြင့် အနည်းနည်းနှင့် ကျေးဇူးဆပ်မယ်လို့ ရည်ရွယ်ရိုးဂုဏ်း နှလုံးသွင်းရက်ပါဘဲ။ ပြည်မြို့သူ ပြည်မြို့သားတွေ တရားဓမ္မတွေကို အသားကျကျနှင့် နာရပြီး၊ အားရရ ကျင့်ကြလို့ နိဗ္ဗာန်ပေါက်ကြမယ် ဆိုရင် ပဋ္ဌင်းရင်ကွဲလို့ ဦးပဋ္ဌင်းရင် နှစ်ခြမ်း မြန်းမြန်းကွဲစေတော့။ ဟောမယ် ပြောမယ် မောတယ်လို့ ကြားမဖျက်ဘဲ ငါးရက်တိတိဟောမယ်" ဟု မိန့်တော်မူလေရာ၊ ပရိသတ်ကြီးသည် သာဓု- သာဓုနှင့် ပဌနာ ပြုကြလေ၏။ "အင်း .... ဒီ တရားဟော ဆရာမှ တို့ပြည်မြို့ကို ချစ်တဲ့ တရားဟောဆရာ။ တို့မြို့အကျိုးကို ဆောင်ရွက်မဲ့ ကိုယ်တော်ဘဲ .... " ဟု ပရိသတ်စိတ်၌ ဖြစ်ပေါ်ကြကုန်၏။ မကြည်ရဲ့ ဦးသုစအသည် .....

"ပြည်မြို့တော်သူ ပြည်မြို့တော်သားများဟာ သဒ္ဓါတရားထဲထက်သန်ကြလှပါပေရဲ့။ ဟို သက်နှုန်းလှူလိုက်တဲ့ သူဌေးမနာမယ် ဘယ်သူတဲ့ဗျ ...." ဟု မေးသည်တွင် မစောညွှန့်သည် ဆရာတော်ကို စိုက်ကြည့်၏။ မျက်နှာမှာ သွေးမှုတွေ တက်လာ၏။ ဦးကျောက်လုံးက "မစောညွှန့်တဲ့ဘုရား" ဟု လျှောက်လိုက်မှ .....

"အဲ သူဌေးမ ပြီပြီ သဒ္ဓါတရားကမြင့် ထက်လှပါပေတယ် .... ပြီးတော့ ယိုးဒယားတန်းက ယူနီပေါင်းသေတ္တာလှူတဲ့ ဦးမြထွန်းတို့၊ အဲ

ဆေးလိပ်များလှတဲ့ ခင်မြရှိန်တို့ လမ်းမတော်က ကြံရေစနေ့ခဲ့ကပ်တဲ့ ကြံရေဆိုင်ရှင် သခင်ဖိုးတို့၊ ဈေးကြီးထဲက ပရိက္ခရာလှတဲ့ ဒေါ်ထွေးတို့ ပေါ့လေ။ အများကြီးပါဘဲ ..... အဲဒီ ပုဂ္ဂိုလ်များနှင့်တကွ များစွာသော ဒါနရှင်များကြောင့်လဲ ပြည်မြို့ဟာ အလှူအတန်း ရက်ရောတယ်လို့ နာမယ်ရတာပေါ့" ဟု ဟောပြောမည့် တရားကိုယ်၏ ရှေ့က တရား အပျိုတော်၊ တရားနတ်ကတော် ရုပ်ကလေးတွေကို ကပြလေ၏။

ပရိသတ်မှာ များစွာ သဘောကျသည့်ပြင်၊ ဦးပဥ္စင်းသည် ၎င်းတို့၏အကျိုးကို အကယ်လိုလားသူဟု ယူဆကြကုန်၏။ ဆေးလိပ်သည် ဦးပါကား "ကောင်းတယ် ..... ဆေးလိပ် ငါလဲလှူအုံးမှဘဲ။ လှူရင်ငါလဲ နာမည်ကြီးမယ်၊ ငါ့ဆေးလိပ်လဲ ကြော်ငြာရမယ်။ ကုသိုလ်လဲရမယ် .." ဟု တွေးမိ၍ နက်ဖြန် ဆေးလိပ်တထောင်လှူရန် ဆုံးဖြတ်လေ၏၊ သူ့လို ဆုံးဖြတ်သူတွေကား အလွန်ပင်များလှ၏။

ဟောသော တရားကား (ငါးမွှင့်ဆိုင်တရား) ဖြစ်၏။

"ငါးမွှင့်ဆိုင်ဆိုလို့ နိုင်ငံရေးတရားများလို့ ထင်ကြလိမ့်မယ်။ ဦးဘဖေရယ်၊ ဦးမောင်ကြီးရယ်၊ ဦးဘဦးရယ်၊ ဦးဘစီရယ်၊ ဦးဘရွှေရယ်လို့ဆိုတဲ့ အာဇာနည်ခေါင်းဆောင်တွေ ကောင်းအောင်လို့ ပေါင်းကြတဲ့ ငါ့မွှင့်ဆိုင် ဝါဒကို ရှေ့နေလိုက်ပြီး ထောက်ခံဟောပြောမယ်လို့ တွေးသူကလဲ တွေးပေလိမ့်မယ် ..... ။ ပဒိုင်းမွှင့်ရယ်၊ တာဓာမွှင့်ရယ်၊ ပေါက်ပန်းဖြူမွှင့်ရယ်၊ ကျတ်ရှာမွှင့်ရယ်၊ ခေါင်ရမ်းမွှင့်ရယ်၊ ပေါင်းထားတဲ့ ငါ့မွှင့်ဆိုင်တရားကိုဘဲဟောမယ်လို့ ယူဆသူက ယူဆနိုင်ပေမှာပေါ့။ သို့သော်လဲ ဦးပဥ္စင်း ဟောပြောမှာကတော့ ......

ဥဒေါင်းရင်လား၊ သားလိုးခါးသို့၊ အများကောတွန့်၊ မြန့်သော်လွှန့်တက်၊ စည်နက်ကျောလှ၊ ကေသာစသား၊ မံသအဋ္ဌိ၊ ဆဝိ ဝယ၊ ကလျာဏဟု၊ ဤမျှအပြား၊ အင်္ဂါငါးပါးနှင့် ဟု ..... ဘုရိခတ် ဓာတ်ပေါင်းမျိုး ကစကားလို .....

၁။ ရှည်လျားပြီး သာလိုးခါးလို အဖျားကော့နေတဲ့ ဆံပင်တဲ့။ သားလိုးခါးလို အဖျားကော့တယ်ဆိုတော့ ဦးဇင်းတို့ ဗမာများမှာ သားလိုးခါးကော့နေတာ မရှိတော့ အဓိပ္ပါယ်ကို ရောက်အောင် မယူနိုင်ပေဘူး။ ဒီစကားတွေက ကုလားပြည်က မြန်မာပြည်ရောက်လာတဲ့ ဘာမ်းစကားတွေဖြစ်တော့ ကုလားဥပမာတွေ ပါတာပေါ့ .... ။ ကုလားများ သုံးတဲ့ခါးဟာ ကော့ပြီးနေတယ်။ ဗမာမှာတော့ ခါးမောက်ဆိုတဲ့ခါး၊ ထန်းသီးချိုင်တဲ့ခါး။ လျှော်သပ်တဲ့ ခါးနှင့် တူတာပေါ့။

၂။ မဟာလှေကားမှင့်လို ရွှေသောအသား၊ (ဝါ) ဝါသောအသားတဲ့။ သို့မဟုတ် ကြာညိုပွင့်ကဲ့သို့ ညိုသောအသားတဲ့။ ဝက်ခြင် (ခြံ) မှဲ့ မွေး တင်းတိတ် စတဲ့ အနာအဆာတွေလဲ နဲရမယ်တဲ့။ အဲဒီလို အသား၏ ကောင်းခြင်းတဲ့။

၃။ အရေ၏ကောင်းခြင်းတဲ့။ လက်ဖဝါး နှုတ်ခမ်းတို့ဟာ ချိပ်ရည်ဟသ်ပြဒါးလို နီနေရမယ်တဲ့။ ခုကာလတော့ မနီသူက နီချင်ကြတော့ အနှောက်နိုင်ငံအတုယူပြီး ဆေးနီဆိုးကြတာမို့ အတုနှင့် အစစ်ခွဲမဖြစ်ဘူးပေါ့။

၄။ လက်ဆစ် ခြေဆစ်တွေဟာ အဖုအထစ်မရှိ ညီညွတ်ရမယ်တဲ့။ သွားဟာလဲ ဖြူနေရမတဲ့။ ဒါမှ အရိုး၏ကောင်းခြင်းတဲ့။

၅။ သားတကျိပ်ပင် မွားမြင်သော်လဲ တယောက်မီခင်လို အရွယ်ရှိခြင်းက အရွယ်၏ကောင်းခြင်းတဲ့။

ထိုသို့ ကောင်းခြင်းငါးဖြာကို ပေါ်တော်မူစဉ် ဣတ္ထိယကိုထားဝင်တရားရှင်တို့သည် မိမိတို့အိမ်မှ မှန်များကို ပြေး၍ သတိရကြ၏။ ဆံပင်ကို ခမ်းသူကခမ်းမိ၏။ အင်္ကျီလက်ကို အပေါ်မြှင့်တင်ကာ မိမိအသားကို ပြန်ကြည့်သူက ကြည့်ကြ၏။ မျက်နှာကို လက်ညှိုးဖြင့် ပွတ်ခမ်းသူက ခမ်း၏။ ခက်ဖဝါးပြန်ကာ ကသိုဏ်းရှုသူက ရှု၏။

လက်ဆစ်ကလေးတွေ ထောင်၍ ခစ်သူက ခစ်၏။ လင်ရှုရင် ငါဘယ်လို အရွယ်တင်မလဲဟု မိမိကိုယ်ကို မေးသူက မေးကြ၏။ ဘောဂဗွေ၊ ပုရိသအခေါင်း သူတော်ကောင်းတို့တွင် ကား၊ မိန်းမများ ဘက်သို့ ကြည့်သူ ကြည့်ကြ၏။ ကိုယ့်အဆက်များကို ကောင်းခြင်းငါးဖြာ မှတ်ကျောက်တွင် မှတ်ကြည့်သူက ကြည့်ကြ၏။ အချို့လူကြီးများကား .... "ငါလခွီး .... တို့အိမ်က ကောင်မများ ကလေးတခေါက်ရှိသေး၊ ဖြစ်နေလိုက်တာ" ဟု ငြီးကြ၏။

အဲဒီလို ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံတဲ့သူ။ "ယဉ်ရှုရာငယ်၊ သူ့စာနုတ်လေဘ၊ မြင်သူမောလို့၊ နွယ်ကျောနုပျို၊ ရောဝိုငယ်၊ တလိုများ သဘင် ရှုတိုင်းသာယဉ်တော့၊ ငါးအင်ကျော့စုံညီငယ်၊ ခုမွနီတော့တပါး ဟာစို့၊ ခြားလှတယ်လေး .... " ဆိုတဲ့ လွမ်းခြင်းစကားလို အင်္ဂါငါးပါး နှင့် ရက်ရက်စက်စက်လှတဲ့ သူငယ်မကလေးအကြောင်း ပြောရလိမ့်မယ်။ ပြောပြမဲ့ သူငယ်ပော ဘယ်လောက်များ လှပါသလဲဆိုတော့ ...

နန်းရုံတာရာ ပဏ္ဏာခ၊ ခန်းခန္ဓလ ခွေရှိပ်စံ၊ ခန်းခန္ဓရ ငွေမီမာန်လို၊ ပင်ရွှေထိပ်ပန် ယဉ်များပန်း။ တုန်ဆန်းကောလျော့ တကျော့မှန်ငယ်၊ မပြော့သက်နှံ့ တော်လေးအမျောငြမ်း။ ကပို့ ကရို့ သူ့အမှုငယ်၊ စွေ့ဖျူ့ တေ့ ပြိုင်သူလျှမ်း၊ အစူ့ အစူ့လိုင်ကြူပန်းသို့၊ ဆန်းဆိုသရှု ခေါင်ထိပ် ခေါင်။ ရွှေလေယဉ်လေ မြင်သူငေး၊ ခင်လေးခင်ခင့်၊ ယဉ်လေး ယဉ်ယဉ့် ယဉ်တာတ်ပါတဲ့နှောင်။ ပန်းချီရှုံးတဲ့ တော့ဘုန်းခေါင်ငယ်၊ တကျော့ထုံး နှောင်၊ ကောသီလျော့နှင့်၊ သုံးထောင်ထွာကျော် လျော့ရွှေကောခိုင်၊ ပိတုန်း ခင်ညွှန့်ဆိုင်၊ စံပုံရှားတဲ့ သိကြားမှိုင်ငယ်၊ သနားပိုင်ပိုင် ခံစမ်းချင်လှ လေး ......

ဟုသော တေးထပ်ကို ရွတ်ဖတ်သစ္စယ် ပြီးသည်၏ အဆုံး၌ အားလုံးသော တကာမတာစုတို့သည် သာစု ... သာစုနှင့် ခေါ်ကြလေ ၏

ဦးသုစေသည် ကြောင်သည် ခုတ်အပ်ပြီးသော ကြွက်ကို ကြည့်သလို ဝတ်ချောချောရှိရာ တကာမကလေးများဘက်သို့ စူးစိုက်၍ ကြည့်တော်မူ၏။ ဆရာတော်က အစဉ်သနားသည်ကို အကြောင်းပြု၍ မိမိတို့အထံသို့ ကျွေးအာရုံကို လွှတ်ခြင်းခံရသည်ကို သိသော တကာမကလေးများမှာ "ဒီတေးထပ်နှင့် လိုက်အောင် ငါလှတယ်လို့ ဆိုလိုလို့ ကြည့်တာဘဲ" ဟု ယူဆမိကြလေ၏။

"အဲဒီလို လွန်စွာလှပတဲ့ မိန်းကလေးရဲ့ အမည်ကတော့ ကဋ္ဌဝါဟီတဲ့ ကဋ္ဌဝါဟီဆိုတာ အနံ့ညာတာ မထင်လိုက်ကြနှင့် မယ်တော်မာယာ အဓလောင်းတော်မကြီးဘဲ အလှဲ့မသင့်လို့ (မှန်ကင်းတလှဲ့ ထင်းတလှဲ့ ) ဆိုတာလို ယခုပေတာမှဲ့ ဇာတ်တော်မှာ ထင်းခွေပြီး ရောင်းစားရတဲ့ ထင်းသယ်မကလေး ဖြစ်နေရှာတယ် ဒီဘဝမှာ ငါးမွှင့်ဆိုင် အကောင်းစားတွေကြောင့် အကြောင်းအား တိုးမွားပြီး မိဖုရားကြီး ဖြစ်တော်မူတယ်၊ ဒီလို ကောင်းခြင်းငါးဖြာတည်းဟူသော မန်းငါးမွှင့် ငါးမွှင့်ဆိုင်ကြီးကို ပန်ဆင်ထားရတော့ ဒီသူငယ်မကလေးရဲ့ ဂုဏ်သတင်းဟာ အလွန်ကျော်စောတာပေါ့။

❖ ဓသာပဟိ ရူပသောဘဂ္ဂီ။
ဒုဂ္ဂတာ ကဋ္ဌဝါဟိနီ။
သုစေါဒီ တုလကာယီ၊
ထောမိတာ ရာဇပေမယီ။

ဟိ၊ ထင်းခွေသူမကလေး။ သတင်းဂုဏ်၏။ သင်းထုံမွှေးပျံ့ပုံသော်ကား။ ဓသော၊ ဓပါက်ဓါဓ မျှစ်ဖို့လို့။ ချစ်ဘို့မငြီး ထိုအမျိုးသမီးကလေးသည်။ ဒုဂ္ဂတာ။ ရှေးကုသိုလ်အရှိန် အရောင်မှိန်၍။ ဂုဏ်သိမ် မွဲမွဲ အလွန် ဆင်းရဲလှသောကြောင့်။ ကဋ္ဌဝါဟိနီ တောနက်တောင်ခြေ။ ထင်းကိုခွေ၍။ အနေစုတ်စုတ်။ တကုတ်ကုတ် လုပ်ရပါသော်လည်း။

ရှုပသောဘဏ္ဍိ။ ဂိုက်ကြီး ဆိုက်ကြီး တိုက်ကြီးနှင့် ပျော်။ ကတော်တော်တိုင်။ ဖူးနိုင်ထွက်စ။ ရှုပကျက်သရေ။ တင့်တယ်လှပပါပေ၏။ သုခဝါစီ။ နှုတ်သံကပြော။ ချောမောသလို။ ချိုချိုညွှင်းညွှင်း။ လေပြင်းမပါ။ ပြောဆိုတတ်ပါပေ၏။ တုလကာယိ။ ဝွမ်းဝါနုပုံဓသွေ။ ဂုဏ်သရေ အထူးပျို့၊ အောင် နူးညွှံသော ကိုယ်အသားလည်း ရှိပါပေ၏။ ရာဇပေမယိ။ လူတို့ သေဉ္စနင်း။ ဘုရင်မင်းကို မြင်လျှင်မြင်ခြင်း။ ရင်တွင်းမှာ အမြစ် မပြတ်ရအောင်။ အချစ်ဓါတ်ကို ပေးစွမ်းနိုင်သည်ဖြစ်၍။ ထောမိတာ။ ဤလောက လူ့နယ်မှာ။ ရှု့ဘွယ် သူကလေးဟု အမူသွေးယဉ်ယဉ်နှင့် တကယ်ပင် ချီးမွမ်းထိုက်လှ ပေတော့ သတည်း။

"သာဓု .... သာဓု .... သာဓု ... " သံပြိုင်။

"တကာလုံးရေ ...."

"ဘုရား .... မိန့်ဆိုသည့် အာဏာသံကို နားခံလျက်ပါ ဘုရား ...."

"ကဠဝါပဘီကလေးမှာ။ ငါးမွင့်ဆိုင်ပိုင်ရှင်။ ပန်းငါးမွင့်ကို ထိုးတာပ် ရလို့ တမျိုးဖြိပ်ရှိနေတယ်။ ဒီတော့ ငါးမွင့်ဆိုင်တံခိုးကြောင့် ဘယ်သူ လာသတဲ့လဲ"

"မှန်လှပါ .... ဦးဥတ္တမပါ ဘုရား" ဟု ဝွမြေပြန်လေရာ၊ ပရိသတ် မှာ "ငါး" ခနဲ ရယ်ရပြန်လေ၏။ ဦးသုစသည် ရယ်မောစ၍ပြီးမှ ....

"အောင်မယ်လေးရဲ့ တကာကြီးရဲ့ .... ရွှေနားတော် လေချော်လို့ ကုန်ပေါ့လား။ ငါ့မွင့်ဆိုင် တန်ခိုးကြောင့် ငါးမွင့်ဆိုင်ရှင်၊ ထိုပန်းပင် ကလေးနား ဖြပ္ပဒတ်မင်းကြီးက ချဉ်းကပ်လာတယ်တဲ့" သည့်ဖြင့် ဆက်လက် ဟောနေလေ၏။

ဈေးကြီးမှာ အထည်ဆိုင် သုံးဆိုင်ရှိသော မသန်းရီသည် "အင်း ... ကောင်းခြင်းငါးဖြာနှင့်ပြည့်စုံရင် အညှိရှိယင်နား ဆိုတာလို ကာလသား မုဆိုးဘိုတို့အားလုံး ရစ်ကြ ပိုးကြမှာပေါ့။ ငါတို့ကို သည်လောက် ပိုးကြ တာ ငါ့ ငါးမွင့်ဆိုင် ညီညွှတ်ရေးကြောင့်ဘဲ ပေါ့လေ။ ဟိုစာရေးဆရာ ကိုခမ်းမောင်ကတောင် ငါပြောတဲ့၊ ခုနင်ကပြောတဲ့ ကောင်းခြင်းငါးဖြာ

နှင့် အပြည့်ဆုံးပါဘဲတဲ့။ နေရှင်နယ်ကျောင်းဆရာ ကိုညွန့်ကလဲ စာပေးတော့ ငါ့ရုပ်ကို ရိုးမှမ်းလိုက်တာ လွန်လို့၊ လွန်ပါဘူးလေ၊ ငါ့ကိုက ချောတာထင်ပါရဲ့ စသည်ဖြင့် မိမိကိုယ်ကို ထောမနာနေလေ၏။

"ဩော် .... ဒီစာတ်နှင့် အဆင်သင့်လို့ သတိပေးစကားကလေး ပောလိုက်ဦးမယ်လေ၊ ကြားကြားသမျှ တကာကလေးတွေ အထူးသဖြင့် အပျိုကလေးများ သတိထားကြဘို့ ဦးပဉ္ဇင်းက ပောလိုက်မယ်"

"ပော .... ကောင်မ သန်းမရနဲ့ ကောင်းခန်းရောက်ပြီ" ဟု မကြည်သည် လှလှကို လက်နှင့်ပုတ်ပြီး ပြောလိုက်၏။ "တို့ကိုယ်တော်က စုံလဲစုံတဲ့ ကိုယ်တော်ဘဲ။ သိလဲသိပါပေ့နော်၊ နေရာတကာ" ဟု မကြူက ခင်ခင်ကို တီးတိုးလိုက်ပြန်၏။

"မိန်းမမာယာ သဲကိုးဖျာ၊ မာယာတသိန်း၊ အပလိန်းအနန္တ" လို့သာ ဆိုကြတယ်။ ယောကျ်ားတွေက ပြောစမှတ် ပြုကြတယ်။ သူတို့ ယောကျ်ားတွေ ကိုယ်တိုင်ကတော့ ဘယ်လောက်များ မာယာတွေ အပလိဉာဏ်တွေ များသလဲဆိုတော့ ပောဒီ ရောဝတီမြစ်ရေတွေကို တပေါက်စီ တပေါက်စီ ရေတွက်လို့ ရချင်ရမယ်။ သူတို့မာယာကို မရေတွက်နိုင်ပေဘူး။ ဩော် ဦးပဉ္ဇင်းဟာ မိန်းမတွေဘက်က ရှေ့နေလိုက်တယ်လို့ လူငယ်လေးတွေက ထင်ချင်ထင်ကြမယ်။ ထင်ကြလေ၊ မှန်တာကို ပြောရမယ်ဆိုရင် ဘယ်လို ဘယ်ညာ ထင်မှာကိုမှ မကြောက်လှပါဘူး၊ မင့်ကို ဘယ်တော့မှ ပစ်မသွားဘူး၊ ထင်းတုံးကို ခေါင်းအုံးပြီး အတူတူ အိပ်ပါ့မယ်၊ ပေယ်ဆီ ရေနံဖြစ်စေါမှ မင့်ကို ပစ်ပါ့မယ်။ လိပ်ကိုယ်မှာ ဆိတ်ဂျိုပေါက်တာတောင် စိတ်ညိုလို့ မပေါက်ပါဘူး၊ မိုးဦးတောင်ထိပ် ကြာပေါက်တယ်ဆိုတာက ဖြစ်ကောင်းဖြစ်ပါလိမ့်မယ် ခင့်ကို မောင် မချစ်တော့ဘူး၊ မုန်းစိတ်ပေါက်တယ်ဆိုတာက လုံးလုံး မဖြစ်နိုင်ဘူး၊ စသည်ဖြင့်ပေါ့လေ၊ စကားတတ်တိုင်း ဟိုအပျိုသည်အပျိုတို့ကို ဤလိုလို ထိုလိုလို ပြောကြ၊ အချစ်ပန်းကို ဆင်မြန်းဘို့ ကြိုကြ

တယ်၊ ပေဟာ စော်စော်ကြာလို့ သူတို့လိုရာ အောင်ပန်းကိုဆင်၊ အောင်ဂိုးတွေဝင်ပလားဆိုမှုမြင့် ပြစ်လိုပြစ် ခွါလိုခွါ စကားနာထိုးလိုထိုးဘဲ"

ထိုအခါ မစင်မြသည် မိမိအကြောင်းကို သတိရလာလေ၏။ အေးမောင်သည် အစကတော့ ထမိပင် လျှော်တော့မလောက် အောက်ကျို့ခဲ့၏။ ယခုမူ မိမိက ပြန်ရျစ်၍ အတန်ကြာလျှင်ပင် ခပ်ခွါခွါ လုပ်ခဲ့၏။ သူဌေးမ မစောညွန့်သည် ထိုပဋ္ဌင်းပြောသော စကားမျိုးကို တခါဘူးမှ မကြားဘူးခဲ့၊ ကိုယ်တွေ့ မကြုံခဲ့ရသည်မှာ နံလှ၏ဟု အောက်မေ့တော့၏။ စကားကလေးများကို အရ နှုတ်ငုံထား၏။ မိမိစင်သည်လည်း မိမိရိုးဇားကို သတိရသွား၏။ ဒီစကားမျိုး ပြောတဲ့လူတိုင်း တနပ်စားဉာဏ် ကြီးသလား၊ မကြီးပါဘူးနော်၊ ကိုကိုတို့များ အဲဒီလို အပြောကလေးတွေကလဲ ချိုတယ်၊ ပင်ကိုကလဲ ချိုတယ်၊ သစ္စာလဲရှိတယ်၊ ဘုန်းကြီးက ဘာနားလယ်သလဲ၊ ဝါးလုံးရှည်ကြီးနှင့် သိမ်းပြီးရမ်းတာ" ဟု ဘုန်းကြီးကို အပြစ်ရှာ၏၊ များစွာသော အပျိုကလေးများကား၊ ကိုယ့်အရေး ကိုယ်တွေး၍ နေကြသဖြင့် ရှုပေါသော တရားများကို သတိမပြုမိ။

❖ ပေါ်သာဝါစ်နတ္တန္တိ၊
တုရုံဒါနိကုမာရိယော၊
တောပါအာယတိ ဒုက္ခာ၊
သောစန္တိ ပတိသုညကာ၊

ဒါနိ၊ ဣဒါနိ။ ဆုတ်ကပ်ကြီး ခေတ်သရမ်းမှာ ချစ်စန်းကြိုက်စန်း အခန်းခန်းမြင့် အဆန်းထွင်လာ၊ ဤအခါ၌၊ ကုမာရိယော၊ ယောကျ်ားတို့မာယာဉာဏ်ကို ဘာသာပြန် အကင်းမပါးလှ၍ ခေဦးစားတတ်သော အမျိုးသမီးတို့သည်။ ပေါ်သဝါစံ၊ အပလိန်းမာယာနဲ့၊ အပိန်းအညာ ပေါ်များ၍၊ သလောထားညွှံမှုင်း၊ ယောကျ်ားတသင်းတို့၏၊ မငြင်းသာ

မလှဲ့သာအောင် နွဲ့ကာ ခရာကာ၊ တီတီတာတာနှင့် ပလီပလာပြောသော စကားနောက်သို့ တုရံ၊ ကာမဂုဏ်စောမိုး၍ အပေလောတကြီး မဆင်ခြင်၊ လျှင်လျှင်မြန်မြန်၊ ဓိတ်သန်သန်၊ အနုဝတ္တာနှိ ခိုကိုးရာတကာယ်ဘဲဟု စိတ်ထဲမှာ အမှန်းလွဲ၍ တန်းတန်းစွဲ လိုက်ပါကြလေကုန်၏။ ဟိ၊ ဒုက္ခ အရေး အတွေးရှော်ခေါ် ဖြစ်ရပုံသော်ကား၊ စတာ၊ ချစ်သူယောကျ်ား၊ နောက်ပါးမကွာ လိုက်ပါခိုမိုး။ ထိုအမျိုးသမီးတို့သည်၊ အာယတိ '၊ ကိုယ်အချစ်က အမြစ်တွယ်လာ၊ နောင်သောအခါ၌၊ ဒုက္ခ၊ ခိုကိုးရာမဲ့၊ တကွဲထန်ပြင်း၊ ဆင်းရဲတွင်းသို့ ကျရောက်ရကုန်သည်ဖြစ်၍ တီသုည ကာ ချစ်လင်ယောကျ်ား၊ ပစ်ခွါသွား၍၊ အားထားရာမဲ့ကင်း၊ ရင်တွင်းမှ ဆာ၊ တခုလပ်ကလေးတွေ ဖြစ်ကုန်ကြရှာလျက်၊ သောစန္တိ မျက်ရည်နှင့် လူး၊ မကြုံဘူးအောင် အထူးပင်ညှိုးမှိန်၍၊ စိုးရိမ်ပူဆွေး ကြလေကုန် တော့သတည်း။

ဆေးလိပ်ခုံမှ တနေ့ရှစ်ရာကျအောင် လိပ်နိုင်သပြင့် နာမည်ရသော အုံးခင်ကား၊ စမ္ပသံဝေဂ များစွာရသွားလေ၏။ "ဟုတ်တယ် ယောကျ်ား ဆိုတာ အင်မတန် ကြောက်စရာကောင်းတယ်။ ဉာဏ်ရှိတိုင်း လှဲ့နေကြ တာဘဲ။ နို့ ဘယ့်နှယ်လုပ်မလဲ။ အခြဲဘဲ ယောကျ်ား တွေကွင်းနေရတော့ မလား။ ဘယ်သူ့ကို ကွင်း၍ ဘယ်သင်းကို လက်ခံရမလဲ၊ ဦးပဥ္စင်းက ဟောစေရာပေါ့" ဟု လင်ခွေးနည်း ပြဿနာတွင် မိမိဉာဏ်တွင်းသို့ အလင်းရောင် ပေးစေလိုပေ၏။ အေသီယန်ကျောင်းသူကလေး တင်တင် မှာမူ "အို ..... ငနဲက အောက်ကျို့ပြီးပြောတော့၊ ကိုယ်ကချစ်လဲ အောရိုက်လုပ်လိုက်တာပေါ့။ ငနဲက ပေါက်ပြန်သွားရင်လဲ တို့ပြည်မှာ ယောကျ်ားတွေ ရှားပါဘူး။ အညွှံ့စံဘဲ အသစ်လဲပြန်တာပေါ့" ဟု သူ့ စိတ်ထဲ၌ ဂျင်းစိမ်းနှင့် မိတ်သလင်ပင်များ စိုက်ထားလိုက်လေ၏။ စိန်မောင်တို့ ကာလသားတစုကား "ငါ့အစာဉာဏ်ယုန်ဟန့်သည် 'သယ်စာ အနေတော် နှပ်ပက်ခံရ' သလို အနေတော်တဲ့ ဘုန်းကြီး ခံနှင့်ပေါက် မလား၊ ပုလင်းထဲသွတ်ပြီး နှံမလား" ဟု ဆွေးနွေးကြ၏။ ဤသို့

လူတကိုယ် အတွေးတမျိုးဖြင့် စိတ်အိုက်နေကြခိုက် ဖြစ်သဖြင့် ငါးမွှင့်ဆိုင်ကြောင့် (ဝါ) ကောင်းခြင်းငါးပြာကြောင့် ကဋ္ဌဝါပတိ ဒုက္ခရောက်ပုံ။ ဤလောကကြီးသည် မီးဆယ့်တပါးတို့နှင့် ပြည့်ပုံ။ သံသရာမှ ထွက်ရမှ ခနိုင်မည့်ပုံများကို ဟောကြားတော်လည်း ဦးသုစခ၏ တရားများကို စိတ်ဝင်စားနိုင်ဘွယ် လွန်စွာ နည်းပါးနေလေတော့၏။

အခန်း။ ၁၆ ။

## မမှူကထိကကိုမော့ကြည့်နေ၏ ဦးသုစကော စပ်ပြုံးပြုံးကလေး ပြန်ရှု၏။

ပထမဦး တရားပွဲပြီး နောက်တရက်တွင် မကြည်ရဲ့ ဦးသုစ ကိုယ်တော်သည် .... မစောညွန့်အိမ်သို့ သွား၏။ မစောညွန့်က ပင့်ဘိတ်၍ မဟုတ်ချေ။ နှုတ်ဆက်ရန် လာခြင်းသာတော ဖြစ်၏။ မစောညွန့်သည် ဘိလပ်ရည်များ .... ၊ ကွမ်းများဖြင့် .... ဧည့်ခံ၏။ စကားအလွှမ်း သင့်ကြသဖြင့် တချက်ထိုးကလာရာ ညနေ ၄–နာရီကျမှ ဦးသုစ ပြန်ကြွဖြစ်တော်မူ၏။ တခါတရံ တရားစကားပြောကြ၏။ တခါတရံ .. အမျိုးအဆွေ အဆက်အနွယ်များ ... အကြောင်း မေးမြန်ကြ၏။ တရံ တခါ အလုပ်အကိုင် အကြောင်း နှီးနှောကြပြန်၏။ ပြန်ခါနီးတွင် မစောညွန့်သည် ရွှေမန်းနေတိုင်း ပို့ပါမည့်အကြောင်း၊ ဆရာတော်ကလေး တည်းခိုနေသော နိဗ္ဗိန္ဒချောင်သို့ ကြောမို့ ဥပုသ် ရက်ရှည်စောင့်ရန် လာမည့်အကြောင်း ဦးသုစကလည်း သင်္ဂြိုလ်နှင့် ပဋ္ဌာန်းကို ကျကျနန တက်ပေးမည့် အကြောင်းများကို ဆုံးဖြတ်ကြလေ၏။ မစောညွန့်နှင့် ဦးသုစမှာ ဆရာရင်း တကာရင်း ဖြစ်သွားလေ၏။ မစောညွန့်က

ဘဲပေါင်းဟင်း၊ ဝက်အူချောင်း၊ ကြက်မြစ်၊ ကြက်သဲ။ ဘဲလျှာချောင်ကြော် မြူစွမ်ဟင်းချို စသော ဟင်းကောင်းများကို အမြတ်တနိုးချက်၍ ဆွမ်းပို့လေ့ရှိ၏။ သို့ကြောင့် ....

"ကဲ .... မစောညွန့် ဆွယ်အုပ်လှန်စမ်း .... "

"အဲ .... မစောညွန့်တို့ဟာမှ တယ်ကောင်း၊ အဆီတဝင်းဝင်းနှင့် ဆွမ်းကလဲ ထောပတ်ဆွမ်းပါကလား၊ ကောင်းလိုက်တဲ့ဟင်းတွေ၊ ကဲ ... ကဲ ... ပိတ်လိုက်ပါတော့ ... " ဟုဆိုသောစကားများနှင့် ချောင်းခနဲ သံအုပ်ဆောင်းကို အုပ်သံနှင့် လင်ပန်းသံ ပုဂံသံများကို နိဗ္ဗိန္ဒကျောင်းဆောင်ရှိ ကျောင်းတကျောင်း၌ ကြားရ၏။

တနေ့သောနေ့ နွန်းလွဲအချိန်၌ နေသည် လွန်စွာပူပြင်း၏၊ လေကလည်း ငြိမ်လှ၏။ ငှက်တို့မှာ မိမိတို့အသိုက်ထဲသို့ဝင်၍ တရေးတမောမှိန်းရင်း သားရေး၊ သမီးရေး၊ စားသောက်ရေးများကို တွေးနေကြလေ၏။ အချို့သော ကျီးများကား၊ အိပ်တန်းမတက်ဘဲ အင်ကြင်းပင်အကိုင်းတို့၌ နားနေပြီးလျှင် .... "အ ... အ ... အ" နှင့် လေးတွဲ့စွာ ညည်းညူနေကြကုန်၏။ ဆာကလေးများမှာ တကီကီ ... တစီစီ တေးညည်းကာ ဟိုပျံ သည်ကူးဖြင့် အလုပ်ရှုပ်နေကြလေ၏။

ထိုအချိန်၏ ကုသိုလ်ဥတုသည် ဥပုသ်သည်များအား စက်လေးစေ၍ တအအ ကျီးသံသည် မျက်စိမှေးစေ၏။ တကီကီ .... တစီစီ ... စသံသည် အိပ်ပျော်စေ၍၊ ရေအိုးမှ စိမ့်ကျသော ရေပေါက်သံသည် တစေါစေါနှင့် ပဟောက်စေ၏။ မစောညွန့်သည် သမ်းပြီး တအုပ်ကိုချလိုက်၏။ ဦးသုစေသည် သင်္ကြူလ်ငှက်ကကို လှန်ရက်သား ရင်ခွင်ပေါ်တင်ပြီး ပက်လက်ကုလားထိုင်တွင် ... ကျောကပ်ခါ ထိုင်တော်မူ၏။ လက်ဆစ်ကလေးတွေကို ချိုးပြီး .... "တကာမ ... မညွန့် ပျင်းပြီထင်တယ် ... "
ဟု ပြော၏။

"မျှင်းတယ်လို့ မဟုတ်ပါဘူး ဘုရား ...၊ ဒါလဲဘဲ ... အစော်တွင် ပြီယနေ့အတွက် မှုလုံပြီ ထင်ပါတယ်ဘုရား ...." ဟု လေမပြေထိုးပြန်လေ၏။

"ကဲ ... ကဲ ... မညွန့် ဓိအိပ်ချင်အောင် တရားကလေးဟောရသေးတာပေါ့။ ဘယ်တရားဟောရရင် ကောင်းပါမလဲလို့ စဉ်းစားလိုက်တော့ တရားဟောမဲ့ မွေကထိကတပါး၊ တရားနာသူကလဲ တဦးထဲမို့ အများနှင့်သက်ဆိုင်တဲ့ တရားကိုဟောရင် ဓရပ်တခဆောင်ကို နေ့အိမ်အဖြစ်ဖြင့် အသုံးပြုမပျော့လို့ ဓပးတာလိုကျနေမယ် ... ဓရပ်ဆိုတာ အများ တည်းခိုနေနိုင်အောင် အားလုံး စိစဉ်ထားတဲ့ အရပ်ကိုး။ တယောက်ကဝင်ရောက်ပြီးနေရတော့ ဘယ်မှာ ပထာရမလဲ။ ဒီလိုပေါ့၊ အများနှင့်သက်ဆိုင်တဲ့ "ပတ်ပလစ်ပေါ်ပြုလာ" တရားတွေကို မဟောလိုတော့ပါဘူး။ တကာမညွန့်ညွန့်နှင့်သာ သက်ဆိုင်ပြီး တကာမ ညွန့်ညွန့်ရဲ့ တဦးတည်းကောင်းကျိုးပေးမဲ့ တရားမျိုးကို ဟောရမယ် .... ကဲ စဉ်းစားစမ်း မညွန့် .... မညွန့်ရဲ့ လိုသောအလိုကို ပြည့်နိုင်တဲ့ တရားဟောမယ်ဆိုရင် မညွန့်ဘာလိုသလဲ .... " ဟု မေးရာ၊ မညွန့်သည် ခပ်ငြိမ်ကြီးလုပ်နေပြီး ......

"မလျှောက်တတ်ပါဘူး ဘုရား။ လိုမယ်ထင်တာကိုသာရွေးပြီး ဟောပြမှ သဘောကျ နာတတ်ပါသည် ဘုရား ... " ဟု တင်လျှောက်လေ၏။

"အဲ .... အဲ .... ဘယ်သူမဆို မိမိမှာလိုတာကို သိရမတဲ့။ မြန်မာပြည်ဟာ လွတ်လပ်ရေးလိုကြောင်း ဗမာတိုင်း သိရမယ် .... တက္ကသိုလ်ဟာ သခင်ပညာလိုကြောင်း တက္ကသိုလ်ပညာသင်တွေ သိရမယ်။ သို့ကလိုဘဲ မညွန့်လိုတာကို သိရမယ်။ သို့မှ လိုတာကို ပြည့်နိုင်တယ်၊ ကြားလား။ ဒီတော့ ဦးပဥ္စင်းဟောသွားတာကို ကောင်းကောင်း နားထောင်ဘို့ဘဲ .... ၊ မညွန့်လိုတာကို ကောင်းကောင်းသိပြီး ဘယ်လိုအလိုပြည့်အောင် လုပ်ရမယ်ဆိုတဲ့ လုပ်နည်းကိုလဲ ကြားရမယ်ပေါ့။

တကယ်လို့ ဦးပဉ္ဇင်းက အတွေးမှားလို့ လိုလားချက်ကို မှားပြောရင် ဦးပဉ္ဇင်းကို ဧည့်သွန်းက အပြစ်တော် တင်မလားလို့ ....”

“အပြစ်မတင်ပါဘုရား။ မှားသွားသည့်တိုင်အောင် ယောဘတဲ့ပုဂ္ဂိုလ်ရဲ့ စေတနာ ကောင်းမြတ်ရင် စေတနာကို တန်ဘိုးယူပြီး စေတနာ အတွက် တပည့်တော်မကာ သဒ္ဓါထက်ဘို့ အဆင်သင့်ပါဘုရား ....”

“ခြော် .... ခြော် ... သာဓု ... သာဓု ... ဒီလိုကိုး ... ကဲ–ကဲ ... ဉာဉ်မင့်မိလို့ အမှန်အကျန်မသိရင် ရန်သုန်လို့ မထိပါးဘူးဆိုရင်တော့ ဟောတော့မယ် ....”

❖ နဂ္ဂါနဒီအနုဒ္ဒကာ၊
နဂ္ဂရဋ္ဌံ အရာဇကံ၊
ဂ္ဂတ္ထီပိဝိဒဝါနဂ္ဂါ
ယသသပိဒသဘာတရော၊
ဝေဖျံကဋ္ဌုကံလောကော၊
ဝဠ္ဍဉ္စဝရုဓေသဘာ။

ရဓေသဘာ၊ ရထားစီးခြင်း မင်းတကာတို့ထက်မြတ်သော ခမည်း တော် မင်းမြတ်၊ အနုဒ္ဒကာ။ ရေယဉ်မစီး ခြောက်လေပြီးသော၊ နဒီ။ ဖြစ်သည်။ နဂ္ဂါ။ ဓမ္မလျော်ဘွယ်ကင်း၍ တင့်တယ်ခြင်း မရှိနိုင်ပါ၊ အရာဇကံ၊ တိုင်းလုံးလွှမ်းချုပ် စိုးအုပ်နိမ်နင်း မင်းမရှိသော၊ ရဋ္ဌံ။ တိုင်း ပြည်မြို့ပြဟူသမျှသည်။ နဂ္ဂံ။ အသရေဂုဏ်ကင်း၍ တင့်တယ်ခြင်း မရှိ နိုင်ကုန်ပါ။ ယသသ။ ရုပ်ရေနိကာယ် တင့်တယ်လှပ အကြင်မိန်းမအား၊ ဒသဘာတရောပိ၊ ဂုဏ်လျှံထွန်းတောက် မောင်ဆယ်ယောက်တို့ သည် လည်း၊ သန္တိ၊ ရှိလေကုန်၏။ သာဏ္ဍတ္ထိမိ။ ဂုဏ်လျှံထွန်းတောက် မောင် ဆယ်ယောက်အလယ် တင့်တယ်စွာ နေထိုင်ရသော မိန်းမသည်၊ ဝိဓဝါ။ စိုးအုပ်အရှင် လင်မရှိခဲ့သော်၊ နဂ္ဂါ၊ ဂုဏ်ရောင်လင်း၍ တင့်တယ်ခြင်း

မရှိနိုင်ပါ။ လောကော၊ လောကဥ္စ၊ ဝေဖျ။ ဝိုးအုပ်အရှင် လင်းမရှိခဲ့သော်၊ ကမ္ဘာ၊ ဂုဏ်ပေါင်းစုံပယ် တင့်တယ်ခြင်း မရှိနိုင်ပါ။ တသွား၊ ထိုသို့ မိန်းမခပင်း လင်နှင့်ကင်းက တင့်တယ်ခြင်းမရှိနိုင်သောကြောင့်။ ရစ္စပုဂ္ဂိ လင်မြတ်ရတနာ စေသသန္တရာမင်းနောက်သို့။ ဂစ္ဆေယျ၊ ကျွာစိုက်စိုက် လိုက်အံ့တော့သတည်း။

"အဲ .... ဒါလို မဒ္ဒီဒေဝီက ယောက်ျားကြီး သိဥ္စည်းမင်းကို လျှောက်ထားတယ်တဲ့။ လင်ယောက်ျားမရှိက မတင့်တယ်ကြောင်း ဘုရားတရားတော်ကတောင် ထောက်ခံနေပြီမို့ ငြင်းနယ် ငြင်းကွက် အလျှဉ်းမတွက်လာဘူးပေါ့။ ကောင်းပြီ။ ကမ္ဘာမှာ မိုတင်းကြတဲ့ မိန်းမပေါင်းမှာ လင်ရတနာမဲ့က မတင့်တယ်ဘူးဆိုရင် ကမ္ဘာသူ ကမ္ဘာသားတဦးဖြစ်တဲ့ ဒို့တကာမ ညွှန့်ညွှန့်မှာကော တင့်တယ်ပါအုံးမလား ... ။ မဒ္ဒီဒေဝီလို အရှင့်အမာမှာတောင် မတင့်တယ်ရင် ... ဦးပဥ္စင်းတို့ တကာမ ညွှန့်ညွှန့်မှာကော ... တင့်တယ်နိုင်ပါတော့မလား" ဟု မေးပြီး ရေသောက်လေ၏။

မစောညွှန့်မှာ ရှေးကပင် မိမိမှာ မတင့်တယ်ပုံကို သိခဲ့၏။ မီးလောင်ရာ ရေနဲ့ငြှိမ့်လောင်းသလို၊ လင်ရတနာမဲ့၍ သောကဖြစ်နေပြန်ရာ၊ ဘုရားဟော အထောက်အထား အချက်တွေနှင့် အဓောက်စား သက်သေတွေကို ကြားရပြန်ရာ ရေနံဆီသောကမီးအား ပိုကာ ပြန်လေ၏။ သို့သော် မိန်းမတို့ ရှက်ခြင်းသည် "တင်ပါ ဘုရား .... " ဟူသော စကားများကို သော့ခတ်၍ ဗိုက်တွင်းမှာ လှောင်၍ထားလေ၏။

"အဲ .... ဆိတ်ဆိတ်နေတော့ ဝန်ခံရာ ရောက်တယ်တဲ့။ ရတနာမဲ့ ရှာတဲ့ ကျုပ်တို့ တကာမ ညွှန့်ညွှန့်မှာ ဘယ်အချက် ဘယ်အင်္ဂါ ချို့ယွင်းလဲဆိုတာ ရှာကြရမယ်။ ပေဘ .... ဒို့တကာမဟာ ပုညသမ္ဘာရ ရှေးအဆောက်အဦး ကံကုသိုလ်ထုးလို့ မွေးကထဲက သူဌေးဝမ်းမှာ မွေးရတယ်။ ရွှေငွေ အပြည့်အစုံနှင့် အမြဲတဲ ဥစ္စာပစ္စည်း တက်ရတယ်။ ဇာတိမြင့်မြတ်စွာလဲ ဖြစ်လာရတယ်။ ဥာဏ်ပညာနှင့်လဲ ပြည့်စုံပြီး လာရ

တယ်။ ဉာဏ်ပညာဆိုတာမှာ သာမန်ယောကျ်ားတွေထက်ဘဲ ကဲလွန်ပြီး ထက်မြက်ပေတယ်။ ဦးစင်းမြင့်တွေ့ခဲလှပေါ့။ ယောကျ်ားရော မိန်းမရော သို့ပေမယ့် ယောဒီကာ တကာမ ညွန့်ညွန့်တို့လို ထက်မြက်တဲ့ ဉာဏ်တော့ အရှားသားကလား။ ဉာဏ်ရှိရုံမြင့် မတော်သေးဘူး။ လုံ့လဝီရိယရှိလို့ ပညာဗဟုသုတ ဆိုတာမှာလဲ ထူးချွန်တဲ့ ပုဂ္ဂိုလ်တဦးလို့ ဆိုရမှာပါဘဲ။ ဒီဂုဏ်အရည်အချင်းတွေဟာ သူတို့လိုချည်းဘဲ ကြည့်ပြီးဆုံးဖြတ်ရင် လွန်စွာ အဘိုးထိုက်တန်တယ်လို့ ဆုံးဖြတ်ရမှာဘဲ။ သို့ပေမဲ့ ညွန့်ညွန့်တို့ ကိုယ်တွင်းမှာ ကိန်းအောင်းနေတဲ့ သူတော်ကောင်းစိတ်၊ အလိမ္မာစိတ်၊ သီလသမာဓိနှင့် အမြဲတွဲနေတဲ့ စိတ်တို့ဟာ သူတကိုယ်လုံးကို သရဖူ ဆောင်းလိုက်တာပါဘဲ။ ဒီဂုဏ်ဟာ အကြီးဆုံးပေါ့။ သို့ပေမဲ့ မပြောပ လောက်တဲ့ ချို့ယွင်းချက်ကလေး ရှိနေတယ်" ဟု ပောပြီး အမောကြီး ဖြင့် ဟီးချ၍ နားထောင်လေ၏။

မစောညွန့်သည် ဆရာတော် ပောစဉ်ကမူ စိတ်အားထက်သန်စွာ နှင့် နာယူနေရသောကြောင့် ဟုတ်မဟုတ် ပြန်မစဉ်းစားနိုင်။ ယခုမူ စိတ်တွင် မှတ်ထားသော မှတ်စုများကို ပြန်လှန်ဘတ်လေ၏။ ဟုတ် မဟုတ် စီစစ်၏။ ၎င်းမြင် ဘုန်းကြီးပြောသမျှသည် ဟုတ်နေသည်ကို တွေ့ရသဖြင့် ရွှင်လန်းပျော်မြူးလာလေ၏။ တကီကီ တစီစီအော်နေကြ သော စာသံကလေးများမှာ တရောသံကလေးသဘွယ် သူ့နား၌ ပေါ်လာ လေ၏။ အေးစက်စက် အာခနေသော ကျီးသံသည် ခေါင်းလောက်ကြီးကို တကြိုးထဲ ညှိနေသကဲ့သို့ ထင်လာလေ၏။ မစောညွန့်သည် ပြတင်း ပေါက်စီသို့ မျှော်ကြည့်လိုက်၏။ ကမ္ဘာလောကကြီး တခုလုံးသည် သာယာပျော်ရွှင်ခြင်းဖြင့် ဝင်းထိန်နေသည်ဟု ထင်လေ၏။ အထူး သဖြင့် အင်ကြင်းပင်များကား စိမ်းလန်းသာယာလှ၏။ နောက် မိမိအား မိမိအဖြစ်အပျက်အမှန်ကို ပေါ်ပြနေသော ဓမ္မကထိကကို မော့ကြည့်နေ ၏။ ဦးသုစကာ ပြုံးပြုံးကလေးရှ၏။ "မြည်မြည်" ခေါ်၍ လည်ပင်း မွှတ်ပေးခြင်းခံရသော ကြောင်ကလေးသည် မွှတ်သူ၏ ရင်ခွင်သို့

အတင်းတိုးဇော၍ ခေါင်းနှင့်ခွေ့သလို မိမိအား ထိုသို့သော စကားကို ပြောကြားပေသော ဦးသုစေကို ခေါင်းနှင့်သာ ခွေ့ချင်တော့၏။ ဦးသုစေ၏ မျက်နှာမှာ ထိုမျှ ချိုသာသောအခါ မရှိခဲ့ချေ။ ထိုမျှ လှပသောအခါ မရှိခဲ့ချေ။

ဦးသုစေမျက်နှာကိုကြည့်ရင်း မိမိမျက်နှာကို သတိရလာကာ၊ မိမိ ချို့ယွင်းချက်ကို တွေ့ရသဖြင့် ရင်တုန်သွား၏။

"ချို့ယွင်းချက်ကတော့ မပြောပလောက် ပါဘူး။ သို့ပေမဲ့ လောကကြီးက ပညာရှင်နဲ့ပြီး၊ မိုက်ခဲတွေပေါတဲ့အခါမို့၊ ရုပ်လောက်ကိုသာ ဂရုစိုက်နေကြတယ်။ ဦးဇင်းတို့သာ လူဆိုရင် သည်လို ဘယ်မိုက်မလဲ၊ အဆင်းထက် အချင်းကိုကြည့်မယ်။ ပညာစက ရှိနေပြီဟာကိုး၊ ဒီချို့ယွင်းချက်ဟာ ပြင်ရလဲ လွယ်လွယ်နှင့် ရနိုင်တာမျိုးဘဲ"

စောညွန့်သည် မိမိစန္ဒာမှ ရှိသမျှ အာရုံတွေကို သောတာရုံသို့ အကုန်သွင်းလိုက်လေ၏။

"ဟောဒီ .... ရုပ်ချောစေတတ်တဲ့ ဂါထာကို ရွတ်"

ဣစ္ဆေယျ ဝေပီယံရုပ်။
ပီယံမုခံ ဘဝေဘဝေ။
ဒုမ္မနံ ပရိဝဇ္ဇေယျ။
ဘာဝေယျ သုမနံသဒါ။

ဘဝန္တော၊ သံသရာတုံကြောမှာ၊ ဝုန်ရောကာ ဒလက်လယ်၍၊ စက်စဘွယ်ပြီးတလျက်၊ ဟီးချမှိုင်ငေး ဒုက္ခရေးစုပေါင်းကြတဲ့၊ အို-သူတော်ကောင်းတို့၊ ဘဝေဘဝေ၊ ကြိမ်ကြိမ်ဖန်ခါ၊ ကံကြမ္မာနှင့်၊ သံသရာ ဒီလှိုင်း၊ ဖြစ်လေရာဘဝတိုင်း၌၊ ပီယံရုပ်၊ ကောင်းမြင်း ငါးဖြာ၊ ကြန်အင်္ဂါနှင့်၊ ညီညာဖြောင့်စင်း၊ နှစ်သက်ဖွယ်ရာ ရုပ်အဆင်းကိုဆောင်ရင်း၊ ပီယံမုခံ၊ ဆန်းပြည့်ဝန်းယုန်၊ ပန်းပဒုံသို့၊ လှဂုဏ်တိုးတက်၊ နှစ်သက်ဖွယ်ရာ၊ ချစ်မျက်နှာမျိုးကိုဆောင်၊ ဝေဣစ္ဆေယျ၊ ပွင့်ကြောင့်ကြ၊ မဖြောင့်လှ

ဘဲ၊ တောင့်တစွဲငြိ၊ အလိုရှိသည် ဖြစ်ကုန်အံ့၊ ခပ်–ဤသို့ တတမ်း တတ၊ လိုချင်ကြကုန်သည်ရှိသော်၊ ဒုမ္မနဲ၊ ဒေါသဏှာသော၊ စိတ်မသာမာ နှင့်၊ အဘိဇ္ဈာဆိုး၊ တရားမျိုးကို၊ ပရိဝဇ္ဇေယျ၊ ကိုယ်တွင်းဆက်ဆံ၊ လက်မခံဘဲ၊ ပယ်လှန်ဆုတ်ခွါ၊ ရှောင်ကြဉ်ကြကုန်ရာသတည်း။ သုမနဲ၊ သူ့အပြစ်ခွါ၊ အချစ်ရှာသည့်၊ မေတ္တာပုံးပေါင်း၊ အထူးကောင်းသော စိတ်ကို၊ သဒါ၊ တတ်နိုင်သမျှ ကာလမဆိုင်း၊ အချိန်တိုင်းဦပင်လျှင်၊ ဘာဝေယျ၊ သတိတမန်၊ ဉာဏ်မြေကတုတ်၊ ချွန်းကိုအုပ်၍၊ အားထုတ် လေ့လာ၊ ပွားများကြရာသတည်း။

“တဲ .... အဲဒီဂါထာမှာပါတဲ့ အချက်အလက်တွေကို ကွက်ကွက် ကွင်းကွင်းကြီး မှတ်သားပြီး ဆုမ္မသမျှကို ကျင့်ကြံလုပ်ဆောင်ရမယ်၊ နို့မှ ရုပ်ဆင်းကြန်အင် တိုးတက်မယ်၊ ပြီးတော့ အထူးသဖြင့် ဘုရား တရား သံဃာ ရတနာ ၃ ပါးကို မေတ္တာသက်ဝင်ရမယ်၊ ရိုသေရမယ်၊ ကိုင်း ရှိုင်းရမယ်၊ မြတ်နိုးရမယ်၊ သံဃာတွေအပေါ်များ မငြူစူ တောင်း ပြောင်းခြင်း မပြုလေနှင့်။

(၁၇)

တောတ်သာ ငတ်မှာစိုးသော်ကြောင့် ရုပ်ရွာပတ်ခါတိုးခဲ့ရ၊ ဆွမ်း တော်ဗျို့၊ နောက်ကအော်၊ အရှိန်ကြီးသုမို့၊ အိမ်ကြီးရှင်မထေးတို့က၊ သနပ်ခါး မှန်ပုံတင်၍၊ မပြီးခင် လာသလားရယ်လို့၊ မထီးရှင် ငါးတပါ ကို(ကွယ်) ကြွားမောက်လိုနော်၊ လားလားနော် ချမ်းသာမှုတွေကြောင့်၊ နားကြားသော် ပန်ခါသာပြုခဲ့ရ၊ ဟန်ပါဘု စိတ်မှာနော်၊ ဆိတ်တောသော်မှ မြေမအေး၊ သို့ပါသော် တရားနှင့်မြေဖျော်လို့၊ တခါတခါနော် ပုထုဇဉ် ရှာန်းတို့မှာလ၊ ကြောကြော ကိုယ့်အရုပ်ဓေသကို၊ (လွမ်းပါဘိ မိဘတို့ရေ) ဆွမ်းကာတရေး။

ဆိုတဲ့ သီချင်းလေးချီးမွမ်းပါတာလို့ တခါတခါ များစွာဖြစ်တတ်တာက– ရဟန်းများမှာ ဆွမ်းခံမှ ဆွမ်းစားကြတယ်၊ ဆွမ်းခံလို့ လောင်းတဲ့လူရှိအုံးမှ၊ မရှိပြန်လဲ အခက်ဘဲ၊ ဒါကြောင့် လုံ့လကြီးစွာနဲ့ ရဟန်းများမှာ ဆွမ်းရအောင်ရယ်လို့၊ နံက်ခပ်စောစော ဆွမ်းခံဝင်ကြရော၊ ဟော– ဆွမ်းခံအိမ်ရောက်တော့၊ (ဆွမ်းတော်ဗျို့) လို့အော်လိုက်တယ်။ လားလား ဘုန်းကြီးဆွမ်းခံဝင်ခိုက်မှာ၊ မိန်းမပျို မိန်းမလတ်များဟာ၊ အိပ်ယာထစကိုး ရေးမိုးချိုးပြီး သနပ်ခါးလိမ်းနေကြ ခေါင်းဖီးနေကြတဲ့ အချိန်ကို ညွန့်ညွန့်ရဲ၊ မှန်ထဲကြည့်ပြီး မျက်ခုံးဆွဲတုံး၊ ဆွမ်းတော်သံကြားရတော့၊ "တယ်– ဒီကိုယ်တော်တွေနယ် စောရန်ကော၊ ရှုပ်ရန်ကော ဒီမှာ မအားရတဲ့အထဲ" လို့ ငြူစူပြီး "ကတော့ဆွမ်း" လို့ အောင့်သက်သက် အသံနှင့် ပြန်ပြောလိုက်ကြတယ်။ ဟော– ရဟန်းမှာ အအောင့်အသက်စံရလို့ စိတ်မကောင်းတာက တမျိုး၊ ဆွမ်းမရလို့ ဝမ်းဝမှာကို ပူရတာကတတုံ၊ အမေကိုတပြီးတော့သာ ငိုးရတော့တယ်။ အဲ့ဒီလို အရေးဆင်လို့ အလှပြင်တုန်း ကြုံကြိုက်ကြပါလျှင် ငြူစူပြီး ဆွမ်းမလောင်းမှုများဟာ လူ့အဖြစ် လူ့အထုံမှ အကြီးဆုံးသော ငြူစူခြင်းဘဲ။ အကြီးဆုံး ငြူစူရင် အရုပ်ဆိုးဆုံး ဖြစ်တတ်တာမို့ ဒီငြူစူခြင်းမျိုး မဖြစ်ရအောင် အမြဲသတိထား ကြားလား ...."

"တင်ပါဘုရား ...."

"အဲ .... အဲ ... ကောင်းပြီ၊ နို့ အဲ့ဒီချို့ယွင်းချက် ရှိပြီးကောလို့ စိုးရိမ်စရာ မရှိပါဘူး ညွန့်ညွန့်ရဲ ....၊ အလိမ္မာ ဂုဏ်၊ ပစ္စည်းဂုဏ် ဆွေမျိုးဂုဏ်တွေကလဲ အများသားမို့ ....၊ ဟောဒယား ကြိုက်မဲ့လူတွေ ပေါ်မှာပါဘဲ၊ ချစ်မဲ့ ကြိုက်မဲ့ လူတွေကပေါ်လို့ မျက်စိအလိုလိုက်ပြီး ဟိုကြိုက် သည်ချစ် ဆိုရင်လဲ အတည်မဖြစ်တတ်ဘဲ ရှိမယ်၊ ချစ်မဲ့ ကြိုက်မဲ့ လူတွေကို အရည်အချင်း အမျိုးမျိုးစစ်ဆေးပြီး ရွေးချယ်ဘို့ ဦးပဥ္ဇင်းကတော့ စိတ်စေတနာ ကောင်းစွာနှင့် အကြံပေးလိုက်တယ်။ ခြောက် ....

လောက လောက .... ယောကျ်ားတွေ ပေါ်သော်လည်း လင်းကောင်း ရနိုင်ခဲ့တယ်၊ ဒါလဲ အသိဘဲမဟုတ်လား တကာမရဲ့ ...."

"တင်ပါ့ဘုရား ...." ဟု ပြန်လှန်လျှောက်ကြားပြီး အောက်နားက အတိုင်း စဉ်းစား၏။ အဘယ်လို စဉ်းစားပါသလဲ ဆိုသော် "သာဓု .... သာဓု .... ကုသိုလ်ကံ ထူးပေလို့ ....၊ ဦးပဥ္စင်းလို ဦးပဥ္စင်းနှင့် တွေ့ရ တယ်၊ ငါ့ကိုမြင့် စေတနာကောင်း ရှိပေတာဘဲ၊ သြော် .... ဆွမ်းရယ် ကွမ်းရယ်နှင့်၊ မယ်မယ်ရရ လှူလိုက်တော့၊ တကာမအရင်းလို သဘော ထားပြီး သတိပေးရှာပေတယ် ....၊ ပြီးတော့ .... သည်လောက် ပညာရှိ ဥာဏ်ကျယ်တဲ့ ပုဂ္ဂိုလ်ဆိုတော့ ဘယ်လိုလူရွေးလို့ ဘယ်လိုဟာ ကြိုက်ရ မှာကိုလဲ သိမှာဘဲ"

"ဒီတော့ ဘယ်လိုယောကျ်ားကို အိမ်သားပြုရမလဲ ဆိုတော့ 'လင် ဆိုးမယား တဟားဟား' ဆိုတာလို မဖြစ်စေတဲ့ လင် .... 'လင်ကောင်းအိမ်ရှင် တရှင်ရှင်' ဆိုတဲ့ ဟာမျိုး ဖြစ်စေတဲ့ လင် 'မထင်မှဲ ကင်း၊ အပ်နှင့်ဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးခင်၊ ငါးအင် လင်ကျင့်ရာ ....' ဆိုတဲ့ အကျင့်တရားနှင့် ပြည့်စုံမဲ့ လင်မျိုးကို ရအောင် ရှာရမယ် ....၊ သြော် .... ခုကာလကြီးမှာ လင်ကောင်းရှားပုံတော့ မပြောနိုင်တော့၊ လူ့လောကကြီး တခုလုံးလဲ ဘာဖြစ်တယ် မသိဘူး၊ လူ သူတော်ကောင်း ရယ်လို့ မရှိသလောက်ဘဲ၊ ဒီလို လူတွေ သီလ သမာဓိ ပျက်ကြလို့၊ သီလသမာဓိရှိတဲ့ ပုဂ္ဂိုလ်အချို့ကတော့ .... သာသနာတော် သောင်ဝင်ပြီး၊ လူတွေဆီက မကောင်းမှုတွေ မကူးစက်ရအောင် နေကြ ပေတယ် ....၊ ဒါ့ကြောင့် သူတော်ကောင်းဆိုရင် သံဃာ့တောင်မှာ တွေ့ရတော့တယ် ....၊ လူတိုင်းဟာ သေရည် သေရက်သောက် ....၊ ဘိန်းရှူ၊ ကုတ်ကင်းပွတ်နှင့်၊ သူရာ မေရယ ကံကို ကြူးလွန်နေကြတယ် ....၊ အလောင်းအစား ဆိုတာမှာလဲ ထုသည်ထက် ထုလာနေတယ်၊ ဦးပဥ္စင်းတို့ ရန်ကုန်မျိုးမှာ သာကဲသေး ....၊ မြင်းလောင်းတာက အသဲ ဆုံးဘဲ၊ ငွေတွေ သိန်းကုဋေ ချမ်းသာပေမဲ့ မြင်းတလလောက် ရှုံးရင် ....

ကုန်လို့သွားပြီး၊ လူဆင်းရဲ ဖြစ်ကုန်ရတာဘဲ၊ ဒါကြောင့် ... အဲဒီ အစလောင်းအစား ဝါသနာပါတဲ့ လူတွေကို ရှောင်ရမယ် ...၊ အစလောင်း အစားနှင့် တာကာစ ညွန့်ညွန့်ရဲ့ ပစ္စည်းတွေကို အရှိမ်းမဲ့ သုံးဖြုန်းပစ် လိုက်မှဖြင့် ငါးမိနစ်အတွင်း မွဲသွားစေနိုင်တယ် ....” ဟုပြောပြီး စကား နားဏ်။ စရက်တာအုပ်သည် အင်ကြင်းပင်တပင်၌ နားပြီး ရတ်တရက် အောင်မြည်ကြဏ်။ မစောညွန့်သည် သက်ပြင်းကိုချဏ်။

“ဟုတ်ပါတယ် ကိုယ်တော် .... ၊ ဒီလိုလူနှင့် များတော့၊ ဘယ် တော့မှ မတွေ့ရပါစေနှင့်လို့ ဆုတောင်းပါတယ်ဘုရား” ဟု လျှောက်ပြီး၊ မစောညွန့်သည် မျက်နှာကို ရှုံ့ပြလေဏ်။

“ကိုယ်က ကြိုးစားရှောင်ရင် ဘယ်မှာတွေ့မလဲ၊ ပြီးတော့ အထူး ဆင်ခြင်ဘို့က ရှိသေးတယ်၊ ညွန့်ညွန့်ရေ ..... ကျုပ်တို့ကတော့ .... ကောင်းစေလိုတဲ့ သဘောနှင့် အကြံဘဲပေးနိုင်တယ် ....၊ ပေးတဲ့ အကြံ ကို ယူရုံမယူဘဲ၊ စဉ်းလဲ ထပ်စဉ်းစားရမယ်၊ ခုကာလ ယောကျ်ားလေး တွေဟာ .... မကောင်းတဲ့ မိန်းမတွေ လိုက်စားလိုက်ကြတာကလဲ လွန်ရော၊ ဒီတော့ .... ကြောက်ဘွယ်ကောင်းတဲ့ ရောဂါတွေဟာ လူတိုင်းမှာလို နေတယ်၊ ဒီလို ရောဂါတွေဟာ ဘသားချောတို့မှာတင် နေတာမဟုတ်ဘူး၊ သူတို့က မိန်းမယူရင် မိန်းမကိုလဲ ကူးစေတယ်၊ ဒီတော့ ဒီလိုလူမျိုးကိုလဲ အစေးက ရှောင်ရမယ်။ သားသမီးရတော့ အနာကလေးတွေ ဖြစ်နေမှာ ကြောက်ရတယ်။ အဲဒီတော့ ဓနဉ္စတ်တော် မှာ ပေါလစနကမင်းကြီး နတ်ရွာစံခါနီး သမီးတော် သီဝလီဒေဝီ အတွက် လင်ရွေးဘို့ မှာခဲ့တယ်။ ဘယ်လို အင်္ဂါနှင့် ပြည့်စုံမှ လင်အဖြစ် ရွေးရလဲဆိုတော့ ... (၁) အချက် သမီးတော် သီဝလီနှစ်သက် သဘော ကျသောသူ ဖြစ်ရမယ်တဲ့။ (၂) အချက် ကာယဗလနှင့် ပြည့်စုံရမယ်တဲ့ (၃) အချက် ပညာဉာဏ် ထက်မြက်ခြင်းဂုဏ်တဲ့။ အဲဒီသုံးခုကို ဂရုစိုက် ပြီးကြည့်လို့ ပြည့်စုံတာတွေ့မှ ငါ့သမီးနှင့် ထိမ်းမြားရမယ်လို့ မိန့်တော် မူတယ်တဲ့။ ဒီတော့ စဉ်းစားလေ စဉ်းစား။ အဲဒီသုံးချက်နှင့် ပြည့်စုံမှဖြင့်

အမျိုးအနွယ် ခစ်ဘို့မလိုဘူးတဲ့။ ပစ္စည်းဥစ္စာ ရှိမရှိလဲ စုံးစမ်းဘို့ မလိုဘူးတဲ့။ ဒါဘုရားဟော ညွှန်ညွှန်ရဲ့။ ပစ္စည်းဥစ္စာ ရှိတဲ့လင်ကိုမှ ယူမယ်ဆိုတဲ့ ဝါဒမျိုးဟာ ဘုရားမိန့်သံနှင့် ဆန့်ကျင်ဘက်ဘဲ" ဟု ဟောပြီးလျှင်၊ မစောညွှန့်ကို ကြည့်နေလေသည်။

မစောညွှန့်သည်လည်း ငုံ့၍ တွေနေလေ၏။ ရောက်များသည် ပိုမိုစုညံလာသဖြင့် ဥပုသ်သည်များမှာ အိပ်ယာမှ နိုးကြကုန်၏။ ပုတီးကိုင်ပြီး အတင်းပြောစ ပြုကြလေ၏။

**အခန်း။ ၁၇ ။**

## ဒီလိုဟာမျိုးရလို့မှ မထိုင်ရင် ခွေးထက်မိုက်တယ်လို့ ဆိုရမှာဘဲ

"ဗျို့ ..... ဒကာသုံးကြီး၊ လာခဲ့ပါအုံးဗျ" ဦးသုစကေ ခေါ်လိုက်လျှင်၊ ဦးကျောက်လုံးကြီးသည် ဆေးတံကြီးကို မှိန်း၍ ထွက်လာလေ၏။ ဦးသုစအနီးမှ ကုလားထိုင်ပေါ်တွင် ထိုင်လေ၏။ ထိုင်ပြီး ခဏမျှတွင် ခေါင်းကာ ....

"ဘာလဲ ဦးသုစရဲ့၊ ကိုယ့်လူ ဘာများ သုခိုးသေဘောင်ညှိမလို့လဲ" ဟု အနီးက ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်နေသော ဦးသုစကို မေးလေ၏။

"သွားကြပြီမဟုတ်လား .... ညွှန့်ညွှန့်တို့လေ။"

"အောင်မာလေး ရဲ့လေး .... ညွှန့်ညွှန့်တဲ့၊ သူလိုရုပ်ကြီးများ .... ညွှန့်ညွှန့်တဲ့။ ဟား .... ဟား ....၊ နာမယ်က အမဲဂျိုးနှယ် .... ဟင်းအိုးမှ အားမနာ ဆိုတာလို ဖြစ်နေဘီ။"

"အို .... ပါရမီနဲ့ရှာလို့ ရုပ်လှတာကို ခင်ဗျားက နှိပ်နှိပ်စက်စက်။ ဒါထားပါအုံး .... မစောညွှန့်က ပစ္စည်းပေါ် ဆရာကျောက်ရဲ့၊ စကားတွေ နောက်မနေနှင့် အတည်ပြောနေတာ။ ကျုပ်ချိုင်ရရင်တော့ သိုက်တခုဘဲ" ဟု လက်ကို ဝါးခုတ်သလို ရမ်းရင်း ပြော၏။ ဦးကျောက်လုံးသည် ဆေးတံကို ရှိုက်သောက်လိုက်ပြီးနောက် .....

"ဟာ .... ခွန်ရင်တော့ နိပ်တာပေါ့ ကိုယ်လူရာ။ သိုက်မှ ရိုးတီးယားတာသိုက်မဟုတ်ဘူး။ ကြောရုံတောင်မဟုတ်ဘူး အတည်ယူထားရမယ်။ ဒီလိုဟာမျိုးရလို့မှ မထိုင်ရင် ဈေးထက်မိုက်တာယ်လို့ ဆိုရမှာဘဲ။ ကဲ .... ကောင်းတာတော့ မပြောနှင့်လေ၊ ခွန်အောင် ပိုးနိုင်ပါ့မလား" ဟု စိတ်အားထက်သန်စွာနှင့် မေးလေ၏။ ဦးသုစကေ မျက်နှာကို လက်ညှိုးဖြင့် ထိုးပြပြီး၊ "ကျုပ်ရဲ ကျုပ် ... ခွန်ဘို့တွေ သိပ်များနေဘီ၊ နက်ဖြန် အစမ်းလှောင်ရင် သေချာတော့မှာဘဲ၊ အစမ်းလှောင်ရအောင် သာ ခင်ဗျား ဥာဏ်ဆင်ပေတော့။ ကောင်မကြီးကတော့ ကျုပ်ဘက် အတော်ပါနေပြီ" ဟု ပြောလိုက်ရာ၊ ဦးကျောက်လုံးသည် စာပွဲပေါ်က ခြေထောက်ကို နန့်နေရင်း ဆေးတံကို ပြင်းစွာ ရှူရှိုက်နေလေ၏။

မစောညွန့်ကား မြင်းရထားကလေးဖြင့် နိဗ္ဗိန္ဒချောင်မှ ပြန်လာခဲ့၏။ လမ်းဘေးကို ဘာမျှမကြည့်နိုင်၊ ရထားနောက်မြီး၌သာ မှိုင်နေလေ၏။ လမ်းကြမ်း၍ ရထားလှုပ်သောအခါ ဟိုယိုင်သည်ယိုင် ဖြစ်သွား၏။ သူ့တွင် မြင်းခွါသံနှင့် ရထားခုံသံမှတပါး၊ ဦးသုစပြောလိုက်သော တရားများကိုသာ ကြားယောင်နေလေ၏။ မြင်းခွါသံနှင့် ရထားခုံသံကား အစီပွါယ်မရှိဘဲ နားတွင်းသို့ အတင်းဝင်နေ၏။ ဦးသုစ၏ တရားများကား ဤပြည်မြို့ပတ်ဝန်းကျင်ရှိ လေများတွင် အမြဲ စိုဝင်နေဘိသည့်အလား၊ အသားပါပါ အစီပွါယ်နက်နက်ဖြင့် နားတွင်းသို့ ဝင်နေလေ၏။ သူသည် ဦးသုစ၏ အကြောင်းပြချက်များကို လွန်စွာ သဘောကျ၏။ သို့ကြောင့်လည်း ယနေ့ အထူးသဖြင့် လင်လိုချင်၏။ (ဝါ) အထူးလင်ဆာ၏။ ဥပုသ်စောင့်၍ ထမင်းမဆာခဲ့သော်လည်း ဥပုသ်စောင့်၍ လင်ဆာမိ၏။ ကြက်မကြီးသည် "ကော်ကီ ကော်ကီ" နှင့် အော်ပြီး မြေကြီးကို ခြေနှင့်ယက်ခါ ပေါ်းပုံတွင် အစာရှာသလို ရှိနိုင်သောလင်များကို မိမိအာရုံ၌ ထင်စေပြီး၍၊ ဦးသုစ၏ တရားတည်းဟူသော ခြေဖြင့်ယက်ခါ ရွေးလေ၏ အချို့ အချို့သော လုလင်

ပျို့တို့သည် ပေါ်လာကုန်၏။ သူ့အာရုံတွင်းသို့ ပေါ်လာသမျှ လုလင်များမှာ ဦးသုစနှင့် တွဲရက်သား ပေါ်၍လာ၏။ တဘန် ဦးသုစ၏ ဩဝါဒနှင့် ယှဉ်၍ ခင်တမ်းထုတ်လိုက်သောအခါ လုလင်တွေပျောက်သွား၍ ဦးသုစသာ ကျန်ရစ်၏။

"ဩော် .... ဦးသုစ ... ဦးစင်းလေး တော်ပေတယ် ... ငါ့အပေါ်မှာ စေတနာကြီးရှာပါပေတယ်။ သူ့တရားကြောင့် ငါ့မှာ ကုသိုလ်များရပေတယ်။ သူဟာရုပ်ကလဲ သိပ်ချောတာဘဲ။ရုပ်ချောသလောက် အပြောကောင်းတယ်၊ နှင်းဆီပွင့်များလိုဘဲ၊ အဆင်းရှိသလောက် အနံ့ရှိတယ်၊ အကျင့်သီလကောင်းတဲ့ ပုဂ္ဂိုလ်တွေပါဘဲ၊ ငါ့ကိုခင်တာတော့ မပြောနှင့်တော့။ ဟင်း ..... (ရထားသည် ဂျုံးကနဲ သစ်မြစ်တခုမှ ခုန်လိုက်သဖြင့် မစောညွှန့်သည် အတော်အောင့်သွားလေ၏။ ဟင် .... သူဟာ သူပြောတဲ့ ကာယဗလ ဉာဏဗလနှင့် ပြည့်စုံသူပါကလား။ သူပြောတဲ့ အင်္ဂါကောင်းတွေနှင့် ပြည့်စုံနေပါကလား။ သူဟာ သောက်တတ် စားတတ်မှာလဲ မဟုတ်။ ဘုန်းကြီးဆိုတော့ ဒါကင်းတာပေါ့။ သူဟာ အလောင်းအစားဆိုတော့ တောက်တဲ့နှင့် ဆေးချိုးနေမှာဘဲ၊ ပြီးတော့ သူပြောတဲ့ ကြောက်စရာကောင်းတဲ့ ရောဂါဆိုတော့ ဝေးနေတာပေါ့ ... ဘုန်းကြီးကိုး။ သူဟာ ချစ်စရာအကောင်းဆုံးပါကလား။ ဟုတ်တယ်၊ လင့်အင်္ဂါနှင့် အပြည့်ဆုံးဘဲ .... သူ့ဘဲ ငါကြိုက်ရရင် ကောင်းမလား။ (မြင်းရထားသည် ကျောက်လမ်းပေါ်သို့ ရောက်ပြီဖြစ်၍ မြင်းခွါသံသည် ကျယ်လာ၏။ ရထားလည်း မြန်လာ၏။) ဟာ ... မဖြစ်နိုင်တာကြီးဘဲ။ သူက ဘုန်းကြီး။ ဘုန်းကြီးလူထွက်ရရင် ဘယ်ကောင်းမလဲ။ သူများတံတွေးကွက် ပက်လက်မျောမှာဘဲ။ ဖြစ်ပါဘူး။ ဟင်း .... ကြိုက်ရမဲ့လူရှားလိုက်တာနော်။ သူ့ကိုဘဲကြိုက်ရ ကောင်းမလား" စသည်ဖြင့် တွေး၏။ ဦးသုစကို မယူနိုင်ဟု ဆုံးဖြတ်ကာ၊ ဤပုဏ္ဏာကို စိတ်တွင်မပေါ်အောင် ကြိုးစားသော်လည်း၊ ပုဏ္ဏာမှာ ပုဂံပြည်က ဘုရားပင်တွေလို ခုတ်ပြီးရင်း တိုးရင်း ဖြစ်နေလေတော့သတည်း။

## အခဏ်း။ ၁၈ ။

**မစောညွန့်ကား ရှန်း၏ လွှတ်တော်မှုပါဘုရား**
**မတော်ပါဘူးဘုရား။**

ယနေ့မှာ မနေ့ကနှင့် လုံးလုံးမတူချေ။ ထူးဆန်းစွာ .... ဓမြစေသော လေပြေကလေးသည် မြောက်အရပ်မှ .... တသုန်သုန် တသွင်သွင် တိုက်ခတ်လျက်ရှိပေ၏။ အင်ကြင်းရွက်များသည်လည်း တရွက်နှင့် တရွက် ထိခတ်ကာ သီဆိုရင်း ဘယ်ယိမ်း ညာနွဲ့ လေသိမ်းတိုင်း ကနေကြလေ၏။ နိဗ္ဗိန္နချောင် ပတ်ဝန်းကျင် တောအရပ်မှ ရှိုးကလေး များသည် တကျူကျူးကူ သံကို ကြားရပေ၏။

ကမ္ဘဋ္ဌာန်းကျောင်းဟု ခေါ်ကြသော ..... အစဆောက်အဦးကလေး ကား အုန်ကျွတ်မိုး အုန်တလွှားနံရံကာဖြစ်၏။ တဘက်တွင်ကား မျဉ်း ထောင်ကာဖြစ်၏။ သစ်ပင်ရိပ်လည်းရှိ၏။ အခင်းမှာလည်း သဲဖွေ့ယာ ဖြစ်၏။ ကမ္မဋ္ဌာန်းဝင်လာသည့် ပုဂ္ဂိုလ်များမှာ အင်ကြင်း ကျောက်ဖျာ များပေါ်တွင် ထိုင်ကြရ၏။ ထိုကမ္မဋ္ဌာန်း ကျောင်းကလေးမှာ အခြား ကျောင်းတို့နှင့် တော်တော်ကလေး ဝေး၏။ မျဉ်းထောင်ကာဘက်မှာ ဝင်ပေါက်ထား၏။ ယနေ့မှာ ဥပုသ်နေ့ မဟုတ်သဖြင့် ဥပုသ်စောင့်များ မလာကြ၊ မစောညွန့်မှာမူ ရက်ရှည်စောင့်နေသဖြင့် ယနေ့ လာရောက် ၏။ ဦးကျောက်လုံးသည် မစောညွန့်ကို ခေည့်ခံ၏၊ လဘက်တည်ပေး၏၊ ထမင်းဟင်းထည့်ရန် ကျောင်းမှ ပုဂံငှား၏၊ မစောညွန့်တို့အတွက် သောက်ရန် ရေအိုးပြင်ပေး၏၊ မစောညွန့်နှင့် စကားပေါင်လှအောင် ပြော၏။ နာရီပြန်တချက်လောက် ရောက်သော် .....

“မစောညွန့် ဟိုကမ္ဘောဇန်း ကျောင်းကလေး ကောင်းကောင်းရောက်ဘူးရဲ့လား ....” ဟု ဦးကျောက်လုံးက လက်ညှိုးထိုးကာမေး၏။

“အပြင်ဘက်ကသာ မြင်ဘူးတယ် ..... ဘကြီးလုံးရဲ့” ဟု ဦးကျောက်လုံးကိုပြောပြီး .... “ဟဲ့ .... ကောင်မလေး ကွယ်တယာလောက် ယာယူခဲ့စမ်း ....” ဟု အစေခံကို အမိန့်ပေး၏။

“အင်မတန် အေးတဲ့နေရာပေါ့ .... ပုတီးစိတ်လို့လဲ တယ်ကောင်းတယ် .... သွားကြည့်ချင် ကြည့်ပါလား ....”

“အကောင်းသားဘဲ ....” ဟု မစောညွန့်က သဘောတူ ပြန်ပြောသောကြောင့် အစေခံမကလေးကို အစောင့်ထားခဲ့ပြီး ကမ္ဘောဇန်းကျောင်းဆီသို့ ဦးကျောက်လုံးနောက်မှ လိုက်ပါသွားလေ၏။

ကမ္ဘောဇန်းကျောင်း တံခါးမှာ တရွက်ကိုပိတ်၍ တရွက်ကို ဖွင့်ထား၏။ (မကြည်ရဲ့ ဦးသုစ) သည်ကား အင်ကြင်းကျောက်ဖျာပေါ်တွင် တင်ပလ္လင်ခွေထိုင်၏။ ရှည်လျားသော ပုတီးကို လက်နှစ်ဖက်ဖြင့်ကိုင် ခေါင်းကိုငုံ့ မျက်လွှာကို အောက်ချပြီး ..... ကြီးစွာသော ကာယိ ဇွဲဖြင့် ပုတီးစိတ်လျက် ရှိပေ၏။ ဦးကျောက်လုံးသည် အံသြသောမျက်နှာဖြင့် ကျောင်းတွင်းက ကိုယ်တော်ကို လက်ညှိုးထိုးပြရင်း ....

“အောင်မာ .... ဒီမှာ ဘယ်သူပါလိမ့် ပုတီးစိတ်နေတာ” ဟု လေသံဖြင့် မစောညွန့်အား ပြောလေ၏။

မစောညွန့်သည် တိုတောင်းသော လည်တိုင်ကလေးကို ရှမ်းနိုင်သမျှ ဆန့်၍ ဆင်စ၏ ကြည့်ခြင်းဖြင့် ကြည့်၏။ “ဦးသုစပေါ့တော်လား ဘကြီးလုံးရဲ့ .....” မေးပြီး သမထ ဘာဝနာ အာစာနည်ကို ကြည့်နေပြန်၏။ ထိုအတွင်း မြောက်လေပြေကလေး သွေးလာ၏။ တတိုင်းမွှေးနံ့ကလေးကလည်း ပါလာသေး၏။ တတိုင်းမွှေးနံ့ဖြင့် မွှမ်းအပ်သောလေသည် မစောညွန့်၏ ဦးနှောက်ကို သန့်ရှင်းကြည်လင်စေ၏။ ပတ်ဝန်းကျင်၌ရှိသော အင်ကြင်းပင်တို့၏ မြကြည်လင်သော အရိပ် အကိုင်းအခက်တို့တွင် စာကလေးများ ပျော်ပျော်ပါးပါး နေကြသကဲ့သို့

မစောညွန့်၏ ခြကြည်လင်သော ဦးနှောက်အတွင်း၌လည်း သဒ္ဓါစိတ်၊ ကြည်ညိုစိတ်ကလေးများသည် ကိန်းအောင်းလာကြလေ၏။

ဘာကြောင့်ဟု အမည်မတပ်နိုင်ဘဲ ဦးသုစကို သနားလာ၏။ "အင်း ..... တခယောက်ထဲ နေရှာတယ်၊ တရားလိုချင်လို့ ကျင့်ရှာတယ်၊ သနားစရာ ...." ဟူသော စကားများသည် မစောညွန့် မနှောဟဒယ ကြေးမုံပြင်၌ အရိပ်ထင်၍ လာကုန်၏။ ထိုအခိုက် မစောညွန့်၏ စိတ်သည် သနားစိတ်ဖြင့် နူးညံ့နေလေ၏။ တော်ပေတယ် .... တရားကျင့်ပေတယ်၊ သူတော်ကောင်း ပြီပါပေတယ်။ ထွန်းရှိန်ဆိုတဲ့ တိရစ္ဆာန်ကလေးက ဒီကိုယ်တော်တွေဟာ အကျင့်မရှိ၊ သီလမရှိ၊ အယုတ်အမာတွေတဲ့၊ သင်းမသိလို့ပြောတာ သူသာမြင်ဝမ်းစေချင်တယ်၊ အကောင်ကလေး မသိတော့မှားတာဘဲ၊ ကြည့်ပါလား တို့လာတာတောင်မသိဘူး၊ အာရုံက တရားမှာသာ စွဲငြိနေတော့ ဘေးက ဘီက အရာကို ဘာကြားတော့မှာလဲ၊ သာဓု .... သာဓု ..." စသည်ဖြင့် အတွေးလုံးတွေကို တဝဲလယ်လယ် တွေးပြီးနောက် ထိုင်ကာရှိခိုး၏။ မစောညွန့်၏ ထိုအခါ သဒ္ဓါတရားလောက် ထက်မြက်သော သဒ္ဓါတရားဖြင့် လူအပေါင်းတို့သည် ရတနာသုံးပါးကို ဆည်းကပ်လေလျှင် လူအပေါင်းတို့၏ ကောင်းသမျှရေသည် ပြည့်စုံပေလိမ့်မည်။

"ကဲ .... သွားကြစို့ .... ဦးပဉ္စင်းကလေး နေပါစေ .... ပုတီးစိတ်နေတာကို နှောင့်မဆက်ပါစို့နှင့်" ဟု မစောညွန့်က လေသံဖြင့်ပြောလျှင် ဦးကျောင်လုံးသည် ကျယ်လောင်သော အသံဖြင့် "သွားကြစို့လေ သွားချင်ရင် ...." ဟု ပြန်ပြောလိုက်သဖြင့် .... မကြည်ရဲ့ ဦးသုစသည် လန့်ဖြန့်သွားလေ၏။ မျက်လွှာကို ခနဲပင့်တင်ကာ ဘေးသို့ကြည့်လေ၏ စုပ်မိုတ် စုပ်မိုတ်လုပ်၍ မစောညွန့်တို့ကို ကြည့်ပြီး .....။

"ဩော် ... ဒကာမညွန့်ညွန့်တို့လား၊ ပဌာနကသိုဏ်းကို ရှုရင်း ပုတီးစိပ်နေတော့ .... လူတွေကို ရုပ်ကွဲအောင် မမြင်ရဘူး။ လာကြ– လာကြ– ထိုင်" ဟု ဆိုပြီး ပုတီးကို လက်တွင် ပတ်နေလေ၏။

"အရှင်ဘုရားကို မနှောက်ယှက်ဘဲ ပြန်ကြဖို့လို့ ..... ဦးကျောင်လုံးကို ပြောနေတုံးဘဲ တပည့်တော်မတို့ နှောက်ယှက်တဲ့ အတွက် စိတ်မရှိ တော်မူပါနှင့် ဘုရား ...." ဟု ဦးတင်ကာ .... မစောညွန့်က လျှောက် လေ၏။

"ဟာ .... ဟာ .... ကိစ္စမရှိပါဘူး .... ညွန့်ညွန့်ရယ်၊ ဦးပုဥ္ဇင်းလဲ ပုတီးပတ်နေလို့ ထတော့မလို့ဘဲ၊ ကဲ .... ကဲ .... ထိုင်အုံး ထိုင်အုံး အထဲလာ .... ဝင်လေ၊ ဦးကျောက်လုံး ဟိုဘက်က နှီးဖျာကလေး ခင်းပေးပါ ..." ဟု အမိန့်ပေးသဖြင့် ဦးကျောက်လုံးက ဖျာခင်းပေး၏။

"စမ္မကထိကများမှာ တရားဟောရ- စကားပြောရနှင့် များစွာ အလုပ်များတော့ ကမ္မဋ္ဌာန်း သမထအလုပ်တွေ လစ်ဟင်းကြတယ် တကာမရဲ့။ ဒီတော့ ဦးပုဥ္ဇင်းမှာ အားတုံး အချိန်ကို အသုံးချမယ်ဆိုပြီး သမထ ဘာဝနာကို အားထုတ်နေရတာဘဲ။ တကာလုံး ရေတာခွက် လောက် ကပ်စမ်းပါ" ဟု ဦးကျောက်လုံးအား ပြောလိုက်ရာ၊ ဦးကျောက်လုံးသည် ကျောင်းကလေးပြင်သို့ ထွက်ခဲ့၏။ "သမထနှင့် ဝိပဿနာကို တဘက်တက် နိုင်အောင်ရယ်လို့ ကြိုးစားနေတာဘဲ။ အထမြောက်တဲ့အခါကျတော့ ရသမျှအကျိုးကို ဟောဒီ တကာမအရင်း အချာဖြစ်တဲ့ ညွန့်ညွန့်တို့ကို" ဟု မစောညွန့်အား ပြောနေစဉ် ဦးကျောက်လုံးသည် ကျောင်းပြင်ကနေ၍ ကျောင်းတံခါးကို အသာပိတ် လိုက်လေ၏။ မစောညွန့်မှာ ဦးသုစာ၏ ဟောသမျှ တရားစဉ်ကို သော တနားဆင်၍နေသဖြင့် ဦးကျောက်လုံး တံခါးပိတ်သွားသည်ကို မသိ လိုက်ပေ။ ဦးသုစာက စကားဖြတ်ပြီး ......

"မနေ့က ဦးပုဥ္ဇင်းမှာဖြင့် ဟောလိုက်ရတာ မောလို့၊ အသံတွေလဲ နာ၊ လျှာတွေလဲကွဲဘဲ။ မနက်က ဂျင်းရေကလေးများ ကျိုသောက်ရ တယ် တကာမလေးရဲ့။ အဲဒါ ညွန့်ညွန့်တဦးတည်းဘို့ ဆိုပြီး ဟောရတဲ့ တရား။ ဒီလို ဆင်းရဲပင်ပန်းသော်လည်း၊ ဟယ် .... တတ်နိုင်ပါဘူး၊ တို့တကာမ- တို့ညွန့်ညွန့်မှာ မကောင်းသောလင်၊ မကောင်းသော

"အရှင်ဘုရားကို မနှောက်ရှက်ဘဲ ပြန်ကြစို့လို့ ..... ဦးကျောင်လုံးကို ပြောနေတုံးဘဲ တပ်ပဲတော်မတို့ နှောက်ယှက်တဲ့ အတွက် ခိတ်မရှိတော်မူပါနှင့် ဘုရား ...." ဟု ဦးတင်ကာ .... မစောညွန့်က လျောက်လေ၏။

"ဟား .... ဟား .... ကိစ္စမရှိပါဘူး .... ညွန့်ညွန့်ရယ်၊ ဦးပုဋ္ဌင်းလဲ ပုတီးပတ်နေလို့ ထတော့မလို့ဘဲ၊ ကဲ .... ကဲ .... ထိုင်အုံး ထိုင်အုံး အထဲလာ .... ဝင်လေ၊ ဦးကျောက်လုံး ဟိုဘက်က နီးများကလေး ခင်းပေးစမ်းပါ ..." ဟု အမိန့်ပေးသဖြင့် ဦးကျောက်လုံးက ဖျာခင်းပေး၏။

"စမ္မကထိကများမှာ တရားဟောရ– စကားပြောရနှင့် များစွာ အလုပ်များတော့ ကမ္မဋ္ဌာန်း သမထအလုပ်တွေ လစ်ဟင်းကြတယ် တကာမရဲ့။ ဒီတော့ ဦးပုဋ္ဌင်းမှာ အားတုံး အချိန်ကို အသုံးချမယ်ဆိုပြီး သမထ ဘာဝနာကို အားထုတ်နေရတာဘဲ။ တကာလုံး ရေတခွက် လောက် ကပ်စမ်းပါ" ဟု ဦးကျောက်လုံးအား ပြောလိုက်ရာ၊ ဦးကျောက်လုံးသည် ကျောင်းကလေးပြင်သို့ ထွက်ခဲ့၏။ "သမထနှင့် ဝိပဿနာကို တဘက်ဘက် နိုင်အောင်ရယ်လို့ ကြိုးစားနေတာဘဲ။ အထမြောက်တဲ့အခါကျတော့ ရသမျှအကျိုးကို ဟောဒီ တကာမအရင်း အချာဖြစ်တဲ့ ညွန့်ညွန့်တို့ကို" ဟု မစောညွန့်အား ပြောနေစဉ် ဦးကျောက်လုံးသည် ကျောင်းပြင်ကနေ၍ ကျောင်းတံခါးကို အသာပိတ်လိုက်လေ၏။ မစောညွန့်မှာ ဦးသုစော၏ ဟောသမျှ တရားစဉ်ကို သောတနားဆင်၍နေသဖြင့် ဦးကျောက်လုံး တံခါးပိတ်သွားသည်ကို မသိလိုက်ပေ။ ဦးသုစောက စကားဖြတ်ပြီး ......

"မနေ့က ဦးပုဋ္ဌင်းမှာဖြင့် ဟောလိုက်ရတာ မောလို့၊ အသံတွေလဲနာ၊ လျှာတွေလဲကွဲဘဲ။ မနက်က ဂျင်းရေကလေးများ ကျိုသောက်ရတယ် တကာမလေးရဲ့။ အဲဒါ ညွန့်ညွန့်တဦးတည်းတို့ ဆိုပြီး ဟောရတဲ့ တရား။ ဒီလို ဆင်းရဲပင်ပန်းသော်လည်း၊ ဟယ် .... တတ်နိုင်ပါဘူး၊ တို့တကာမ– တို့ညွန့်ညွန့်မှာ မကောင်းသောလင်၊ မကောင်းသော

"ကြော် .... ဒီလိုဆိုရင် နပ်ပြီ နပ်ပြီ။ ပန်းပေစေ မောပေစေ။ ဒီတော့ တော်သင့်တဲ့ ယောကျ်ားများ ရွေးပြီးပြီလား" ဦးသုခက ပြုံး၏၊ မစောညွန့်ကား "ခစ်" ကနဲ ရယ်၏။

"မရွေးရသေးပါ ဘုရား"

"စိတ်ကကော မှန်းပြီးပြီလား"

"မပြီးသေးပါ ဘုရား"

"ဟဲ .... ဟဲ ... ခုဝိုက်မနေပါရစေနှင့်တော့ ညွန့်ညွန့်ရယ်။ ရန်ကုန်မှာ ဆရာကောင်းတွေ့လို့ ဓမ္မကထိကဖြစ်ရတာ။ ဓမ္မကထိကဖြစ်လို့ ချက်ခြင်း ဧညဝတီ ဦးစောတိကနှင့် ပြည်မြို့ကိုလာရတာ။ ပြည်မြို့ကို ပြန်လာမယ်စိတ်ကျေးဘဲ ရန်ကုန်မှာမနေနိုင်လို့ ပြည်မြို့ တရားဟော တက်ခဲ့ရတာ။ မစောညွန့်မှာ ခုအသက်ရောက်အောင် ချစ်သူအမျိုးမျိုး ကြိုက်သူအဖုံဖုံ တွေ့ပါလျက်နှင့် ယောကျ်ားမယူဖြစ်တာ။ (မစောညွန့်စိတ်တွင် ဟင်း .... ဘယ်ကိုရောက်လို့ ဘယ်စကားဟောမှာပါလိမ့်ဟု တွေးလျက်၊ အံ့သြစွာ နားထောင်နေ၏။) ဘဝ ဘဝက ပါရမီခံရှိလို့ တရားနာ ဝါသနာပါတာ။ တရားကို အလေးအမြတ်ပြုတတ်တာ။ တရားဓမ္မကထိကများကို ကြည်ညိုတတ်တာ အားလုံးတွေဟာ ရှေးဟောင်းဘဝက် မပြုပြင်ရင် ဖြစ်နိုင်တဲ့တရားတွေ မဟုတ်ဘူး။ လူကို ကိုယ်တိုင်ပြုပြင်ဖန်တီးဖို့ မပြောနှင့် ဒီလိုဖြစ်နိုင်တယ်လို့လဲ မတွေးနိုင်ဘူး။ ရှေးကံက ဖန်တီးလို့ အဲဒါတွေဖြစ်လာပြီး ယခုလို ညွန့်ညွန့်နှင့် ဦးပုဍ္ဍင်း ရင်းနှီးလာကြတယ်။ ရင်းနှီးခင်ကထဲက ဘဝဘဝ ရေးရေစက်ကြောင့် ညွန့်ညွန့်ရုပ်ဆိုးတယ်လို့ ပြောတာကိုလဲ ရုပ်ဆိုးတဲ့အကွက်ကို ဦးပုဍ္ဍင်း မမြင်နိုင်၊ ချစ်စရာ အကွက်တွေသာ မြင်နိုင်ပြီး ညွန့်ညွန့်ကို အသဲစွဲ ချစ်ခဲ့ပါတယ်။ (မစောညွန့်ကား တုန်သွား၏။ ရှက်သွေးလည်း ပေါက်လာပြန်၏။ မျက်နှာ ဘယ်ကဲ့သို့ ထားရမည်မသိ) ခု လိုရင်းက ဘာလိုလဲဆိုတော့ အချစ်တွေဟာ

ပင်လယ်လှိုင်းတွေလို တအိအိထပြီး တကြွကြွ တက်နေတာပေါ့" ဟု ပြောပြီး ပြုံးတုံးတုံးလုပ်ခါ မစောညွန့်ကို ကြည့်၏။

မစောညွန့်စိတ်တွင် ရှက်စိတ်တွေလျှမ်းပြီး ......

" ဦးပုဥ္ဇင်းဘုရား .... မသင့်လျော်တဲ့စကားတွေ မမြွက်ကြားတော်မူပါနှင့် .... တပည့်တော်မက လူသား၊ အရှင်ဘုရားက ရဟန်းပါဘုရား။ ကာမဂုဏ်ဘက်ကို မယိမ်းယိုင်ပါနှင့်ဘုရား" ဟု ပိတ်၍လျှောက်၏။

"ခြေသံ် .... ညွန့်ရယ်၊ ဒါတွေမပြောပါနှင့်တော့။ ရှေးက မကြားဘူးဘူးလား၊ ဓမ္မစေတီမင်းတို့အကြောင်းများ၊ ရှင်စောပုဆိုတဲ့ မယ်တော်ကြီးဟာ ဓမ္မစေတီဆိုတဲ့ ပုဥ္ဇင်းကလေးကို လူထွက်စေ၍ သမီးနှင့် ပေးစားပြီး မင်းမြှောက်သတဲ့။ ဇာတ်တော် နိပါတ်တော်တွေမှာပါတဲ့ အလောင်းတော်များတောင် ရသေ့ ရဟန်းဘဝများကနေပြီး ချစ်သူတွေ့လို့ လူဝတ်လဲကြတယ်တဲ့၊ အလောင်းအလျာ များမှာတောင် ချစ်သူတွေ့နိုင်သေးရင် ဦးပုဥ္ဇင်းတို့လို ဘုရားအလောင်းလဲ မဟုတ်၊ ရဟန္တာအလောင်း လဲ မဟုတ်၊ အနည်းသာတွေတော့ ဘယ်မှာ ပြောစရာရှိတော့မလဲ၊ ပဟာဒီက ချစ်သူတဦးတွေ့ပြီ၊ ကိုယ်ချစ်လို့ ညွန့်က ချစ်ပါတယ်လို့ စကားရရင် ဘုန်းကြီးဆိုတဲ့ စကားပျောက်ပြီး မစောညွန့်နှင့် ကိုသန်းမြင့်၊ ဦးပုဥ္ဇင်းလူနာမည်က ကိုသန်းမြင့်တဲ့ ချစ်ကြတယ်လို့ ဆိုရမှာပေါ့။ ကဲ .... ချစ်တယ်လို့ ပြောပါ အချစ်ဦးကြီးရဲ့"

မစောညွန့်သည် မျက်နှာအောက်ချ၍သာ ခနေ၏။ ပြောသောစကားများကို ကျကျနန ကြားရ၏။ ယ ဂ တ ဍ နားလည်၏။ ရှေးရှေးသောအခါက၌ ယခုအရွယ်တိုင် ထိုစကားများကို မကြားဘူးခဲ့။ သဲကန္တာရထဲ ကြာမြင့်စွာ နေသူသည် ခမ်းရေစီးသံကလေး ကြားရသကဲ့သို့ ရှိလေ၏။ မစောညွန့်သည် ဦးသုစ၏ စကားများတွင် သာယာသော တေးသံကို ကြားရ၏။ ထိုတေးသံကလေးသည် မင်းမှဲ့နေသော မစောညွန့်၏ နှလုံးအိမ်ရှိ ပလ္လင်ထက်တွင် အချစ်တည်းဟူသော မင်းကလေးကို ပူးဝင်စ ပြုလေ၏။ သို့သော် "ရှက်စရာကောင်းတယ်"

"ဘုန်းကြီးလူထွက်ကြီး" ဟူသော စကား သူပုန်နှစ်ယောက်သည် ခင်းကလေးကို နှုန်းချရန် ကြိုးစားနေကြသဖြင့် .....

"မတော်ပါဘုရား ...." ဟု မစောညွန့်က ပြော၏။

ဦးသုခကား "ပိမိုးနင်း၏ မိန်းမစိတ်" "ဒဂုန်နတ်ရှင်၏ အချစ်ဦးကာ" စသည်များကို ဖတ်ထားရကား၊ ဒါ မာယာဟုသိလေ၏။ ထို့ကြောင့် ကျောက်ဖျာထက်မှ ထတော်မူ၍ မစောညွန့်အနားသို့ ကပ်၏။ မစောညွန့်မှာ ကြောက်ရွံ့တုန်လှုပ်လာ၏။ သူလည်း ဇတ်ခနဲ့ရပ်၍ တံခါးပေါက်ဆီသို့ လှည့်ကြည့်မိ၏။ တံခါးပိတ်ထား၏။ ထိုအခိုက် လက်မြန်သော ဓမ္မကထိကသည် တပည့်မကို အမိအရ ဖမ်းလေ၏။ မစောညွန့်မှာ ပုသဖြင့် ပုခုံးကိုကိုင်၍ ဖက်ထားရ၏။ မစောညွန့်ကား ရုန်း၏။

"လွှတ်တော်မူပါဘုရား ..... မတော်ပါဘူး ဘုရား"

"ချစ်လွန်းလို့ပါ ညွန့်ရာ ..." ဟု ဆိုကာ မစောညွန့်ကို တအားကုန် ဖက်၍ မိမိကိုယ်ငွေ့ ပေးလိုက်လေ၏။ "ချစ်လွန်းလို့ပါ ညွန့်ရာ ..." ဟူသော စကားကို ပြောရာ၌ ဦးသုခသည် ဟောခဲ့သမျှသော တရားတွေထက် ဂီတသံများ ရော၍ပြော၏။ ထိုစဉ်က ဦးသုခပြောလိုက်သော အသံကို ကြားရသူ အပေါင်းသည် "ချွဲသည်" ဆိုသော စကား၏ အဓိပ္ပါယ်ကို ရှင်းရှင်းကြီး နားလည်ကြပေမည်။ မစောညွန့်တွင် အရှက် ကြောင့် စထမ္မ ငုတ်နေကြသော သနားစိတ်၊ ကြည်ညိုစိတ်၊ ကျေးဇူးတင်စိတ်တို့သည် အားအင်ကြီးစွာဖြင့် ပေါ်လာလေ၏။ ဦးသုခ၏ ရင်ငွေ့သည် ရှက်ခြင်းကို ခြေရာပျောက် နှင်ထုတ်လိုက်၏။ မစောညွန့်သည် မော့ကြည့်၏။ ဦးသုခကား ပြုံးချို၍ ငုံ့ကြည့်၏။ ထိုအခါ သနားစိတ်၊ ကြည်ညိုစိတ်၊ ကျေးဇူးတင်စိတ်တို့သည် မြစ်လက်တက် ကလေးများဖြစ်ကြကုန်လျက် ချစ်ခြင်းတည်းဟူသော မြစ်မကြီးအတွင်း သို့ ပေါင်းဆုံ စီးဝင်ကြလေကုန်၏။

အခန်း။ ၁၉ ။

## မစောညွန့်သည် ရိုးစားထားရသည့်အရသာ အသိနောက်ကျလေခြင်းဟု

လေးဆယ်ကျော်မှ ကံပေါ်ရသော အမျိုးကြီးတကာတို့၏ ရှင်စောပု (ဝါ) ဘုရင်မ မစောညွန့်သည် ရိုးစားထားရသည့်အရသာ အသိနောက်ကျလေခြင်းဟု သက်ပြင်းချမိလေ၏။ ခေတ်ကာလ တက်အပျိုကလေးများမှာ များသောအားဖြင့် အသက် ဆယ့်လေးငါးနှစ် ရောက်လျှင် ရိုးစားထားခြင်း၏ သိင်္ဂါရသ ရတိဘာဝ ဗျာဘိစာရီဘာဝ၊ ဝိဘာဝ အနုဘာဝ၊ အားလုံးကုန်ကို သိရှိကြပြီး ဖြစ်သော်လည်း မစောညွန့်မှာ ယခု အသက် ၄၄– နှစ်ရောက်ခါမှ ချစ်ခြင်း၏ဘာဝ အမျိုးမျိုးကို သိစပျိုးခါရှိသေး၏။ တခါတခါ ငါဘာကြောင့် ဘုန်းကြီးကိုမှ ချစ်မိပါလိမ့် ဟုမေး၏။ "သဒ္ဒါလွန်လို့ တဏှာဖြစ်တာမျိုးဘဲ" ဟု သိရှိ၏။ သဒ္ဒါတရားအပြင် သနားစိတ်ပေါ်ပေါက်မှု၊ အားကိုးမှု၊ ကျေးဇူးတင်မှုများလည်း ချစ်ခြင်း၏ အကြောင်းရင်း ဝိဘာဝတွေ ဖြစ်ကြောင်း နားလည်ပေ၏။ တခါတရံ သူနှင့် ဦးသုဓ (ဝါ) ကိုသန်းမြင့်တို့သည် အချစ်စခန်းမွှင့်၍ အချစ်သရုပ်ဆောင်နေသည်ကို တွေးမိ၏။

"တကဲ့ကို ချစ်တယ်လား ...." ဟု မေးလျှင် မိမိက ....

"ရွှေဆံတော် ဒူးပါစေ ချစ်ပါတယ်။ ချစ်တာကို သရုပ်ပေါ်အောင် ဟောဒီလို လုပ်ပြရအုံးမှာလား" ဟု ပြေရင်း "ရှဲရှူး" ခနဲ အသံရှည်ကြီးပေါ်လာအောင် ကျောက်ဖျာကို တံပူဖြင့် ချစ်ပြလေ၏။

"ဦးပုညင်းကတော့ ဘယ်လောက်များ ချစ်သလဲလို့"

"အို ... အို ... ဦးပုညင်း .... ဦးပုညင်းနှင့် အ မင်္ဂလာ စကားကြီးနှင့် မဓါပါနှင့်၊ ဓါပါ ..... မောင်မောင်လို့"

"ဟဲ .... ဟဲ ... မောင်မောင်က ဘယ်လောက်များ ချစ်ပါသလဲလို့"

"ဧရာဝတီမြစ်ရေဟာ ကုန်ခမ်းတယ်များ ရှိသေးသလား ...."

"မရှိပါဘူး မောင်မောင် ....."

"ဟောဒီ ..... သရေခေတ္တရာ မြို့တော်ကြီးမှာ ဘေဒါရီတို့ လက်ထက်တုန်းက ဘူးကစလေးနှင့် ရေခတ်တာလဲ ဒီဧရာဝတီမြစ်ရေဘဲ မဟုတ်လား။ ခု ..... ဟောဒီက ညွန့်ညွန့်တို့ ချိုးရေ ချက်ရေ သုံးနေကြတာလဲ ဧရာဝတီ မြစ်ရေဘဲ။ ဧရာဝတီမြစ်ကြီး ရေမကုန်။ ရေးဟောင်းက ပင်လယ်ထဲဝင်၊ ရေသစ်တွေ မြစ်ဖျားက ဆင်းတာလို မောင်မောင့် အသဲနှလုံးတည်း ဟူသော မြစ်ကြီးမှာ မေတ္တာရေစင် အစဉ်မပြတ် စီးမှာပါဘဲ" ဟေသည်ဖြင့် ဟိုနှယ် သည်နှယ် ချစ်ရေးဆွယ်ကြပုံကို တွေမိတိုင်း အူမြူးမိလေ၏။

တကို ခိုးဘတ်ရသည်မှာလည်း အရသာတွေ့၏။ ဦးသုခထံမှ စာကလေးရလျှင် အသက်ပင် ဖုန်ဖုန်ရှုနိုင်။ ဆိပ်ကွယ်ရာကိုဘဲ တော်တော်နှင့် မရနိုင်၊ အိမ်သာထဲဝင်ဘတ်ရ၊ ခြင်ထောင်တွင်းပုန်းဘတ်ရ၊ တအုပ်ကြား ညှပ်၍ဘတ်ရဖြင့် လွတ်လွတ်လပ်လပ် ဘတ်ရသည်ထက် အရသာထူးပို၍ နေပြန်လေ၏။

"ဆုထူးပန် ညွန့်ညွန့်ငဲ၊ ဟိုတနေ့ညက တွေ့ရမယ်ဆိုလို့ ချမ်းမြေ့တဲ့သော်တာကို အစေပါပမာပြုပြီး၊ ဆုထူးပန်မြင့်ဒါယကို၊ ခွင့်သာစုလာခဲ့ကြောင်း၊ ထပ်လောင်းလို့ ပြောပါလေ၊ ညွန့်သည်တာစူ၊ ညွန့်ချစ်သူမှာ၊ မြွေဒ်ရာကလွှမ်း၊ တမ်း ရာကဈေး၊ ဧးရာက မောပေါ့လို့၊ ပြောတော့ ခနွာ၊ ရောင်သာခွါရယ်လို့၊ မှာပေမဲ့၊ ငွေသော်တာ အရေးမဓိုက်တာမို့၊ ချွေးဖြိုက်ဖြိုက်သာ၊ ကျရတော့တယ်၊ *မေတ္တာဆက်သွယ်၊ အဝေးကလှယ်ရလို့၊ ကြယ်တာယာလ ခန်းလို့၊ လက်လှမ်းကာ

ချူမေမင့် ရယူဘို့အာသာရမကော်၊ မငြိမ်းတာလို၊ ချူပါသေဘ်လဲ အစေး ကြီး၊ ဘယ်တော့မှကိစ္စပြီးရမလဲ၊ "အမြင်နီးလျက် ခရီးဝေးသည့်တောင်" ဆိုတဲ့ စကားလို၊ အနီးအနား ဖြစ်မလိုလိုနှင့်၊ ခပ်ဝေးရှိနေသေးတော့ တာဘဲ၊ နှမညွှန့်ညွှန့်အတွက် စိတ္တဇနှင့် "ဘိ စ္စနုစမ္မွာ၊ ဘိစ္စျတိ" သေဘို့ ရန်ခရီးကမြင့်၊ နီးနီးကလေး ရှိတော့တာဘဲ၊ အာထာတော် တချက် လွှတ်နှင့်၊ ဝတ်ရုံတိုင်းခဲမဲလို့ အရွဲ့တိုက်ပြီး၊ အတွေ့မခံရင်၊ ကံကိုသာ ပြစ်ချ၍၊ ဖြစ်သမျှ ဝိပါကကို၊ မရှက်နိုင်အားခဲပြီး၊ လူးလဲလို့ ခံရတော့ မှာဘဲ၊ စီမံမဲ့ ဖူးစာနတ်ကို၊ အထပ်ထပ်ညွှတ်တွေးခံ၍၊ ဝတ္တုရားကင်းစေ လိုတဲ့ အကြောင်းနှင့် ဆုတောင်းရင်း၊ ဤစာကို ရေးသွင်းပါသည်" ဟု သော တမျိုးကိုကား၊ အဘနံ့ဘနံ့ အခါခါဘတ်၊ ဘတ်တိုင်းလည်း သဘောကျ၊ သဘောကျတိုင်းလည်းဘတ်၊ ပြီး၍ ခေါင်းအုံးအောက်၌ ထားလေ့ရှိ၏။

တမနံ့ ကြောက်သောကြောင့် ၎င်း၊ ရှက်တက်တက်နေသော ကြောင့် ၎င်း၊ ညတွေ့ဘို့ကို အချိန်ဆွဲနေခိုက် ....။

"အို ..... ညွှန့်ညွှန့်ရဲ့ ရက်စက်လှချေရဲ့၊ တွေ့ဘို့အရေး ကြည်သာ စွာ ခွင့်ပေးပါလို့ အခါခါတောင်းပန်ပါလျက်နှင့် ဘယ်အတွက် သည် လောက်အငြိုးကြီးနှင့် တချိုးပြီး တချိုး နှိပ်စက်တော်မူရတာလဲ ညွှန့်ရဲ့ မြင်သာမြင်ရ မကြင်ရမောင့်ကိုယ် ဖြစ်စေချင်လို့လား"

❖ ဆက်ဆံပေါင်းသင်း–ချစ်ခြင်းမေတ္တာ၊
ရွှေလည်တွဲ၍–ပျော်ပွဲရွှင်ကာ၊
တနေ့ကျတော့–တွေ့ရတော့မှာ၊
ဘယ်တွင်မခွဲ–ပျော်ပွဲဆင်ကာ၊
ယုယုယယ–ချစ်ကြ သူ့ထက်ငါ။

တနေ့ကျ–တွေ့ကြုံရတော့မှာ ..... ဆိုပေမဲ့ အဲဒီနေ့ကို မြန်မြန် ရောက်အောင် ညွှန့်က ဖန်တီးစေလိုပါတယ်။"

စသည်ဖြင့် တွေ့ဆုံခွင့်တောင်းပြန်ရကား မစောညွန့်သည် ညတွင် အိမ်ပြင်ဘက် လူမမြင်ရာ၌ အတွေ့ခံပြန်၏။ တွေ့စ ညကအဖြစ်အပျက်ကို ယခုတိုင် သူမမေ့သေး။ နားထောင် ဘာသံလဲ၊ ဟုတ်တယ် .... ဟုတ်တယ် .... သူပေးတဲ့ အချက်ပေါ့၊ မစောညွန့်သည် ခြေဖျား ထောက်၍ ကြမ်းကိုနင်း၏။ နှုတ်ခမ်းကို ကိုက်ထား၏၊ လှေကားထစ်များကို ညင်သာစွာနင်း၏၊ ထိုညက ဆင်းသွားသော ခြေသံကလေးများ တွင် မစောညွန့်သည် ဂီတတွေ့နေ၏။ နှလုံးသွေးကား အလွန်အကြူး ခုန်နေ၏၊ "ကြည့်ပါလား .... ဟိုက မဲမဲဟာသူဘဲ၊ မစောညွန့် သည် ကိုသန်းမြင့်အနီးသို့ကပ်၏၊ ကိုသန်းမြင့်က လေသံဖြင့် "ညွန့်ရေ လာမှ လာပါ့မလားလို့" ဟု ပြော၏။ မစောညွန့်ကား စကားလည်းမပြောနိုင်၊ အမောကြီး မောပြီး၊ နှလုံးတွေ ဒူးတွေတုန်နေ၏။ ရှေ့သို့မတိုး ထိုစဉ် အခါက ကိုသန်းမြင့်က ဖက်၍ခေါ်သွားရာ ရေစုန် လှေဖြတ်ရသလို လွယ်လွယ်ကလေး မိမိက လိုက်ပါသွားပုံကို မြင်တရေးနှင့် ထင်သေး တော့၏။

ယခုမှု အကြိမ်ကြိမ်တွေ့ပြီး၍ ဤချစ်ခန်းသည် ဘယ်တွင်ဆုံးမည် နည်းဟု မေး၏။ မကြည်ရဲ့ ဦးသုစ လှဝတ်လဲ၍ မိမိနှင့် အကြောင်းပါ ခါမျှဖြင့် ဆုံးမည်လော၊ နိဗ္ဗာန်တိုင်အောင် အထုံပါမည့် အချစ်လော၊ နှစ်ဦးနှစ်ဝ မပေါင်းရခင်က ယောကျာ်းမို့ အိုင်တွေ့ရင် ခြေဆေးတဲ့ဝါဒ မျိုးကိုသုံးပြီး ခွဲသွားမှာလေလား ဟုစိုးရိမ်၏။ ပစ်ခွါသွားချေက အမျို ရလည်းရှုံး လူမှာလည်းနုံး၊ စိတ်မှာလား ချူးလေမည်။ ဤချစ်သူ ကလေးနှင့် ကွဲရလျှင် မိမိအသက်နှင့် ခန္ဓာကိုယ် ကွဲသည်ထက် ဆိုးဝါး ပေမည်။ သို့ကြောင့် မစောညွန့်သည် စာရေးရန်ပြင်၏၊ ဘယ်အချိန် အကောင်းဆုံးနည်းရွေး၏၊ ညတွင် အများအိပ်ကြသောအခါ ရေး၏၊ လူတွေ့ကရန် သူနှင့်ပေါင်းသင်းပြီး ဘွင်းဘွင်းကြီးနေကြရန်ကိုရေး၏။

ဦးသုစသည် စာပြန်၏ (မောင်မောင်) သုံးနေရသည်မှာ ရိုးနေ ၏၊ ရိုးစားထားသော ဘုန်းကြီးတိုင်း မောင်တို့ မောင်တို့ ဘုန်းဘုန်းတို့၊

ကျုပ်တို့၊ ဦးပုဥ္ဆင်းတို့သာ သုံးနေကြ၏။ ထိုစကားတွေကား ဦးသုစေ အတို့ ဆွဲငင်သော သတ္တိ ရှိ၊ သူများမသုံးသေးသော “ကိုကို” ဟူသော စကားကို သုံးချင်၏။ သို့သော် မစောညွန့်မှာ မိမိထက် ရှစ်နှစ်မျှ ကြီး နေသောကြောင့် “ကိုကို” သုံးရမှာ အကြပ်တွေ့နေလေ၏။ သို့ကြောင့် မယုတ်မလွန် တခါတရံ “ကိုမြင့်” ဟုရေး၍ တခါတရံ “ကိုသန်း” ဟု သုံးလိုက်၏။ လူထွက်ဘို့ကိုမူ “တနာရီ တမိနစ်မှ မဆိုင်းချင်ပါဘူး၊ ကိုမြင့်ဟာ ဒီဝါတာတာ ကြမ်းတမ်းတမ်း ဖိုးရိုးဖားယားအဝတ်ကြီးကို ချွတ်ချင်လှပါပြီ” ဟု ဦးသုစေက ရေး၏။ လူထွက်ပြီး ချစ်တဲ့သူနှင့် လူသိနတ်ကြား ရဲရဲကြီး နေချင်လှကြောင်းကို ကျမ်းကျိန်၍ပြော၏။ သို့သော် .... ဦးသုစေတွင် ရည်ရွယ်ချက်တခု ရှိသေး၏။ ထိုရည်ရွယ် ချက်ကား၊ ဓမ္မကထိကတို့ ဘဝတွင် တန်ခိုးအကြီးဆုံးသော အခါ၏ အမှတ်သည် ဖြစ်၏။ ဓမ္မကထိက အပေါင်းတို့သည် မိမိတို့တရားများ ကို ဓါတ်ပြားသွင်းလိုကြ၏။ ဓါတ်ပြားတွင်း၌ဟောရသော ပုဂ္ဂိုလ်များ မှာ ပထမတန်း တစ်ဂဏန်းရ– ထွဋ်ခေါင် ဓမ္မကထိက ဖြစ်သည်ဟု အသိအမှတ် အပြုခံရ၏။ ဓါတ်ပြားတွင်းမှ တရားဟောရလျှင် အခွင့် သင့်က သတင်းစာရုက်နှာဖုံးများ၌ပင် ဓါတ်ပုံကြီးများနှင့် ကြော်ငြာပါ ကုန်၏။ တရားဟောသံကို မနာရသည်ထားဦး၊ နာမည်နှင့် ကောင်း ကြောင်းကို အမြဲကြားနေသော လူတွေကားများကုန်၏။ သို့ကြောင့် “ရန်ကုန် တခေါက်လောက်သွားပြီး ဓာတ်ပြားသွင်းပါရစေဦး။ ကုမ္ပဏီ တခုက မန်နေဂျာနှင့် ကိုသန်းမှာ အလွန်းသင့်နေကြပြီးမို့ ဓာတ်ပြားမှာ ကိုမြင့်တရားကိုသွင်းဘို့ အခွင့်သင့်မှာဘဲ။ ပြီးတော့လဲ ရန်ကုန်မှာ ရှစ်လလောက် အင်္ဂလိပ်ဘာသာသင်ခဲ့ ဆရာကိုငှားပြီး စာသင်ချင်တယ် အင်္ဂလိပ်စာ ကြေးနန်းဖြစ်တော့ ဘတ်တာတ်ရုံတာတ်ရှင် ညွန့်ညွန့်နှင့်ရ တော့ ညွန့်ရဲ့အလုပ်ကို အများကြီး အကူအညီရပါလိမ့်မည်။ “ကိုသန်း အင်္ဂလိပ်စာတတ်လာရင် ညွန့်မှာလဲ ဂုဏ်ရှိတာဘဲ” စသည်ဖြင့် အကြောင်းပြပြန်သောကြောင့် လူထွက်ရေးကို ဆယ်လမျှ ဆိုင်းရန် ခွင့်

ပေးရပြန်၏။ မစောညွန့်မှာ အင်္ဂလိပ်စာသင်ဘို့ ရှားပါးသဘောတူ၏။ အင်္ဂလိပ်စာတတ်၍ လူထွက်လာလျှင် အလုပ်အကိုင်အတွက် အကူအညီ ရမည့်အပြင် အများကဲ့ရဲ့ဘွယ် လမ်းလည်း နည်းပေလိမ့်မည်။

ဤသို့စီမံကြ၏။ မစောညွန့်က ဦးသုစ ရန်ကုန်မှာ အင်္ဂလိပ်စာ သင်နေနိုင်အောင် တလ ၁၀ိ– ထောက်ရမည်။ အင်္ဂလိပ်စာကို ရှစ်လ အတွင်း ကျကျနနတတ်အောင် သင်ရမည်။ ပြီးလျှင်– ရန်ကုန်မှာ လူဝတ်နှင့် တလနေ၍ ပြည်မြို့ကိုလာပြီး မစောညွန့်ကို ကျကျနန မင်္ဂလာဆောင်ယူရမည်။ မင်္ဂလာဆောင်ရန် အစများမှာ မစောညွန့်၏ တာဝန်ဖြစ်စေဟု စီမံပြီးနောက် မျက်ရည်ကလေး ကလယ် ကလယ်နှင့် ဝတ်ချနေသော မစောညွန့်ကို ရထားပေါ်မှကြည့်ရင်း ဦးသုစသည် ရန်ကုန်သို့ ဆင်းခဲ့လေ၏။

**အခန်း။ ၂၀ ။**

## ဟိုခွေးမျိုး ဓောတိကလဲ ဝတ္ထုကိုမှ ခိုးပြေတယ်။

မန္တလေးမြို့ (?) ... 

မစ္ဆိမနန္ဒဝန်ကျောင်းဝန်း၏ အရှေ့ဘက်ပိုင်း ငှက်ပျောပင်ကြားခွဲ တည်ရှိသော စရပ်၏ ဘတ္တာခိုး သီလရှင် မဝတ္ထုကို ဧညဝတီ ဦးဓောတိကက ခိုးယူသွားသည်မှာ တလပင် မပြည့်သေးချေ။ နန္ဒဝန် ဆရာတော်ကြီးမှာ သရက်ရွက် ကြွေ၍ နလုံးသွေး ဆူလောက်အောင် နာတော်မူ၏။ ဆွမ်းဘုဉ်းပေးချိန်ကျတိုင်း မယ်ဝတ္ထု၏ မျက်နှာကလေး ကို မြင်ပြီး "တောက် ဝတ္ထု ဝတ္ထု နာမည်နဲ့လိုက်အောင် လှမပတယ်။ ပညတ်သွားရာ ဓာတ်သက်ပါဆိုတာလို ရှေးတုန်းက သူ့နာမည်ကို ယူခဲ့ တဲ့ ဘိလုံးမလိုဘဲ။ ရက်ရက်စက်စက် ငါ့ကို နှိပ်စက်တယ်။ ဟယ် ..... ဝတ္ထုရယ်။ သွားရေပေါ်အိပ် သွားရေနားတား။ အရိပ်နေနေ အစက်ချိုးချိုး ဟိုခွေးမျိုး ဓောတိက ကလဲ ဒီဝတ္ထုကိုမှ ခိုးပြေးတယ်။ ငါ့ရှိတဲ့ ပစ္စည်း တွေ ခိုးချင်ခိုးပါတော့ ဝတ္ထုကို ဘာလို့ခိုးရသလဲ" ဟူသည်ဖြင့် တဖြစ် တောက်တောက်နှင့် ငြီးတော်မူရှာ၏။

ကျောင်းခွဲ ပဉ္စင်းကလေးတွေရော သီလရှင်ကလေးတွေ ရော မွေး ထားရသည်မှာ အကျိုးယုတ်ရုံအနီး– ဗိုလ်စွင်ပြင်ပေးထားသည်နှင့် တူသည်ဟု ဆရာတော် ဥာဏ်အလင်းပေါက်ပြီး ဦးပဉ္စင်းကလေးတွေကို ကျောင်းမှ အားလုံးနှင်ချင်၏။ သို့သော် အများကဲ့ရဲ့မည်ကိုလည်း စိုးရိမ်ရ တကာ

တကာဝေများ မျက်နှာကိုလည်း ကြည့်ရသေး၏။ နန္ဒဝန်ဆရာတော် ခေလှုပ်ထိသည်မှာ နှစ်ကြိမ်ရှိပြီ တကြိမ်ကား ဈေးကလေး ဈေးသောညက မသီလတာရီနှင့် ဦးသုစေတို့ အချစ်ပင်လယ်ဝေ့၌ လှေလှော်နေကြသည်ကိုတွေ့ခြင်း။ တကြိမ်မှာ မယ်စဏ္ဍာကို ဦးစောတိက က ခိုးယူပြေးခြင်းပင်တည်း။ သို့ကြောင့် အင်္ဂလိယရှုးတည်းဟူသော ဦးပဥ္စင်းကလေးများကို အစေးသို့ မနှင်နိုင်သော်လည်း၊ သတိပဋ္ဌာန်ကို လက်ကိုင်ထား၍ အများသော တပည့်မကလေးအနီးသို့ အင်္ဂလိယရှုးကလေးများ မကပ်နိုင်အောင်သာ စောင့်ရှောက်ရတော့၏။

ခါတိုင်း ခါထက် ယခု သတိပိုထား၍ စောင့်ရှောက်အပ်၏။ မြဲတိုင်းမြဲထက် မသီလတာရီကို လွန်ကဲသောသတိဖြင့် စောင့်ကြပ်၏။ ဆရာတော်ကြီးသည် ဓမ္မကထိကကလေး မကြည်ရဲ့ ဦးသုစေ ရန်ကုန်လာပြီဟူသော သတင်းကို ရ၏။ ကြောက်စရာ ကောင်းလှသည်မှာ ဦးသုစေသည် နန္ဒဝန်ကျောင်းအနီး “ထောင်ရောင်နေ” ကျောင်းကြီး၌ နေသည်ဟု သိရ၏။ မျက်လုံးပြူးစရာ ကောင်းလှသည်မှာ ဦးသုစေသည် ညညတွင် မိမိကျောင်းဝင်းသို့လာပြီး မသီလတာရီနှင့် ပြန်ပေါင်းထုပ်နေသည်ဟူသောစကားကို သဲ့သဲ့ကြားရ၏။ သို့ကြောင့် ဆရာတော်သည် ညညတွင် မသီလတာရီ၏ ရှေ့တံခါးကို သော့ခတ်ထား၏။ မိမိကိုယ်ကိုကာကွယ်ရန် လက်နက်ဖြင့် တန်းဆာဆင်လျက် ဆရာတော်သည် ညည အလစ် ကျောင်းအောက်ဆင်း၍ ကြည့်လေ့ရှိ၏။

ဦးသုစေသည် ရန်ကုန်ရောက်၍ ကြာမြင့်မိ မသီလတာရီထံ စာရေး၏။ ဘယ်တော့မှ အချစ်မပြယ်သည့် အကြောင်း။ ယခုမူ လွတ်လွတ် လပ်လပ် ချစ်ကြရအောင် ကြိုးစားကြရမည့်အကြောင်း။ ညည တွေ့ခွင့်ပေးပါမည့်အကြောင်းများကို အညစ်ဆုံး အစရာဆုံးသောစကား၊ မြဝတီတို့ လှိုင်ထိပ်ခေါင်တင်တို့ အစွဲလုံးကလေးများကို သုံးလိုက်သဖြင့် စိတ်မပါဘဲနှင့် ဘုန်းကြီးအိုကြီးကို တီတီတာတာရော၍ အချစ်အမှုအရာပြနေရသဖြင့် များစွာ မကျေနပ်နေသော မသီလတာရီသည်

ခမ်းရေကဲ့သို့ ကြည်လင်သန့်စင်သော မျက်လုံးဖြင့် ချစ်နေသော၊ နုပျိုသော အရွယ်ကိုဆောင်သော၊ နဝင်ပိယံဖြစ်သော စကားကလေးတွေကို အများအပြား သုံးလေ့ရှိသော ရုပ်ချောသော ဦးသုစကို ဆန့်အပ်သောလက်၊ ပြုံးအပ်သောနှုတ်၊ ရာဂရောင်တောက်အပ်သော မျက်စေ့ဖြင့် လက်ခံလေ့ရှိ၏။

တခါတခါ မကြည်ရဲ့ ဦးသုစသည် ပြည်မြို့ မစောညွန့်ပို့လိုက်သော အနေပြင့် မန္တလေးလုံချည်၊ ခိန်ပန်းနိုင် ပိတ်အင်္ကျီ၊ မော်လမြိုင် ရှေ့ထိုးကလေးများကို သက်နီးတွင်း၌ လုံခြုံစွာ ထုပ်ခါယူလာပြီး မသီလစာရီကို ပေး၏။ ညတွင် မသီလစာရီသည် လှုဝတ်လဲ၏။ ခေါင်းကို မကြားပြန် ဓေဒဘာရီမကလေးလို ပုဝါနက်စည်းထား၏။ မီးဖိုတံခါးကလာ၊ မီးဖိုတံခါးကပြန်။ ခရုပ်ရှေ့ တံခါးသော့ခလောက်ကြီးကိုကြည့်ခါ ပြုံး၍ ပျော်ပါးနေကြလေ၏။

တညတွင် .... ဦးသုစသည် သက်နီးကို အပေါ်က လွှမ်းထား သော်လည်း၊ အောက်ကမူ ပိုးရုပ်အင်္ကျီ လက်တို အဝါနုရောင်ကလေး ဝတ်၊ ပိုးရှမ်းဘောင်းဘီကို ဝတ်၍လာ၏။ ရောက်ရောက်ခြင်း သက်နီး ကို ချွတ်၍ ဦးသုစဘာဝမှ ကိုသန်းမြင့် ဖြစ်လာပုံကို မသီလစာရီအား ပြ၏။ မယ်သွင် အစည်ရှိသော မသီလစာရီက .....

"အို ကိုကိုမြင့်က သိပ်ချောပါကလား အသားနှင့် ပိုးအင်္ကျီ သိပ် လိုက်တာဘဲ" ဟု ပြောပြီး အင်္ကျီကို လက်ဖြင့် ပွတ်နေ၏။

"အဲဒီလို လှုဝတ်လဲတော့ ပေါ့ဒီက သွင်သွင်ကလေးလဲ မချွါဘဲ ပါရမယ်။ သွင်သွင်ကလေး တင့်တင့်တယ်တယ် နေနိုင်အောင်၊ ကိုကို့ အနားက နေနှင့်လ ရွှေနှင့်မြလို နေနိုင်အောင် ကြိုးစားလိုက်ရတာ ခုမှဘဲ အကြံမြောက်တော့တယ်" ဟု ပြောပြီး ကုတင်ပေါ်တွင် တင်ပလ္လွဲ ထိုင်လေ၏။ လှုဝတ်လဲထားသော သီလရှင်ကလေးသည်လည်း အနီး ကပ်ထိုင်ပြီး ကိုသန်းမြင့်ပေါင်ပေါ်တွင် ခေါင်းအုံးလျက် အိပ်ရင်း ညာလက်ဖြင့် ကိုသန်းမြင့်၏ မေးကို ပွတ်နေ၏။

## အခန်း။ ၂၁ ။

## မဆဲနှင့်ဘုန်းကြီး။ မသွင် ဘယ်သူ့ ပိုချစ်သလဲ ပြောပြော ......

ဆရာတော်ကား အခန်းတံခါးဝတွင် ရပ်လျက်ရှိ၏။ သင်းပိုင်ကို တိုစွာ ဝတ်ထားလေ၏။ ဒေါ်သအမျက် ချောင်းချောင်းထွက်သော ရုပ်ထက် ချုံးချုံးလိုသောရုပ်က ပိုပေါ်လွင်နေ၏။ သူ့မျက်နှာတွင် မုန်းသည့် လက္ခဏာ၊ မကောင်းမှုကို ကြုံးလွှန်ချင်သည့် လက္ခဏာတို့သည် ပေါ်လာကုန်၏။ စကားမပြော။ ခေါင်းရမ်းကာ ချစ်သူနှစ်ဦးကို ကြည့်၏။

မောင်သန်းမြင့်သည် ကုတင်ပေါ်ကဆင်းပြီး မတ်တတ်ရပ်လိုက်၏။ မသွင်ကား ကုတင်ပေါ်မှာပင် ထိုင်ရင်း ကိုသန်းမြင့်၏ လက်တဘက်ကို ကိုင်ထားလေ၏။ ကိုသန်းမြင့်မျက်နှာမှာ ချက်ခြင်း ပြောင်းသွား၏။ ကြောက်ခြင်းနှင့် ရှက်ခြင်းသည် သူ့မျက်နှာကို လွှမ်းလေ၏။ မသွင်၏ မျက်နှာကား နှင်းဆီပန်းကလေးလို ကုန်ခဲ့သည့် မိနစ်အတွင်းက လပ်ဆတ်သေး၏။ နှင်းဆီပန်း မီးနှင့်တွေ့၍ ရုတ်တရက် ညှိုးသွားသလို အကြောက်နှင့် တွေ့သဖြင့် မျက်နှာမှာညှိုး၍ လူမှာ ချွေးသွားလေ၏။ ဆရာတော်ကြီးသည် သူတို့၏ မျက်နှာသေကလေးတွေကို မြင်ရာ ပြော

## အခန်း။ ၂၁ ။

**မဆဲနှင့်ဘုန်းကြီး။ မသွင် ဘယ်သူ့ ပိုချစ်သလဲ ပြောပြော .....**

ဆရာတော်ကား အခန်းတံခါးဝတွင် ရပ်လျက်ရှိ၏။ သင်းပိုင်ကို တို့စွာ ဝတ်ထားလေ၏။ ခေါင်းအချက် ချောင်းချောင်းထွက်သော ရုပ်ထက် ချုံးချုံ့လိုသောရုပ်က ပိုပေါ်လွင်နေ၏။ သူ့မျက်နှာတွင် မုန်းသည့် လက္ခဏာ၊ မကောင်းမှုကို ကြုံးလွန်ချင်သည့် လက္ခဏာတို့သည် ပေါ်လာကုန်၏။ စကားမပြော။ ခေါင်းရမ်းကာ ချစ်သူနှစ်ဦးကို ကြည့်၏။

မောင်သန်းမြင့်သည် ကုတင်ပေါ်ကဆင်းပြီး မတ်တတ်ရပ်လိုက်၏။ မသွင်ကား ကုတင်ပေါ်မှာပင် ထိုင်ရင်း ကိုသန်းမြင့်၏ လက်တဘက်ကို ကိုင်ထားလေ၏။ ကိုသန်းမြင့်မျက်နှာမှာ ချက်ခြင်း ပြောင်းသွား၏။ ကြောက်ခြင်းနှင့် ရှက်ခြင်းသည် သူ့မျက်နှာကို လွှမ်းလေ၏။ မသွင်၏ မျက်နှာကား နှင်းဆီပန်းကလေးလို ကုန်ခဲ့သည့် မိနစ်အတွင်းက လပ်ဆတ်သေး၏။ နှင်းဆီပန်း မီးနှင့်တွေ့၍ ရုတ်တရက် ညှိုးသွားသလို အကြောက်နှင့် တွေ့သဖြင့် မျက်နှာမှာညှိုး၍ လူမှာ ရွှေသွားလေ၏။ ဆရာတော်ကြီးသည် သူတို့၏ မျက်နှာသေကလေးတွေကို မြင်ရာ ပြော

လိုက်မည်၊ လုပ်လိုက်မည်ဟု သံန္နိဋ္ဌာန်ချ၍ လာခဲ့ခြင်းကိုပင် မပြောနိုင်၊ မလုပ်နိုင်ဘဲ ကြက်သေ သေနေလေ၏။ သို့သော် .... ကိုသန်းမြင့်၏ မျက်နှာသည် ကြောက်ပုံမှ မခန့်လေးစားသောပုံသို့ ပြောင်းသွားသည်မှ ဆရာတော်သည် ဒေါသစိတ်ပေါ်ပေါက်လာ၏။ မသွင်၏မျက်နှာ မီးရှို့ ပြင်က နှင်းဆီပန်းကလေး တွန့်လိန့်၍ တက်သလို အကြောက်မှ ဆရာတော်ကို မုန်းလာပြီး၊ မျက်နှာ ရှုံ့သွားပြန်၏။ ထို နောက်ဆုံး ပြောင်းလဲသော မျက်နှာထားသည် "တို့ဘာသာတို့ ပျော်နေတာကို သင်း ကလာလို့ ရှုပ်တယ်၊ နှောင့်ရှက်တယ်၊ ကိုကိုက ငါ့ကို ပျော်ခွင့်ပေးနေ ဒါကို လာပြီး ဒီဘုတ်ကြီး ဖျက်စီးတယ်၊ သွားစမ်းမဟုတ်ဘူး၊ ကြည့် ပါလား၊ ခွေးနှာကြီး မျက်နှာမျိုးလိုဘဲ ရွံစရာ၊ သွား– ငါ့ကိုကိုနဲ့ ပျော် ပျော်နေချင်တယ်" ဆိုသော အဓိပ္ပါယ်မျိုးကို ဆောင်နေလေ၏။ ဆရာတော်ကြီးသည် ထိုမျက်နှာကို မြင်ရမှ အစန်းပြင်ဘက်က ဆုံးဖြတ် လာသော ဆုံးဖြတ်ချက်ကို ဖြစ်မြောက်အောင်လုပ်ရန် ခ၏။

"ကောင်းပေကွာ၊ မင်းတို့ ခွေးတွေလိုဘဲ၊ ကျူးစုံးမှဲ့တယ်၊ အစရင် တခါကလဲ ဒီခွေးမကလေးက သူက ရေတာမဟုတ်ပါဘူးတဲ့၊ ဟင် .... ခွေးသမီး နှင့်ခု ဘာပြောမလဲ"

သူတို့ကား ဘာမှမပြော၊ ကိုသန်းမြင့်က မသွင်ကို ငုံ့ကြည့်၏၊ မသွင်က ကိုသန်းမြင့်မျက်နှာကို မော့ကြည့်ပြီး "ဘာလုပ်ရမလဲ" ဟု မေးလိုသော အရိပ်အခြည် လွှတ်၏။

"ဟေ့ .... သူစေ၊ မင်း– ကျောင်းက နှင်ထုတ်တာတောင်မှ ထပ်လာပြီး ငါ့ကိုစော်ကားတယ်"

ဦးသုစေဒေါ် ကိုသန်းမြင့်က ပြုံးပြုံးဖြင့် "ကားတော့ ရှေရှေပြော မနေနဲ့ ဘုန်းကြီး၊ ပဟာဒီက မသီလတရိုကို ခုတင် ဆုံးဖြတ်ပစေတော့၊ သူပိုကြိုက်တဲ့လူနောက် လိုက်တမ်းဘဲ ဘုန်းကြီးကို ပိုချစ်တယ်ဆိုရင်

တပည့်တော် ခုထွက်သွားမယ်၊ တပည့်တော်ကို ပိုချစ်တယ်ဆိုရင် ခုခေါ် သွားမယ်၊ အလကားစကားရှေတယ်"

"ဘာလဲ ချွေးမျိုး မယားခိုး" ဟု သွားကျိုးမှ ဂျီသမျှလေတွေထုတ်ပြီး ပြောလေ၏။

"ကဲ .... မဆဲနှင့်ဘုန်းကြီး၊ မသွင်– ဘယ်သူ့ကို ပိုချစ်သလဲ ပြော .... ပြော" ဟု ပခုံးကို ပုတ်၍ မေးမှ ....။

"ကိုကိုကို ချစ်တာပေါ့၊ သိပ်ချစ်တယ်၊ ပစ်မထားခဲ့နဲ့၊ လာ ...... သွားကြစို့ကိုကိုရယ် သွားကြစို့" ဟု ပြောပြီး မသွင်က လက်ကိုဆွဲလေ၏။ ဆရာတော်သည် သူတို့အနီးတွင် ခါးထောက်၍ သွားလေ၏။ ကိုသန်းမြင့်သည် "ဟဲ .... ဟဲ ဒါမှ ငါ့မိန်းမကွ၊ ခေါ်ရန်ရှာ ..... ခေါ်မယ်" ဟု ပြောပြီး ကုန်းကာ မသွင်ကို နမ်းလေ၏။

ဆရာတော်ကိုကား ဘီလူးစီးလေပြီ၊ တကိုယ်လုံး အကြောတွေထလာလေ၏။ ဆရာတော်သည် ခြေဖျားထောက်ပြီး အသက်ပြင်းစွာ ရှူ၍ အားယူ၏၊ နောက်လက်ကို မြှောက်လိုက်လေရာ လက်တွင်းက ခါးမျှောင်သည် မီးရောင်တွင် ဝင်းကနဲ .... လက်သွားလေ၏။ ဆရာတော်သည် ဂျီသမျှအားတွေကိုထုတ်၍ ဦးသုခ၏ ကျောက်ကုန်းကို ဒေါသပေါင်းမောင်းမှ ထိုးလိုက်လေ၏။

ကိုသန်းမြင့်သည် လည်လှီးခံရသော ကြက်ကလေးကဲ့သို့ ရုန်းကန်၏။ မသွင်ကို ဖက်ထားသော လက်ကလေးများမှာ ပြေ့ခွေသွား၏။ ခါးကိုကော့၏၊ မကော့နိုင်၊ ခေါင်းမှာ ရှေ့စိုက်၍ နဖူးနှင့် ကုတင်ဘောင် တိုက်၍ ခွေရက်သား လဲသွားလေ၏။ မသွင်သည် မျက်နှာကို လက်ဖြင့်ကာပြီး "အမယ်လေး ..... အေး" ဟု အော်၏။

"ချွေးမျိုးတွေ .... ချွေးကျင့်ကျင့်တော့ ခါးစာဖြစ်တာဘဲ ကောင်းတယ် ......" ဟု ဆရာတော်သည် ကြိမ်းမောင်းပြီး စိုက်နေသောခါးကို ဆွဲနုတ်၏။ ကိုသန်းမြင့်သည် ဂျိုင်းအောက်ကြီးလိုအော်ပြီး ကုန်းထရုန်းကြီးတား၏။ ဒလိန့်ခေါက်ခွေး လဲသွားပြန်၏။ ဆရာတော်သည် မသေ

ဒေသဘေး အပယ့်ရှိကာ ဝါးကိုခြောက်၍ အားယူကာ အောက်သို့ချလိုက်လျှင် သူ့လက်တွင် လေးကန်သော ဝန်ထုပ်ကြီးတခု ကပ်ပါလာလေ၏။ ထိုဝန်ထုပ်ကာ သီလစာရီ ဖြစ်၏။ ဆရာတော်သည် သီလစာရီကို အစေးသို့ဖယ်ရန် ကြိုးစား၏။ သို့သော် သီလစာရီကား ဆရာတော်လက်ကို အတင်းဆွဲထား၏။ ဤသို့ သူ့လင်ငယ်ကို ထပ်မထိုးရန် တားဆီးသဖြင့် ဆရာတော်သည် ပို၍ ဒေါသကာ အတင်း သီလရှင်လက်ကို ဖြည်၍ ဝါးကိုင်ထားသောလက်ကို ခြောက်လိုက်၏။ သီလရှင်၏ နံဘေးမှာ တအားကုန်စိုက်ဝင်သွားလေ၏။ "သေ .... ခွေးသွီး" ဟု အံကြိတ်ခါ အော်ပြန်၏။ သီလရှင်သည် ဦးသုစေ အပေါ်တွင် လဲကျသွားလေ၏။ ဦးသုစေသည် ကုန်းထပြန်၏။ သီလရှင်၏ မျက်စိမှာ မှေ့င်တမှင့်ဖြစ်နေ၏။ ဆရာတော်သည် ဝါးဆွဲနှုတ်လိုက်သောအခါ သီလရှင် အသက်ထွက်သွားလေ၏။

ဤ ကိစ္စများမှာ နာရီချိန်သီးကြီး "ဒင် ...ဒင်" ခေါက်ဆယ်ပြည့်အောင် လျှပ်ခင် ပြီးစီးလေ၏။

## အခန်း။ ၂၂ ။

### ဆရာတော်သည် သီလရှင်၏ အစန်းတွင်းကျမှ သက်နိုင်ချွတ်၍။

ထွန်းရှိန်သည် အလုပ်ရှုပ်နေလေ၏။ ယခုအခါ ဆိုင်ကလေး သုံးဆိုင်ကိုပိုင်လျက် ကိုယ်တိုင် ဆိုင်မကြီး၌ အုပ်ချုပ်နေရ၏။ လမ်းမ ပေါ်တွင် တည်ရှိသောဆိုင်ကား ဆိုင်မကြီးဖြစ်၍ ဈေးကြီးတွင်းနှင့် ရွာဘဲရပ်၌ ဆိုင်များမှာ ဆိုင်ခွဲကလေးများ ဖြစ်၏။ နံနက် ဆိုင်မသို့ ရောက်လာသော ငှက်ပျောသီး၊ ကွမ်း၊ ခရမ်းသီး၊ ကော်ဖီထုပ် စသည် များကို ဆိုင်ကလေးများသို့ ခွဲပို့ရသေး၏။ မစောညွန့်ဆိုင်မှ လဘက် ခြောက်၊ ကွမ်းသီး၊ ငပိ၊ ငရုတ်၊ ပုစွန်ခြောက်တို့ကို အယူခိုင်းရသေး၏။ အိမ်အရောက်ပို့ရန် မှာထားသော သူများ၏ထံသို့ သွားပို့စေရသေး၏။ ဆိုင်ကလေးများမှာ ငွေများသိမ်းရသေး၏။ အင်ဥများကို ရှန်ကုန်ချ၍ ရောင်းရန် စီမံနေသေး၏။ ယနေ့မူ အင်ဥအတွက် အထူးဇာဟီယ များနေလေသည်။

နမူနာပြလာသော အင်ဥများကို ကြည့်နေစဉ် "ဓမ္မကထိက ဆရာ တော် မကြည်ရဲ့ ဦးသုစေ ဒေါးထိုးခံရသော သတင်းပါတယ်ဗျို့ ..." ဟု သတင်းစာသည်၏ အော်သံကိုကြား၏။ အံ့အားသင့်သွားပြီး "ဘာ့ ကြောင့်ပါလိမ့်" ဟု မေးရင်း သတင်းစာသည်ကို လက်ရပ်ခေါ်၏။

"သတင်းစာရောက်တာ ဘယ်လောက်ကြာပြီလဲဗျာ့"

"နှစ်ခဲဆရာ .... နှစ်ခဲရှိထားဆိုက်တယ် ....."

ထွန်းရှိန်သည် သတင်းစာကို အဆောတလျင်ယူ၍ ခေါင်းစဉ်တွေကိုကြည့်ရင်း စာရွက်များကို လျင်မြန်စွာ လှန်၏။

## ဓါးဒါဇာ်ရာဖြင့်ကွယ်လွန်သော မကြည်ရဲ့ ဦးသုမစ

စာသည်ဖြင့် ဆယ့်နှစ်လိုင်းဖြင့် ရိုက်နှိပ်ထားသော ခေါင်းစဉ်သည် ထွန်းရှိန်ကို ရှေ့ဆက်မလှန်ရန် ဆွဲထားလေ၏။ သတင်းစာ အချပ်ပိုတွင် နှစ်မျက်နှာဆက်ရက် ရိုက်ထား ပေ၏။ "ဓမ္မက သည်လည်းသက်န်းကို စေးမှာပုံ၍ ပိုးအင်္ကျီ၊ ပိုးဘောင်းဘီဖြင့် သီလရှင်ကလည်း မန္တလေးလုံချီ ပိတ်အင်္ကျီနှင့် ဘေမင်းသည် အသက်ကို ထုတ်ယူနိုင်သော်လည်း သူတို့၏ အတွင်းစါတ် မေတ္တာကို မနုတ်မထုတ်နိုင်ဟူသောအချက်ကို ဓမ္မကထိက အလောင်းနှင့် သီလရှင်အလောင်း ထပ်နေခြင်းက သက်သေပြခြင်း"၊ "သေသူလင်ငယ်လော ..... သတ်သူလင်ကြီးလော ...." စာသည်ဖြင့် သုံးလိုင်းမျက်နှာမဲဖြင့် ပုံနှိပ်အပ်သော ခေါင်းစဉ်များ၊ မြင်မိတိုင်း စေတ်ချင် မနေနိုင်လောက်အောင် ရှိပေ၏။ ထွန်းရှိန်ကား ဘာမှအထူးအထွေ မစဉ်းစားနိုင်ဘဲ ဆက်လက်ဖတ်သောတ်၏။

"ဆရာ .... ဈေးကြီးဆိုင်က အင်္ဂလိပ်ပါအုံးတဲ့ .... ပြီးတော့ ဟို ... ဆရာ့သူငယ်ချင်း ခစ်ကဲလမ်းက ဟာလေ ... အဲဒီ အိမ်ကလဲ ဆန်တတင်းတဲ့၊ ငရုတ်ခြောက်၊ လာဘက်ခြောက်၊ ဖယောင်းတိုင် တစ်သေတ္တာပို့လိုပါတဲ့ ...." ဟု သာရင်က ထွန်းရှိန်ကို ပြောသော်လည်း သတင်းစာမှ မျက်နှာကို မခွါဘဲ ...."

"အေးဗျာ ... ကြည့်လုပ်လိုက်ပေါ့အုံး ...." ဟု ပြော၏။ ထွန်းရှိန်သည် သေသူများအတွက် အနည်းငယ် ဝမ်းနည်း၏။ သို့သော် ခဏ ကြာလျှင် ဝမ်းသာလာ၏။ အကြောင်းမူကား .... သူသည် အရင်က တွေးကြည့်ချက်များသည် မှန်နေ၏။ ဓမ္မကထိက ကြေည်ရဲ့ ဦးသုစ သည် လုံးဝ အကျင့်သီလမရှိဘူးဟု ထင်ခဲ့၏။ သူ့အတွေး .... သူ့ အထင်ကား မှန်လှစွာ၏။ ထို့ပြင် ဒီလို လူယုတ်မာတွေ ဒီလိုသေတာဘဲ ကောင်းတယ် ဒါဟာတရားကျတယ် ဟု တွက်ကိန်းချပြီး ဝမ်းသာမိ၏။

မစောညွန့်ကိုလည်း ကလဲ့စားချေလို၏။ မစောညွန့်ကား ဦးသုစ အကြောင်းနှင့်ပတ်သက်၍ ထွန်းရှိန်ကို အနည်းငယ် မုန်းမိ၏။ ဦးသုစ မကောင်းတာတွေ ပြောရမည်လားဟု တာန်မဲ့ခဲ့၏၊ ယခုမူ "သူ့ ပဋ္ဌင်းက ငါပြောတာ ထက်တောင် ဆိုးသေးတယ်။ သီလရှင်နှင့် ညားနေပြီ၊ မညွန့်က သူ့ကိုယ်တော်တွေ အဟုတ်ကြီး ထင်လိုက်တာလေ၊ ဘာလှူရ ..... ညာလှူရ ....၊ ဥပုသ်သွားစောင့်ရနှင့် ကဲ ... ခုတော့ ငါပြောတာ အကုန်မှန်တော့ သူဘယ်လိုနေသလဲ ...." စသည်ဖြင့် ထွန်းရှိန်သည် တွေးတောကာ မစောညွန့်ထံသို့ ငွေချေရန်များကို တရင်းနှင့်ယူခဲ့ပြီး သတင်းစာကို ချိုင်းကြားမှာ ညှပ်၍ ထွက်လာခဲ့၏။

မစောညွန့်ကား ပက်လက်ကုလားထိုင်ကြီးပေါ်၌ ထိုင်ကာ တွေးနေ၏– ရှစ်လသော အချိန်ကိုစု၍ ရှေ့အဘို့ကို တွေး၏၊ ဦးသုစကား ကိုသန်းမြင့်အဖြစ်ဖြင့် ပြည်သို့လာ၍ မစောညွန့်ကို မင်္ဂလာဆောင်၏။ ကတုံးကြီး လူမမြင်အောင် သူသည် ဘီအေအုပ်ပေါင်း ခေါင်းပေါင်း ပေါင်းထား၏။ မစောညွန့်သည် .... ဘီအေအုပ်ပေါင်းကလေးနှင့် .... ကိုသန်းမြင့်ကို အာရုံတွင်ပေါ်စေရန်မှန်း၏။ အာရုံတွင် ခေါင်းပေါင်းနှင့် ကား ပေါ်လာ၏။ ကိုယ်မှာ သင်္ကန်းဆီးလျက်ပင် ရှိလေ၏။ လူအများ က ဘုန်းကြီးကို သင်္ကန်းချွတ်ပြီးယူတယ်။ အပျိုကြီးများ ဒီလို ငန်းငန်း တက်ချည်းဘဲဟု ပြောကြဦးမည်ကို တွေး၍ ခိုးရိုမိမိ၏။ "ဟန်ပြီ မိန်းမ သားချည်းဘဲဆိုတော့ ကြွေးတောင်းရတာ၊ တရားဆိုင်ရတာ လေလံပြစ်

ရတာ သိပ်ကြပ်တာဘဲ။ ခုတော့ဟန်ပြီ။ ကိုသန်းမြင့်လို သွက်သွက် လက်လက် ယောကျ်ားတယောက် လုပ်ရင် ဘာမှအစက်အခဲတွေ့မှာ မဟုတ်ဘူး။ အင်္ဂလိပ်စကားလေးက တတ်ပြန်တော့ ရန်ကုန်ကကြေးနန်း လာရင် ထွန်းရှိန်ကိုခေါ်ပြီး ဘာသာပြန်ခိုင်းနေဘို့ မလိုတော့ဘူး။ တအိတ်မှာ ပုံနှိပ်ရအောင် သူ့ကို လက်နှိပ်စက်ကလေးတခု ဝယ်ပေး ထားမယ်။ လင်ရရင်တော့ ဒီအိမ်ပေါင်းနှင့် နေလို့ ကောက်ပါဘူး။ အိမ်နေရာ တခြားမှာရှာပြီး ကောင်းကောင်း ဆောက်အုံးမှဘဲ" ဒေသည် မြင့် ကြံစည်နေစဉ် ......

ရှေ့က မှန်ကြီးထဲတွင် ထွန်းရှိန်အရိပ် ပေါ်လာလေ၏။ ထွန်းရှိန် ကား အရေးကြီးသော အမူအရာနှင့်လာ၏။ မစောညွန့်သည် ကျောကို ကုလားထိုင်နောက်မှီမှ ခွါပြီးထိုင်၍။

"ဘာလဲဟေ့ .... မောင်ထွန်းရှိန်" ဟု မေး၏။

"သတင်းထူး ကြားပြီလား .... မညွန့်" သတင်းစာကို လှန်ရင်း ထွန်းရှိန်က မေးပြန်၏။

"ဘာမှ အထူးမကြားပါလား"

"ရော့ .... ဘတ်ကြည့်" ဟု ပြောခါ ထွန်းရှိန်သည် သတင်းစာကို မစောညွန့်ရင်ခွင်ပေါ်တွင် တင်လိုက်၏။ မစောညွန့်က "ဘာလဲကွဲ့ ပြောပါအုန်း" ဟု မေး၏။

"ဘတ်ကြည့်လေ .... မညွန့် သိပ်ကြည်ညိုနေတဲ့ စမ္ပကထိက ဦးသုစကြီး ဓါးထိုးခံရပါပကောလား" ဟု ခေါင်းစဉ်ကို လက်ညှိုးထိုးပြ၏။ "ဟင် .... ဘာဖြစ်လို့လဲဟင်" ဟု မေးပြီး ခေါင်းစဉ်ကို ဘတ်၏။ မစောညွန့်နှလုံးသွေးသည် မြန်မြန်တိုးလာလိုက် တခါတခါ ရပ်သွား လိုက်၊ တခါတခါ နှေးကန်စွာ တိုးလိုက်ဖြင့် ပေါက်ပြန်လာလေ၏။ သူ့ မျက်စိအာရုံတွင် သွေးအိုင်တွင်း လူးလဲနေသော စမ္ပကထိကကိုသာ မြင် ယောင်ယောင် ရှိပေ၏။ သူ့အမြင် မှားလေရော့သလားဟု ခေါင်းစဉ်ကို အပြန်ပြန်ဘတ်၏။ အစစ်မှ အစစ်ပါဘဲ။ ဓါးခုတ်ခံရပြီ၊ အမြင်ဘယ်မှာ

လွှဲရမည်လဲ လက်သည် တုန်လာ၏။ တုန်ရီသော လက်ညှိုးကလေးဖြင့် ခြစ်၍ ခေါင်းစဉ်ငယ်များကို ဖတ်ပြန်၏။ တခေါက်ဖတ်ရုံနှင့် တကြောင်းများ၌ ဘာပါသည်ကိုမသိ ထပ်ဖတ်၏။ စကားလုံးမကွဲ ဖတ်ပြန်၏။ သီလရှင်ဆိုသော စကားကို တွေ့ပြီ "သီလရှင် အယုတ်မကာ ထိုးသတ်တာပေါ့လေ၊ လုပ်ရက်တယ်" ဟု နည်းနည်းသာတွေးပြီး ထပ်ဖတ်ပြန်၏။ "ပိုး အင်္ကျီဝတ်လို့ ဆိုပါကလား။ သီလရှင်ကလဲ ဘယ့်နှယ်လဲ မန္တလေးလုံချည်နှင့်တဲ့။ ဟင် ... အင်း .... ထပ်ရက် သေဆိုပါကလား။ သီလရှင်ရောသေတာလား၊ ဟုတ်ပါရဲ့ သီလရှင်လဲ သေတာပါ။ ဒါဘာလဲ အသက်ကို ထုတ်ယူနိုင်သော်လဲ မေတ္တာကို မနုတ်နိုင်တဲ့ အင်း .... ဘယ်ကမေတ္တာလဲ၊ ဘာလဲဒီမှာမေတ္တာ၊ အင်း .... ယောဒီလိုဖြင့် ကိုသန်းမြင့်နှင့် သီလရှင် ချစ်နေတယ် ဆိုလိုသလား။ ဘုရားသိကြားမလို့ရှင် မဟုတ်ပါစေနှင့် ငါအဓိပ္ပါယ် အယူလွဲလို့ ဖြစ်ပါစေ။ ကိုသန်းမြင့်လဲ ငါပြင် ချစ်တဲ့လူရှိမှာ မဟုတ်ပါဘူး။ ငါ အယူလွဲတာ ဘာဘဲဖြစ်ဖြစ် သူသေပြီကိုး သေပြီ" ဟုစဉ်းစားမိ၏။ ခေါင်းမှာ မူးဝေလာပြီး ရင်ဆို့လာ၏။ မျက်ရည်ကျလာလို၏။ ချုံးချကာ ငိုလို၏။ "ငိုရင် တော်ပါ့မလား ငါလုံးလုံးပိုင်တဲ့ လူလဲမဟုတ် ငါနှင့် ချစ်ကြိုကနေတာလဲ ဘယ်သူမှ မသိဘူး။ ငါငိုလိုက်ရင် ထောက်ထားတာရော ပေါ်တော့မယ်၊ သာသနာ့ဖျက်မအဖြစ် အမှုထမ်းခဲ့တာတွေလဲ ပေါ်တော့မယ်၊ ပေါ်လို့ သူ- အသက်ရှင်နေသေးလို့ တကယ်ယူရရင် ကောင်းသေးရဲ့၊ ခုတော့ ငါ ဘယ်နည်းနှင့်မှ သူ့ကို ရမှာမဟုတ်ဘူး၊ မရတော့ဘဲနှင့် မကောင်းတာတွေ ပေါ်ကုန်ရင် ခက်တော့တာဘဲ၊ ခက်ချင်ခက် သူသေပြီ၊ သူ့အသက်ကုန်ပြီ၊ ငါချစ်တဲ့လူ သေပြီ၊ ငါအသက်အပ်တဲ့လူ သေပြီ" ဟု တွေးရင်း ဆို့ကာဆို့ကာ တက်လာလေ၏။ မငိုမိရန် ထိန်းထားတိုင်း ရင်တွင်း၌ ဆောင့်ကာ ဆောင့်ကာ တက်လာသော အလုံးကြီးကား ပိုကြီးမားလာ၏။ ထွန်းရှိန်ကား လက်ပိုက်ခါ အကဲခတ်၍ မတော့ညွန့်ကို ကြည့်နေ၏။ မတော့ညွန့်မှာ မနေတတ်

မထိုင်တတ် ပြာလောင်ခတ်နေသည်ကို ရိပ်မိလိုက်၏။ မစောညွန့်သည် တွေ၍ လေးနက်စွာ စဉ်းစားသည်ကို အကဲခပ်မိ၏။ မစောညွန့်သည် မျက်နှာမဲ့သွားသည်ကို သတိထားမိ၏။ ထွန်းရှိန်သည် မစောညွန့်ကို များစွာ သနားလာလေ၏။

မစောညွန့်သည် လောကကြီးကို မုန်းလာ၏။ "ဘာဖြစ်သလဲ၊ ငါ အသဲစွဲချစ်တဲ့လူသေလို့ ငိုတယ်၊ ငါ့ဘာသာငိုတယ်၊ ငါငိုလို့ နင်တို့ ဘာများ နစ်နာသွားသလဲဟင်၊ ချစ်တဲ့သူသေတာမှ မငိုရရင် ဘယ်တော့ ငိုရမလဲ၊ ငါငိုမယ်၊ ဒါပေမဲ့ ငါဒီမှာ မငိုဘူး၊ အားရှိပါးရှိ သွားငိုမယ်" ဟု စိတ်ပိုင်းဖြတ်ပြီး ထလေ၏။ ငိုသံပါကြီးနှင့် .....

"ငါ ဝမ်းနှုတ်ဆေးစားထားတယ် ခဏနေအုံး" ဟု ထွန်းရှိန်အား ပြောပြီး အပေါက်ဝဆီသို့ လျှင်မြန်စွာသွား၏။ ထွန်းရှိန်သည် မိမိမျက်နှာကို မကြည့်သည်နှင့် တပြိုင်နက် မျက်ရည်များသည် အကန့်အသတ် မရှိဘဲ စီးဆင်း၍လာကုန်၏။ ဘိနပ်စီးရန်ကိုလည်း သတိမရဘဲ အပြေးဆင်းသွားလေ။ လှေကားပေါ်၌ ရှိုက်၍ငို၏၊ အီးကနဲ အသံ ထွက်သွား၏။ မကြာမီ အိမ်သာထဲ၌ အီး .... အီး .... အီး .... နှင့်သာ အားရှိပါရှိ ငိုပစ်လိုက်လေ၏။ ထိုမှုသေးသော မျက်လုံးကလေးများမှ မိုယ်းသီး မိုယ်းပေါက်လို ထန်သောမျက်ရည်များ ကျနိုင်သည်မှာ အံ့ဩဘို့ပင် ကောင်း၏။ မျက်ရည်တိတ်သွား၏။ အသံမတိတ်နိုင်သေး၊ အသံတိတ်သွား၏။ အရှိုက်မတိတ်နိုင်သေး၊ ကြာမြင့်စွာ စောင့်နေပြီး "ဘာလို့ သေတာတုံလဲ၊ ဘယ်သူက ခါးနှင့် ထိုးရတာလဲ၊ ငါ့လင်ကို ဘယ်သူက ခါးနှင့်ထိုးရတာလဲ၊ သိရောပေါ့၊ တရားစွဲမယ်၊ ငါ့လင်သေသလို သင်းသေရမယ်၊ ဘယ်သူလဲ သတ်တာ ..... ဟီ .....ဟီး (ရှိုက်၏) ဘာလို့ သတ်ရတာလဲ၊ နင့်မိန်းမ ကြာခိုလို့လား (ရှိုက်၏) သတ်သူကို ပုလိပ် ဘမ်းပါစေတော် .... ဇက်တိုင်ရောက်ပါစေတော် ...." စသည်ဖြင့် ကြိမ်းမောင်းရင်း အငိုအတော် ကုန်သွားမှ မျက်ရည်ကို သုတ်ရင်း အိမ်ပေါ် လာခဲ့၏။ မျက်စိကားနီလျက်ရှိ၏။

ထွန်းရှိန်သည် မစောညွန့်ငိုလာခဲ့သည်ကို ချက်ချင်းသိ၏။ "ဩော် ..... သနားစရာဘဲ၊ ဒီလို အတဲ့ နတဲ့ လူရိုးတွေက အကောင်းအဆိုး မခွဲ တတ်ဘဲ ကြည်ညိုနေကြလို့၊ နိုင်ငံလိမ်စားတဲ့ ခေါင်းဆောင်တွေရယ်၊ စုလို မွေကထိက တွေရယ် ကောင်းစား နေတာပေါ့" ဟု တွေးပြီး မစောညွန့်ကို သနားလှပေ၏။

မစောညွန့်သည် ကုလားထိုင်မှာ ပြန်ထိုင်ပြီး သတင်းစာကိုင်၍ ဘတ်ပြန်လေ၏။ စာကိုဖတ်ရမည်မှာ ကြောက်သလိုလို ရှိနေလေ၏။ ခေါင်းစဉ်တွေကိုသာ ကြည့်နေမိ၏။ စာကိုယ်ကို ဘတ်စမ်း၏။ မဘတ်နိုင်၊ ပင်လယ်ဝ၌ လှေကလေး လှုပ်သကဲ့သို့ သူ့စိတ်မှာ လှုပ်ရှားနေ၏။

"ကဲ .... သတင်းစာကို ဘတ်ပြောစမ်း" ဟု ရှိက်သွားကာ "ပါ ကွယ်" ဟု နောက်မှဆက်ရင်း သတင်းစာကို ထွန်းရှိန်ထံသို့ အပ်လိုက် ၏။

**သစ်ပင်နှင့်စိမ်းသောကျောင်းဝင်းသွေးနှင့်နီရပုံ။**

ရွှေတိဂုံခြေရင်း၌ သစ်ပင် ပန်းပင်တို့ဖြင့် အလွန်သာယာ စိမ်းလန်း သည့် မဈေမြို့နန္ဒဝန်ကျောင်း ဟူသော ကျောင်းရှိ၏။ ထိုကျောင်းသည် ကား ယမန်နေ့ညက ဖြစ်ပွားသော ထူးဆန်းသော လူသတ်မှုကြီးကို စတင်ခင်းပြလိုက်သော နေရာပေတည်း။ ကျောင်းမြောက်ဘက်၌ ဇရပ် တဆောင်ရှိရာ ....။ သေည်ဖြင့် ထွန်းရှိန်သည် ဆက်လက်ဘတ်၏။ "သေနေကြသည်ကို တွေ့ရသူ နန္ဒဝန်ကျောင်း ဆရာတော်သည် ချက် ခြင်း ပုလိပ်ကို အကြောင်းကြားလိုက်ကြောင်း။ ဆရာတော်မှာ ပုလိပ် များနှင့်အတူ လက်သည်ပေါ်အောင် ရှာရန် ကြိုးစားနေကြောင်းဟု ဆိုးပြန်၏။

## ပိုးအင်္ကျီနှင့်ဓမ္မကထိက

“အခြင်းဖြစ်ပွားသည့် အခန်းတွင်း၌ ချုပ်ပုံထားသော ခကာသိသင်းပိုင်၊ သီလရှင်နံ့ငယ်၊ သီလရှင် ကိုယ်ကြပ်အင်္ကျီကို ထောက်သော အားဖြင့် ဓမ္မကထိက ဆရာတော်သည် သီလရှင်၏ အခန်းတွင်းကျမှ သက်နှန်းချုပ်၍ အသင့်ယူလာသော ပိုးအင်္ကျီ ပိုးတောင်းဘီကို ဝတ်ဆင်ဟန်တူကြောင်း၊ သီလရှင်သည်လည်း ရှေ့သွားနောက်လိုက် ညီစေရန် လူဝတ်လဲဟန်တူကြောင်း၊ လူဝတ်လဲကြ၍ (ကိုကို–မိမိ) ဟသည်ဖြင့် ကြည်ဆယ်နေကြမည်မှာ တွေးတောဘွယ်ပင် ဖြစ်ကြောင်း” ဟသည်ဖြင့် ဘတ်ပြလေရာ ....။

မစောညွန့်သည် အံ့သွားကြိတ် နားထောင်နေရာမှ ဟီးကနဲ သက်ပြင်ကြီးချပြီး မိုင်သွားလေ၏။ လွမ်းစိတ်– ဆွေးစိတ်တို့သည် နေရောင်ထိုးလိုက်သော ဆောင်းတွင်း ဆီးနှင်းလို ပျောက်ကွယ်သွားလေ၏။ လွမ်းရေစင်– ဆွေးရေစင် စမ်းခြောက်သွားသော နေရာသို့ မနာလိုခြင်းနှင့် ဒေါသခြင်း ရေပူတို့သည် စီးဆင်း၍ လာကုန်၏။ ထိုရေပူချောင်းမှ ရေငွေ့တို့သည် မစောညွန့်၏ မျက်နှာတွင် အစိုးရိုက်လာလေ၏။ “ငါ့ကိုတော့ လိမ်ပြောတယ်၊ ရန်ကုန်မှာ အင်္ဂလိပ်စာ သင်ဘို့တဲ့၊ ဓါတ်ပြားသွင်းဘို့တဲ့။ ဒါအင်္ဂလိပ်စာသင်တဲ့နည်းလား၊ ဒါဟာ– ဓါတ်ပြားသွင်းတဲ့နည်းလား၊ သစ္စာဖေါက်တဲ့လူ၊ သစ္စာဖူးလို့သေတာ ...” ထွန်းရှိန်ကား ဆက်လက်၍ ဘတ်နေ၏။ ထွန်းရှိန်ဘတ်သမျှသည် နားထဲသို့မဝင် “ငါ့ကို အမြဲချစ်ပါတယ်တဲ့၊ ငါကလွဲ ဖွဲ့နှင့်ဆန်ကွဲတဲ့၊ တကတဲ လျှာအရိုးမရှိတိုင်း ငါ့လိမ်တာ၊ တပတ်ရိုက်တာ၊ လူအမို့ လုံ့စားတာ၊ ကြည့်စမ်းပါအုံး။ ရန်ကုန်ရောက်လို့မှ တာလမပြည့်သေးဘူး၊ သီလရှင်နှင့် ညားတယ်။ ဘာမှမဟုတ်ဘူး၊ အရင်ကတဲက ညားနေတာရှိမှာ ဒီတလ

မပြည့်– အဆက်သစ်ဆိုရင် ဘယ်နည်းနှင့်မှ ဒီအခြေကို မရောက်နိုင်ဘူး။ ငါကတော့ ယုံလို့ ပုံအပ်ခဲ့တယ်။ သူ့အလို လိုက်ခဲ့ရတယ်။ ညအတွေ့ခံပါဆိုလို့ အတွေ့ခံရတယ်" မစောညွန့်သည် တညတွေ့ကြခဉ်က ကိုသန်းမြင့်က သူ့အား နဖူးပေါ်တွင်နမ်းပြီးနောက် ဆံကိုလက်နှင့်သပ်ပေးနေသည်ကို သတိရသွား၏။ နှာခေါင်းထိရာ လက်တို့ရာကလေးတွေကို ယခုတိုင် ခံစားနေရသေးသည် ထင်မိ၏။ "ဟိုး .... ဒီအတင့်ရဲတဲ့ နှာခေါင်းဟာ သီလရှင်ရဲ့ ပါးနှင့် နဖူးမှာ ကျက်စားမှာဘဲ၊ ဒီလက်ဘဲ သီလရှင်ရဲ့ ကတုံးကို ပွတ်နေမှာ၊ ငါ့ကို ချစ်တာမဟုတ်ဘူး။ သီလရှင်ကိုသာ ချစ်တာ၊ ငါ့ကို တပတ်ရိုက်ရုံ ကြံဒါ။ ငါ့ပစ္စည်း သုံးဘို့ လောက်မှန်းတာ၊ ငါပို့တဲ့ ငွေတွေနှင့် သူနဲ့ သီလရှင် ဖြုန်းနေကြမှာပေါ့" မစောညွန့် အသက်မရှူဘဲပင် ရပ်နေမိ၏။အသဲနှလုံးတို့ကို အပ်ကလေးနှင့် ထွခြင်းခံနေရသကဲ့သို့ ရင်တွင်းမှာ အောင့်လှပေ၏။ နောက် သက်ပြင်းကြီးချပြန်၏။ အနည်းငယ် ရှိုက်လာသေး၏။ "ငါမှားတယ်၊ ငါချွေးဆန်တယ်။ အကျင့်ယုတ်တဲ့လူမှ ငါအကောင်းထင်မိတယ်။ ငါ့ကို ထွန်းရှိန်က အတန်တန် သတိပေးလျက်နှင့် ငါအဟုတ်ထင်နေမိတယ်။ လောကကြီး– အလင်းရောင်မရှိတဲ့ လောကကြီး။ ငါ့လို ဥာဏ်ထိုင်းထံမွဲတဲ့ မိန်းမျိုးအတွက် အရှုပ်အထွေးတွေမြင်ဘို့ လမ်းဖော်ပေးတဲ့ လောကကြီး"

ထွန်းရှိန်သည် "မန္တလေးနန်းဝန် ကျောင်းသို့ လာရောက်ကြည့်ရှုကြသူများသည် တိုးမပေါက်အောင် စည်ကားကြောင်း" ဟု ဘတ်၍ အပြီးသတ်လိုက်လေ၏။

အခန်း။ ၂၃ ။

## ဘုန်းကြီးဝတ်ပြီးနာမည်ကြီးအောင် ဓမ္မကထိကလုပ်မိန်းမပိုး ..... ကဲ ...

မစောညွန့်သည် ထိုင်နေရာမှ ထ၏။ ဘာလုပ်ရမည်ကိုမသိ။ နောက်ဖေးဘဲ သွားရမည်လား။ ဘုရားခင်ကို သွားပြီး ဘုရားဘဲ ရှိခိုးရမလား၊ အိမ်ရှေ့ပြတင်းပေါက်ကနေပြီး လမ်းမကြီးကို ကြည့်နေရတော့မလား။ ခြေကို မကြွချင် ကြွချင်ဖြင့် ခေါက်တုံ့ ခေါက်ပြန် သွားရှောက်နေလေ၏။

"ထွန်းရှိန် .... မင်းဘယ့်နှယ် ထင်သလဲ" ဟု မေးလိုက်၏။

"ဘယ့်နှယ်ထင်ရအုံးမလဲ မစောညွန့်ရယ်။ ဘုန်းကြီးမစစ်တဲ့ သတ္တဝါ လူဝတ်နှင့်နေရင် ထမင်းငတ်– အသုံးကြပ်မှာစိုး ..... ဘုန်းကြီးဝတ်ပြီး၊ နာမည်ကြီးအောင် ဓမ္မကထိကလုပ်၊ မိန်းမပိုး ကဲ ... ဘယ်လောက်များ

အရုပ်ဆိုးသလဲ၊ ပိုးရုံ ပန်းရုံကသေးဘူး၊ နှစ်ပါးသွားတော်မူလိုက်ကြသေးတယ်။ နှစ်ပါးသွားတာတောင် ရိုးရိုးမိန်းမနဲ့ သွားတော်မမူဘူး၊ သီလရှင်မှတဲ့ဗျ။ သီလရှင်ရော သေတာထောက်တော့ လင်ကြီးကသတ်တဲ့လက်ချက်ဘဲ၊ ကြည့် .... ဘုန်းကြီးဝတ်နှင့် ကျူးလွန်တာဟာရိုးရိုး ပါရာဇိကံ မဟုတ်ဘူး။ ပါရာဇိကံ သုံးထပ်ကြော့ လေးထပ်ကြော့ဖြစ်နေဘိ။ ဒီလို အမှုကြီးတွေကိုတောင် ပြုရဲတော့၊ ဒီထက်သေးတဲ့အမှုကလေးတွေတော့ ဘယ်လောက်စက်ရဲမလဲ၊ ဒါကြောင့် ကျွန်တော်အရင်က မပြောဘူး ဘူးလား ..... မညွန့်ကို ဒီအကျင့်သီလမရှိတဲ့ပုဂ္ဂိုလ်တွေ မလှူပါနှင့်လို့ ကြည့်စမ်း။ မညွန့်လှူလို့ တန်းလို့ မညွန့်အလှူကို ဘယ်လောက် အလွဲသုံးစားလုပ်သလဲ၊ ရန်ကုန်ပြန်ခါနီးကမညွန့်က ငွေ ၅၀ိ– လှူတယ်လို့ ကြားရတယ်။ အဲဒီငွေ ၅၀ိ– နှင့်ရန်ကုန်ပြန်တယ်။ အဲဒီငွေနှင့် သီလရှင်ကို ပိုးကြေးပေးတယ်။ ဒီငွေကြောင့် ဒီဘုန်းကြီး ပါရာဇိကံ ထိုက်တဲ့အခြေရောက်ရတယ်။ ငွေ ၅၀ိ–ကြောင့် သီလရှင် လူစည်းစိမ်ယူပြီး လင်ငယ်နေတယ်။ ဒီငွေ ၅၀ိ–ကြောင့် လူသတ်မှုဖြစ်တယ်။ နှစ်လောင်းပြိုင်သေစေတယ်" ဟု ဒေါသမွှမွှနှင့် ကျယ်လောင်စွာ ပြော၏။

ထွန်းရှိန်သည် စကားရပ်ပြီး မစောညွန့်မျက်နှာကို အကဲခတ်၏။ သူပြောသော စကားသည် မညွန့်အား စူးရှသည် စေးရှသည်ကို သိလို၏။ မစောညွန့်မျက်နှာသည် အစိမ့်ပါယ်မပေါ်သောမျက်နှာဖြစ်၍ ပျက်နေသော နာရီကြီးကို အချိန်ကြည့်ရသလိုသာ ရှိလေ၏။ မျက်နှာတွင်သာ အစိမ့်ပါယ်မထင်သည်မဟုတ်၊ မစောညွန့် အတွင်းစိတ် ၌လည်းအစိမ့်ပါယ်မထင်။ သို့သော် ထွန်းရှိန်စကား၌ အမှားတလုံး ပါသည်ကိုကား သူသိ၏။ ဦးသုစ သွားခါနီး၌ ငွေ ၅၀ိ– ပေးလိုက်သည်မဟုတ်၊ ငွေ ၂၀ိ– ပေးလိုက်၏။ လစဉ်လည်း ငွေ ၁၀ိ– ထောက်ပံ့ခဲ့သေး၏။

အတန်ကြာမျှ ဆိတ်ငြိမ်နေပြီးနောက် "ငွေဟာ မသုံးတတ်တော့မီးလို လောင်တတ်တယ်ဆိုတာ မသိဘူးလား ...." ဟု ထွန်းရှိန်က

မေး၏။ မစောညွန့်ကား ပြန်မဖြေနိုင်၊ စကားမေး မရသကဲ့သို့ ဖြစ်၏။ ထိုမေးခွန်းသည် ပျက်နေသော နာရီချိန်သီးကို လှုပ်ကိုင်လိုက်သည့် အလား မစောညွန့်၏ စဉ်းစားခြင်းအလုပ်ကို မလုပ်သော ဉာဏ်အား စေတ္တချ အလုပ်ဝင်စေ၏။ "ငွေဟာ သုံးတတ်တော့ မိလိုလောင်တတ် တယ်ဆိုတာ မသိဘူးလား" ဟု ထွန်းရှိန်၏မေးခွန်းကို စိတ်တွင် ထပ်ရေရွတ်၏။ "ငါသိပြီ ..... ငါသိတယ်၊ ငါဘယ်တုန်းကမှ အသုံး မမှားခဲ့ဘူး ဘူး။ ခုငွေတွေ အသုံးမှားတယ်၊ ဒီငွေတွေကို ငါ အသုံး မတတ်တာဖြစ်သွားပြီ။ လူတာယောက်ကို ငါချစ်မိတယ်၊ ချစ်လို့ ငွေပေး မိတယ်၊ ဒီငွေကပြီး လူသတ်မှုကြီး ဖြစ်စေတယ်၊ အကြီးဆုံးသော မီးကြီးလောင်စေတယ်။ ဟုတ်တာဘဲ၊ ကံပေါ့လေ၊ မမှားသောရှေ့နေ မသေသောဆေးသမားတဲ့။ ဒီတခါမှားရင် နောင်မှန်မှာပေါ့" ဟုတွေးပြီး ငေးနေပြန်၏။ နာရီချိန်သီး ရပ်သွားပြန်ပြီ။

အတန်ကြာမှ " မညွန့်ရဲ့ .... ဒါကြောင့် ငွေဆိုတာ မရှာရဘူး မဟုတ်ဘူး .... အများဆုံးရအောင် ရှာရမယ်။ အိမ်မှာ လှောင်ထားဘို့၊ သိမ်းထားဘို့ ရှာရတာ မဟုတ်ဘူး။ ငွေကို ကျွန်လိုခိုင်းဘို့ ရှာရမယ်။ ငွေဟာ လောကကြီးရဲ့ စီးပွါးကို ဆောင်နိုင်မှ တန်ဘိုးရတယ်။ ကောင်း ကောင်းသုံးလိုက်တဲ့ ငွေတကျပ်ဟာ လောကကြီးတခုလုံး အကျိုးစီးပွား ဖြစ်ထွန်းစေနိုင်ပေမယ့်၊ အိမ်မှာအောင်း မြေမှာမြုပ်ထားတဲ့ ငွေများဟာ ဖွဲတစ္စက်သားလောက်မှ အကျိုးမဖြစ်စေဘူး။ မတော်တဆ ဒီငွေကို လုယူမဲ့လူ ဓားပြ ပေါ်ပေါက်လာရင်ဖြင့် ငွေရှင်မှာ အသက်အန္တရာယ် သာရှိနိုင်တယ်။ ဒါကြောင့် ငွေကို နိုင်နိုင်နင်းနင်းရှာပြီး၊ နိုင်နိုင်နင်းနင်း နှင့် နည်းလမ်းတကျ သုံးနိုင်ရမယ်" ဟု ထွန်းရှိန်သည် ပြောပြီး မစောညွန့်အား ဆပ်ရန်ရှိသော ငွေကို ထုတ်ရေတွက်နေလေ၏။

မစောညွန့်မှာ အရှေ့ကောင်းကင်ပြင်မှ ပြုံးစိစိ ကြည့်နေသော နံနက် လင်းအားရုဏ်ကလေးကို မြင်ရသူသည် ကြည်ရွှင်ရျမ်းမြေ့သလို၊ ယခု အသက် လေးဆယ့်လေးနှစ် ရောက်သည့်တိုင်အောင် မှောင်ထုကြီး

ထဲ၌နေခဲ့ရရာ၊ ယခုတွင် ထွန်းရှိန်ပြောသောစကားကို ကြားရသောအခါ ယခင်က ရေပူစီးနေသော သူ့မနောဟာဒယ နှလုံးအိမ်သည် ကျောက်ခဲ စမ်းရေကလေး စီးဆင်းရာ ဖြစ်လာလေ၏။ "ဟုတ်တယ်" သူဦးစား ပြန်၏။ "ဟုတ်တယ် .... နိုင်နိုင်နင်းနင်းနှင့် နည်းလမ်းတကျ သုံးတို့ တော့ ကောင်းတာဘဲ။ ငါ့ငွေတွေ နိုင်နိုင်သုံးရမလား။ နည်းလမ်းကျကျ အကျိုးဖြစ်အောင် သုံးမလား။ သုံးရင် ကောင်းပါ့မလား။ ပြောတာတော့ အလွယ်ကလေးဘဲ။ ဘာကို အသုံးကျအောင် သုံးမယ်။ ဘယ်လိုသုံးမလဲ ငါမသိ။ ငါဦးစားမရဘူး။ သူများကို ငါ့ကိုယ်စား သုံးပေးပါဆိုလဲ အခက်ဘဲ။ ခုကာလ ဘယ်သူ့မှ မယုံရဘူး။ လူလိမ် လူကောက်များဘဲ။ ကြည့်စမ်း ဦးသုခ ဘယ်လိုလိမ်သွားသလဲ။ ငါကတော့ ချစ်လွန်းလို့ ယုံလိုက်မိတယ်။ ယုံလိုက်တယ် ဆိုရင်ဘဲ သစ္စာဖောက်တယ်။ ချစ်တဲ့လူ တိုင်းလဲ ယုံလို့မရဘူး။ ခက်ပါတယ်လေ။ ထွန်းရှိန်ကိုဘဲ ယုံရမလား။ သူ့ကိုဘဲ ငါ့ပစ္စည်းပုံအပ်ပြီး လောကစီးပွါးဖြစ်အောင် သုံးပါလို့ အပ်မလား။ သူဟာ ရိုးလဲ ရိုးသားဘဲ။ ငါတွေ့ခဲ့သလောက်တော့ ရိုးတာဘဲ။ ငါလဲချစ်တယ်။ သူ့ကိုဘဲ ဒီတာဝန်လွှဲရရင် မကောင်းဘူးလား" စိတ်တွင်း၌ အကြိမ်ကြိမ်မေးရင်း ထွန်းရှိန်ကို လှမ်းကြည့်လိုက်လေ၏။

အသက်ကို များစွာချစ်ခင်နိုး၍ အသက်ဆုံးမည်ကို လွန်စွာ ကြောက်ရွံ့စိုးရိမ်သူသည် မြစ်တဘက်ကမ်းသို့ ကူးရန်ရှိ၏။ လှေနှစ်စင်းသည် သူ့ကိုတင်ဆောင်ရန် အသင့်ရှိ၏။ တစင်းသောလှေကို မောင်းသူကား သန်စွမ်းသော ကိုယ်ရှိ၏။ တယောက်ကား ပိန်ကြုံချိနဲ့၏။ ထိုသူသည် ပိန်ကြုံချိနဲ့သူကိုကြည့်ပြီး "ဒီလူကတော့ ပိန်လိုက်တာ အားလဲရှိဟန် မတူဘူး၊ ရေကြောင်းကလဲ သန်ပါဘိသနဲ့၊ ရေလယ်ခေါင်လှော်မနိုင်ရင်၊ အမယ်လေး ငါမသေသေးဘူးလား" ဟု တွေး၍ကြောက်၏။ သန်စွမ်းသူကိုကြည့်ပြီး "သူကတော့ သန်တာ စွမ်းတာ ဟုတ်ပါရဲ့၊ တော်တော် ရမ်းမဲ့လူဘဲ၊ ဂရုမစိုက်ဘဲ လှေကိုလှော်သွားရင် ပြီးပါရော .... လှေမှောက်မှာဘဲ၊ ကြပ်တာဘဲနော်" ဟု စိုးရိမ်ပြန်၏။ မတော်ညွှန့်မှာ ထိုသူ

အသက်ကို ခင်တွယ်လွန်းသလို၊ ပစ္စည်းကို ခင်တွယ်ခဲ့၏။ ထိုသူသည် တပါးသောသူအား အသက်ကိုအပ်၍ လေ့စီးရမည် ကြောက်ရွံ့သကဲ့သို့ သူ့ပစ္စည်းအပ်၍ လောကကြီးအကျိုး ဆောင်ရမည်ကို စိုးရိမ်ကြောက်ရွံ့၏။ သို့ကြောင့် မစောညွန့်မှာ ထွန်းရှိန်၏ ရိုးသားကြောင်း ချစ်စရာ ကောင်းကြောင်း စသော အချက်ကလေးများကို လက်ဦးမြင်ရသော်လည်း၊ အသက်ချူချစ်သော ပစ္စည်းကို ယုံ၍ ပုံအပ်ရတော့မည်ဟု တွေးလိုက်တိုင်း စိုးရိမ်စရာကလေးတွေ တွေ့လာပြန်၏။ "ဖြစ်ပါဘူးလေ ..... သူကလေး အသက်ကလဲ အလွန်ငယ်တယ် အတွေ့အကြုံလဲ မရှိသေး၊ ပစ္စည်းကို ဘယ်တုန်းကမှ ဖောဖောသီသီ မသုံးခဲ့ဘူး။ ငွေရေးကြေးရေးမှာလဲ နားမလည်သေးဘူး။ ဒီတော့ ဘယ်နည်းနှင့်မှ မဖြစ်ဘူး။ ပြီးတော့ လူဆိုတာ ငွေနှင့်မတွေ့ခင်သာ ရိုးတာ။ ငွေနှင့်တွေ့တော့ ရိုးမှာမဟုတ်ဘူး။ ယုံနိုင်ဘူး .... မယုံနိုင်ဘူး" ဟု သဘောပေါက်လာပြန်၏။ ထွန်းရှိန်ကို ကြည့်ပြန်၏။

ထွန်းရှိန်သည် ငွေကို အိပ်ယာပေါ်၌တင်ထားပြီး ....

"ဒီအမူကြားရတာ ကျွန်တော် သိပ်စိတ်မကောင်းတာဘဲ။ လူယုတ်မာတွေသေလို့ စိတ်မကောင်းတာ မဟုတ်ပါဘူး။ ခြော် .... သာသနာတော်ကြီးဟာ ကမောက်ကမ ဖြစ်နေပါကောလား။ သည့်လောက် ဆိုးဝါး နေပါပကောလား။ သာသနာတော် ထိန်းတယ်ဆိုတဲ့ သာသနာ့ဘဏ္ဍာထိန်းတွေကဘဲ သည်လို ယုတ်မာညစ်ညမ်း ညည်းကမ်းမဲ့နေရင်၊ ဗုဒ္ဓဘာသာကို ကိုးကွယ်တယ်ဆိုတဲ့ လူအပေါင်းတွေ၊ အထူးသဖြင့် ကျွန်တော်တို့ ဗမာတွေ ဘယ်မှာပြောဖြစ်တော့မလဲ။ ခေါင်ကမှ မိုးမလုံရင် တအိမ်လုံး ရွဲတော့တာပေါ့။ အဲဒီလို သာသနာမှာ အလစ္စီထွန်းနေပေမဲ့၊ အဲဒီလို သာသနာ့ပျက်ဘို့တွေ ပေါ်ပေါက်နေပေမဲ့၊ အဲဒီလို သာသနာကွယ်ပျောက်ဘို့ အမှုတွေကို ဘုန်းတော်ကြီးတွေကပြီး ပြုနေကြပေမဲ့ ကျွန်တော်တို့တတွေမှာ တပါးကျွန်ဖြစ်လို့မို့ သူများချုပ်ချယ်ရာ ခံနေကြရတာမို့ ကိုယ့်အရေး– ကိုယ့်အရာ– ကိုယ့်ဘာသာ ဖန်တီးနိုင်တဲ့

အာဘော မရှိလို့ရို့ အလစ္စိထွန်း ထွန်းသလို သာသနာပျက် ပျက်သလို၊ ပျောက် ပျောက်သလို လက်ပိုက်ပြီး ကြည့်နေကြရတာဘဲလို့ ဝမ်းနဲ့တာပါဘဲ၊ ကြည့်ပါလား မဧည့်နန့်ရယ်၊ ဒီအမှုမျိုးတွေကို ကြူးလွန်နေတဲ့ ဘုန်းကြီးတွေဟာ ပွဲကြည့်တာ ရုပ်ရှင်ကြည့်တာ မြင်းလောင်းတာ မဲရိုက်တာတွေ ဘာအမှုထားတော့မလဲ၊ ဟော .... အရှက်လဲ မရှိကြဘူး၊ အဆင်အခြင်လဲ မရှိကြဘူး၊ လူတွေနှင့်အတူတူရောပြီး အနီရောင်ဝိုင်းမှာထိုးတယ်၊ ကုန်းကာထိုးတယ်၊ သံဂွင်းပစ်တယ်၊ ဘုရားပွဲ– နတ်ပွဲတွေ လုပ်ဘို့ သိပ်အားပေးတယ်၊ ဘုရားပွဲ– နတ်ပွဲတွေဖြစ်တော့ သူတို့က လူလယ်ခေါင်ဝင်ပြီး အပျိုတွေတိုး၊ လက်သရမ်း၊ အဲဒါတွေရှိနေရင် အမျိုးလဲပြုတ်မယ်၊ သာသနာလဲပျက်မယ်၊ ကုလားပြည်မှာ ဗုဒ္ဓဘာသာကြီး ဘာလို့ကွယ်သွားသလဲ၊ သံဃာကောင်းမရှိ၊ ရှိတဲ့သံဃာတွေကို မဟာမေဒင်မင်းတွေဝင်လာတော့ မောင်းထုတ်လို့ အဲဒီကစပြီး ကွယ်သွားတာဘဲ၊ တရုပ်ပြည်မှာ သာသနာ ဘာကြောင့် ညှိုးနေသလဲ၊ ဘုန်းကြီးတွေ ညံ့လို့ဘဲ၊ ဒီပြင် ခရစ်ယာန်ဘာသာကို ကြည့်အုံးလေ၊ ပရိုတက်စတင့်ဆိုတဲ့ဘာသာကို မာတင်လူးသားကစ ဟောပြီးတဲ့နောက် အနှစ်တရာတိုင်တိုင် ဥရောပတိုက် တတိုက်လုံး စစ်ကြီးအကြီးအကျယ်ဖြစ်၊ လူတွေအများကြီး သေကြတယ်၊ ဒီအဖြစ်အပျက်ရဲ့ အကြောင်းရင်း ကြည့်ရင် ဘုန်းကြီးတွေ အကျင့်ဖောက်ပြားကြလို့ ဖြစ်တာကို တွေ့ရမယ်၊ ပြင်သစ် သူပုန်ကြီးပေါ်တာ ရုရှားသူပုန်ကြီး ဖြစ်လာတာဟာ ဘုန်းကြီးတွေကြောင့်ပေါ့။ ဘုန်းကြီးတွေက အပြစ်တွေသိပ်လုပ်၊ ယုတ်မာနေကြတော့ အဲဒီနိုင်ငံတွေမှာ လူတွေက ဘုန်းကြီးတွေကိုမုန်း၊ ပုဂ္ဂိုလ်ခင်မှ ဝါဒမင်တယ် ဆိုတဲ့အတိုင်းဘဲ၊ ဘုန်းကြီးတွေမုန်းတော့ ခရစ်ယာန်ဘာသာကြီးလဲမုန်းကြရရော၊ ခုတော့ ခရစ်ယာန်ဘာသာဟာ ကွယ်နေပြီ၊ ဒါကြောင့် သာသနာကြီး ကွယ်ရင် ဘုန်းကြီးကြောင့်ဘဲသာ တထစ်ချ ယူထားလိုက်တယ်၊ ကဲ .... ရောမဧည့်နန့် ကျွန်တော်က ပေးစရာငွေ" ဟု ဆိုပြီး ငွေကို လှမ်းပေးလေ၏။

မတော့ညွန့်သည် ထွန်းရှိန်ပြောသမျှကို အားလုံး နားထောင်၏၊ သို့သော် .... ခါတော်ပွဲများနီး၍ အမြန်တကြည့်သူကဲ့သို့ ထွန်းရှိန်ပြောသမျှ အကြောင်းတို့သည် သူ့စိတ်ထဲ၌ ဝါးအစည်းပြေသကဲ့သို့ ဇလောင်ဆန်၍နေလေ၏။ သူသည် ထွန်းရှိန်စကားတွင် ပြည်သည့်အပိုင်းကိုမျှ အသေအချာ မမှတ်မိ၊ အစီအစဉ် ကျကျလည်း သတိမရ။ သို့သော် .... ထွန်းရှိန်စကားသည် သူ့ကို တုန်လှုပ်စေ၏၊ ထိတ်လန့်စေ၏၊ တွေဝေစေ၏၊ ထွန်းရှိန်က လှမ်းပေးသည်ကို ယူ၏။ ဘာကို ထွန်းရှိန်က ပေးသည်၊ ဘာကြောင့်ပေးသည်၊ ဘာလုပ်ရမည်ကိုကား ကောင်းစွာမသိ၊ သူ့အဘိုကား တကမ္ဘာလုံးသည် ဆီးနှင်းတွေ ဝေနေလေသတည်း။

ပြီးပါပြီ။

## ဓမ္မပဒပါဠိတော်

ဝဇ္ဇဒဿိနံ။ အပြစ်ကို ဖေါ်ပြတတ်သော။ နိ ဂ္ဂယှဝါဒိံ ။ နှိပ်စက် ပြောဆို ဆုံးမတတ်သော။ မေဓါဝိံ <။ ပညာရှိသောသူကို။ နိဓိနံ။ မြေ၌ မြှုပ်ထားသော ရွှေအိုးကို။ ပဝတ္တာရံဣဝ။ ပြောကြားညွှန်ပြသော သူကဲ့ သို့။ ယံပဿေ။ အကြင်ရှုထိုက်၏။ တောနံ။ ထိုသို့ ရှုထိုက်သောကြောင့်။ တာဒိသံ။ ထိုသို့ ပြောဆိုဆုံးမတတ်သော သဘောရှိသော။ ပဏ္ဍိတံ <။ ပညာရှိကို။ ဘဇေ။ မှီဝဲဆည်းကပ်ပါလေ။ တာဒိသံ။ ထိုသို့ နှိပ်စက် ပြောဆိုဆုံးမလေ့ရှိသော ပညာရှိကို။ ဘဇမာနဿ။ မှီဝဲဆည်းကပ်သော သူအား။ သေယျော။ တနေ့တခြား တိုးတက်မြင့်မြတ်ခြင်းသည်။ ဟောတိ။ ဖြစ်၏။ န ပါပိယော။ ယုတ်မာဟော့ရမ်း၊ အောက်တန်းကျ သော အဖြစ်သို့ မရောက်နိုင်။

**<အင်္ဂုတ္တိုရ်ပါဠိတော် တိကနိပါတ်၌။ တိဏိမာနိဘိက္ခဝေ ပဏ္ဍိတလက္ခဏာနိ ဟု ဟောသည်ကို ထောက်သော် ပဏ္ဍိတမှာ မနော ဒုစရိုက်။ ဝစီဒုစရိုက်။ ကာယဒုစရိုက် သုံးပါးကို မကြူးလွန်သူပင် ဖြစ်သည်။**



## အလောင်းဘုရားအား။

သာသနာပြုခြင်း အမတ်တို့စည်သည်။ ပညာရှိသည့် လယ်လုပ်ယောကျ်ားကဲ့သို့ ကျင့်ရာ၏။ ပညာမဲ့ လယ်လုပ်ယောကျ်ားကဲ့သို့ မကျင့်ရာ။ ကျင့်ဟန်ကား။ စပါးပင်နှင့် အလားတူ ရောရှ် ပေါက်ရောက်သော မြက်ကို။ စပါး အားရှိစေခြင်းငှါ။ ပညာရှိ လယ်လုပ်ယောကျ်ားတို့သည် နှုတ်၍ပယ်ကုန်သတည်း။ ပယ်ခြင်းကြောင့် စပါးအားရှိ၍ အသီးကောင်းသတည်း။ အသီးကောင်းခြင်းကြောင့် စီးပွါးအများ ဖြစ်သတည်း။

ပညာမဲ့ လယ်လုပ်ယောကျ်ားတို့ကား။ စပါးပင်နှင့် အသွင် အလားတူသည့်မြက်ကို။ ခြားနား၍မသိ။ မသိခြင်းကြောင့် စပါးပင်ကို နှုတ်ဆည်ခန့်ညား၍ ပေါင်းမြက်ကို မပယ်ထား၏။ မပယ်ခြင်းကြောင့် စပါးပင်ညှိုး၏။ အပင်ညှိုး၍ အသီးနည်း၏။ အသီးနည်း၍ အရနည်း၏။ အရနည်း၍ မသုံးလောက်။ မသုံးလောက်၍ သူမြီးတင်၏။ သူမြီးမဆပ်နိုင်၍ သူကျွန်ဖြစ်ရသကဲ့သို့ သာသနာပြု ခြင်းအမတ်ဆိုလျက်။ သိက္ခာရှိသည် မရှိသည်။ သာသနာတော်၌ လျော်သည်။ မလျော်သည်ကို သိအောင် ဗဟုသုတ မရှိ၍။ သာသနာတော် အညစ်အကြေးကို မရှင်းလင်းနိုင်ပချေသော်။ ပညာမဲ့ လယ်လုပ်ယောကျ်ား သူကျွန် ဖြစ်ရသကဲ့သို့တည်း ..... စသည်ဖြင့်။

**မဟာအတုလ ဆရာတော်ဘုရားက**

**လောကစမ္မတုံးပေါင်းတွင်**

**ဆုံးမတော်မူသည်။**